ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## တတိယပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

ya 1

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# တတိယပုံမှန်အစည်းအဝေး
# မှတ်တမ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၁၁. ၇. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ သဝဏ်လွှာအား လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၃ |
| | (ဆ) | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအမည်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ | ၄ |
| | (ဇ) | ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၅ |
| | (ဈ) | ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆)ရက်မှ (၃၀-၆-၂၀၁၆)ရက်ထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၉ |
| | (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀ |


ya 2

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဍ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အားစက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)၊ (၇)နှင့် (၈)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄ |
| (ဍ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၃ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၃ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၃ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၄ |
| (ထ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄ |
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၂ |
| (ဓ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၅ |
| (န) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်က မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၀ |
| (ပ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဖ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၅)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၁ |
| (ဗ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၁ |
| (ဘ) | ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်မြေကို အခြားနည်း သုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ် အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှု များအား (၂၀၁၂)ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၅၃ |
| (မ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၅၅ |
| ၂။ | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၁၂. ၇. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၅၇ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၅၇ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၅၈ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၅၈ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၅၉ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၅၉ |


ya 4

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေးကော်မတီအတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့တင်ပြခြင်း။ | ၆၁ |
| (ဇ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်း(၅)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၄ |
| (ဈ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် ကျန်မေးခွန်း(၅)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၉ |
| (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၇ |
| (ဋ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၉ |
| (ဌ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၀ |
| (ဍ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှဝင်း မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၃ |
| (ပ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၈၄ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၈၄ |
| (တ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၈၅ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၈၅ |


ya 5

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၅ |
| (ဓ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၀ |
| (န) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၀ |
| (ပ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၃ |
| (ဖ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၀ |
| (ဗ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၀၇ |
| ၃။ | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၁၃. ၇. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၀၈ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၀၈ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၀၉ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၀၉ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၁၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၁၀ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမား ရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၁၂ |
| (ဇ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက မေးမြန်းသည့် မေးခွန်း (၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၄ |
| (ဈ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၉ |
| (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၂ |
| (ဋ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၂ |
| (ဌ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်က မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၅ |
| (ဍ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းက မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၆ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၀ |

ya 7

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဏ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ် (၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၃ |
| (တ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၁၃၄ |
| ၄။ | **အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း( ၂၁. ၇. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၃၅ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၃၅ |
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၃၆ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၃၆ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၃၇ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အတွင်းရေးမှူး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၃၇ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၃၈ |
| (ဇ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၃၈ |

ya 8

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဈ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဝင် ဗိုလ်မှူးရဲမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၄၃ |
| (ည) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၄၅ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၅ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၄၅ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၄၆ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၆ |
| (ဏ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၀ |
| (တ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၄)၊ (၅)နှင့် (၆)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၁ |
| (ထ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေက မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၄ |
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၅ |
| (ဓ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၁ |


ya 9

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (န) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၅)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၃ |
| (ပ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၅ |
| (ဖ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၉ |
| (ဗ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၀ |
| (ဘ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၀ |
| (မ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၄)နှင့် (၅)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၆ |
| (ယ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၆)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈၇ |
| (ရ) | ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း”** အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၉၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


| | | | |
| --- | --- | --- | --- |
| | | အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | |
| | (လ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ပဉ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ | ၂၀၂ |
| ၅။ | | **အစည်းအဝေးပဉ္စမနေ့ မှတ်တမ်း( ၂၁. ၇. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၀၃ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၂၀၃ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂၀၄ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂၀၄ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၂၀၅ |
| | (စ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၅ |
| | (ဆ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၇ |
| | (ဇ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၉ |
| | (ဈ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၂ |


ya 11

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)၊ (၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၂ |
| (ဋ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေးက မေးမြန်းသည့် မေးခွန်း(၂)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၇ |
| (ဌ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၀ |
| (ဍ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၂ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၄ |
| (ဏ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၈ |
| (တ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၀ |
| (ထ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၂ |
| (ဒ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၆ |

ya 12

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဓ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၇ |
| (န) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)တွင် ကျူးကျော်ပြဿနာကို ဖြေရှင်းဆောင်ရွက်ရန်ကိစ္စနှင့် ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၇ |
| (ပ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)တွင် တန်ဖိုးနည်း အထပ်မြင့်အိမ်ရာများ ဆောက်လုပ်ကိစ္စနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၉ |
| (ဖ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၄၂ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၄၂ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၄၃ |
| (မ) | တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၄၃ |
| (ယ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်က မေးမြန်းသည့် မေးခွန်း(၃)ခုအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၄ |
| (ရ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၇ |
| (လ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၉ |
| (ဝ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းက မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၁ |


ya 13

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (သ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်းက မေးမြန်းသည့် မေးခွန်း(၃)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၅၃ |
| (ဟ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က မေးမြန်းသည့် မေးခွန်း(၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။၀၀၀၀ | ၂၅၈ |
| (ဠ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း။ | ၂၆၂ |
| (အ) | တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၂၆၄ |
| (ကက) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပဥ္စမနေ့) ရပ်နားကြောင်းနှင့် တတိယ ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း။ | ၂၆၅ |

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# တတိယပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၆။ | ဦးအေးဝင်း | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဒုတိယဗိုလ်မှူးကြီးတင်မျိုးနောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးဇေယျာဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးရန်နိုင်စန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ) ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၁။ | ဦးစိုးသိန်း | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |
| ၈၂။ | ဒေါက်တာမြသောင်း | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |
| ၈၃။ | ဦးသိန်းလှိုင် | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |
| ၈၄။ | ဒေါ်နုနုဆွေ | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |
| ၈၆။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**တတိယပုံမှန်အစည်းအဝေး**

ပထမနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ ၁၁ ရက် ]**

**(တနင်္လာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၀ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၂. ၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ် ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]နှင့် ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေးတို့သည် လုပ်ငန်း တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်၊ ဗိုလ်မှူးနိုင်ဝင်းဌေးနှင့် ဗိုလ်မှူးသိန်းလွင်ဦး တို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၁-၇-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်းတို့(၆)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ သဝဏ်လွှာအား လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈(က)၊ (ခ) တို့အရ နိုင်ငံတော်သမ္မတဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာအား မှတ်တမ်းတင်ခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတရုံး၏ ၂၄-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၈၆(၂)/၈/သမ္မတရုံးအရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနကို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၏ အမည်နှင့် အခေါ်အဝေါ်တူညီစေရန်အတွက် **“စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန”** အဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်၏ သဘောတူညီချက် ရယူပေးနိုင်ပါရန် နိုင်ငံတော်သမ္မတဦးထင်ကျော်ပေးပို့သည့် သဝဏ်လွှာအား တိုင်းဒေသကြီးလွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအမည်ကို ပြောင်းလဲပြင်ဆင် သတ်မှတ်ရန် တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ လွှတ်တော်၏အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဟူ၍ အမည်ပြောင်းလဲ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက တင်ပြပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၇ / ၄ - ၂၇ / ဦး ၆(၀၈၆)အရ ၂၀၁၆ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၌ ပဲခူးတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ရုံး၏ ဝန်ကြီးဌာနနေရာတွင် **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန**ဟု ဖော်ပြပါရှိခဲ့ပါသည်။

နိုင်ငံတော်သမ္မတရုံး၏ (၆-၄-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၆)အရ ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးများ ခန့်အပ်တာဝန်ပေးရာတွင် အပိုဒ်ခွဲ(၅)၌ ဦးညွန့်ရွှေ **စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန** ဟု ထုတ်ပြန်တာဝန်ပေးအပ်ခဲ့ပါသည်။ သို့ရာတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ရေးဆွဲ ဆောင်ရွက်လျက်ရှိသော ၂၀၁၆ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း၌ ပဲခူးတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၏ ဝန်ကြီးဌာနနေရာတွင် **စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန** ဟု ဖော်ပြထားရှိမှုအား **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** ဟု အမည်ပြောင်းလဲ ပြင်ဆင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၉-၆-၂၀၁၆)ရက်နေ့၌ ကျင်းပပြုလုပ်သော Cabinet အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆)တွင် တင်ပြဆွေးနွေးခဲ့ရာ ဆုံးဖြတ်ချက်အပိုဒ် ၄(ဂ)အရ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင့်သည့် ဥပဒေမူကြမ်း၌ ဖော်ပြပါရှိသော ပဲခူးတိုင်းဒေသကြီး၊ ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီရုံး၏ ဝန်ကြီးဌာန နေရာတွင် **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန** အမည်အစား **ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** ဟူ၍ အမည်ပြောင်းလဲပြင်ဆင်ဖော်ပြပေး ပါရန် ညှိနှိုင်းအကြောင်းကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက တင်ပြသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအမည်အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲပေးရန် တင်ပြချက်အပေါ် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

တင်ပြချက်အပေါ် တိုင်းဒေသကြီးလွှတ်တော်က သဘောတူသည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲရန် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာပါသည်။

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]**။ ။ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၂၀. ၆. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၂/၅-၂/ဦး ၅ ဖြင့် အကြောင်းကြားချက်အရ ၂၀၁၆ခုနှစ်၊ ဇူလိုင်လ (၁၁)ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ အစည်းအဝေးခန်းမ၌ စတင်ကျင်းပမည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့် တိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

**တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် နိုင်ငံတော်သမ္မတရုံး၏ (၇. ၄. ၂၀၁၆)ရက်စွဲပါ အမိန့် အမှတ် ၃၀/၂၀၁၆ဖြင့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်အဖြစ် (၇. ၄. ၂၀၁၆)ရက်နေ့တွင် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရပြီး (၈. ၄. ၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုကာ အဆိုပါ (၈. ၄. ၂၀၁၆)ရက်နေ့က စတင်၍ တိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းတာဝန်များအား ထမ်းဆောင်ခဲ့ပါသည်။

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (င)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အစိုးရအဖွဲ့ဝင်တစ်ဦးအနေနှင့်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံရေးနှင့် လုံခြုံရေးအစည်းအဝေး တစ်ပတ်လျှင် (၃)ကြိမ် တက်ရောက်ပြီး ဥပဒေရေးရာ အကြံပေးခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေး များသို့ တက်ရောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး

လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။ ထို့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet)အစည်းအဝေးကို (၂) ပတ်တစ်ကြိမ် (ကြာသပတေး)နေ့တိုင်း တက်ရောက်ပါဝင်ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်ခဲ့ပါသည်။

**သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများမှ ဥပဒေအကြံဉာဏ်တောင်းခံလာမှုအပေါ် ပြန်ကြားခြင်း ကိစ္စရပ်များ**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး၊ (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ (၂၉. ၄. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁/ရေး ၁ (၉၄၉)/ရေး ၁ (အထ၃)ဖြင့် The Sage ကဝိဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁)တွင် Cover Story အနေဖြင့်ပါရှိသော ဆောင်းပါးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမျိုးသမီးဝန်ထမ်းများအပေါ် ဂုဏ်သိက္ခာကို ထိခိုက်စေသော အသုံးအနှုန်းများကြောင့် ကဝိဂျာနယ်မှ အယ်ဒီတာနှင့် အဖွဲ့အား တရားစွဲဆိုနိုင်ရေး ဥပဒေအကြံဉာဏ်တောင်းခံခဲ့မှုအပေါ် တင်ပြလာသည့် စာရွက်စာတမ်းအထောက်အထားများအရ သတင်းမီဒီယာဥပဒေပုဒ်မ ၂၅(ခ)အရလည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ အရလည်းကောင်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၀ အရလည်းကောင်း အရေးယူဆောင်ရွက်နိုင်ကြောင်း အကြံပြုပြန်ကြားခဲ့ပါသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၅. ၅. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၅/၂-၃/ဦး ၄ အရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၁. ၅. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၆/၃-၁၅/ဦး ၆ ဖြင့် လယ်ယာမြေပေါ်တွင် ဓါတ်တိုင်ဝင်ရောက်စိုက်ထူသော ကုမ္ပဏီမှ လျော်ကြေးတောင်းခံမှုအပေါ် ပြည်မြို့နယ်၊ ကျောသာကျေးရွာအုပ်စု၊ ကောက်ပုံကွင်းကျေးရွာနေ ဦးအောင်တင့်ပါ (၁၄)ဦး၏ အသနားခံတင်ပြစာနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ပြည်မြို့နယ်တရားရုံးက ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းစိန်အပေါ် ပြစ်မှုထင်ရှားကြောင်း မပေါ်ပေါက်ဟုဆိုကာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၈(၁)အရ အမှုမှလွှတ်ခဲ့သည့်အမိန့်သည် ဥပဒေနှင့် မညီညွတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ဆက်လက်ပြီး အယူခံတင်သွင်းပေးခဲ့ကာ ယခုကဲ့သို့ ဓါတ်တိုင်များ ဝင်ရောက်စိုက်ထူမှုကြောင့် ပျက်စီးခဲ့သည့် သီးနှံများအတွက် ထိုက်သင့်သည့် လျော်ကြေးရလိုမှုအပြင် အဆိုပါ မီးတိုင်များအား လယ်ယာမြေအတွင်းမှ အမြန်ဆုံးဖယ်ရှားရှင်းလင်းပေးစေလိုမှုဖြင့် သက်ဆိုင်ရာ တရားရုံးတွင် တရားမကြောင်းအရ စွဲဆိုနိုင်ကြောင်း အကြံပြုပြန်ကြားခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၆. ၆. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၆/၁-၃၂/ဦး ၏(၂၉၆)ဖြင့် ဖြူးမြို့နယ်၊ လယ်ပြင်ကြီးကျေးရွာ (အရှေ့)နေ ဦးဘာဘူလာလ်မှ ၎င်း၏ သားဖြစ်သူသည် အိမ်ထောင်စုစာရင်း (၆၆/၆)အရ အသက် (၁၆)နှစ်မပြည့်သေးသောကလေးသူငယ်တစ်ဦးဖြစ်ပါလျက် ဥပဒေကို ချိုးဖောက်ကာ ပြစ်မှုဖြင့် ဖမ်းဆီးအရေးယူခဲ့သည့် တာဝန်ရှိသူများအပေါ် အရေးယူပေးပါရန် တိုင်ကြားစာအပေါ် စိစစ်တင်ပြရန် အကြောင်းကြားချက်အရ တင်ပြလာသည့် စာရွက်စာတမ်းအထောက်အထားများအပေါ် စိစစ်ရာတွင် တိုင်ကြားသူ၏ သားဖြစ်သူ၏ အသက်အား ကလေးသူငယ်ဥပဒေ၊ နည်းဥပဒေ ၆၈ နှင့် နည်းဥပဒေ ၇၂(က)အရ ဦးစားပေးအစီအစဉ်များအတိုင်း

စိစစ်ရာတွင် ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက်မိတ္တူမှန်အရ မွေးသက္ကရာဇ်သည် (၂၀. ၁၁. ၁၉၉၈)အရ အသက် (၁၇)နှစ် (၃)လ (၂၅)ရက်ဖြစ်ကြောင်း၊ ကလေးသူငယ်မဟုတ်ကြောင်း တွေ့ရှိရသဖြင့် တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း စိစစ်တင်ပြခဲ့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်းတင်ပြခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၁၃. ၆. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၁/၇-၁/ရေး ၃ ဖြင့် ဖြန့်ဝေပေးချက်အရ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၃၆)မျိုးနှင့် နည်းဥပဒေ (၇)မျိုးတို့အား လေ့လာသိရှိခဲ့ရပြီး အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးသည့် ဥပဒေများနှင့် စပ်လျဉ်း၍ နည်းဥပဒေများ ထုတ်ပြန်ရန်လိုအပ်လျက်ရှိသေးကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အတူ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းအတွင်း ပြည်သူ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေ ပြုစာရင်းပါ ဥပဒေများအား ဥပဒေပြုရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အနေဖြင့် ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်မှ စိစစ်ပြန်ကြားခဲ့သည့် စာတမ်းများ**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၇. ၅. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၈/၁-၉/ဦး ၈(၀၉၆)ဖြင့် အကြောင်းကြားချက်အရ ပဲခူးမြို့၊ ပြင်ပစက်မှုနယ်မြေ၊ မြေကွက်အမှတ် (၃၀-ခ)၊ မြေဧရိယာ (၂. ၇၆)ဧကတွင် အစာစပ်စက်ရုံ တည်ဆောက်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် JOIN CO.Ltd တို့ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)အပေါ် ဥပဒေရှုထောင့်မှ စိစစ်၍ အကြံပြုခဲ့ပါသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၃၀. ၅. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၆/ ၃-၄/ဦး ၆ ဖြင့် အကြောင်းကြားချက်အရ Japan Infrasturucture Partners (JIP)မှ ကျောက်တံခါးမြို့နယ်၊ အင်းပတ်လည်-ဘုံတော-အင်တိုချောင်းကူးတံတားပျက်စီးမှုအား MOU လက်မှတ်ရေးထိုးနိုင်ရေး ဥပဒေအကြံပြုချက်တောင်းခံလာမှုအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဆက်လက်တင်ပြ၍ သဘောထား ရယူကာ အကြံပြုပြန်ကြားခဲ့ပါသည်။

**ဝန်ကြီးချုပ်ခရီးစဉ်နှင့် အတူလိုက်ပါဆောင်ရွက်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဝင်းသိန်း ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာအဆင့်များ နှင့်အတူ (၆. ၅. ၂၀၁၆)ရက်နေ့မှ (၈. ၅. ၂၀၁၆)ရက်နေ့အထိ ပြည်ခရိုင်နှင့် သာယာဝတီခရီးစဉ်အတွင်း လိုက်ပါကာ အစိုးရအဖွဲ့သစ်၏ မူဝါဒများကို ပြည်သူများအား ရှင်းလင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဥပဒေအရာရှိများနှင့် တွေ့ဆုံကာ ခြစားမှုကင်းစင်သည့် အစိုးရတစ်ရပ်ပေါ်ထွန်းရေး မျှော်မှန်းဆောင်ရွက် လျက်ရှိရာတွင် ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့ပါသည်။

ထို့အတူ ဝန်ကြီးချုပ်ဦးဆောင်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လိုက်ပါ၍ (၁၉. ၅. ၂၀၁၆)ရက်နေ့မှ (၂၂. ၅. ၂၀၁၆)ရက်နေ့ တောင်ငူခရိုင်နှင့် မြို့နယ်များခရီးစဉ်တွင်လည်းကောင်း၊ (၁၀. ၆. ၂၀၁၆)ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည့် ပဲခူးခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲတွင်လည်းကောင်း၊ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒ လုပ်ငန်းစဉ်များ၊ သတင်းမီဒီယာနှင့် လွတ်လပ်ခွင့်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၎င်းအပြင် (၂၂. ၅. ၂၀၁၆)ရက်နေ့တွင် ဝေါမြို့နယ်ရှိ မြို့နယ်အရာရှိများနှင့် တွေ့ဆုံခြင်း၊ ရှမ်းကိုင်းကျေးရွာ ရေလှောင်တမံပြွန်သို့လည်းကောင်း၊ မြစ်ကျိုးကျေးရွာ - လျှပ်စစ်ဓါတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းရှိရာသို့လည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆နှင့် ပုဒ်မ ၂၇ တို့၏ တိုင်းဒေသကြီးဥပဒေချုပ် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းရပ်များ**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူး/တောင်ငူ/သာယာဝတီ/ပြည်ခရိုင်နှင့် ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ် (၂၈)မြို့နယ် အနေဖြင့် တရားစွဲဆိုရမည့် ပြစ်မှုများနှင့် စပ်လျဉ်းပြီး ဥပဒေအကြံပေးခဲ့မှု (၆၁၆)မှုရှိခဲ့ပါသည်။

မှုခင်းများ လိုက်ပါဆောင်ရွက်မှု အနေဖြင့် ပြစ်မှုဆိုင်ရာမူလမှု (၁၁၂၃)မှု၊ အယူခံမှု (၂၀) မှု၊ ပြင်ဆင်မှု (၁၈၈)မှု၊ အထွေထွေလျှောက်ထားမှု (၈)မှုဖြစ်ပါသည်။ နိုင်ငံတော်က တရားလို၊ တရားပြိုင် အဖြစ် ပါဝင်သည့် ဘဏ္ဍာမှုခင်းများအနေဖြင့် တရားမမူလမှု (၇၁)မှု၊ ဇာရီမှု (၉၁၂)မှု ဖြစ်ပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် (၁၃. ၅. ၂၀၁၆)ရက်နေ့တွင် နေပြည်တော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား တက်ရောက်ပြီး (၂၇. ၅. ၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ်ဥပဒေရုံးများမှ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနား ကျင်းပကာ ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း (၁၄. ၆. ၂၀၁၆)ရက်နေ့တွင် CMMD Center Myanmar Media Development Journalism School မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်လတ်လတ်စိုး ဦးဆောင်ပြီး သင်တန်းသား/သင်တန်းသူ (၁၀)ဦး လိုက်ပါလာသည့် အဖွဲ့သည် တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်ရာတွင် တိုင်းဒေသကြီးဥပဒေချုပ် နှင့် တိုင်းဒေသကြီးဥပဒေအရာရှိတို့မှ ကြိုဆိုကာ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အဆင့်ဆင့်၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြားခြင်း၊ သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် (၂၁. ၆. ၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ရက် (၁၀၀)စီမံ ချက်ပါ လုပ်ငန်းရပ်များ အောင်မြင်စေရေးအတွက် တရားစွဲနှင့် အမှုလိုက်အဖွဲ့အစည်းမှ တိုင်းဒေသကြီး/

ခရိုင်/မြို့နယ်ဥပဒေအရာရှိများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပဲခူးမြို့ရှေ့နေကြီးများအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် အမှုဆောင်နှင့် အဖွဲ့ဝင်များ စုစုပေါင်း (၈၂)ဦးခန့် တွေ့ဆုံကာ မှုခင်းများကြန့်ကြာမှုမရှိစေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**တိုင်ကြားစာများဆောင်ရွက်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ တာဝန်ပေးအပ်ချက်အရ နစ်နာသူများအနေနှင့် နိုင်ငံတော်အကြီးအကဲများထံ ပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာ (၁၀)စောင်အား စိစစ်ပြီး တိုင်းဒေသကြီးဥပဒေချုပ်၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြန်လည်ပေးပို့တင်ပြခဲ့ပါသည်။

**နိဂုံး**

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် အနေဖြင့် တရားစီရင်ရေးနယ်ပယ်တွင် အဓိကပါဝင် ဆောင်ရွက်နေရသည့် ရုံးတစ်ရုံးဖြစ်သည့်အားလျော်စွာ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး (Justice Sector Reform)အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်အနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်ကာကွယ်စောင့်ရှောက်ခြင်းသည် မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒများပိုမိုခိုင်မာအားကောင်းလာစေဖို့ ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အထူးသဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အဓိက အခြေခံအုတ်မြစ်သည် ဥပဒေပြုခြင်းဖြစ်သဖြင့် ဥပဒေပြုနိုင်ရန်၊ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များတွင် တိုင်းဒေသကြီးဥပဒေချုပ်ဦးဆောင်သည့် တိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် စိစစ်အကြံပေးခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများသို့ ဥပဒေအကြံဉာဏ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆)ရက်မှ (၃၀-၆-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၄-၂၀၁၆) ရက်မှ (၃၀-၆-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။)

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့ မြို့သစ်(၃)လမ်းနှင့် (၄)လမ်းကို ဆက်သွယ်ထားသည့်လမ်းအား အကွက်ရိုက်၍ ခြံကွက်အဖြစ် ချထားပေးခြင်းကို ရပ်ဆိုင်းပြီး ဆက်သွယ်ရေးလမ်းအဖြစ်သာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ညောင်လေးပင်မြို့နယ်၊ အရှေ့ဇီးကန်မှ ညောင်လေးပင်မြို့သို့ ချိတ်ဆက်ရာ လမ်းပိုင်း (အရှေ့ဇီးကန်၊ ဇီးကုန်းကြီးလမ်းမကြီး) အရှည် (၁၄၀၀)ပေ၊ နယ်နိမိတ်(၆၀)ပေ၊ အကျယ်(၃၀)ပေ၊ အမြင့်(၄)ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စုနယ်မြေအတွင်းရှိ ကျုံပျော် ချောင်းနှင့် ဖထောင်ရေနုတ်မြောင်းတို့အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ချိန်းချောင်းမကြီးနှင့် ချောင်းကော၊ မြောင်းကောများအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"ညောင်လေးပင်မြို့နယ်၊ ကွင်းဒလကြီး ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာနှင့် စမ်းကလေးကျေးရွာ၊ လေးအိမ်စု ကျေးရွာအုပ်စုတို့အား NEP စီမံကိန်း၏ ပထမဦးစားပေး (သို့မဟုတ်) ဒုတိယဦးစားပေး အစီအစဉ်များတွင် ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) **"ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ အင်းပရိကျေးရွာတွင် မူလတန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဆရာ/ဆရာမများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ နှစ်ထပ်ကျောင်း ဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၈) **“ညောင်လေးပင်မြို့နယ်၊ ရေဆုံးကျေးရွာအုပ်စု မအူတန်းစံပြကျေးရွာရှိ အ. လ. က(ခွဲ) ကျောင်းအတွက် စာသင်ဆောင်(ကျောင်းဆောင်)သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၈)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၁) “ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့ မြို့သစ်(၃)လမ်းနှင့် (၄)လမ်းကို ဆက်သွယ်ထားသည့်လမ်းအား အကွက်ရိုက်၍ ခြံကွက်အဖြစ် ချထားပေးခြင်းကို ရပ်ဆိုင်းပြီး ဆက်သွယ်ရေးလမ်းအဖြစ်သာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်တွင် အညာစုတိုးချဲ့ မြို့သစ်တည်ရှိပါသည်။ ထိုတိုးချဲ့မြို့သစ်အတွင်းမှ (၅၄. ၈၇)ဧကခန့်ရှိ မြေများကို အမှတ်(၃)ထောက်လှမ်းတပ်မြေအဖြစ် သိမ်းဆည်းခံခဲ့ရပါသည်။ ယခုအခါ တပ်မတော်ထောက်လှမ်းရေးမှ သိမ်းယူထားသော မြေထဲတွင်ပါသွားသည့် ခြံကွက်အမှတ် (၁၀၃)အစားထိုး ပေးသည်ဟုဆိုကာ အညာစုတိုးချဲ့မြို့သစ်(၃)လမ်းနှင့် (၄)လမ်းကို ဆက်သွယ်ထားသည့် လမ်းကို ဖျက်ပြီးအကွက်ရိုက်ကာ ခြံကွက်အမှတ်(၁၀၉၅)ဟု သတ်မှတ်ချထားပေးသည်ဟု သိရပါသည်။

ယခင်(၂၀၁၃)ခုနှစ်ကလည်း ရပ်ကွက်ဥက္ကဋ္ဌဦးထွန်းမြင့်မှ မြို့နယ်က ခြံကွက်အမှတ်(၁၀၉၆) အဖြစ် ချထားပေးလိုက်သည်ဆိုကာ လမ်းမတာကို ပေါက်ဖြိုခြင်း၊ ရေနုတ်ပြွန်များဖျက်ဆီးခြင်း၊ ခြံကွက်ရိုက်ခြင်းတို့ ပြုလုပ်ရာ ရပ်ကွက်နေပြည်သူများနှင့် ပြဿနာတက်ပါသည်။ ပြည်သူများမှ တိုင်ကြားသဖြင့် ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသာထွန်းဦး လာရောက်စစ်ဆေးခဲ့ပြီး တိုင်စာအရ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိ၍ ရပ်ကွက်ဥက္ကဋ္ဌဦးထွန်းမြင့်အား တာဝန်မှရပ်စဲ ခဲ့ပါသည်။ ယခုအခါ ထပ်မံ၍ အဆိုပါလမ်းအား အကွက်ရိုက်ကာ ခြံကွက်အဖြစ် ချထားသည်ဆိုပြီး လမ်းအားဖျက်ဆီး၍ ပိတ်ပစ်မည်ပြုလုပ်နေသည်။ မြို့နယ်တာဝန်ရှိသူများမှ ရေခဲစက်မြေနှင့် ထောက်လှမ်းရေးတပ်မြေများထဲတွင် ပါဝင်သွားသည့် မြေကွက်များအား အစားထိုးပေးခြင်းဟု ပြောပါသည်။

မြို့တိုးချဲ့ရေးကော်မတီမှ ကနဦးမြေကွက်များ ချထားစဉ်က လမ်းအဖြစ် သတ်မှတ်ထားသည့် လမ်းမြေဖြစ်ပြီး၊ ရပ်ကွက်နေပြည်သူများမှ လမ်းမတာခင်း၍ လမ်းအဖြစ် အသုံးပြုနေသည်မှာလည်း နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုးချဲ့(၃)လမ်းနှင့် (၄)လမ်းကို ဆက်သွယ်ထားသည့်လမ်းအား အကွက်ရိုက်၍ ခြံကွက်အဖြစ် ချထားပေးခြင်းကို ရပ်ဆိုင်းပြီး ဆက်သွယ်ရေးလမ်းအဖြစ်သာ သတ်မှတ်ပေးရန် တင်ပြထားပါသဖြင့် ထိုသို့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၂) “ညောင်လေးပင်မြို့နယ်၊ အရှေ့ဇီးကန်မှ ညောင်လေးပင်မြို့သို့ ချိတ်ဆက်ရာလမ်းပိုင်း (အရှေ့ဇီးကန်၊ ဇီးကုန်းကြီးလမ်းမကြီး) အရှည် (၁၄၀၀)ပေ၊ နယ်နိမိတ်(၆၀)ပေ၊ အကျယ်(၃၀)ပေ၊ အမြင့်(၄)ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်း

သွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ အရှေ့ဇီးကန်မှ ညောင်လေးပင်မြို့သို့ ချိတ်ဆက်ရာလမ်းပိုင်း(အရှေ့ဇီးကန်၊ ဇီးကုန်းကြီးလမ်းမကြီး)သည် မိုးအခါရွှံ့ဗွက်များထူထပ်ပြီး ပြည်သူများသွားလာရာတွင် အခက်အခဲ ကြုံတွေ့နေရပါသည်။ ယင်းလမ်းမကြီးကို အမှီပြုနေရသော ကြံခင်းကျေးရွာ၊ အနောက်ဇီးကန်ကျေးရွာ၊ အရှေ့ဇီးကန်ကျေးရွာ၊ မြသာညိုကျေးရွာ၊ ညောင်ပင်သာကျေးရွာများမှ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများနှင့် ပတ်သက်၍ အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

ယခုအခါ ကျေးရွာနေ ပြည်သူများမှ ကိုယ်ထူကိုယ်ထဖြင့် ကုန်ကျငွေ(၈၆)သိန်းကျော်ခန့် စိုက်ထုတ်၍ အရှည်(၁၄၀၀)ပေ၊ နယ်နိမိတ်(၆၀)ပေ၊ အကျယ်(၃၀)ပေ၊ အမြင့်(၄)ပေရှိ မြေသားလမ်းကို လမ်းအင်္ဂါရပ်နှင့်အညီ ဆောက်လုပ်ထားပါသည်။ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကုန်စည်ပို့ဆောင်ရေးများ လွယ်ကူချောမွေ့ အဆင်ပြေရေးအတွက် ကျောက်ချောလမ်းခင်းပေးရန် တင်ပြတောင်းခံလာပါသည်။ သို့ဖြစ်ပါ၍ ယင်းလမ်းမကြီးအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းအမှတ်စဉ်(၃)

"ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စုနယ်မြေအတွင်းရှိ ကျုံပျော်ချောင်းနှင့် ဖထောင်ရေနုတ်မြောင်းတို့အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စု နယ်မြေအတွင်း ဖြတ်သန်းစီးဆင်းလျှက်ရှိသော (၁)ကျုံပျော်ချောင်း၊ (၂)ဖထောင်ရေနုတ်မြောင်းတို့သည် ယခုအခါ ချောင်း၊ မြောင်းများ တိမ်ကောပြီး ရေစီးရေလာမကောင်းတော့သဖြင့် လယ်မြေဧကပေါင်းများစွာ ရေကြီးနစ်မြုပ်ခြင်း အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။

- ကျုံပျော်ချောင်းအား ပြန်လည်တူးဖော်နိုင်ပါက ထိန်တပင်ကျေးရွာအုပ်စုပိုင် (၃၀၃- S) ကွင်း၊ လယ်မြေဧက (၁၆၃၀)ဧကနှင့် ကလိန်ခင်ကျေးရွာအုပ်စုပိုင် လယ်မြေဧက (၇၅၇)ဧကခန့်အား ရေကြီးနစ်မြုပ်ခြင်းမှ ကင်းဝေးစေပါမည်။
- ဖထောင်ရေနုတ်မြောင်းအား ပြန်လည်တူးဖော်နိုင်ပါက အကျိုးပြုလယ်မြေဧက (၁၈၅၂)ဧကခန့်အား ရေကြီးနစ်မြုပ်ခြင်း အန္တရာယ်မှ ကာကွယ်နိုင်ပါမည်။

သို့ဖြစ်ပါ၍ ယင်း(၁) ကျုံပျော်ချောင်း၊ (၂)ဖထောင်ရေနုတ်မြောင်းတို့အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းအမှတ်စဉ်(၄)

"ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ချိန်းချောင်းမကြီးနှင့် ချောင်းကော၊ မြောင်းကောများအားတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော

“ချိန်းချောင်း”မှာ ယခုအခါ တိမ်ကောခြင်း၊ ကျဉ်းမြောင်းပိတ်ဆို့နေခြင်းတို့ကြောင့် ရေနုတ်အားနည်းပါးလာပြီ ဖြစ်ပါသည်။ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်ရှိ ကညင်ကြီး လက်ခံဒလ၊ ငွေးကုန်း၊ ရေဖြူကန်၊ ဆွဲဒလွဲ၊ မုက္ခမူ ကျေးရွာအုပ်စုများအတွင်းရှိ လယ်ယာမြေ ဧကပေါင်းများစွာမှာ မိုးကြောင့် ရေကြီးနစ်မြုပ်ပြီးလျှင် ရေလွှမ်းမိုးမှု လျော့သင့်အချိန် မလျော့တော့ဘဲ ကာလကြာမြင့်စွာ ရေလွှမ်းမိုးနေသဖြင့် လယ်ယာလုပ်ငန်းများ လုပ်ရာတွင် အခက်အခဲများ တွေ့ကြုံပြီး သီးနှံများ ပျက်စီးဆုံးရှုံးမှုများနှင့် နှစ်စဉ်ကြုံတွေ့ခံစားနေရပါသည်။

အဆိုပါကျေးရွာနှင့် လယ်ယာမြေများရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန် ကျောက်တန်းမြို့မှ မဒေါက်မြို့ အထိ စစ်တောင်းရေကာတာကြီးကို တည်ထားပြီး ပင်မရေနုတ်မြောင်းအဖြစ် (၃၅)မိုင်ခန့်ရှည်လျားသည့် “ချိန်းချောင်း”(မုက္ခချောင်း)ကို တူးဖော်ပေးထားခဲ့ပါသည်။ ယခုအခါ ချိန်းချောင်းမကြီးအထိ မြင်းဝင်း ဆည်ကြီးများ ဓမင်းထောင်ခြင်း၊ နွေရာသီမြေသား တမံကြီးများပိတ်၍ အင်းပတ်ခြင်း၊ ဆည်များလည်း သတ်မှတ်ချက်ထက် ကျော်လွန်တည်ဆောက်ကြခြင်းတို့ကြောင့် ချောင်းကောခြင်း၊ ကျဉ်းမြောင်းပိတ်ဆို့ခြင်း များဖြစ်ကာ ရေစီးရေလာ နည်းသွားပြီဖြစ်သည်။ တခြားချောင်းငယ်၊ မြောင်းငယ်များလည်း ပိတ်ဆို့ တိမ်ကောကုန်သဖြင့် ရေထုတ်နုတ်မှု အားနည်းသောကြောင့် လယ်ယာမြေများ နှစ်စဉ် ရေနစ်မြုပ်ခြင်းဒဏ် ခံစားနေရပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိုပါ“ချိန်းချောင်း”မကြီးနှင့် ချောင်းခွဲ“တာဖြတ်ချောင်း”တာ “ယက်ကွက်” ရိုးငယ်၊ မြောင်းငယ်များအား ရေနုတ်အားကောင်းစေရန်အတွက် ပြန်လည်တူးဖော်ပေးပါရန် တင်ပြပြီး ထိုသို့ တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းအမှတ်စဉ်(၅)
“ညောင်လေးပင်မြို့နယ်၊ ကွင်းဒလကြီး ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာနှင့် စမ်းကလေးကျေးရွာ၊ လေးအိမ်စု ကျေးရွာအုပ်စုတို့အား NEP စီမံကိန်း၏ ပထမဦးစားပေး (သို့မဟုတ်) ဒုတိယဦးစားပေး အစီအစဉ်များတွင် ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ” နှင့်စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ကွင်းဒလကြီးကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာတွင် လျှပ်စစ်မီးမရှိပါ။ အဆိုပါကျေးရွာသည် ညောင်လေးပင်-မဒေါက်သွယ်တန်းထားသော 11KVဓါတ်အားလိုင်းမှ (၆. ၄)ဖာလုံခန့်သာ ကွာပါသည်။ သို့သော် ယခုNEPစီမံကိန်းတွင် ပထမဦးစားပေး၊ ဒုတိယဦးစားပေး အစီအစဉ် (၂)ခုလုံးတွင် မပါဝင်ပါသဖြင့် ထည့်သွင်းဆောင်ရွက်ပေးပါရန် အသနားခံတင်ပြလာပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ 11KVဓါတ်အားလိုင်းမှ (၁)မိုင်(၆)ဖာလုံကျော် (၂မိုင်အတွင်း)ရှိသော ကျေးရွာဖြစ်ပါသည်။ ရန်ကုန်-မန္တလေးကားလမ်းနှင့် ကောင်းမွန်သော ဂဝံလမ်းဖြင့် ဆက်သွယ်ထားပါသည်။ မူလတန်းလွန် စာသင်ကျောင်းလည်းရှိပါသည်။ စမ်းကလေးကျေးရွာအုပ်စုတွင် ကျေးရွာ(၅)ခုရှိရာ ကိုယ်ထူကိုယ်ထ မီးလင်းပြီးသော ရွာအပါအဝင်(၄)ရွာစလုံး NEP၏ ပထမဦးစားပေး၊ ဒုတိယဦးစားပေး အစီအစဉ်တွင် ပါဝင်ပါသည်။ စမ်းကလေး(အနောက်)ကျေးရွာနှင့် လေးအိမ်စုကျေးရွာမှာ 11KVဓါတ်အားလိုင်းမှ အကွာအဝေးအတူတူဖြစ်ပြီး လေးအိမ်စုရွာတစ်ခုတည်း ကျန်ရစ်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် NEP

စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ပေးပါရန် အသနားခံတင်ပြလာပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကွင်းဒလကြီးကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာနှင့် စမ်းကလေးကျေးရွာအုပ်စု လေးအိမ်စုကျေးရွာတို့အား NEPစီမံကိန်း၏ ပထမဦးစားပေး အစီအစဉ် (သို့မဟုတ်) ဒုတိယဦးစားပေး အစီအစဉ် များတွင် ထည့်သွင်းဆောင်ရွက်ပေးသင့်ပါကြောင်း ထောက်ခံတင်ပြရင်း ထိုကဲ့သို့ ထည့်သွင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၆)

"ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ အင်းပရိကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဆရာ/ဆရာမများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ အင်းပရိ ကျေးရွာသည် စစ်တောင်းမြစ်ကမ်းဘေးတွင် တည်ရှိပြီး အိမ်ခြေပေါင်း(၁၃၆)အိမ်ရှိပါသည်။ ကျေးရွာနေ ကလေးငယ်ကျောင်းသား/ကျောင်းသူများမှာ ကျေးရွာမှ(၂)မိုင်ခန့်ကွာဝေးသော ရေတွင်းကုန်းကျေးရွာ၊ အ. ထ. က(ခွဲ)သို့ သွားရောက်ပညာသင်ကြားနေရပါသည်။ ကျောင်းတက်ရာတွင် ခရီးကွာဝေးခြင်း၊ ချောင်းကူး၊ မြောင်းကူး ရေဘေးအန္တရာယ်ရှိခြင်းကြောင့် ကလေးသူငယ်များအား မိဘများက နေ့စဉ် အပို့/အကြို လုပ်နေရပါသည်။

အလုပ်အကိုင်ပျက်၍ အပို့ အကြိုမလုပ်နိုင်သော ကျောင်းသား/ကျောင်းသူလေးများမှာ ပညာသင်ကြားရေးကို ရပ်ဆိုင်းလိုက်ရသည်များရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းနှင့် ဆရာ/ဆရာမများ ချထားပေးမည်ဆိုပါက ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရေး ပိုမိုလွယ်ကူ လာပြီး ကျောင်းသားအင်အားလည်း တိုးလာမည်ဖြစ်ပါသည်။ ယခုအခါ မူလတန်းအဆင့်တွင် တခြား ရွာကျောင်းသို့ ကျောင်းသွားတက်နေရသည့် ကလေးသူငယ်(၆၆)ဦးခန့် ရှိပါသည်။

မူလတန်းကျောင်း ဖွင့်လှစ်ခွင့်ပြုပြီး စာသင်ဆောင်ချထားပေးနိုင်ခြင်း မရှိသေးပါကလည်း ကျေးရွာမှ ကိုယ်ထူ၊ ကိုယ်ထဖြင့် ယာယီစာသင်ဆောင် ဆောက်လုပ်ရန် စီစဉ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာ၏ လိုအပ်ချက်အရ မူလတန်းကျောင်း တစ်ကျောင်းဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဆရာ/ဆရာမများ ချထားပေးပါရန် တင်ပြတောင်းခံပြီး ထိုသို့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၇)

"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန်" နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်း သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ အခြေခံပညာမူလတန်း ကျောင်းကို (၁-၆-၁၉၆၂)ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် အဆင့်တိုးမြှင့်လာရာ ယခုအခါ အလယ်တန်းကျောင်း(ခွဲ)ဖြစ်ပါသည်။ အ. လ. က(ခွဲ)ဖြစ်လာသဖြင့် ကျောင်းသားဦးရေမှာလည်း တိုးလာရာ

စုစုပေါင်း(၂၆၀)ကျော်ရှိပါသည်။

ကျောင်းတွင် ပင်မကျောင်းဆောင်ဟောင်း(၁)ထပ်ဆောင်(၁)ခု၊ အလျား(၄၅)ပေ၊ အနံ(၂၃)ပေ၊ အမြင့်(၁၅)ပေရှိ တစ်ထပ်ဆောင် (၁)ခု၊ ယခုဖျက်သိမ်းရန် တင်ပြသော အလျား(၆၂)ပေ၊ အနံ(၄၅)ပေ၊ အမြင့်(၁၄)ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ မြေကြီးခင်း တစ်ထပ်ဆောင်(၁)ခု စသည်ဖြင့် စာသင်ဆောင် (၃)ခုသာ ရှိပါသည်။ လက်ရှိတိုးလာသည့် ကျောင်းသားဦးရေနှင့် စာသင်ဆောင်မှာ မမျှတတော့ပါ။ ယခုတင်ပြသည့် စာသင်ဆောင်မှာ (၁၉၉၁)ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ သက်တမ်း(၂၅)နှစ်ကျော်ကြာမြင့်ပြီဖြစ်၍ ယိုယွင်းပျက်စီးနေပြီး ခလေးများပညာသင်ကြား ရာတွင် အန္တရာယ်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအားဖျက်သိမ်း၍ ကျောင်းသားအရေအတွက် အရ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် တင်ပြလာပါသည်။ ထို့ကြောင့် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၈)
“ညောင်လေးပင်မြို့နယ်၊ ရေဆုံးကျေးရွာအုပ်စု မအူတန်းစံပြကျေးရွာရှိ အ. လ. က(ခွဲ) ကျောင်းအတွက် စာသင်ဆောင်(ကျောင်းဆောင်)သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းဖို့ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရေဆုံးကျေးရွာအုပ်စု၊ မအူတန်းစံပြကျေးရွာတွင် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)ရှိပါသည်။ ယင်းကျောင်းတွင် စာသင်ဆောင်(၃)ခု ရှိပါသည်။အလျား (၉၀)ပေ၊ အနံ(၂၄)ပေ၊ အမြင့်(၁၄)ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ အုတ်ခင်းတစ်ဆောင်၊ အလျား(၆၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၂၂)ပေရှိ သွပ်မိုး၊ အုတ်ညှပ်၊ အုတ်ခင်းတစ်ဆောင်နှင့် အလှူရှင်များမှ ဆောက်လုပ်ထားသည့် အလျား(၅၀)ပေ၊ အနံ(၂၄)ပေ၊ အမြင့် (၁၂)ပေရှိ သွပ်မိုး၊ ထရံကာ၊ မြေခင်းတစ်ဆောင် စုစုပေါင်း(၃)ဆောင်ရှိပါသည်။ မြေသားခင်းကျောင်းဆောင် မှာလည်း ပျက်စီးယိုယွင်းနေပြီဖြစ်ပါသည်။

အ. လ. က(ခွဲ)ကျောင်းဖြစ်၍ KGအပါအဝင် အတန်း(၉)ခုရှိပြီး ယခုအခါ ကျောင်းသား/ ကျောင်းသူ(၃၆၀)ကျော် တက်ရောက်ပညာသင်ကြားနေပါသည်။ တစ်သုတ်တက်ကျောင်းဖြစ်၍ ကျောင်းသား အင်အားနှင့် စာသင်ဆောင်မှာ မျှတမှုမရှိဘဲ အခက်အခဲကြုံတွေ့နေရပါသည်။ မြို့နယ်ပညာရေးမှူးရုံးမှလည်း တင်ပြတောင်းခံထားပါသည်။သို့ဖြစ်ပါ၍ မအူတန်းစံပြကျေးရွာရှိ အ. လ. က(ခွဲ)ကျောင်းအတွက် အမှန်တကယ် အရေးပေါ်လိုအပ်နေသော စာသင်ဆောင်(ကျောင်းဆောင်)သစ်တစ်ဆောင် အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ညောင်လေးပင်မြို့ မြို့သစ်(၃)လမ်းနှင့် (၄)လမ်းကို ဆက်သွယ်ထားသည့်လမ်းအား အကွက်ရိုက်၍ ခြံကွက်အဖြစ် ချထား ပေးခြင်းကို ရပ်ဆိုင်းပြီး ဆက်သွယ်ရေးလမ်းအဖြစ်သာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့၊ တိုးချဲ့မြို့သစ်၏ နဂိုမူလရပ်ကွက်အတွင်း ဆက်သွယ်ရေးလမ်းအား အကွက်ရိုက်၍ ခြံကွက်အဖြစ် ချထားပေးခြင်းကို ပယ်ဖျက်ပေးပြီး လမ်းအဖြစ်သာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှုနှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်တွင် မြို့တိုးချဲ့ရေးကော်မတီမှ (၁၉၉၂)ခုနှစ် ခန့်၌ မြေကွက်ပေါင်း(၁၁၀၀)ကွက်အား ခွင့်ပြုချထားပေးခဲ့ပါသည်။ မြေကွက်အမှတ်(၁၀၉၅)မှာ အမှတ်(၃) ထောက်လှမ်းရေးတပ်မှ သိမ်းဆည်းရန် ဆောင်ရွက်စဉ် ပါဝင်သွားသည့် မြေကွက်အမှတ်(၃၀၃)အစား ပြန်လည်အစားထိုး ချထားပေးသည့် မြေကွက်ဖြစ်ပါသည်။

မြေကွက်အမှတ်(၁၀၀၀)ကျော်ဖြင့် မြေကွက်ပေါင်း (၂၉)ကွက်အား ရေခဲစက်မြေ ကျူးကျော်ဖယ်ရှား မှုနှင့် တပ်မြေသိမ်းဆည်းရန် ဆောင်ရွက်စဉ်ပါဝင်ခဲ့သူများသို့ ညောင်လေးပင်မြို့၊ မြို့မ(၁)ရပ်ကွက်အတွင်း ပြန်လည်နေရာချထားပေးခဲ့ခြင်းဖြစ်ပါသည်။ မြေကွက်အမှတ်(၁၀၉၅)မှာ ၁၉၉၂ခုနှစ်၊ မြို့ကွက်နေရာ ချထားစဉ်အခါက လမ်းမြေအဖြစ် သတ်မှတ်ထားခဲ့သည့် မြေနေရာ ဖြစ်ပါသည်။

အဆိုပါမြေကွက်အား ရေခဲစက်မြေကျူးကျော်သူ ဒေါ်ရီအမည်ဖြင့် မြို့ကွက်နေရာချထားရေး ကော်မတီမှ မြေကွက်အမှတ်(၃၀၃)အား ခွင့်ပြုချထားပေးခဲ့ရာ ၄င်းမြေကွက်သည် တပ်မြေသိမ်းဆည်းရန် ဆောင်ရွက်ရာတွင် ပါဝင်သွားခဲ့သဖြင့် ၄င်းမြေကွက်အစားမူလက လမ်းမြေ အဖြစ်တည်ရှိခဲ့သော မြေနေရာအား မြေကွက်အမှတ်(၁၀၉၅)အဖြစ် ပြန်လည်ချထားပေးကြောင်း မြေကွက်အမှတ် (၃၀၃)အား ခွင့်ပြုချထား ပေးသည့် မြေပေးမိန့်ပေါ်ရှိ မှတ်ချက်အရစိစစ်တွေ့ရှိရပါသည်။ ၄င်းမြေကွက်အား ခြံကွက်အဖြစ် ချထား ပေးခြင်းကို ရပ်ဆိုင်းပြီး ဆက်သွယ်ရေးလမ်းအဖြစ်သာ သတ်မှတ်ပေးရန်နှင့် ပတ်သက်၍ လက်ရှိပိုင်ဆိုင်သူမှ ပြန်လည်စွန့်လွှတ်ပေးရန် ဆန္ဒမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ အရှေ့ဇီးကန်မှ ညောင်လေးပင်မြို့သို့ ချိတ်ဆက်ရာ လမ်းပိုင်း (အရှေ့ဇီးကန်၊ ဇီးကုန်းကြီးလမ်းမကြီး) အရှည် (၁၄၀၀)ပေ၊ နယ်နိမိတ်(၆၀)ပေ၊ အကျယ်(၃၀)ပေ၊ အမြင့်(၄)ပေရှိ မြေသားလမ်းကို ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ "နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ ဝါးပတောကျေးရွာအုပ်စု အရှေ့ဇီးကန်ကျေးရွာနှင့် ဇီးကုန်းကြီးကျေးရွာအုပ်စု ဇီးကုန်းကြီးကျေးရွာသို့ဆက်သွယ်သောကျေးရွာချင်းဆက်လမ်းမှာ (၁၄၀၀)ပေရှိ မြေသားလမ်းဖြစ်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းလမ်းအား (၁၄၀၀ပေ× ၁၂ပေ×၉လက်မ)ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၆. ၇၈)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု(၂)၊ ကျေးရွာပေါင်း (၈)ရွာ၊ အိမ်ခြေ (၆၅၃)၊ လူဦးရေ(၄၀၈၆)ဦး အကျိုးပြု သွားလာနိုင်ပါမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်လမ်းမှာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စု နယ်မြေအတွင်းရှိ ကျုံပျော် ချောင်းနှင့် ဖထောင်ရေနုတ်မြောင်းတို့အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်၊ ထိန်တပင်ကျေးရွာအုပ်စုအတွင်းရှိ ကျုံပျော်ချောင်းမှာ ထိန်တပင်ကျေးရွာအုပ်စုနှင့် ကလန်စိန်ကျေးရွာအုပ်စုအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိပြီး မုက္ခမူချောင်း(ချိန်းချောင်း)အတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါချောင်းမှာ တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းသဖြင့် ထိန်တပင်ကျေးရွာအုပ်စုပိုင် ကွင်းအမှတ်(၃၀၃- S)ရှိ လယ်မြေဧက (၁၆၃၀)ဧကနှင့် ကလန်စိန်ကျေးရွာအုပ်စုပိုင်လယ်မြေဧက(၇၅၇)ဧကနှင့် စုစုပေါင်းဧက(၂၃၈၇)ဧက မှာ ရေနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ထားခြင်းမရှိသေးသော်လည်း ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ ကျုံပျော်ချောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၆. ၀၆)မိုင်၊ မြေကြီး(၇၀၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၁၃. ၇၂၀) သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)တွင် ရန်ပုံငွေတင်ပြ တောင်းခံသွားပါမည် ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဖထောင်ချောင်းရေနုတ်မြောင်းအား ပြန်လည်တူးဖော်ပေးပါရန် မေးမြန်းလာမှုနှင့်ပတ်သက်၍ ဖထောင်ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား (၂၀၁၅-၂၀၁၆)ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ(BE)ဖြင့် (၂၀. ၅. ၂၀၁၅)ရက်နေ့မှစ၍ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ အလျား (၂)မိုင်၊ မြေကြီး(၉၀၀၀)ကျင်းအား (၉-၆-၂၀၁၅)ရက်နေ့ထိ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ထပ်မံတူးဖော်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသော ချိန်းချောင်းမကြီးနှင့် ချောင်းကော၊ မြောင်းကောများအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း ဖြတ်သန်း

စီးဆင်းနေသော "ချိန်းချောင်း" မှာ ကျောက်တံခါးမြို့နယ် အသဝိအင်းမှအစပြုပြီး ညောင်လေးပင်မြို့နယ် အတွင်းဖြတ်သန်း၍ ရေပေါ်သောင်ကျေးရွာအနီးတွင် စစ်တောင်းမြစ်အတွင်းသို့ စီးဝင်ပါသည်။ အဆိုပါ ချောင်းမှာ မူလအကျယ်(၅၀)ပေမှ (၆၀)ပေအထိ ကျယ်ဝန်းပါသည်။ ယခုအချိန်တွင် ဒေသခံများမှ စိုက်ပျိုး မြေများ တိုးချဲ့လာခြင်း၊ ဆည်တန်းပိတ်ချက်များဖြင့် ငါးဖမ်းခြင်းတို့ကြောင့် အချို့နေရာများတွင် ချောင်း အကျယ်မှာ (၁၅)ပေမှ (၂၀)ပေခန့်သာကျန်ရှိ၍ ကျဉ်းမြောင်းတိမ်ကောလာပြီး သဲသောင်ခုံများ ဖြစ်ထွန်း နေခြင်းတို့ကြောင့် ရေစီးရေလာမကောင်းတော့သဖြင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ရာတွင် အခက်အခဲ များနှင့် ကြုံတွေ့နေရပြီး သီးနှံများ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

ချိန်းချောင်း(မုက္ခမူချောင်း) ပြန်လည်တူးဖော်ပေးခြင်းဖြင့် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင် မြို့နယ်အတွင်းရှိ ကညင်ကျိုး၊ လက်ခံ၊ ဒလဆိပ်၊ ဝွေးကုန်း၊ ရေဖြူကန်၊ ဆွဲဒလွဲ၊ မုက္ခမူစသည့် ကျေးရွာများရှိ လယ်မြေဧက (၃၀၀၀၀)ကျော်ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ထားမှုမရှိသေးသော်လည်း ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။

ချိန်းချောင်း(မုက္ခမူချောင်း)ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၃၆. ၅)မိုင်၊ မြေကြီး (၆၁၈၆၅၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၅၇၀. ၆၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BE စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ BEတွင် ရန်ပုံငွေတင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၁)နှင့် (၃)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဝန်ကြီးမှ ဖြေကြားထားသည်မှာ လက်ရှိပိုင်ဆိုင်သူမှ ပြန်လည်စွန့်လွှတ်ပေးရန် ဆန္ဒမရှိကြောင်း ဖြေကြားသွား၍ ယင်းဖြေကြားသည့်လမ်းမှာ နဂိုမူလမြို့ဦးတိုးချဲ့ကုမ္ပဏီမှ ကနဦးမြေကွက်များ ချထားစဉ် အခါကလည်း လမ်းမြေအဖြစ်သာ သတ်မှတ်ထားကြောင်း၊ မြေပေးမြေပုံတွင်လည်း လမ်းအဖြစ်သာဖော်ပြထားပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးဖြေကြားချက်တွင် မူလက လမ်းမြေအဖြစ်တည်ရှိခဲ့သော မြေနေရာအား မြေကွက်အမှတ် (၁၀၉)ဖြင့် ပြန်လည်ချထားပေးကြောင်း ဖြေဆိုရသည့်အတွက် လမ်းမြေဖြစ်ကြောင်းကိုလည်း ဝန်ခံပြီး ဖြစ်ကြောင်း၊ ထိုကဲ့သို့ လမ်းမြေအဖြစ်သတ်မှတ်ထားသော မြေနေရာအား အလွယ်တကူမြေကွက်ရိုက်၍ ချထားပေးခွင့် ရှိ/မရှိ သိရှိလိုပါ၍ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ်(၃) ဖထောင်ရေနုတ်မြောင်း ပြန်လည်တူးဖော်ရေးနှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေ BE ဖြင့် အလျား(၂)မိုင်ခန့် တူးဖော်ထားပြီး ဆက်လက်၍ လယ်သမားများ ကိုယ်ထူကိုယ်ထဖြင့် ထပ်မံတူးဖော်ရာတွင် မိုင်ဝက်ခန့်ပြီးသွားသော်လည်း ပေ(၇၀၀၀)ကျော် ကျန်ရှိနေပါ၍ ဆက်လက်တူးဖော်ရန် ကျန်ရှိနေသည့်လမ်းပိုင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးထပ်မံ၍မေးမြန်းထားသော ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)နှင့် (၂) တို့အား သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး မေးမြန်းထားသည့် ဆက်စပ်မေးခွန်း အမှတ်စဉ်(၁)နှင့်ပတ်သက်၍ ၁၉၉၂ခုနှစ် မြေပေးမိန့်ပေါ်မှာမူတည်ပြီး စိစစ်ထားသည့် အဖြေသာဖြစ်ကြောင်း၊ မြေပေးမိန့်ပေါ်တွင် ဆုံးဖြတ်ချက်ချပြီး လက်ရှိပိုင်ဆိုင်သူများကို ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့ပြန်လည်စွန့်လွှတ်မှသာ ယင်းကိစ္စကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။

မေးခွန်းအမှတ်စဉ်(၃) လက်ရှိ မိမိတို့အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်း များသည် ယခင်အစိုးရက အတည်ပြုထားပြီး ဖြစ်သည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် အတည်ပြုထားသည် များကို ဆောင်ရွက်ကြောင်း၊ လက်ရှိတွင် ဆောင်ရွက်ပေးရန်မရှိသေးပါကြောင်း၊ နိုင်ငံတော်က အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသည့်အပိုင်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လွှတ်တော်တွင် အတည်ပြုပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက် ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်နိုင်ဦး၏ ဆက်စပ်မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍၁၉၉၂ခုနှစ် မြေကွက်နေရာချထားပေးသည့် မြေဖြစ်ကြောင်း၊ ဥပဒေပြဿနာရပ်ဖြစ်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ယင်းမြေကွက်ကို မြေပေးမိန့်ချပေးသည့်အပေါ်တွင် ပြန်လည် စွန့်လွှတ်နိုင်ခြင်း ရှိ/မရှိနှင့်ပတ်သက်ပြီး ဆောင်ရွက်ရသည့် ဥပဒေပြဿနာများဖြစ်ပါကြောင်း၊ ဥပဒေအရ ကာလစည်းကမ်းချက် ကျော်လွန်သည့် ပြဿနာများကို မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ခြင်း ရှိ/မရှိ ဆိုသည်က မိမိတို့အနေဖြင့် ဥပဒေအရ ဆောင်ရွက်ရမှာဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ် (၃)နှင့်ပတ်သက်၍ ဖထောင်ရေနုတ်မြောင်း တူးဖော်ခြင်းနှင့်ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး ရန်ပုံငွေ BE စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်း

မရှိသည့်အတွက် ယခုဖထောင်ရေနုတ်မြောင်း ပြန်လည်တူးဖော်ရေးနှင့်ပတ်သက်ပြီး ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီး ရန်ပုံငွေ BE တွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားထားပြီးဖြစ်သည့်အတွက် ပဋိညာဉ်ပြုသည့်အချက်ဖြစ်သွားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း ထပ်ဆင့်ပြန်လည်ရှင်းလင်းပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၅)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ကွင်းဒလကြီး ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာနှင့် စမ်းကလေးကျေးရွာ၊ လေးအိမ်စု ကျေးရွာအုပ်စုတို့အား NEP စီမံကိန်း၏ ပထမဦးစားပေး (သို့မဟုတ်) ဒုတိယဦးစားပေး အစီအစဉ်များတွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ " နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ညောင်လေးပင်မြို့နယ်၊ ကွင်းဒလကြီး ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာသည် မဒေါက်မြို့၏ အုပ်ချုပ်မှုလက်အောက်တွင်ရှိသော်လည်း မဒေါက်မြို့ရှိ (၁၁) ကေဗွီလိုင်းနှင့် (၃. ၆)မိုင်ကျော်တွင်တည်ရှိခြင်း၊ ညောင်လေးပင်မြို့မှ ပုဇွန်မြောင်းကျေးရွာသို့ သွယ်တန်းထားသော(၁၁)ကေဗွီလိုင်းနှင့် (၁. ၈)မိုင်အတွင်း တည်ရှိနေခြင်းများကြောင့် ညောင်လေးပင်မြို့နယ်၏ NEP စီမံကိန်းတွင်ထပ်မံထည့်သွင်းပေးရန် နေပြည်တော်ရုံးချုပ်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာသည် NEP စီမံကိန်း၏ (၁၁)ကေဗွီလိုင်း (၅)မိုင်အတွင်းရွာစာရင်းတွင် ထည့်သွင်း လျာထားပြီးဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၅)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၅)နှင့် ပတ်သက်၍ စမ်းကလေးကျေးရွာအုပ်စု၊ လေးအိမ်စုကျေးရွာအုပ်စုတို့သည် NEP စီမံကိန်းအရ (၁၁)ကေဗွီလိုင်း (၅)မိုင်အတွင်းပါဝင်သည့် ရွာစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ကြောင်း ဝန်ကြီးမှ ဖြေကြားခဲ့ရာ လက်ရှိတွင် လေးအိမ်စုရွာသည် ရန်ကုန်-မန္တလေးလမ်းမဘေး (၁၁)ကေဗွီတိုင်မှ ပေပေါင်း

(၉၀၀၀)ကျော်သာ ကွာဝေးသည့်နေရာတွင် တည်ရှိသည်ကို မိမိတို့ကိုယ်တိုင် ကွင်းဆင်းတိုင်းတာခဲ့ပြီး ဖြစ်ကြောင်း၊ စမ်းကလေးကျေးရွာအုပ်စုနှင့် လေးအိမ်စုကျေးရွာတို့သည် (၁၁)ကေဗွီတိုင်မှ (၂)မိုင်အတွင်း ရှိပါကြောင်း၊ သို့ပါ၍ (၂)မိုင်အတွင်းရှိသည့် ကျေးရွာများအား စီမံကိန်း၏ဒုတိယဦးစားပေး အစီအစဉ် များတွင် ထည့်သွင်းဆောင်ရွက်ပေးရန်ဖြစ်ပြီး စီမံကိန်းမှာလည်း ယခုအချိန်ထိ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိသေးကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။"လေးအိမ်စုကျေးရွာကို (၅)မိုင်အတွင်း စာရင်းမှာ ထည့်သွင်းလျာထားခြင်း ရှိ/မရှိ" ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။NEP စီမံကိန်းနှင့် ပတ်သက်၍ မနှစ်ကဆွဲထားခဲ့သည့် NEP စီမံကိန်းတွင် ပါဝင်သည့်ကျေးရွာအချို့သာ စီမံကိန်းတွင်ပါဝင်ပြီး မပါသည့်ကျေးရွာများလည်း ရှိကောင်းရှိနိုင်ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ပူးပေါင်း၍ကော်မတီဖွဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က မီးမရရှိသေးသည့် ကျေးရွာများကို မီးရရှိအောင် လုပ်ဆောင်နေပါကြောင်း၊ ယင်းကော်မတီက ဆက်လက်ပြီး ကျန်ရှိနေသည့်ကျေးရွာများနှင့် စာရင်းတွင်ပါဝင်သည့် ကျေးရွာများကိုလည်း နေပြည်တော်ရုံးချုပ်ထံတင်ပြပြီး နောက်နှစ်ဘတ်ဂျက်များတွင်ပါဝင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၆)၊ (၇)နှင့် (၈)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်း ကျေးရွာအုပ်စု၊ အင်းပရိကျေးရွာတွင် မူလတန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဆရာ/ဆရာမများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်း ဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရေတွင်းကုန်းအုပ်စု၊ အင်းပရိကျေးရွာတွင် ကျောင်းမြေပိုင်ဆိုင်မှုနှင့် အဆောက်အဦများ မရှိသေးခြင်းကြောင့် ကိုယ်ထူကိုယ်ထကျောင်းဖွင့်လှစ်ရန် မြေပိုင်ဆိုင်မှုနှင့် အဆောက်အဦ ရှိရန် လိုအပ်ပါသည်။ လယ်မြေ (၄)ဧက ပိုင်ဆိုင်သူ (၁)ဦးမှ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)အရ လယ်(၁)ဧက လှူဒါန်းမည်ဖြစ်ပါ၍ အဆိုပါမြေအား ကျောင်းပိုင်မြေအဖြစ် မြေလွှဲလျှောက်ထားရန်နှင့် ကျောင်းအဆောက်အဦ ဆောက်လုပ်နိုင်ရန် မြို့နယ်ပညာရေးမှူးမှ လမ်းညွှန်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့နယ်၊ရေတွင်းကုန်းကျေးရွာအုပ်စု၊အင်းပရိကျေးရွာတွင် လယ်ယာမြေ လွှဲပြောင်းသုံးစွဲခွင့် မြေပိုင်ဆိုင်မှုနှင့် ကျောင်းအတွက် အဆောက်အဦရရှိပါက ကိုယ်ထူကိုယ်ထကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် မူလတန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအားဖျက်သိမ်း၍ နှစ်ထပ်ကျောင်း ဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် " နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း (၃၁၀)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ(၈)ဦး၊ လယ်ပြ(၃)(၄)ဦး စုစုပေါင်း (၁၃)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၆၈×၄၅) ပေ (၁)ဆောင်နှင့် (၇၃ × ၃၆) ပေ(၁)ဆောင်၊ (၄၅ × ၂၃) ပေ (၁)ဆောင် စုစုပေါင်း (၃)ဆောင်ရှိပါသည်။ ကျောင်းအဆင့်တည်နေရာမှာ (B-9)ဖြစ်ပါသည်။

အဆိုပါကျောင်း၏ ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရန် အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒုတိယဦးစားပေး လျာထားပြီးဖြစ်ပါသည်။ ညောင်လေးပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁) လ(ခွဲ)ဂျောင်းတာ (၂)ထ(ခွဲ)ငါးပြေမ (၃) မူလွန်-ဗောဓိကုန်း (၄) မူလွန်-ကျူချောင်းလယ် (၅)မူလွန်-မဒေါက် (၆)အထက-ကျောင်းရွာ (၇)ထ(ခွဲ)အောင်းကြီးတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ညောင်လေးပင်မြို့နယ်၊ ရေဆုံးကျေးရွာ အုပ်စု မအူတန်းစံပြကျေးရွာရှိ အ. လ. က(ခွဲ) ကျောင်းအတွက် စာသင်ဆောင်(ကျောင်းဆောင်)သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ရေဆုံးကျေးရွာအုပ်စု၊ မအူတန်းစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ကျောင်းသားဦးရေစုစုပေါင်း (၅၂၆)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ် (၁)ဦး၊ လယ်ပြ(၇)ဦး၊ မူပြ(၂)ဦး စုစုပေါင်း (၁၀)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်သော (၉၀×၃၀)ပေ (၁)ဆောင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အကြီးစား ပြင်ဆင်စရိတ်ရန်ပုံငွေခွဲဖြင့် ပြန်လည်ပြင်ဆင်ထားသော (၆၀×၃၀)ပေ (၁)ဆောင်နှင့် (၅၁ ×၂၄)ပေ (၁)ဆောင် စုစုပေါင်း (၃)ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာမှာ (C-3) ဖြစ်ပါသည်။

အဆိုပါကျောင်း၏ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါသည်။ ညောင်လေးပင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌

ဆောက်လုပ်ခွင့်ရသောကျောင်းများမှာ (၁) လ(ခွဲ)ဂျောင်းတာ၊ (၂)ထ(ခွဲ)ငါးပြေမ၊ (၃) မူလွန်-ဇောဓိကုန်း၊ (၄) မူလွန်-ကျူချောင်းလယ်၊ (၅)မူလွန်-မဒေါက်၊ (၆)အထက-ကျောင်းရွာ၊ (၇)ထ(ခွဲ)အောင်းကြီးတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၁း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ် များက မေးခွန်းများကို မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်ဖွင့်လှစ်လျက်ရှိသော KTVများ၊ အနှိပ်ခန်း များအား ပိတ်သိမ်းရန် အစီအစဉ် ရှိ/မရှိ နှင့် ဖျော်ဖြေရေး ကဏ္ဍများအား သီးသန့် နေရာတစ်ခု စီမံပေးနိုင်ခြင်း ရှိ/မရှိ "** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"တရားမဝင်အရက်ဆိုင်များနှင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ယစ်မျိုးဥပဒေကို မလိုက်နာသည့် အရက်ဆိုင်၊ စတိုးဆိုင်များအား ထိရောက်စွာ ထိန်းသိမ်းပေးရန်"**တို့နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"သနပ်ပင်မြို့နယ်အတွင်းရှိ မြေသားရေကန်များကို ခြံစည်းရိုးများ ကာရံပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အုတ်လှေကားထစ်များ တည်ဆောက်ခြင်း၊ တိုင်ကင်များ တပ်ဆင်ခြင်း၊ ကန်ပေါင်ပေါ်တွင် အုတ်ရေကန်များ တည်ဆောက်ပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) **"မိသားစုတစ်ပိုင်တစ်နိုင် ငါးသယံဇာတ ရှာဖွေစားသောက်သူများ၏ ဝမ်းရေးအတွက် သင့်တင့်လျောက်ပတ်သော အစီအစဉ်များ ဖော်ဆောင်ပေးရန် "**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက်ရှိ ဓမ္မာရုံရေကန်၏ ခြံစည်းရိုး မြေထိန်းနံရံ ပြိုကျပျက်စီးသွားပါသဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေး ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) **"မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်များ၊ မြို့မြေများကို တိုးချဲ့နိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၇) **"တရားမဝင်ဆေးကုသမှုများနှင့် လိုင်စင်မဲ့ဆေးဆိုင်များ၊ တရားမဝင်စပ်ဆေး ရောင်းချနေမှုများအား ထိရောက်စွာ ထိန်းသိမ်းပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၇)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး အတွင်း တရားမဝင်ဖွင့်လှစ်လျှက်ရှိသော KTV များ၊ အနှိပ်ခန်းများအား ပိတ်သိမ်းရန် အစီအစဉ် ရှိ/မရှိနှင့် အထက်ပါ ဖျော်ဖြေရေးလုပ်ငန်းများအား အများပြည်သူအသုံးပြုသည့်နေရာများ ဥပမာ-လူနေရပ်ကွက်များ၊ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ကင်းလွတ်သည့် သီးသန့်နေရာတစ်ခု စီမံပေးနိုင်ခြင်း ရှိ/မရှိကို ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးနှင့် အနာဂတ်ဘဝကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သော တရားမဝင် အရက်ဆိုင်များနှင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ယစ်မျိုးဥပဒေ ကို မလိုက်နာသည့် အရက်အရောင်းဆိုင်၊ စတိုးဆိုင်များအား ထိရောက်စွာ ထိန်းသိမ်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် အတွင်းရှိ ရက်(၁၀၀) စီမံကိန်းတွင် ပြန်လည်တူးဖော် ပြုပြင်ခဲ့သော မြေသားရေကန်များကို ရေရှည်ထိန်းသိမ်းနိုင်ပါရန်နှင့် ကျွဲ၊ နွား တိရစ္ဆာန်များ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးရန် ခြံစည်း ရိုးများ ကာရံပေးရန် အစီအစဉ် ရှိ/မရှိနှင့် အဆိုပါ သောက်သုံးရေကန်များတွင် ပြည်သူများ ရေကန်အတွင်းသို့ ဆင်း၍ ရေခပ်ရပါသဖြင့် ကန်ပေါင်ပြိုမှု၊ သောက်သုံးရေ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျှက်ရှိပါသဖြင့် ပြည်သူများ သောက်သုံးရေ ခပ်ယူသုံးစွဲရာတွင် လွယ်ကူစေမည့် အုတ်လှေကားထစ်များ တည်ဆောက်ခြင်း၊ တုံကင်များ တပ်ဆင် ခြင်း၊ ကန်ပေါင်ပေါ်တွင် အုတ်ရေကန်များ တည်ဆောက်ပေးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်း များ လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး အတွင်းရှိ အင်းလုပ်ငန်းများကြောင့် တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်၏ အကျိုးစီးပွား ထိခိုက်ပျက်စီးမှုကို အကာအကွယ်ပေးနိုင်ပါရန်နှင့် မိသားစုတစ်ပိုင်တစ်နိုင် ငါးသယံဇာတ ရှာဖွေစားသောက်သူများ၏ ဝမ်းရေးအတွက် သင့်တင့်လျောက်ပတ်သော အစီအစဉ်များ ဖော်ဆောင်ပေး နိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ခန့်ကတည်းက တည်ရှိ ခဲ့သော စက်ကုန်းပိုင်းရပ်ကွက်ရှိ ဓမ္မာရုံ ရေကန်သည် ၉-၆-၂၀၁၆ ရက်နေ့တွင် ခြံစည်းရိုးမြေထိန်း နံရံ ပြိုကျပျက်စီး သွားပါသဖြင့် လမ်းမြေ ၆ ပေခန့် ပြိုကျခဲ့ပါသည်။

သနပ်ပင်မြို့နယ် မြို့သူ၊ မြို့သားများ မှီခိုအားထားရပြီး မြို့၏ အမှတ်အသားတစ်ခုဖြစ်သည့် အထက်ပါ ကန်ဘောင်အား အမြန်ဆုံးပြုပြင်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး အတွင်း တိုးတက်လာသော လူဦးရေနှင့် လိုက်လျောညီထွေဖြစ်သော မြို့ပြစီမံကိန်းများ၊ အကောင်အထည်ဖော် နိုင်ပါရန်နှင့် နှစ်ပေါင်းများစွာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်၏ အပြင်ဘက်၌ နေထိုင်ခဲ့ရသဖြင့် မြို့နယ်စည်ပင်သာယာရေး ဝန်ဆောင်မှုကို မခံစားရပါသော ပြည်သူများအတွက် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်များ၊ မြို့မြေများကိုတိုးချဲ့နိုင်ရန် အစီအစဉ်ရှိ/မရှိ ကို ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တရားမဝင်ဆေးကုသမှုများနှင့် လိုင်စင်မဲ့ဆေးဆိုင်များ၊ တရား မဝင်စပ်ဆေးရောင်းချနေမှုများအား ထိရောက်စွာ ထိန်းသိမ်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ ကို ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ငွေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင် ဖွင့်လှစ်လျက်ရှိသော KTVများ၊ အနှိပ်ခန်းများအား ပိတ်သိမ်းရန်အစီအစဉ် ရှိ/မရှိနှင့် ဖျော်ဖြေရေး

ကဏ္ဍများအား သီးသန့်နေရာတစ်ခု စီမံပေးနိုင်ခြင်းရှိ/မရှိ ”တို့နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၁၉(က)အရ ပြည်နယ်/ တိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ယင်းဥပဒေပုဒ်မ ၂၀/ ၂၁အရ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အောက်ပါအတိုင်း သတ်မှတ်ခဲ့ပါသည်-

- ဗီဒီယိုလုပ်ငန်းလိုင်စင်လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း
- ဗီဒီယိုလုပ်ငန်းကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း
- မြန်မာ့ရုပ်ရှင်လုပ်ငန်းက သတ်မှတ်ထားသည့် ဗီဒီယိုလုပ်ငန်းလိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ဗီဒီယိုလုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေ အနည်းဆုံး ၅၀၀၀ိ/- မှ အများဆုံး ၅၀၀၀၀ိ/- အထိ ချမှတ်ခြင်းအပြင် ဗီဒီယိုလုပ်ငန်း လိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်ခြင်း၊
- ပြန်ကြားရေးဝန်ကြီးဌာနကဖြစ်စေ၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီကဖြစ်စေ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊
- ခရိုင် (သို့မဟုတ်) မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက သတ်မှတ်ချက် များနှင့်အညီ ဖွဲ့စည်းနိုင်ခြင်း၊ ထိုသို့ ဖွဲ့စည်းရာတွင် ယင်းတို့၏ လုပ်ငန်းတာဝန် သတ်မှတ်ပေးခြင်း တို့ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ပဲခူးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ပါ တိုင်းဒေသကြီးအဆင့် အကြီးအကဲများဖြင့် ယှဉ်တွဲဖော်ပြပါ တာဝန်များအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| - | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| - | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| - | တိုင်းဒေသကြီးဥပဒေအရာရှိ | အဖွဲ့ဝင် |
| - | တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| - | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တိုင်းဒေသကြီးမန်နေဂျာ | အဖွဲ့ဝင် |
| - | တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး | အဖွဲ့ဝင် |
| - | တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့၊ ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| - | တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

ပဲခူးတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီးအတွင်း (၂၈)မြို့နယ်မှ ဗီဒီယိုလုပ်ငန်းရှင်များ၏ ပြီးပြည့်စုံသော အထောက်အထားများ ပူးတွဲလျက် ထောက်ခံ တင်ပြလာသော ဗီဒီယိုပြသရေး၊ ငှားရမ်းရေး၊ ဖြန့်ချီရေး၊ ရိုက်ကူးရေး၊ ကူးယူရေး၊ တည်းဖြတ်ရေး၊ ထုတ်လုပ်ရေး စသည့် လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားမှု၊ သက်တမ်းတိုးလျှောက်ထားမှုများကို စည်းမျဉ်းစည်းကမ်းနှင့် အညီ စိစစ်ပြီး သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များကို ထုတ်ပေးလျက်ရှိပါသည်။

ဗီဒီယိုပြသရေး(ကာရာအိုကေ)လိုင်စင်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး

ဗဟိုကော်မတီ၏ (၂၀. ၈. ၂၀၀၀)ပြည့်နှစ် ရက်စွဲပါစာအမှတ်၊ ၃- ဗီ / ကြီးကြပ်(ဗဟို)/ ၂၀၀၀ (၂၁၆၄)ပါ စည်းမျဉ်းစည်းကမ်း(၁၇)ချက်၊ ဒေသဆိုင်ရာအခြေအနေအရ လိုအပ်ချက်(၂)ချက် ပေါင်း စည်းမျဉ်းစည်းကမ်း (၁၉)ချက်ကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ခဲ့ပြီး၊ ထိုစည်းမျဉ်းစည်းကမ်း(၁၉)ချက်အရ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း (သို့မဟုတ်) ထုတ်ပေးရန်ငြင်းပယ်ခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ကာရာအိုကေလိုင်စင်အသစ် လျှောက်ထားလိုသူသည် အသုံးပြုမည့်အခန်းအရေအတွက်ကို ဖော်ပြလျက် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ပြီး အောက်ပါတို့ကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည်-

- လုပ်ငန်းရှင်၏ လိုင်စင်ဓါတ်ပုံ
- မှတ်ပုံတင်မိတ္တူ
- အိမ်ထောင်စုဇယားမိတ္တူ
- ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်
- နယ်မြေရဲစခန်းထောက်ခံချက်
- လုပ်ငန်းတည်နေရာ၊ အလား(၄)ရပ် မြေပုံကြမ်း
- လုပ်ငန်းတည်ရာရပ်ကွက်/ကျေးရွာမြေပုံကြမ်း
- လုပ်ငန်းတည်ရာအလား(၄)ရပ်မှ ပတ်ဝန်းကျင်ထောက်ခံချက်
- မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့၏ထောက်ခံချက်
- မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်
- မြို့နယ်မီးသတ်ဦးစီးဌာန၏ထောက်ခံချက်
- မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ထောက်ခံချက်
- မြို့နယ်အုပ်ချုပ်ရေးအဖွဲ့(သို့မဟုတ်)မြို့နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ ထောက်ခံချက်
- အသုံးပြုမည့်အဆောက်အဦ ဓါတ်ပုံ၊ စက်ပစ္စည်းဓါတ်ပုံ၊ အခန်းလိုက်ဓါတ်ပုံမှတ်တမ်း
- အသုံးပြုမည့် စက်ပစ္စည်းစာရင်း
- တိုင်းဒေသကြီးဂီတအစည်းအရုံး ကိုယ်စားလှယ်ထောက်ခံချက်
- တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ထောက်ခံချက်
- ကတိပြုဝန်ခံချက်၊ လက်မှတ်

လိုင်စင်သက်တမ်းတိုးလျှောက်ထားရာတွင် အထက်ပါ အထောက်အထားမှ လိုင်စင်မူရင်း (သို့မဟုတ်) မိတ္တူကို တင်ပြရမည်ဖြစ်ပြီး ကျန်းမာရေးဦးစီးဌာန ထောက်ခံချက်နှင့် မီးသတ်ဦးစီးဌာန ထောက်ခံချက်များ တင်ပြရန် မလိုအပ်တော့ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း ကတိပြုပါက အဆင့်ဆင့်ကွင်းဆင်းစိစစ်ပြီး စိစစ်ရေးအဖွဲ့၏ ထောက်ခံတင်ပြချက်နှင့် ဓါတ်ပုံ မှတ်တမ်းများအရ ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခွင့်ပြုခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အထိ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကာရာအိုကေလိုင်စင်ရှိနှင့် လျှောက်ထားဆဲ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | လိုင်စင် သက်တမ်းရှိ | သက်တမ်းတိုး လျှောက်ထားဆဲ | အသစ် လျှောက်ထားဆဲ | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ပဲခူး | ၁၇ | ၅ | ၅ | ၂၇ | |
| ၂ | ကဝ | - | ၁ | - | ၁ | |
| ၃ | ညောင်လေးပင် | - | ၁ | - | ၁ | |
| ၄ | ကျောက်တံခါး | ၂ | - | - | ၂ | |
| ၅ | အုတ်တွင်း | - | ၃ | - | ၃ | |
| ၆ | တောင်ငူ | ၅ | ၅ | - | ၁၀ | |
| ၇ | ရေတာရှည် | - | ၁ | - | ၁ | |
| ၈ | သာယာဝတီ | - | ၂ | - | ၂ | |
| ၉ | လက်ပံတန်း | - | - | ၁ | ၁ | |
| ၁၀ | အုတ်ဖို | ၁ | ၁ | - | ၂ | |
| ၁၁ | ကြို့ပင်ကောက် | ၁ | - | - | ၁ | |
| ၁၂ | ရွှေတောင် | ၂ | - | - | ၂ | |
| ၁၃ | ပြည် | ၅ | ၇ | ၁ | ၁၃ | |
| ၁၄ | ပန်းတောင်း | ၂ | - | - | ၂ | |
| | **စုစုပေါင်း** | **၃၅** | **၂၆** | **၇** | **၆၈** | |

ဖော်ပြပါ လုပ်ငန်းရှင် (၆၈)ဦးမှ (၃၄၇)ခန်း (သက်တမ်းရှိ/ သက်တမ်းတိုး လျှောက်ထားဆဲ/ အသစ် လျှောက်ထားဆဲ)တို့ ဖြစ်ပါသည်။

သို့ဖြစ်၍ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ငန်းလုပ်ကိုင်သည့် ကာရာအိုကေများအား ခွင့်ပြုမည်ဖြစ်ပြီး တရားမဝင်ကာရာအိုကေ KTVများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အများပြည်သူအသုံးပြုသည့် ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် နီးကပ်သူများကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ခွင့်ပြုမည်မဟုတ်ပါကြောင်း ပြန့်ကျဲနေသော ဖျော်ဖြေရေးလုပ်ငန်းငယ်များဖြစ်၍ လက်ရှိအနေအထားအရ သီးသန့်နေရာတစ်ခု စီမံပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "တရားမဝင်အရက်ဆိုင်များနှင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ယစ်မျိုးဥပဒေကို မလိုက်နာသည့် အရက်ဆိုင်၊ စတိုးဆိုင်များအား ထိရောက်စွာ ထိန်းသိမ်းပေးရန်" တို့နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်စေသော ပြစ်မှုများကျူးလွန်ရန် တွန်းအားဖြစ်စေသည့် အကြောင်းအရင်းများအနက် အရက်သေစာ သောက်စားမူးယစ်ခြင်းသည် အကြောင်းရင်းတစ်ခုဖြစ်၍ တရားမဝင် လိုင်စင်မဲ့ချက်လုပ်သည့် အရက်ချက်ဖိုများနှင့် အရက်ဆိုင်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တရားမဝင် အရက်ချက်လုပ်ရောင်းချသည့်ဆိုင်နှင့် လိုင်စင်မဲ့ အရက်ဆိုင်များအား ဖော်ထုတ်ဖမ်းဆီးပြီး ယစ်မျိုးဥပဒေပုဒ်မ ၃၀(ဃ)ဖြင့် အရေးယူခဲ့ရာ ၂၀၁၅ ခုနှစ်တွင် (၂၅၃၁)မှု၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ (၄၈၁)မှု ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၁)နှင့် (၂)တို့အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။မေးမြန်းခွင့်ပြုပါတယ်။ မရှင်းလင်းသည့် အချက်များအား သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၁) KTV ဆိုင်၊ အနှိပ်ခန်းများပိတ်သိမ်းမှုနှင့် ဖျော်ဖြေရေးလုပ်ငန်းများ၊ ပြည်သူများနှင့်ထိတွေ့ လုပ်ဆောင်သည့်အခါ အေးချမ်းစွာပြုလုပ်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ (၉-၆-၂၀၁၆) Cabinet အစည်းအဝေးတွင် တရားဝင်အရေးယူမည့် ကိစ္စနှင့်ပတ်သက်၍ စည်းကမ်းလိုက်နာရန် အရေးယူဆောင်ရွက်ခြင်းဖြစ်သည်ဟု ဝန်ကြီးမှဖြေကြားထားပါ၍ တရားမဝင်ဆောင်ရွက်နေသည့် KTV ကို အရေးယူမည်ဟု ပြန်လည်ဖြေကြား ထားပါကြောင်း၊ တရားဝင်ဆောင်ရွက်ပြီး စည်းကမ်းမလိုက်နာပါက မည်သို့အရေးယူဆောင်ရွက်မည်၊ မည်ကဲ့သို့စည်းကမ်းသတ်မှတ်မည်ကို ဝန်ကြီးဖြေကြားထားသည်ကို သတိထားမိကြောင်း၊ အနှိပ်ခန်းနှင့် ပတ်သက်၍ တည်ဆဲရာဇသတ်ဥပဒေ (သို့မဟုတ်) အထွေထွေဥပဒေတစ်ရပ်ရပ်နှင့် ဖော်ပြထားခြင်းမရှိသည့် အတွက် အရေးယူဆောင်ရွက်ထားခြင်းမရှိပါကြောင်း၊ တရားမဝင်ဆောင်ရွက်သည်များကို စည်းကမ်း လိုက်နာအောင် မည်သို့ဆောင်ရွက်မည်နည်း ဥပမာအနေဖြင့် အမျိုးသမီးဝန်ထမ်းမထားရ ည(၁၁)နာရီ မကျော်ရဟု စည်းကမ်းသတ်မှတ်ထားကြောင်း၊ ဗီဒီယိုလုပ်ငန်းကြီးကြပ်စိစစ်ရေးကော်မတီစည်းကမ်းချက် များမှာ ယနေ့ထိ ဖြည့်စွက်ပြင်ဆင်အတည်ပြုထားခြင်းမရှိကြောင်းဆိုသည်က အင်မတန်အန္တရာယ်များသည့် ကိစ္စဖြစ်ကြောင်း၊ တရားဝင်လျှင်ကြိုက်သလိုလုပ်ဆိုသည်မျိုး ဖြစ်နေကြောင်း၊ ဝန်ကြီးမှ ပြန်လည်ဆက်စပ်ပြီး ဖြေကြားပေးစေလိုပါကြောင်း၊ ယခုမေးမြန်းသည့်မေးခွန်းနှင့် အဖြေများသည် အစိုးရအဖွဲ့ လုပ်ကိုင်ရ

ခက်ခဲအောင် မေးမြန်းနေခြင်းမဟုတ်ပါကြောင်း၊ မိမိတို့ချစ်ခင်လေးစားရသော အစိုးရအဖွဲ့ကို လုပ်သာကိုင်သာရှိအောင် လုပ်ငန်းများတွင်ကျယ်အောင် တတ်နိုင်သမျှ မိမိတို့အနေဖြင့် တွန်းအားပေးခြင်း ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ်(၂)အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအနာဂတ်ဘဝကို ဆိုးဝါးစွာ ထိခိုက်စေနိုင်သည့် တရားမဝင်အရက်ဆိုင်များကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ယစ်မျိုးဥပဒေကို မလိုက်နာသည့် အရက်ဆိုင်များ၊ စတိုးဆိုင်များကို ထိရောက်စွာ ထိန်းသိမ်းပေးရန် ဖြေကြားသည်မှာ ၂၀၁၅ခုနှစ်၌ မည်သည့်ပုဒ်မနှင့် ဖမ်းဆီး၍ အမှုအရေအတွက်မည်မျှရှိပြီး မည်ကဲ့သို့ဖမ်းဆီးအရေးယူခဲ့သည်ကိုသာ ဖော်ပြထားကြောင်း၊ အမှန်တကယ်မှာ ပြည်သူ့ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်က မေးသည့်မေးခွန်းသည် မည်သို့အရေးယူမည်ကို သိချင်တာမဟုတ်ကြောင်း၊ ၎င်းတို့ကို မည်ကဲ့သို့အရေးယူခဲ့သည်။ သို့ပေမယ့် နောက်ထပ်မဖြစ်အောင် မည်သို့ပညာပေးမည်၊ မည်သို့ထိန်းချုပ်မည်၊ ရှေ့လုပ်ငန်းစဉ်များကို ဝန်ကြီးနှင့်တကွ Cabinet က မည်သို့ဆောင်ရွက်မည်တို့ကို မိမိတို့က သိချင်ပါကြောင်း၊ သို့မှသာ ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူကသိရှိပြီး ပြည်သူ့အတွက် အကျိုးရှိမည့် အစိုးရကို ယခုထက်ပိုပြီးကြည်ညိုလေးစားမည်၊ ပညာပေးအစီအစဉ်နှင့် ထိန်းချုပ်မှုများကိုလည်း ရှေ့လုပ်ငန်းစဉ်အနေဖြင့်ဖြေဆိုပေးရန် မိမိအနေဖြင့် အလေးအနက်တင်ပြ၍ ဆက်စပ်မေးခွန်းအား မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်း၏ ဆက်စပ်မေးခွန်း(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းအမှတ်စဉ်(၁) အနှိပ်ခန်းနှင့်ပတ်သက်၍ လိုင်စင်စည်းကမ်းနှင့် မညီညွတ်သည်များကို စည်းကမ်းချက်(၁၉)ချက်နှင့် စစ်ဆေးမည်ဖြစ်ကြောင်း၊ ဗီဒီယိုအခြေခံအဖွဲ့က သတ်မှတ်ထားသည့် စည်းကမ်းချက်(၁၉)ချက်နှင့် မကိုက်ညီသည့် ဆိုင်(၆)ဆိုင်ကို လိုင်စင်သက်တမ်းတိုးခွင့်မပြုကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က အနှိပ်ခန်းကိစ္စနှင့်ပတ်သက်ပြီး နည်းဥပဒေ၊ ဥပဒေပြသထားခြင်း မရှိသေးကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် Cabinet မှာ တင်ပြပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ Cabinet အစည်းအဝေးဆုံးဖြတ်ချက်တွင် အနှိပ်ခန်းတရားဝင်ဖွင့်လှစ်ခွင့်ပြုထားလျှင် စည်းကမ်းချက်(၁၉)ချက်နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို စိစစ်ရန်ညွှန်ကြားပြီးဖြစ်ကြောင်း၊ အစိုးရအဖွဲ့က လုပ်နိုင်သည့်အတိုင်းအတာအထိသာ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပဲခူးမြို့ KTV ဆိုင်တွင် မုဒိမ်းမှု၊ UMTV ဆိုင်တွင် လူသတ်မှု၊ တောင်ငူမြို့ဖီလင် KTV တွင် သေနတ်ပစ်မှုစသည့် ပြစ်မှုကျူးလွန်သူများကို ရာဇသတ်ကြီးဥပဒေအရ အရေးယူနိုင်ခဲ့သော်လည်း ဆိုင်ပိုင်ရှင်နှင့် မန်နေဂျာတို့အား အရေးယူနိုင်ခြင်း မရှိသဖြင့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ လိုင်စင်စည်းကမ်းနှင့် ညီညွတ်မှုမရှိသည့် KTV နှင့် အနှိပ်ခန်းများကို ဥပဒေအရ အရေးယူနိုင်ပြီး

အများပြည်သူအကျိုးငှာ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး စည်းကမ်း ပျက်ပြားစေသော တားဆီးရေးအမိန့်တစ်ရပ်ကို တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ပေးရန် (၇-၁၂-၂၀၁၅)နှင့် (၇-၆-၂၀၁၆)ရက်စွဲတို့ဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြထားပြီးဖြစ်သော်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ကြေညာခြင်း မရှိကြောင်း၊ ၁၄၄ ထုတ်ပြန်ရန်အတွက် တော်ရုံတန်ရုံအခြေအနေတွင် ၁၄၄ ထုတ်ပြန်၍မရပါကြောင်း၊ ၁၄၄ မထုတ်ပြန်နိုင်သည့်အတွက် အစိုးရအဖွဲ့က ညွှန်ကြားလျှင် ဖမ်းလို့ရပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်လျှက်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်က မြို့နယ်အုပ်ချုပ်ရေးမှူးအနေဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ၁၄၄ ထုတ်ပြန်နိုင်သည်ကို အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ တင်ပြထားပြီးဖြစ်ကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်တိုင်လက်မှတ်ထိုးပြီးထုတ်ပြန်ရန် ဥပဒေချုပ်ကြီးက အကြံပေးထားပါကြောင်း၊ ၁၄၄ ထုတ်ပြန်ခြင်းသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက သက်ဆိုင်ရာ ဦးစီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ လူမျိုးရေးနှင့် အကျင့်စာရိတ္တပျက်ပြား စေရေးတို့မဖြစ်ပေါ်စေရန်နှင့် အများပြည်သူကိုယ်ကျင့်တရား မပျက်ပြားစေရေးအတွက် ၁၄၄ အမိန့်ကို ထုတ်ပြန်ကြောင်း၊ မည်သည့်စားသောက်ဆိုင်များတွင်လည်းကောင်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဗန်ဂလို၊ နိုက်ကလပ်၊ ဒေးကလပ်၊ နေအိမ်ခန်းမဆောင် စသည့်နေရာများတွင် အနှိပ်ခန်းများမဖွင့်လှစ်ရ၊ မည်သူမှ မည်သည့်အချိန် မည်သည့်နေရာတွင်မဆို အမျိုးသမီးများထားရှိ၍ ပျော်ပါးစေရေး၊ အနားယူအပန်းဖြေစေရေး၊ ဝန်ဆောင်မှုပေးစေရေး စသည့် လုပ်ငန်းများဆောင်ရွက်ခြင်းမပြုရ ဖမ်းဆီးမည်ဖြစ်ကြောင်း၊ မည်သူမှ တရားဝင်ခွင့်ပြုချက်ရယူထားသည့် လုပ်ငန်းများကို အမှီပြု၍ တရားမဝင်အခကြေးငွေရယူပြီး အကျင့်စာရိတ္တ ပျက်ပြားစေမည့်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ခြင်းမပြုရ၊ အထက်ပါတားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိပါက တည်ဆဲဥပဒေအရသော်လည်းကောင်း၊ ရာဇသတ်ကြီး ဥပဒေအရသော်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရလည်းကောင်း၊ အရေးယူနိုင်ကြောင်း၊ တရားဝင်ခွင့်ပြုလိုင်စင်ရယူထားသည့် လုပ်ငန်းများကိုပါ ပိတ်သိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ရုံးတံဆိပ်ရိုက်နှိပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကိုယ်တိုင် လက်မှတ်ထိုးထုတ်ပြန်နိုင်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ထိုးမှသာလျှင် အရေးယူနိုင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ်ထိုးသည့်အတွက် ယင်းကိစ္စကို ဖမ်းဆီးမည်ဆိုပါက မြို့နယ်အုပ်ချုပ်ရေးမှူး ကိုယ်တိုင် တရားစွဲဆိုရမှာဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီး ယင်းကိစ္စအားလုံးကို မိမိတို့အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ဝန်ကြီးချုပ် ဦးဆောင်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သနပ်ပင်မြို့နယ်အတွင်းရှိ မြေသားရေကန်များကို ခြံစည်းရိုးများ ကာရံပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အုတ်လှေကားထစ်များ တည်ဆောက်ခြင်း၊ တုံကင်များ တပ်ဆင်ခြင်း၊ ကန်ပေါင်ပေါ်တွင် အုတ်ရေကန်များ တည်ဆောက်ပေးခြင်းလုပ်ငန်းများအား လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်း၍ သနပ်ပင်မြို့နယ်အတွင်းရှိ ရက် (၁၀၀)စီမံကိန်းတွင် ပြန်လည်တူးဖော်ပြုပြင်ခဲ့သော ရေကန်များအား ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးရန် ကသစ်ခုံကျေးရွာ မြေသားရေကန်အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅)သန်း၊ အလံပြကျေးရွာ မြေသားရေကန် အမှတ်(၁)အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅)သန်း၊ အလံပြကျေးရွာ မြေသားရေကန်အမှတ် (၂)အား (၁၀၀'×၄၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၂)သန်း၊ အလံပြကျေးရွာ မြေသားရေကန် အမှတ် (၃)အား (၁၀၀'×၄၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၂)သန်း၊ လောင်မီးချောင်းဝကျေးရွာ မြေသားရေကန်အမှတ်(၁)အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅)သန်း၊ လောင်မီးချောင်းဝကျေးရွာ မြေသားရေကန် အမှတ် (၂)အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅)သန်း၊ ကမ်းပြိုကျေးရွာ မြေသားရေကန်အား (၁၂၀'×၁၂၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁. ၀)သန်း၊ ကျုံပါလေးကျေးရွာ မြေသားရေကန်အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅) သန်း၊ ကပင်ကျေးရွာ မြေသားရေကန် အမှတ် (၁)အား (၂၀၀'×၂၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁. ၇)သန်း၊ ကပင်ကျေးရွာ မြေသားရေကန်အမှတ် (၂)အား (၃၁၅'×၃၁၅'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂. ၇)သန်း၊ လွမ်းပြေကျေးရွာ မြေသားရေကန်အား (၂၅၀'×၂၅၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂. ၁)သန်း၊ ဝဲပြန်ကျေးရွာ မြေသားရေကန်အမှတ်(၁)အား (၂၅၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁. ၅)သန်း၊ ဝဲပြန်ကျေးရွာ မြေသားရေကန်အမှတ်(၂)အား (၂၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁. ၅) သန်း၊ ဝဲပြန်ကျေးရွာ မြေသားရေကန်အမှတ် (၃)အား (၁၀၀'×၁၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၀. ၈၅)သန်း၊ ခလပ်စုကျေးရွာ မြေသားရေကန်အား (၂၀၀'×၂၀၀'×၅') ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁. ၇) သန်း၊ စုစုပေါင်း မြေသားရေကန် (၁၅)ကန် အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၇. ၇)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါမြေသားရေကန် (၁၅)ကန်အား ပြည်သူများ ရေကန်အတွင်းသို့ ဆင်း၍ ရေခပ်ရ ပါသဖြင့် ကန်ပေါင်ပြိုမှု၊ သောက်သုံးရေညစ်ညမ်းမှုများ ဖြစ်ပေါ်လျှက်ရှိပါသဖြင့် ပြည်သူများ သောက်သုံးရေ ခပ်ယူသုံးစွဲရာတွင် လွယ်ကူစေရန် ရေကန် (၁)ကန်တွင် အုတ်လှေကားပြုလုပ်ခြင်း၊ တုံကင်(၂)လုံး တပ်ဆင်ခြင်း၊ ဂါလံ (၁၀၀၀)ဆန့် အုတ်ရေကန်များ ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက် မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁. ၅)သန်းဖြင့် ရေကန် (၁၅)ကန်အတွက် ခန့်မှန်းကုန်ကျ ငွေကျပ် (၂၂. ၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။

မြေသားကန် (၁၅)ကန်အား ခြံစည်းရိုးကာရံခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၇. ၇)သန်း၊ အုတ်လှေကားထစ်ပြုလုပ်ခြင်း၊ တုံကင်(၂)လုံး တပ်ဆင်ခြင်း၊ ဂါလံ (၁၀၀၀)ဆန့် အုတ်ရေကန် ပြုလုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၂. ၅)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၄၀. ၂)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါကုန်ကျငွေအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “မိသားစုတစ်ပိုင်တစ်နိုင် ငါးသယံဇာတရှာဖွေစားသောက်သူများ၏ ဝမ်းရေးအတွက် သင့်တင့်လျောက်ပတ်သော အစီအစဉ်များ ဖော်ဆောင်ပေးရန်” နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အင်းလုပ်ငန်းများလုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်စေလျက်ရှိပြီး လိုက်နာ ဆောင်ရွက်မှုရှိ/မရှိ သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးများမှ အနီးကပ်ကြီးကြပ်ကွင်းဆင်း စစ်ဆေးစေခြင်း၊ ခရိုင်/တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနတို့မှ အဆင့်ဆင့်ကြီးကြပ်ခြင်းလုပ်ငန်း များအား ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေ များတွင်လည်း တောင်သူလယ်သမားများ ဒေသခံပြည်သူများနှင့် နိုင်ငံတော်၏အကျိုးစီးပွားပျက်စီးမှုကို အကာအကွယ်ပြုထားသည့်အချက်အလက်များ ထည့်သွင်းရေးဆွဲထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မိသားစုတစ်ပိုင်တစ်နိုင် ငါးသယံဇာတရှာဖွေစားသောက်သူများ ဝမ်းရေးအတွက် ဂရန်အင်းများအတွင်း ဂရန်အင်းလုပ်ကိုင်ခွင့်ရရှိသူ အင်းသူကြီး၏အစီအစဉ်ဖြင့် အင်းအတွင်း ရေလုပ်သားများအပြင် သက်ဆိုင်ရာအင်းသူကြီးနှင့် ဒိုးတူဘောင်ဘက်လုပ်ကိုင်စားသောက်စေခြင်း၊ တင်ဒါငါးဖမ်းကွက်အတွင်းတွင်လည်း တင်ဒါငါးဖမ်းကွက်လုပ်ကိုင်ရရှိသူမှ ဦးဆောင်၍ မိသားစု တစ်ပိုင်တစ်နိုင် ရေလုပ်သားများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခြင်း၊ ထို့အပြင်တိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ် ၊စစ်တောင်းမြစ်ကဲ့သို့သော ဘုံငါးဖမ်းကွက်များတွင်လည်း ဌာနမှသတ်မှတ်ထားရှိသော ငါးဖမ်းကိရိယာလိုင်စင်အခွန်အခများ ပေးဆောင်စေလျက် လုပ်ကိုင်ခွင့်ပြုစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၄)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၄) မိသားစု တစ်ပိုင်တစ်နိုင် သယံဇာတစီးပွားရှာ စားသောက်နေသည့် အင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့၏ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အင်းလုပ်ငန်းများကို တိုင်းဒေသကြီးအဆင့် လေလံတင်ရောင်းချရေး အဖွဲ့တွင် ဥက္ကဋ္ဌဖြစ်ပြီး ဥပဒေနှင့်အညီ ပုဒ်မ ၂၄ အရ လိုင်စင်ဆိုင်းငံ့နိုင်သူ (သို့မဟုတ်) ထပ်မံအငှားချ ထားနိုင်သူ၊ ပုဒ်မ ၃၄ အရ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသောသူဖြစ်ပြီး ပုဒ်မ ၃၂ (ဂ) အရ အရေးယူဆောင်ရွက်နိုင်သူလည်းဖြစ်ပြီး၊ ပုဒ်မ ၄၀ အရ တရားစွဲဆိုခွင့်ရှိသူဖြစ်ပါကြောင်း၊ ဝန်ကြီးအနေဖြင့် ယခုနှစ်အင်းဂရန်မှစ၍ ရှေ့လျှောက်တတ်နိုင်သမျှ ချောင်း၊ မြောင်းများကောသည့်ကိစ္စ၊ လယ်သမားများ ဒုက္ခရောက်သည့်ကိစ္စများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဝန်ကြီးဖြေကြားသွားသည့် အဖြေများသည် လက်ရှိဌာနဆိုင်ရာတွင် ခရိုင်မှာ မည်ကဲ့သို့လုပ်သည်၊ တိုင်းမှာမည်ကဲ့သို့လုပ်သည်ဆိုသည် ကိုသာ ဖြေကြားသွားပါကြောင်း၊ ၎င်းတို့ကို ပွင့်ပွင့်လင်းလင်းပြောရလျှင် ဌာနဆိုင်ရာမှလည်း ၎င်းတို့အလုပ်ကို တာဝန်ကျေပွန်စွာ လုပ်ဆောင်သည်ဟု ယူဆပါကြောင်း၊ ဝန်ကြီးအနေဖြင့် " ပြောင်းလဲချိန်တန်ပြီ" ဖြစ်သည့် အတွက်ကြောင့် ယခုလိုအခြေအနေ အခက်အခဲများရှိသည့်အတွက် ပြည်သူ့ကိုယ်စား မိမိမှတင်ပြခြင်းဖြစ်ပြီး ရှေ့လျှောက်ဝန်ကြီးအနေဖြင့် အင်းဂရန်ကိစ္စနှင့်ပတ်သက်၍ ယခုနှစ်မှစ၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက် ပေးစေလိုပါကြောင်း တင်ပြပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သနပ်ပင်မြို့နယ် စက်ကုန်းပိုင်း ရပ်ကွက်ရှိ ဓမ္မာရုံရေကန်၏ ခြံစည်းရိုးမြေထိန်းနံရံ ပြိုကျပျက်စီးသွားပါသဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့ စက်ကုန်းရပ်ကွက်ရှိ ဓမ္မာရုံရေကန်သည် အများပြည်သူ သောက်သုံးရေအဖြစ် အသုံးပြုသော ရေကန်ဖြစ်ပါသည်။ ဓမ္မာရုံအတွင်းဘက်သို့ ကျန်စစ်သားလမ်း(မြေသားလမ်း) ဖောက်လုပ်ထားရှိပြီး ရပ်ကွက်အတွင်းရှိ အိမ်ခြေ(၅၀)ခန့်နှင့် အ.မ.က မူလွန် ကျောင်းသို့သွားရာလမ်းလည်း ဖြစ်ပါသည်။ (၉.၆.၂၀၁၆)ရက်နေ့တွင် ဓမ္မာရုံရေကန်ကာရံထားသည့် ခြံစည်းရိုးမြေထိန်းနံရံပြိုကျ ပျက်စီးသွားခဲ့ရာ လမ်းဘက်သို့လည်း လမ်းမြေသည် (၆)ပေခန့် ပြိုကျခဲ့ပါသည်။ ပြိုကျပျက်စီးသည့်နေရာသို့ မြို့နယ်မှ တာဝန်ရှိသည့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့များ၊ မြို့မိမြို့ဖများ သွားရောက်စစ်ဆေးကြည့်ရှုခဲ့ပါသည်။

ဓမ္မာရုံရေကန်သည် လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ခန့်လောက်ကတည်းက တည်ရှိခဲ့သော ရေကန် ဖြစ်ပြီး သနပ်ပင်မြို့သူမြို့သားများ မှီခိုအားထားရသည့် သောက်သုံးရေကန်တစ်ခု ဖြစ်ပါသည်။ ဓမ္မာရုံ ရေကန်အနီးတွင် (၈၀'×၃၀')အတိုင်းအတာရှိ အုတ်ညှပ်(၂)ထပ် အဆောက်အဦတည်ရှိပါသည်။ ထို့အပြင် စက်ကုန်းပိုင်းရပ်ကွက်အတွင်းရှိ အများပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊

အထွေထွေသွားလာနိုင်သည့် မဟာဗန္ဓုလလမ်း (ကတ္တရာလမ်း) အားလည်း ဆက်သွယ်ဖောက်လုပ်ထားခဲ့ပြီး ဖြစ်ပါသည်။ မြေသားပြိုကျမှုအား အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး ယခင်ကရပ်ကွက်၏ အစီအစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ရာ နည်းပညာနှင့် ကုန်ကျစရိတ် နည်းပါးခြင်းတို့ကြောင့် ခိုင်ခံ့မှုမရှိဘဲ နှစ်စဉ်ဆိုသလို မကြာမကြာ ပြိုကျမှုများဖြစ်ပေါ်နေပါသည်။ နှစ်ကာလ ကြာရှည်လာသည်နှင့်အမျှ ရေရှည်တွင် ခိုင်ခံ့တည်မြဲအောင် မဆောင်ရွက်နိုင်ပါက ဓမ္မာရုံအပါအဝင် ယင်းအနီးအနားရှိ အိမ်များ၊ ရပ်ကွက်အတွင်းသို့ ဆက်သွယ်သည့်လမ်းများ ပျက်စီးဆုံးရှုံးမည် ဖြစ်ပါသည်။

ကွင်းဆင်းစိစစ်တိုင်းတာချက်များအရ မိုးရာသီကာလဖြစ်သောကြောင့် လတ်တလော အန္တရာယ်မဖြစ်ရအောင် မြို့နယ်အစီအစဉ်ဖြင့် စီမံဆောင်ရွက်ကာ သွားလာမှု အခက်အခဲ မရှိစေရေး မြေပြိုကျမှုများ ထပ်မံမဖြစ်ပေါ်စေရေး အိမ်ရာများ၊ ဓမ္မာရုံများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ယာယီစီမံဆောင်ရွက်သွားလျှက်ရှိပါသည်။

ဓမ္မာရုံရေကန်ပြိုကျပျက်စီးမှု၊ လမ်းများပြိုကျမှုတို့အား ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ရန် မြို့နယ်မှတာဝန်ရှိသူများဖြစ်ကြသည့် အုပ်ချုပ်ရေးမှူး၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စည်ပင်ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်သူ့ဆောက်လုပ်ရေး၊ ဆည်မြောင်းဦးစီးဌာနတို့နှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြရာ မိုးရာသီအပြီးတွင် အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကွင်းဆင်းမှုများအရ ဆောင်ရွက်ရမည့် အတိုင်းအတာမှာ ကျုန်စစ်သားလမ်းအနီး ရေကန်ဘောင်၊ ဓမ္မာရုံအနီးရှိ ရေကန်ဘောင်နှင့်မဟာဗန္ဓုလလမ်းဘေးရှိ ကန်ဘောင်တို့အား ပိုင်ရိုက်ပြီး ကွန်ကရစ်အုတ်မြစ်၊ ကွန်ကရစ်မြေထိန်းနံရံ နည်းပညာဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ယင်း(၃)နေရာ ဆောင်ရွက်မှုအတွက် အတိုင်းအတာမှာ(၃၆၈'×၈'×၆')ဖြစ်ပါသည်။ ကုန်ကျမှု ခန့်မှန်းတန်ဖိုးမှာကျပ်(၅၆၈)သိန်း ဖြစ်ပါသည်။

လုပ်ငန်းပမာဏ(၃၆၈'×၈'×၆')ဆောင်ရွက်မည့် ကုန်ကျမှုတန်ဖိုးအား မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးရန်ပုံငွေမှသုံးစွဲရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သနပ်ပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်ငွေသည် ကျပ်(၁၀၀၀)သိန်းခန့်သာ ရှိသော မြို့တစ်မြို့ ဖြစ်ပါသည်။ ရန်ပုံငွေနည်းပါးသည့်အတွက်ကြောင့် မြို့၏ကောက်ခံရရှိသော ဝင်ငွေနှင့်အဆိုပါ ပျက်စီးဆုံးရှုံးခဲ့သည့် ဓမ္မာရုံရေကန်အား ဆောင်ရွက်နိုင်ခြင်းမရှိပါ လုပ်ငန်းပြောင်း သုံးစွဲရန်လည်း အဆင်ပြေမည်မဟုတ်ပါ။ သို့ဖြစ်ပါသောကြောင့် ဓမ္မာရုံရေကန် ပျက်စီးခြင်းအား ဆက်လက်ပြုပြင် ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေး ရန်ပုံငွေမှ ကုန်ကျသည့်ငွေကျပ်(၅၆၈)သိန်းတိတိအား တင်ပြတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်များ၊

မြို့မြေများကို တိုးချဲ့နိုင်ရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်း၍ သနပ်ပင်မြို့၏ အကျယ်အဝန်းသည် စတုရန်းမိုင်(၀. ၆၄၈)ရှိပါသည်။ ရပ်ကွက်များ အနေဖြင့် ဈေးပိုင်း၊ ဘုရားကြီးပိုင်း၊ အောက်စုပိုင်း၊ ဘူတာပိုင်း၊ စက်ကုန်းပိုင်း၊ ရေကျော်ပိုင်းရှိပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း (၃၀)ကျော်မှစတင်၍ မြို့နှင့်ကပ်လျှက် ယနေ့ထိ ရှိနေသော ရပ်ကွက်အလိုက် အိမ်ခြေများမှာ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ရပ်ကွက် | အိမ်ခြေ | အိမ်ထောင်စု | လူဦးရေ | လမ်းပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ဈေးပိုင်း | ၁၂၀ | ၁၀၀ | ၂၅၀ | ၆ | |
| ၂။ | ဘူတာပိုင်း | ၂၃၅ | ၂၉၀ | ၁၀၉၉ | ၃ | |
| ၃။ | ဘုရားကြီးပိုင်း | ၃၀၀ | ၃၀၀ | ၉၃၇ | ၂ | |
| ၄။ | စက်ကုန်းပိုင်း | ၂၀၆ | ၂၂၁ | ၇၀၀ | ၆ | |
| ၅။ | ရေကျော် (ကော့ပြတ် + ကော့ပြတ်ကွက်သစ်) | ၄၈၁ | ၅၃၂ | ၁၃၅၂ | ၈ | |
| ၆။ | ရေကျော် (ငါးချဉ်ပိုင်း) | ၂၄၂ | ၂၅၃ | ၁၁၇၀ | ၄ | |
| | **စုစုပေါင်း** | **၁၅၈၄** | **၁၆၉၆** | **၅၅၀၈** | **၂၉** | |

အထက်ဖော်ပြပါ အပိုဒ်တွင်ပါရှိသည့် ရပ်ကွက်အလိုက်နေထိုင်သည့် အိမ်ခြေနှင့်လူဦးရေ လမ်းအရေအတွက်တို့သည် လယ်မြေအမည်ပေါက်စာရင်းတွင်သာရှိပြီး မြို့မြေနှင့်တစ်ဆက်စပ်တည်း တည်ရှိရာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ဖြစ်အောင် သက်ဆိုင်သည့်ဌာနများဖြစ်သော မြေစာရင်းဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သက်ဆိုင်ရာဌာနများနှင့်အမြန်ဆုံး ပူးပေါင်းဆောင်ရွက်ကာ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ် သတ်မှတ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအပါအဝင် စည်ပင်သာယာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “တရားမဝင်ဆေးကုသမှုများနှင့် လိုင်စင်မဲ့ ဆေးဆိုင်များ၊ တရားမဝင်စပ်ဆေး ရောင်းချနေမှုများအား ထိရောက်စွာ ထိန်းသိမ်းပေးရန်” နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ဆေးဝါးရောင်းချခွင့်လိုင်စင် တရားဝင်လျှောက်တင်၍ ဆေးဝါးရောင်းချနေကြသော ဆေးဆိုင်အများအပြား ရှိနေသော်လည်း ဆေးဝါးရောင်းချခွင့် လိုင်စင်မရှိ/မလုပ်ဆောင်ကြပဲ ဆေးဝါးများကို ဈေးဆိုင်၊ ကွမ်းယာဆိုင်၊ စတိုးဆိုင်များတွင်ရောင်းချနေကြသည်မှာ နှစ်ပေါင်းများစွာရှိခဲ့ပြီး ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၄ နှစ်ကုန်ပိုင်းမှ စတင်ကာ ဆေးဝါးရောင်းချခွင့်လိုင်စင်မရှိဘဲ ဆေးဝါးများမရောင်းချရန် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင် မပါရှိသော လိုင်းဆေး/အောက်လမ်းဆေးဟုခေါ်သော ဆေးဝါးများရောင်းဝယ်မှု မပြုလုပ်ရန်၊ မိမိသဘောဖြင့် ဆေးများစုပေါင်းကာ စပ်ဆေးအဖြစ်ရောင်းချကုသမှုမပြုလုပ်ရန်၊ ဆေးဝါးရောင်းချခွင့်လိုင်စင်ပါ စည်းကမ်း

ချက်များ အမြဲလိုက်နာရန်၊ အာဏာပိုင်အဖွဲ့အစည်းမှတားမြစ်/ ကန့်ကွက်ကြော်ငြာထားသော ဆေးဝါးအတု၊ စံမညီဆေးဝါးများ မရောင်းချရန်၊ လိုက်နာမှုများမရှိပါက အမျိုးသားဆေးဝါးဥပဒေနှင့် အရေးယူခံရမည် ဖြစ်ပါသဖြင့် စည်းကမ်းလိုက်နာကြရန် ပညာပေးဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များမှလည်း လိုက်နာပါမည်ဟု ခံဝန်ကတိများ ထိုးပေးခဲ့ကြပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှမြို့နယ်များသို့ပညာပေးခြင်း၊ ဆေးဆိုင်များအား စစ်ဆေးခြင်း၊ စည်းကမ်းတကျ ဆေးဝါးထားသိုထိန်းသိမ်းခြင်း ရှေးယခင်က ဆေးဝါး ရောင်းချနေမှုများ၏မှားယွင်းမှုနှင့် ပြုပြင်ရန်လိုအပ်သည်များအား စစ်ဆေးစဉ်ရှင်းလင်း ပြောကြားခဲ့ပြီး ၂၀၁၅-နိုဝင်ဘာလမှ ၂၀၁၅ဒီဇင်ဘာလ (၁၆) ရက်နေ့အထိပညာပေးကာလ သတ်မှတ်၍ဆောင်ရွက်ခဲ့ပါသည်။

ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ညွှန်ကြားချက်အရပဲခူးမြို့ပေါ်နှင့် ဝေါမြို့ပေါ်ရှိ ဆေးဆိုင်တချို့အား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာတွင် မြန်မာစာတမ်းထိုးပြီး နိုင်ငံခြားဆေးများကို ထုပ်ပိုးထားသော စပ်ဆေးထုတ်များအား ဆေးဝါးရောင်းချခွင့်လိုင်စင်မရှိသော အလှကုန်ဆိုင်တွင် တွေ့ရှိ ဖမ်းဆီးခဲ့ပါသည်။ ၎င်းနည်း၌ပင် ပဲခူးမြို့ပေါ်ရှိလိုင်စင်ရဆေးဆိုင်တစ်ဆိုင်နှင့် ဝေါမြို့ပေါ်ရှိဆေးဆိုင်တစ်ဆိုင်တွင် လိုင်းဆေးဟုခေါ်သော မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်မပါရှိသော ဆေးများရောင်းချနေခြင်းအားလည်း ဖမ်းဆီးခဲ့ပြီး အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုအမှုဖွင့်ခဲ့ပါသည်။ လိုင်စင်ရှိသောဆေးဆိုင်များအား စာရင်းစနစ်တကျပြုစုထားရှိပြီး၊ ဆေးဆိုင်များစစ်ဆေးနေခြင်းအား မြို့နယ်အသီးသီးတွင် သက်ဆိုင်ရာမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကော်မတီမှအနည်းဆုံး (၃)လ တစ်ကြိမ်လုပ်ဆောင်ရန်ညွှန်ကြားထားပြီး ဖြစ်ပါသည်။

ဗဟိုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ပညာပေးကာလလွန်မြောက်ခဲ့ပြီဖြစ်၍ စည်းကမ်းဖောက်ဖျက်သော ဆေးဆိုင်များကိုတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်သိမ်းကာ ဆေးဆိုင်အား (၆) လ ပိတ်သိမ်းခဲ့ပါသည်။

ဆေးဆိုင်ရောင်းချခွင့်လိုင်စင်မရှိသောဆေးဆိုင်များနှင့်ဈေးဆိုင် ၊ ကွမ်းယာဆိုင်၊ စတိုးဆိုင်များတွင် ဆေးဝါးရောင်းချနေခြင်းများအား ထိန်းသိမ်းနိုင်စေရန် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သို့ ၂၀၁၆ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ဆေးဝါးများရောင်းချခြင်း ကိစ္စနှင့် ပတ်သက်၍ကူညီပေးနိုင်ပါရန် အကြောင်းကြားစာပေးပို့အကူအညီ တောင်းခံခဲ့ပါသည်။

တရားမဝင်ဆေးကုမှုများသည်ဥပဒေနှင့် ညီညွတ်မှုမရှိ၍ ဆေးကုသမှုများ တိုင်တန်းလာပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့်ဥပဒေကြောင်းများအရ အရေးယူဆောင်ရွက်နိုင်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၇)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၇) တရားမဝင်ဆေးကုသမှုနှင့် လိုင်စင်မဲ့ဆေးဆိုင်ကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးပြောကြားသွားသည်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် စပ်ဆေးရောင်းချခြင်း၊ တရားမဝင်ဆေးရောင်းချသည့် ဆေးဆိုင်များကို ၂၀၁၄ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ခုနှစ် နိုဝင်ဘာလအထိ ပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်ကြောင်း၊ ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့ကို အကူအညီတောင်းခံခဲ့သော်လည်း ထိရောက်စွာကြပ်မတ်ကွပ်ကဲနိုင်မှု အားနည်းနေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းနည်းဖို့အလွန်ကောင်းကြောင်း၊ ဝန်ကြီးအနေဖြင့် အဖြေထဲမှအတိုင်း ထပ်မံပြီးစနစ်တကျဆောင်ရွက်ပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံပါကြောင်း၊ ဆက်စပ်မေးခွန်းအနေဖြင့် ဝန်ကြီးဖြေကြားသွားသည့်အထဲတွင် (၂)ပိုင်းတွေ့ရကြောင်း၊ ဆေးဆိုင်ကိစ္စ၊ စပ်ဆေးကိစ္စ၊ တရားမဝင်ဆေးကုသမှုတို့နှင့် ပတ်သက်၍ ဖြေကြားထားသည့်အဖြေက အလွန်အားနည်းနေပြီး တရားမဝင်ဆေးကုသမှုသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ တိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်မှာဖြစ်ကြောင်းဟု ကိုယ်စားပြုဖြေဆိုရသော ဝန်ကြီးကိုအားနာပါကြောင်း၊ ဌာနဆိုင်ရာများက ယခုကဲ့သို့ ပေါ့ပေါ့တန်တန်မဖြေကြားသင့်သည်ဟု ယူဆပါကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်ထိခိုက်နိုင်သည့်အခြေအနေကို ဌာနဆိုင်ရာက ဥပမာ-ကျန်းမာရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအားလုံးစုပေါင်း၍ အစိုးရအဖွဲ့က ဦးဆောင်ပြီး ယင်းကဲ့သို့အခြေအနေမှာ မည်ကဲ့သို့လုပ်ဆောင်ပေးမည်၊ ယခုအချိန် မည်သည့်အရာများကို မလုပ်ဆောင်ပါ။ ရေရှည်မှာ မည်သည့်အရာများကိုလုပ်ဆောင်ရန်လိုအပ်မည် ယင်းကဲ့သို့ကျိုးကြောင်းခိုင်မာဆီလျော်စွာဖြင့် ပြည်သူကိုလေးစားမှုနှင့်ဖြေဆိုစေချင်ကြောင်း၊ ဥပဒေအရ အရေးယူမှု ထိရောက်သည်မဟုတ်ပါကြောင်းနှင့် စည်းကမ်းနည်းလမ်းနှင့် တရားမဝင်ဆေးကုသမှုများကိုလျော့ကျအောင် ပညာပေးရေးအစီအစဉ်များ မည်သို့တိုးမြှင့်ခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုကို မိမိတို့က ပြည်သူကို ရှင်းပြရမှာဖြစ်ကြောင်း၊ သို့မှသာ ပြည်သူ့အစိုးရက ဆက်လက်ပြီး ပြည်သူ့ကိုယ်စားအလုပ်လုပ်နေသည်မှာ ပွင့်လင်းမြင်သာမှုရှိမှာဖြစ်ကြောင်း၊ မိမိ အနေဖြင့် တရားမဝင်ဆေးကုသမှုနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း ထပ်မံတင်ပြပေးရန် လိုအပ်မည်ဆိုပါက တင်ပြပေးမည်ဖြစ်ကြောင်း ပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်း၏ ဆက်စပ်မေးခွန်း(၇)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ကျွန်တော်နောက်ဆုံးတင်ပြသွားသည့်ထဲတွင် မြို့နယ်အသီးသီး၏ သက်ဆိုင်ရာမြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ကုမ္မဏီမှ အနည်းဆုံး(၃)လ တစ်ကြိမ် လုပ်ဆောင်ရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့သော် ယခုထက်အကြိမ်ရေများများ စိစစ်နိုင်အောင် ထပ်မံညွှန်ကြားပေးမည်ဖြစ်ကြောင်း၊

တိုင်တန်းလာပါက ဆိုသည်မှာ မိမိတို့အနေဖြင့် အောက်ခြေဆေးဆိုင်များအထိ အားလုံးမသိရှိနိုင်သည့်အတွက် သက်ဆိုင်ရာ ပြည်သူကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း အကြောင်းကြားအသိပေးပါက ထိရောက်စွာအရေးယူဆောင်ရွက်မှုမျိုးကို လုပ်ဆောင်မည့်သဘော တင်ပြခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်း(၂၈)မြို့နယ်တွင်ရှိသည့် မြို့ပေါ်ဆေးဆိုင်များ၏ အနေအထားကို မသိရှိနိုင်သည့်အတွက် **"တိုင်ကြားလာပါက"**ဆိုသည့် အဖြေမျိုးကို ဖြေဆိုရခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာရှိ တာဝရေထိန်းတံခါး (Out Fall channal)တွင် တက်နေသော နုန်းမြေများကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာရှိ အရှည် ၁၃၅ပေ၊ အနံ ၁၃ပေ၊ အမြင့် ၂၃ပေရှိ တံတားကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"သနပ်ပင်မြို့နယ်၊ တောဘုတ်စုကျေးရွာမှ လွမ်းပြေကျေးရွာသို့ တူးမြောင်း အရှည် (၂)မိုင်ခန့်ဆက်၍တူးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၄) **"သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူးစစ်တောင်းတူးမြောင်းတာဘောင်တွင် မင်းရွာရေလွှဲပေါက်အနီးပါ(၃)နေရာ၌ စုစုပေါင်း ပေ(၃၀၀၀)ခန့် ကျောက်စီနံရံ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ကို ဆက်သွယ်ဖောက်လုပ်ထားသော အရှည်(၃၀)မိုင်ခန့်ရှိပြီး ပဲခူးစစ်တောင်းတူးမြောင်းသည် ဝေါမြို့နယ် မြစ်ကျိုးကျေးရွာမှ အစပြု၍ သနပ်ပင်မြို့နယ် တာဝရေတံခါး ကျေးရွာတွင် အဆုံးသတ်ပါသည်။

ပဲခူးစစ်တောင်းတူးမြောင်းသည် ဒေသအတွက် တစ်နှစ်ပတ်လုံးခရီးသွားလာရေးအသုံးပြုသည့် ရေလမ်းကြောင်းအဖြစ်လည်းကောင်း၊ သစ်၊ ဝါး များမျှောချ၍ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအဖြစ်လည်းကောင်း၊ တူးမြောင်း၏ တစ်ဖက်တစ်ချက်ရှိ ဧကသောင်းချီသောလယ်ယာမြေများစွာ တို့အတွက် စိုက်ပျိုးရေရရှိရာ ရေပင်ရင်းအဖြစ်လည်းကောင်း များစွာ အသုံးဝင်ပါသည်။

တူးမြောင်း၏အဆုံးဖြစ်သော ပဲခူးမြစ်နှင့်ဆုံသည့် တာဝရေတံခါးကျေးရွာတွင် ရေထိန်းတံခါးကိုတည်ဆောက်ထားပါသည်။ ရေထိန်းတံခါး ထားရှိခြင်းဖြင့် ဒေသအတွင်းရေလိုအပ်ပါက ထိန်းထားနိုင်သည့်အပြင် ရေကြီးရေလျှံမှု ဖြစ်လျှင်လည်း ရေထိန်းတံခါးမှ ပဲခူးမြစ်အတွင်းသို့ ရေထုတ်ပေးခြင်းဖြင့်

ရေကြီးနစ်မြုပ်မှုကို လျော့ပါးစေပါသည်။

သို့သော် ယခုအခါ တာဝရေထိန်းတံခါး Sluice guate ၏ Out fall channel တွင် ပဲခူးမြစ် မှ တစ်ဆင့် တက်လာသောနုန်းမြေများ အနည်ပို့ချမှုကြောင့် ပိတ်ဆို့နေပြီးရေထွက်အား လျော့နည်းလျက်ရှိနေပါသည်။ အကယ်၍ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက ရေထုတ်ရန်ခက်ခဲနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသတွင်းပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ နွေရာသီ နွေစပါးစိုက်ခင်းများအတွက် တူးမြောင်းအတွင်း ရေလှောင်ထားချိန်တွင် တာဝရေထိန်းတံခါး Out fall channel တွင် ရှိနေသော နုန်းမြေများကို နှစ်စဉ်တူးဖော်ပေးမှသာ ရေထုတ်မှုလွယ်ကူပြီး ရေကြီးနစ်မြုပ်မှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ သနပ်ပင်မြို့နယ်၊ တာဝရေတံခါး ကျေးရွာရှိ တာဝရေတံခါး Out fall channel တွင် ပိတ်ဆို့နေသော နုန်းမြေများကို ဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် တာဝရေတံခါးကျေးရွာရှိ အရှည် (၁၃၅)ပေ၊ အနံ (၁၃)ပေ၊ အမြင့် (၂၃)ပေရှိ တံတားသည် အောက်ခံယက်မတန်းများပြုတ်ကျနေပြီး အခင်းသစ်သား များမှာလည်း ဆွေးမြေ့ကျိုးပေါက်နေပါသည်။

ထိုတံတားမှာ ပဲခူးစစ်တောင်းတူးမြောင်းအဆုံးရေတံခါးထိပ်တွင် ရှိသည့်တူးမြောင်းဖြတ်တံတား ဖြစ်ပါသည်။ နေ့စဉ် ကျောင်းသူကျောင်းသားများနှင့် ကမ်းတစ်ဖက်တစ်ချက်မှ လူထုကူးသန်းရာ နေရာလည်း ဖြစ်ပါသည်။

ယခုအခါ တံတားမှာများစွာ ပျက်စီးလျှက်ရှိပြီး အန္တရာယ်အနေအထားဖြစ်နေပါသဖြင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ညဏ်ကျွန်းကျေးရွာမှ တောဘုတ်စုကျေးရွာသို့ လယ်ယာမြေ ရေသွင်းရေထုတ်နှင့် ခရီးသွားလာရေးအတွက် တူးမြောင်းကို ယခုနှစ်အတွင်းတူးပေးရန် သက်ဆိုင်ရာဌာနမှ အစီအစဉ် ချမှတ်ထားပြီးဖြစ်ပါသည်။

ထိုအစီအစဉ်မှ တစ်ဆက်တည်း တောဘုတ်စုကျေးရွာမှ လွမ်းပြေကျေးရွာသို့ အရှည်(၂)မိုင်ခန့် ဆက်၍တူးပေးခြင်းဖြင့် တောဘုတ်စုကျေးရွာနှင့် လွမ်းပြေကျေးရွာပိုင် လယ်ဧကများစွာကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသဖြင့် အစီအစဉ်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ကို ဆက်သွယ်ထားသော ပဲခူးစစ်တောင်းတူးမြောင်းသည် အရှည်အားဖြင့်(၃၀)မိုင်ခန့်ရှိပြီး သနပ်ပင်မြို့နယ် အတွင်းတွင် (၁၇)မိုင်(၄)ဖာလုံ တည်ရှိပါသည်။ ပဲခူးစစ်တောင်းတူးမြောင်းသည် ဒေသအတွက် တစ်နှစ်

ပတ်လုံး ရေလမ်းခရီးသွားလာရေးလမ်းကြောင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအဖြစ်သာမက တူးမြောင်း၏ ဘေးတစ်ဖက်တစ်ချက်ရှိ လယ်မြေ များအတွက် ရေလုံလောက်စွာပေးနိုင်ရန် ရေပင်ရေရင်းလည်းဖြစ်ပါသည်။

ထို့အပြင် ပဲခူးစစ်တောင်းတူးမြောင်းတာဘောင်ကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၁)မှ ဂဝံခင်းလမ်းမကြီးအဖြစ် ကုန်သွယ်ရေးနှင့်သွားလာရေးအတွက် တည်ဆောက်ပေးခဲ့ပါသည်။ လမ်းအဖြစ်တည်ဆောက်ပေးစဉ်ကပင် ရေတိုက်စားမှုဒဏ်ကို ခံနိုင်ရန် တူးမြောင်းအတွင်းကျောက်စီနံရံများကို ပြုလုပ်ပေးခြင်းဖြင့် ရေတိုက်စားမှုဒဏ်ကိုခံနိုင်၍ တာဘောင်ကြံ့ခိုင်မှု အားကောင်းပြီး တာကျိုးတာပေါက်မှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ဂဝံခင်းလမ်းကိုလည်း အဆင့်မြှင်တင်နိုင်မည်ဖြစ်ပါသည်။

သို့သော် ကျောက်စီနံရံများပြုလုပ်ပေးရန် လိုအပ်သောနေရာများစွာလည်း ကျန်ရှိနေသည့်အပြင် ယခုအခြေအနေတွင် တူးမြောင်းမှ ရေတိုက်စားမှုဒဏ်အများဆုံးခံရသော

- မင်းရွာရေလွှဲပေါက်အနီး ပေ ၁၀၀၀ခန့်
- ကျိုက်ပဒိုင်ရေလွှဲပေါက်အနီး ပေ ၁၀၀၀ခန့်
- တာမိုင်(၁၀)အနီး ပေ ၁၀၀၀ ခန့်၊ စုစုပေါင်း ပေ ၃၀၀၀ခန့်မှာ ကျောက်စီနံရံများပြုလုပ်ပေးရန် လိုအပ်လျှက်ရှိနေပါ၍

ဖော်ပြပါ ပေ ၃၀၀၀ ခန့်ရှိနေရာများအား ကျောက်စီနံရံများပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးမြင့်အောင်မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာရှိ တာဝရေထိန်းတံခါး (Out Fall channal)တွင် တက်နေသော နုန်းမြေများကို ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်အတွင်းရှိ တာဝရေထိန်းတံခါးမှာ ပုကိုင်တာတောင်ပိုင်းရှိ ပဲခူး-စစ်တောင်း တူးမြောင်းမှတစ်ဆင့် စီးဝင်လာသော ပိုလျှံရေများကို ရေထိန်းတံခါးမှတစ်ဆင့် ရေထုတ်နုတ်ပေးနိုင်ရန်နှင့် နွေရာသီတွင် ရေချိုကိုသိုလှောင်နိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ပါသည်။

သနပ်ပင်မြို့နယ်၊ တာဝရေထိန်းတံခါး Out Fall channel တွင် သဲနုန်းတူးဖော်ခြင်း လုပ်ငန်းအား (၂၀၁၄-၂၀၁၅)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ(သမ္မတသီးသန့်ရန်ပုံငွေ)ဖြင့် ပဲခူး-စစ်တောင်း တူးမြောင်း အဆင့်မြှင့်တင်ပြုပြင် တူးဖော်ခြင်းလုပ်ငန်းခေါင်းစဉ်အောက်မှ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ယခုတစ်ဖန် တာဝရေထိန်းတံခါး Sluice Guate ၏ Out Fall channel တွင် ပဲခူးမြစ်မှ ထပ်ဆင့်တက်လာသော နုန်းမြေများအနည်ပို့ချမှုကြောင့် ပိတ်ဆို့နေပြီး ရေထွက်အားလျော့နည်း လျှက်ရှိနေ

ပါသည်။ နွေရာသီတူးမြောင်းအတွင်း ရေလျှောင်ထားချိန်တွင် တာဝရေထိန်းတံခါး၏ Out Fall Channel တွင်ရှိနေသော နုန်းမြေများကို ပြန်လည်တူးဖော်ပေးမှသာ ရေထုတ်မှုလွယ်ကူစေမည်ဖြစ်ပြီး ရေကြီးနစ်မြုပ်မှုကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ခြင်းမရှိသေးသော်လည်း ကွင်းဆင်း၍ တိုင်းတာမှုများ ဆောင်ရွက်ထားရှိပါသည်။

တာဝရေထိန်းတံခါး Out Fall channel ရှိ သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အတွက် အလျား(၁၀၅၀)ပေ၊ မြေကြီး(၂၄၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၁၂. ၀၀၀)သန်း ကုန်ကျ မည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာရှိအရှည် ၁၃၅ပေ၊ အနံ ၁၃ပေ၊ အမြင့် ၂၃ပေရှိ တံတားကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်၊ တာဝရေတံခါးကျေးရွာရှိ တံတားမှာ (၁၃၅'×၁၃'×၂၃')ရှိ သစ်သားတံတားဖြစ်ပြီး အောက်ခုံယက်မတန်းများ ပြုတ်ကျနေပြီး အခင်းများမှာလည်း ဆွေးမြေ့ပျက်စီးနေပါသည်။ အဆိုပါ တံတားအား (၁၃၅'×၁၃'×၂၃')ရှိ ဘိုးပိုင်၊ သံဘောင်ယက်မ၊ ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၂၀၂. ၅)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ တံတားဆောက်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ(၁)ရွာ၊ အိမ်ခြေ(၃၉၅)အိမ်၊ လူဦးရေ(၂၁၀၀)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော လမ်းတံတားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်း မရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “သနပ်ပင်မြို့နယ်၊ တောဘုတ်စုကျေးရွာမှ လွှမ်းပြေကျေးရွာသို့ တူးမြောင်း အရှည် (၂)မိုင်ခန့်ဆက်၍တူးပေးရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်း၍ သနပ်ပင်မြို့နယ်အတွင်းရှိ တောဘုတ်စု-လွှမ်းပြေတူးမြောင်းမှာ သနပ်ပင်မြို့နယ် တောဘုတ်စုကျေးရွာနှင့် လွှမ်းပြေကျေးရွာသို့ဆက်စပ်၍စီးဆင်းလာပြီး ဘလောက်ချောင်းအတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါ

တူးမြောင်းမှာ တိမ်ကောလျှက်ရှိပြီး ရေစီးရေလာကောင်းမွန်ခြင်း မရှိသည့်အတွက် လယ်မြေများမှာ ရေနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

တောဘုတ်စု-လွမ်းပြေတူးမြောင်းပြန်လည်တူးဖော်ပေးခြင်းဖြင့် တောဘုတ်စုကျေးရွာနှင့် လွမ်းပြေ ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၁၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှအထိုက်အလျောက် ကင်းဝေး စေမည်ဖြစ်ပြီး ဆက်သွယ်သွားလာရေးလွယ်ကူစေမည်ဖြစ်ပါသည်။

တောဘုတ်စု-လွမ်းပြေတူးမြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂)မိုင်၊ မြေကြီး(၁၀၁၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (၂၁. ၃၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေ တင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။

ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူးစစ်တောင်း တူးမြောင်း တာဘောင်တွင် မင်းရွာ ရေလွှဲပေါက်အနီးပါ(၃)နေရာ၌ စုစုပေါင်း ပေ(၃၀၀၀)ခန့် ကျောက်စီနံရံ ပြုလုပ် ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို (၂၀၁၃-၂၀၁၄)ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ (သမ္မတသီးသန့်ရန်ပုံငွေ)ဖြင့် သနပ်ပင်မြို့နယ်အတွင်းရှိ မင်းရွာရေလွှဲပေါက်နှင့် ကျိုက်ပဒိုင်ရေလွှဲပေါက် နေရာများတွင် ကျောက်ကြီးစီခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ယခုတင်ပြလာသောအပိုင်းမှာ ပဲခူး-စစ်တောင်းတူးမြောင်းတာမိုင် (၁၄/၀)အနီး ကျောက်ကြီးစီခြင်း လုပ်ငန်း၊ တာမိုင်(၁၀/၀)အနီးကျောက်ကြီး စီခြင်းလုပ်ငန်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းပေါ်ရှိ ကျိုက်ပဒိုင် ရေလွှဲပေါက်အနီး ကျောက်ကြီးစီခြင်းလုပ်ငန်း တို့ဖြစ်ပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်း တာမိုင်(၁၄/၀)၊ (၁၀/၀)နှင့် ကျိုက်ပဒိုင်ရေလွှဲပေါက်အနီး တူးမြောင်း ဘောင်များအား ကျောက်စီနံရံပြုလုပ်ပေးခြင်းအားဖြင့် တာတမံကြံ့ခိုင်မှု ကောင်းမွန်လာမည်ဖြစ်ပြီး မြောင်းဘောင်ဘေးတစ်ဖက်တစ်ချက်ရှိ ပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူစေမည်ဖြစ်ပြီး တာကျိုးပေါက်မှုမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ခြင်းမရှိသေးသော်လည်း ကွင်းဆင်း၍တိုင်းတာမှုများ ဆောင်ရွက်ထားရှိပါသည်။

ပဲခူး-စစ်တောင်းတူးမြောင်းတာမိုင်(၁၄/၀)အနီး ကျောက်ကြီးစီခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၁၀၀၀)ပေ၊ ခန့်မှန်းကုန်ကျငွေကျပ်(၁၀၀. ၀၀၀)သန်း၊ တာမိုင် (၁၀/၀)အနီး ကျောက်ကြီးစီခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၁၀၀၀)ပေ၊ ခန့်မှန်းကုန်ကျငွေကျပ်(၉၅. ၀၀၀)သန်းနှင့် ကျိုက်ပဒိုင်ရေလွှဲပေါက်အနီး ကျောက်ကြီးစီခြင်း လုပ်ငန်းအတွက် အလျား(၁၀၀၀)ပေ၊ ခန့်မှန်းကုန်ကျငွေ

ကျပ်(၉၇. ၉၀၀)သန်းကုန်ကျမည်ဖြစ်ပြီး စုစုပေါင်းအလျား(၃၀၀၀)ပေနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၉၂. ၉၀၀)သန်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ (BE) စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား မေးခွန်းအမှတ်စဉ် (၂)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။မရှင်းလင်းသည့် အချက်များရှိပါက မေးမြန်းခွင့်ပြုပါတယ်။ သက်ဆိုင်ရာဝန်ကြီးမှ ရှင်းလင်းတိကျစွာ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မိမိမေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီး၏ ဖြေကြားချက်မှာ တံတားတည်ဆောက်ရန်အတွက်(၂၀၂. ၅)သန်း ကုန်ကျမည်ဟု ဖော်ပြထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိသေးသည့်အတွက် နှစ်အလိုက် ဦးစားပေးအလိုက် လျာထားပြီးဆောင်ရွက်ပေးသွားမည်ဟု ဖော်ပြထားကြောင်း၊ မိမိတင်ပြချင်သည်က ယင်းတံတားသည် ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ် (၃)မြို့နယ် ဆက်သွယ်သွားလာနေသော တံတားဖြစ်ပြီး ခရီးသွားလာရေးအတွက် အသုံးပြုသွားလာသလို ကျေးရွာများ၏ ကုန်ထုတ်လမ်းပေါ်တွင် တည်ရှိသည့်တံတားလည်းဖြစ်ကြောင်း၊ တာဝကျေးရွာတွင် အ. ထ. က ကျောင်းရှိပြီး ယင်းကျောင်း၏ တစ်ဘက်ကမ်းမှာရှိသည့် ကျေးရွာများမှ ကျောင်းသား/သူများသည် ယင်းတံတားကိုအမှီပြု၍ ပညာသင်ကြားနေရကြောင်း၊ မိမိ၏ မူလပထမတင်ပြချက်မှာ အောက်ခံယက်မနှင့် အခင်းများဆွေးမြေ့နေသည့်အတွက် ပြုပြင်ပေးရန် တင်ပြခြင်းဖြစ်ကြောင်း၊ အသစ်တည်ဆောက်ပေးရန် တောင်းဆိုခြင်းမျိုးမဟုတ်ကြောင်း၊ (၃)မြို့နယ်၏ ကူးသန်းသွားလာရာ ကုန်ထုတ်လမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်ပြီး နေ့စဉ်နှင့်အမျှ ကျောင်းသား/သူများ ဖြတ်သန်းသွားလာရာနေရာ၊ လူထုများဖြတ်သန်းသွားလာမှုပြုရာနေရာဖြစ်သည့်အတွက် ယင်းတံတားသည် အန္တရာယ်ရှိသည့်အဆင့်တွင် ပါဝင်ကြောင်း သက်ဆိုင်ရာဌာနမှ ကွင်းဆင်းပြီး လိုအပ်သည့် ပြုပြင်မွမ်းမံမှုမျိုး အဆောတလျင် စီစဉ်ဆောင်ရွက်ပေးရန် ဆက်စပ်မေးခွန်းမေးမြန်းခြင်းဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ မေးခွန်းအမှတ်စဉ်(၂) တာဝရေတံခါးကျေးရွာရှိ တံတားနှင့်ပတ်သက်၍ ဆက်စပ်မေးခွန်းအပေါ် မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ယခင်အစိုးရမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အတည်ပြုထားသည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိ ယင်းတံတားနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရမှနေပြီး ဘတ်ဂျက်ချပေးသည့် ဦးစီးဌာနဖြစ်ကြောင်း ပထမဦးစွာရှင်းလင်းပြောကြားလိုပါကြောင်း၊ ဆောင်ရွက်ပေးနိုင်မှုအပေါ်မှာ ပြည်ထောင်စုအစိုးရက တင်ပြရမှာဖြစ်ပြီး တိုင်းဒေသကြီးအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ဘတ်ဂျက်ချပေးထားခြင်းမျိုးမရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်အနေဖြင့် ထိုတံတားနှင့် ပတ်သက်၍ တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"တိမ်ကောနေသော အရှည်(၂)မိုင်ခန့်ရှိ ကဇင်းချောင်းအား တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရေလှောင်ဧရိယာအသုံးပြုသော ကျုံပေချောင်းရိုးအား ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ကဝမြို့နယ်၊ ဝါးတောကျေးရွာအုပ်စု၊ သာစည်ကျေးရွာ အရှေ့ဘက် မှို့တိုးချောင်းရိုး ကူးတံတား၊ အကျယ်(၁၂)ပေ၊ အရှည်(၁၂၀)ပေခန့် ကွန်ကရစ်တံတားတစ်ခု ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ကဝမြို့နယ်၊ ရစ်ကန်ကြီးကျေးရွာ တောင်ဘက်ရစ်ဝတံတားအနီး သံဒင်းချောင်းထဲသို့ စီးဝင်သော ရေနုတ်မြောင်းမှာ တိမ်ကောနေ၍ အကျယ်(၂၀)ပေ၊ အနက်(၆)ပေ၊ အရှည်(၂)မိုင် (၃)ဖာလုံခန့် တူးဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ကဝမြို့နယ်၊ ကံဘဲ့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား မည်သည့် ပညာရေးနှစ်တွင် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်မှု ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပင်ကလောင် ကျေးရွာဘက်မှ စီးဆင်းလာပြီး သံဒင်းတူးမြောင်းထဲသို့ စီးဝင်သောကဇင်းချောင်းသည် တိမ်ကောနေပြီး နှစ်စဉ်မိုးရာသီတွင် ဆန်စပါးစိုက်ပျိုးကြသော တောင်သူများ၏ လယ်ယာမြေဧက(၅၀၀၀)ခန့်မှ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ပြီး ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လျှက်ရှိကြောင်း ဒေသခံတောင်သူများမှ တင်ပြလာပါသည်။ သို့အတွက်ကြောင့် တောင်သူများ စိုက်ပျိုးပြီး စပါးများပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် အဆိုပါ တိမ်ကော

နေသော အရှည်(၂)မိုင်ခန့်ရှိ ကဇင်းချောင်းအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိသိရှိလို၍ မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အလယ်ရွာကျေးရွာတွင် နွေစပါးစိုက်ဧက(၂၂၀၀)ခန့် ရှိပါသည်။ အဆိုပါကျေးရွာနှင့် ဆက်စပ်လျှက်ရှိသော သနပ်ပင်မြို့နယ်ရှိ ထပ်ခနိမ်ကျေးရွာတွင် နွေစပါးစိုက်ဧက(၁၈၀၀)ဧကနှင့် ဇီးပင်ကျေးရွာတွင် (၂၅၀၀)ဧကရှိပြီး(၃)ရွာပေါင်း နွေစပါးစိုက်ဧကမှာ ဧက(၆၅၀၀)ခန့်ရှိကြောင်း လေ့လာသိရှိရပါသည်။ နွေစပါးစိုက်ပျိုးကြသော တောင်သူများအနေဖြင့် ရေရရှိရန်အတွက် ကျုံပေချောင်းရိုးကို မြေသားတမံပိတ်လျှက် ရေလှောင်ဧရိယာပြုလုပ်ကာ နှစ်စဉ် စိုက်ပျိုးကြရပါသည်။ ထိုကဲ့သို့ မြေသားတမံနှစ်စဉ် စိုက်ပျိုးရသည့်အတွက် ငွေကုန်ကြေးကျများခြင်း၊ တမံဖို့ရန်အတွက် မြေကြီးယူရန်မှာလည်း အခက်အခဲများစွာဖြစ်ပေါ်လျှက်ရှိကြောင်း ဒေသခံ တောင်သူများ၏ တင်ပြချက်အရ သိရှိရပါသည်။ အဆိုပါပိတ်ဆို့ရသော တာတမံနေရာတွင် ရေထိန်းတံခါးငယ်ဆောင်ရွက်ပေးခြင်းဖြင့် နွေစပါးစိုက်တောင်သူများအတွက် များစွာအကျိုးရှိစေမှာ ဖြစ်ပါသည်။ သို့ပါသောကြောင့် ရေလှောင်ဧရိယာအသုံးပြုသော ကျုံပေချောင်းရိုးအား ရေထိန်းတံခါးငယ် တည်ဆောက်ပေးရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အစီအစဉ် ရှိ/မရှိသိရှိလို၍ မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဝါးတောကျေးရွာအုပ်စု၊ သာစည်ကျေးရွာအရှေ့ဘက် မှို့တုံးချောင်းရိုးတည်ရှိပါသည်။ အဆိုပါချောင်းရိုး၏ အရှေ့ဘက်တွင် ကံရကျေးရွာ၊ ငှက်ကြီးရေ ကျော်ကျေးရွာ၊ အောင်ဇေယျကျေးရွာ၊ ကျားကြီးသောင်၊ ဘိုမထားသောင်တို့ တည်ရှိပါသည်။ အဆိုပါ မှို့တုံးချောင်းအရှေ့ဘက်ကျေးရွာ(၃)ရွာနှင့် သောင်(၂)ခုတွင် ဒေသခံတောင်သူများ၏ မိုးရာသီဆန်စပါးနှင့် ဆောင်းအခါ ပဲအမျိုးမျိုးစိုက်ဧက(၁၂၀၀၀)ခန့် ရှိပါသည်။ မိမိ၏ လယ်ယာမှာ ထွက်ရှိသော လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ သယ်ယူရာတွင်၎င်း၊ သိုလှောင်မည့်နေရာသို့ သယ်ယူရာတွင်၎င်း အဆိုပါ မှို့တုံးချောင်းရိုးအားဖြတ်၍ သယ်ဆောင်ရကြောင်း ဒေသခံတောင်သူများ၏ တင်ပြချက်အရ သိရှိရပါသည်။ ယခုအခါ အဆိုပါ မှို့တုံးချောင်းရိုးဖြတ်တံတားမှာ အကျယ်(၃)ပေခန့်၊ အရှည်(၁၂၀)ပေခန့်ရှိ သစ်သားတံတားတစ်ခုသာ ဒေသခံတောင်သူများ ကိုယ်ထူကိုယ်ထ ဆောင်ရွက်အသုံးပြုလျှက်ရှိသောကြောင့် အဆိုပါဒေသရှိ လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်မှုမှာ များစွာ အခက်အခဲများနှင့် ကြုံတွေ့နေကြောင်း လေ့လာသိရှိရပါသည်။ သို့ပါသောကြောင့် ဒေသခံပြည်သူ၊ တောင်သူများ၏ တောင်းဆိုချက်ဖြစ်သော ဝါးတောကျေးရွာအုပ်စု၊ သာစည်ကျေးရွာ အရှေ့ဘက် မှို့တုံးချောင်းရိုးကူးတံတား၊ အကျယ်(၁၂)ပေ၊ အရှည်(၁၂၀)ပေခန့် ကွန်ကရစ်တံတားတစ်ခု ဆောင်ရွက်ပေးနိုင်လျှင် အဆိုပါဒေသရှိ ပြည်သူများ၊ တောင်သူများ၏ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့မည့်အပြင် ၎င်း၏လူမှုစီးပွားဘဝများလည်း တိုးတက်လာမည် ဖြစ်ပါသည်။ သို့ပါသောကြောင့် အဆိုပါ မှို့တုံးချောင်းကူးတံတားအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရစ်ကန်ကြီး ကျေးရွာထဲမှ ဖြတ်သန်းစီးဆင်းပြီး၊ အဆိုပါ ကျေးရွာ၏ တောင်ဘက်(၂)မိုင်(၃)ဖာလုံခန့်အကွာ ရစ်ဝတံတား အနီးအနားတွင် သံဒင်းချောင်းထဲသို့ စီးဝင်သော ရေနုတ်မြောင်းမှာတိမ်ကောပြီး ၎င်းရေနုတ်မြောင်းအား မှီခိုနေရသော လယ်မြေဧက (၂၁၀၀)ခန့်မှာ နှစ်စဉ်ရေကြီးနစ်မြုပ်လျှက် စိုက်ပျိုးပြီး စပါးခင်းများ ပျက်စီးဆုံးရှုံးမှု ကြုံတွေ့လျှက် ရှိနေရကြောင်း၊ ဒေသခံတောင်သူများ၏ တင်ပြချက်အရ သိရှိရပါသည်။ အဆိုပါ ရေနုတ်မြောင်း အကျယ်(၂၀)ပေ၊ အနက်(၆)ပေ၊ အရှည်(၂)မိုင်(၃)ဖာလုံခန့်ကို တူးဖော်ဆောင်ရွက် ပေးလျှင် အဆိုပါ ရေနုတ်မြောင်းကို မှီခိုအားထားရသော လယ်ယာမြေဧက(၂၁၀၀)ခန့် နှစ်စဉ်ရေကြီးနစ်မြုပ် ပျက်စီးမှုဘေးမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ပါသောကြောင့် အဆိုပါရေနုတ်မြောင်းအား ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလို၍ ဒေသခံတောင်သူများ၏ ကိုယ်စား မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံဘဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်းသား/သူအင်အား၊ အဆောက်အဦ၊ စာသင်ခန်း၊ ပရိဘောဂများပြည့်စုံလုံလောက်ပြီး အလယ်တန်းကျောင်းအင်္ဂါနှင့်လည်း ကိုက်ညီမှုရှိသော ကျောင်းတစ်ကျောင်း ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ အလယ်တန်းကျောင်း(ခွဲ)အဆင့်မှ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန်-

၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်စွဲပါစာအမှတ်၊ စိတ်(၃)/ကျောင်းသစ်(၁၅)ဖြင့် အမှုတွဲ တည်ဆောက်၍ ပဲခူးတိုင်းဒေသကြီးပညာရေးမှူးထံသို့ တင်ပြလျှောက်ထားပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် အဆိုပါ အလယ်တန်းအဆင့်အင်္ဂါနှင့်လည်းကိုက်ညီပြီး အမှန်တကယ် အလယ်တန်းကျောင်းအဆင့်တိုးပေးရန် လိုအပ်သော ကံဘဲ့ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အား မည်သည့်ပညာရေးနှစ်တွင် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်မှု ရှိ/မရှိသိရှိလို၍ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တိမ်ကောနေသော အရှည်(၂)မိုင်ခန့်ရှိ ကဇင်းချောင်းအား တူးဖော်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ကဝမြို့နယ်အတွင်းရှိ ကဇင်းချောင်းမှာ ကဝမြို့နယ်၊ ပင်ကလောင်ကျေးရွာဘက်မှ စတင် စီးဆင်းလာပြီး သံဒင်းချောင်းအတွင်းသို့စီးဝင်ပါသည်။ အဆိုပါချောင်းမှာ ယခုအခါ တိမ်ကောလျှက်ရှိပြီး ရေစီးရေလာကောင်းမွန်ခြင်းမရှိသည့်အတွက် ဒေသခံတောင်သူများ၏ လယ်ဧက (၅၀၀၀)ခန့်မှာ မိုးရာသီစပါးစိုက်ပျိုးချိန် ရေကြီးရေလျှံမှုနှင့်ကြုံတွေ့နေရပါသည်။

ကဇင်းချောင်းအား ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ပင်ကလောင်ကျေးရွာ၊ အဒူးကျေးရွာ၊ ကဇင်းကျေးရွာနှင့် ကမာဘာကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၅၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်ပေးနိုင်မည့်အပြင် ရေတော်မိုးတော်စိုက်ဧကများအဖြစ် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပါသည်။

ကဇင်းချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၅)မိုင်၊ မြေကြီး (၄၉၁၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၅၀. ၄၈၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ရေလှောင်ဧရိယာအသုံးပြုသော ကျုံပေချောင်းရိုးအား ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ကဝမြို့နယ်အတွင်းရှိ အလယ်ရွာကျေးရွာနှင့် ဆက်စပ်လျက်ရှိသော သနပ်ပင်မြို့နယ်အတွင်းရှိ ထပ်ခနိမ်ကျေးရွာတို့မှ နွေစပါး စိုက်ပျိုးကြသော တောင်သူများအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ကျုံပေချောင်းရိုးကို မြေသားတမံပိတ်၍ ရေလှောင်တမံပြုလုပ်ကာ နှစ်စဉ်စိုက်ပျိုးကြရပါသည်။ မြေသားတမံ ပိတ်ပြုလုပ်ရခြင်းအတွက် ငွေကြေး အကုန်အကျများခြင်း၊ တမံဖို့မြေယူရန်အတွက် မြေနေရာရှားပါးခြင်းတို့ကြောင့် အဆိုပါနေရာတွင် ရေထိန်းတံခါးငယ် (၁)ခုဆောင်ရွက်ပေးပါရန် တင်ပြလာခြင်းဖြစ်ပါသည်။

ကျုံပေချောင်းပေါ်တွင် ရေတံခါးတည်ဆောက်ပေးခြင်းအားဖြင့် ကဝမြို့နယ်၊ အလယ်ရွာကျေးရွာနှင့် သနပ်ပင်မြို့နယ်၊ ထပ်ခနိမ်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၄၀၀၀)ကျော်အား နွေစပါးစိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပါသည်။ လတ်တလောအနေဖြင့် ဆောင်ရွက်ထားခြင်းမရှိသေးပါ။ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ထားရှိပါသည်။

ကျုံပေချောင်းရေတံခါး(၆ပေ×၁၃ပေ)(၅)ပေါက် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၃၀. ၀၀၀)သန်းကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**
ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကဝမြို့နယ်၊ ဝါးတောကျေးရွာအုပ်စု၊ သာစည်ကျေးရွာ အရှေ့ဘက် မို့တုံးချောင်းရိုး ကူးတံတား၊ အကျယ်(၁၂)ပေ၊ အရှည်(၁၂၀)ပေခန့် ကွန်ကရစ်တံတားတစ်ခု ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ကဝမြို့နယ်၊ ဝါးတော့ကျေးရွာအုပ်စု၊ သာစည်ကျေးရွာ အရှေဘက် မို့တုံးချောင်းရိုးကူးတံတားမှာ အကျယ်(၃)ပေ၊ အရှည်(၁၂၀)ပေခန့်ရှိ သစ်သားတံတားဖြစ်ပြီး ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော တံတားဖြစ်ပါသည်။ အဆိုပါတံတားအား (၁၂၀'×၁၄'×၉')ရှိ အုတ်ခုံခံ၊ သံဘောင်ယက်မ၊ ကွန်ကရစ် ကြမ်းခင်းတံတား ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၆၈)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတားဆောင်ရွက် ပြီးစီးမည် ဆိုပါက ကျေးရွာ (၃)ရွာ၊ အိမ်ခြေ(၂၆၈)အိမ်၊ လူဦးရေ (၁၂၀၇)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြ ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**
ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကဝမြို့နယ်၊ ရစ်ကန်ကြီးကျေးရွာ တောင်ဘက်ရစ်ဝတံတားအနီး သံဒင်းချောင်းထဲသို့ စီးဝင်သောရေနုတ်မြောင်းမှာ တိမ်ကောနေ၍ အကျယ်(၂၀)ပေ၊ အနက်(၆)ပေ၊ အရှည်(၂)မိုင် (၃)ဖာလုံခန့် တူးဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ကဝမြို့နယ်အတွင်းရှိ ရစ်ကန်ချောင်းမှာ ကဝမြို့နယ် ရစ်ကန်ကြီးကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းလာပြီး ရစ်ဝတံတားအနီးတွင် သံဒင်းချောင်းအတွင်းသို့ စီးဝင်ပါသည်။ အဆိုပါ ချောင်းမှာ ယခုအခါ တိမ်ကောလျှက်ရှိနေပြီး ရေစီးဆင်းမှု မကောင်းသဖြင့် လယ်မြေ (၂၁၀၀)ခန့်မှာ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

ရစ်ကန်ချောင်းအားပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ရစ်ကန်ကြီးကျေးရွာအုပ်စုအတွင်းရှိ လယ်မြေ (၂၁၀၀)ခန့်မှာ ရေကြီးနစ်မြုပ်မှုမှအထိုက်အလျောက်ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေတော်မိုးတော် စိုက်ဧကများ အဖြစ် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပါသည်။ လတ်တလောအနေဖြင့် ဆောင်ရွက်ထားခြင်းမရှိသေး သော်လည်း ကွင်းဆင်း၍ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။

ရစ်ကန်ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၃)မိုင်၊ မြေကြီး (၂၉၄၆၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၉၀. ၂၆၀)သန်းကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေ တင်ပြတောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေး နိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေ တင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၅)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကဝမြို့နယ်၊ ကံဘဲ့ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား မည်သည့်ပညာရေးနှစ်တွင် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်မှု ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံဘဲ့ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းဆင့်ကျောင်းသား (၁၄၀)ဦး၊ မူလတန်းဆင့် ကျောင်းသား (၈၁)ဦး၊ စုစုပေါင်း ကျောင်းသား (၂၂၁)ဦးအား မူအုပ် (၁)ဦး၊ လယ်ပြ (မူတာဝန်) (၁)ဦး၊ လယ်ပြ (၅)ဦး၊ မူပြ (၃)ဦး၊ စုစုပေါင်း (၁၀)ဦးဖြင့် သင်ကြားပေးလျှက်ရှိပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ (၂. ၃၃)ဧကရှိပြီး (၉၀×၃၀) ပေ သွပ်မိုး၊ အုတ်ညှပ် ၊ ကွန်ကရစ်ခင်း တစ်ထပ်ဆောင် (၁)ဆောင် ၊ (၈၀×၃၀) ပေ သွပ်မိုး၊ အုတ်ညှပ် ၊ ကွန်ကရစ်ခင်း တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၂)ဆောင် ရှိပါသည်။ ကျောင်းအဆင့် တည်နေရာမှာ (D-25)ဖြစ်ပါသည်။ ပင်မကျောင်းဖြစ်သော အထက-သက္ကလနှင့် (၆)မိုင်ခန့် ဝေးပါသည်။

ကဝမြို့နယ်၊ အလက(ခွဲ)ကံဘဲ့အား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် အလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး၏ (၂၇-၁၁-၂၀၁၅) ရက်စွဲပါ စာအမှတ် ၊ ဌာနခွဲ (၁-က)/၅၄၆၄/အဆင့်တိုး (၁၅)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြခဲ့သော်လည်း အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေးရန် လယ်ဆင့်ကျောင်းသားဦးရေ (၂၄၀)ဦး ပြည့်မီခြင်း မရှိသည့်အတွက် အဆင့်တိုးရရှိခဲ့ခြင်း မရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရရှိရန် အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင် မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စု၊ ရေကျော်လေးကျေးရွာ၌ ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းနှင့် သူနာပြု(သားဖွား) ဆရာမတစ်ဦးခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ညောင်လေးပင်မြို့နယ်၊ ရေကျော်ကျေးရွာအုပ်စုတွင် ရေကျော်ကြီး၊ ရေကျော်လေး၊ မအူရိုး၊ ကင်မွန်းကံ၊ ကိုးတောင် စသော ကျေးရွာခွဲ(၅)ရွာရှိပြီး အိမ်ထောင်စု(၆၈၀)ခန့်နှင့် လူဦးရေ(၃၃၀၀)ခန့်မှီတင်းနေထိုင်ကြပါသည်။ ၂၀၁၅ခုနှစ်တွင် နိုင်ငံတော်မှပံ့ပိုးငွေ သိန်း(၅၀)နှင့် ကျေးရွာလူထုများမှ ထည့်ဝင်သော ငွေများဖြင့်စုပေါင်း၍ ရေကျော်ကျေးရွာတွင် ဆေးပေးခန်းတစ်ခုအား ဆောက်လုပ်ထားပြီးဖြစ်ပါသည်။

ကျန်းမာရေးဌာန၏ ဖွဲ့စည်းပုံအရ လူဦးရေ(၂၀၀၀၀)လျှင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ လူဦးရေ (၃၀၀၀)လျှင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွဲ့စည်းသည်ဟု သိရပါသည်။ သို့ဖြစ်ပါ၍ ရေကျော်

ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပါရန် ရေကျော်လေးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းနှင့် သူနာပြု(သားဖွား)ဆရာမတစ်ဦး ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"ညောင်လေးပင် မြို့နယ်၊ ရေကျော်ကျေးရွာ အုပ်စု၊ ရေကျော်လေးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်းနှင့် သူနာပြု(သားဖွား) ဆရာမတစ်ဦးခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြား သွားမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ၇၅ % ကျော်သောကျေးလက် နေပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာလူဦးရေ ၂၀၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ ၄၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးသည့် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အထူးကိစ္စရပ်အနေဖြင့်သွားလာရေးခက်ခဲခြင်း၊ မိုးရာသီတွင် ကျေးရွာများသို့ရောက်ပေါက်မှုခက်ခဲခြင်း၊ တောင်ပေါ်ဒေသများကိုလည်း ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအဖြစ်ဖွင့်လှစ်ပေးသည့် ခွင့်ပြုပေးနေမှု များလည်း ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျက်မှခွင့်ပြုနိုင်ရန်ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၊ ဌာနခွဲများ ဆောက်လုပ် ပေးရန် လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျတ်မှ အဆောက်အဦများပြုပြင် ထိန်းသိမ်းရေး ငွေတစ်မြို့နယ်လျှင်သိန်း(၂၅၀)စီချပေး၍ မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GAVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျှက်ရှိသည်။ လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGO ထံ တောင်းခံ သွားမှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တင်ပြတောင်းခံသွားရန် လိုအပ်ပါကြောင်းနှင့် စိစစ်မှုကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်တွင်ခုတင် (၅၀)ဆံ့ဆေးရုံ (၁)ရုံ၊ တိုက်နယ်ဆေးရုံ(၃)ရုံ၊ မိခင်ကလေးကျန်းမာရေးဌာန(၂)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၃)ခု ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းသည့်ရေကျော်ကြီးကျေးရွာတွင်အိမ်ခြေ (၁၅၃)၊ လူဦးရေ (၇၁၆)၊ ရေကျော်လေးကျေးရွာတွင်အိမ်ခြေ (၂၈၇)၊ လူဦးရေ (၁၁၀၃)၊ နဘဲဘုရားကျေးရွာတွင်အိမ်ခြေ (၉၀)၊ လူဦးရေ (၅၉၅)၊ ကင်မွန်းကံကျေးရွာတွင်အိမ်ခြေ (၈၅)၊ လူဦးရေ (၄၀၅) ရှိ၍စုစုပေါင်းအိမ်ခြေ (၆၁၅)အိမ်နှင့် လူဦးရေ (၂၈၁၉)ဦးအတွက် (၂၀၀၅)ခုနှစ်မှစတင်၍ ဝင်ဘော်ကျေးလက်ကျန်းမာရေးဌာနလက်အောက်ရှိ ရေကျော်လေးကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ထားရှိပြီး သားဖွားဆရာမ (၁)ဦး၊ ကျန်းမာရေးကြီးကြပ်-၂ (၁)ဦး တာဝန်ထမ်းဆောင်လျှက်ရှိပါသည်။

အဆိုပါသားဖွားဆရာမမှာ ရေကျော်လေးကျေးရွာ၊ ရေကျော်ကြီးကျေးရွာ၊ နဘဲဘုရားကျေးရွာနှင့် ကင်မွန်းကံကျေးရွာများအား တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။

မအူရိုးနှင့် ကိုးထောင်ကျေးရွာများမှာ ဝင်ဘော်ကျေးလက်ကျန်းမာရေးဌာနလက်အောက်ရှိ ဘိုင်းဒါးကျေးလက်ကျန်းမာရေးဌာနခွဲမှ တာဝန်ယူ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ရေကျော်လေးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများမှ ကျေးရွာပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင်ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင်ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်း လယ်ယာမြေ(၂၀၈၅၉၄)ဧကရှိပါသည်။ ၎င်းဧကများအနက် လယ်မြေတွင်ခွင့်ပြုချက်မရှိဘဲ ငါးကန်များအဖြစ်တူးဖော်ထားသည့်ဧကမှာ ကျေးရွာ(၁၅)အုပ်စုတွင် (၁၄၀၃)ဧက တူးဖော်အသုံးပြုလျှက်ရှိပြီး မြေပြင်တွင် လယ်ယာမြေအဖြစ် မတည်ရှိတော့ဘဲ ငါးကန်အဖြစ်တည်ရှိနေပါသည်။ " လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ

အခြားနည်းသုံးစွဲခွင့်မပြုရ” ဟု ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ-၁၂၊ ပုဒ်မခွဲ(ဆ)တွင် ဥပဒေအရ တားမြစ်ထားပါသည်။ လယ်မြေကို အခြားနည်းအသုံးပြုနိုင်ရန်အတွက် ၎င်းဥပဒေပုဒ်မ-၃၀(က)(ခ)ဖြင့် အဆင့်ဆင့်ဆောင်ရွက်နိုင်ရန်လည်း အခွင့်အရေးပေးထားပြီး ဖြစ်ပါသည်။ သို့ပါသော်လည်း လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ခါတ်ဆီဆိုင် ဆောက်လုပ်ခြင်း စသော အခြားနည်းအသုံးပြုမှုများအတွက် (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းအဆိုပြုတင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ခေါ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာကိုယ်ကျန်းမာပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမျိုးခိုင် တင်သွင်းသည့်အဆိုအား လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ကြောင်း ထောက်ခံတင်ပြသွားမည်ဖြစ်ပါတယ်။

ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်တင်သွင်းသည့် အဆိုမှာ ကဝမြို့နယ်တွင်သာမက တိုင်းဒေသကြီးတစ်ခုလုံးတွင် ဖြစ်ပေါ်နေသော အခြေအနေမျိုးဖြစ်ပါတယ်။ လယ်ယာမြေတိုင်းကို အခြားနည်းအသုံးပြုနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ)တွင် ဥပဒေနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်နိုင်ရန် အခွင့်အရေး အဆင့်အဆင့် ပေးထားပြီး ဖြစ်ပါတယ်။ လယ်ယာမြေကို “ ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရ” ဟုလည်း ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ)မှာ တားမြစ်ထားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ အနေဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုလိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထောက်ပြထားသော အဆိုဖြစ်သည့်အတွက် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးခိုင် တင်သွင်းသည့်အဆိုကို ဤလွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ကျန်းမာကိုယ်ကျန်းမာပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိုးညို မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုမှ ဦးမျိုးခိုင် တင်သွင်းသည့် အဆိုအား လွှတ်တော်တွင် လက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြသွားမည်ဖြစ်ပါတယ်။

ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်တင်သွင်းသည့်

အဆိုမှာ ပဲခူးတိုင်းဒေသကြီးတစ်ဝှမ်းလုံးရှိ လယ်ယာမြေများ ဥပဒေမဲ့ အခြားနည်းအသုံးပြုနေခြင်းကြောင့် တိုင်းဒေသကြီးအတွင်း ဆန်စပါးထုတ်လုပ်မှုကို ကျဆင်းစေပါသည်။ "စပါးရှိမှပြည်တည်အံ့"စပါးက ပြည်သူ့အသက်တည်းဟု ဆိုပြန်ရာ ပြည်သူများအသက်ရှင်သန်မှုအတွက် ဆန်စပါးသည် ဘယ်လောက် အရေးကြီးသလဲဆိုတာ မေးစရာကိုလိုမည်မထင်ပါ။ ဆန်စပါးကို အဓိက ထုတ်လုပ်နေသော လယ်ယာမြေ များကို ဥပဒေမဲ့ လုပ်ဆောင်နေပါ၍ စားနပ်ရိက္ခာ ဖူလုံမှုကိုပါ ခြိမ်းခြောက်သလို ဖြစ်နေပါသည်။

ထို့အပြင် တရားဥပဒေမဲ့လုပ်ရပ်များသည် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေပါသည်။ တရားဥပဒေစိုးမိုးမှ ပြည်သူများ၏ လူမှုဘဝများ လုံခြုံအေးချမ်းမည်ဖြစ်ရာ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေသော အဆိုဖြစ်ပါသဖြင့် ဤလွှတ်တော်တွင် ဆက်လက် ဆွေးနွေးသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဦးမျိုးခိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ထို့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့် အတွက် ဦးမျိုးခိုင်၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ဦးမျိုးခိုင် တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ ယနေ့ (၁၆း၀၀)နာရီထက်နောက်မကျဘဲ အမည်စာရင်း ပေးသွင်းကြရန် ဖြစ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၅း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ခုနှစ် ဇူလိုင်လ (၁၂)ရက် (အင်္ဂါနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**တတိယပုံမှန်အစည်းအဝေး**

ဒုတိယနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ ၁၂ ရက် ]**

**(အင်္ဂါနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၀ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၂.၁၁ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်အောင်[မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်အောင်ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]နှင့် ကရင်တိုင်းရင်းသား လူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေးတို့သည် တာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်နှင့် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်နှင့် ဗိုလ်မှူးနိုင်ဝင်းဌေးတို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၂-၇-၂၀၁၆) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၆)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်ဇင် [ ဥက္ကဋ္ဌ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာ ကော်မတီ]**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြ/ကျေးလက်နေပြည်သူများ၏ ဒေသဆိုင်ရာဖွံ့ဖြိုး တိုးတက်မှုနှင့် လူနေမှုဘဝများမြင့်မားတိုးတက်ကောင်းမွန်ပြီး နိုင်ငံတော်၏ အခွန်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုနည်းပါး စေရန်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ တိုးတက်ဖွံ့ဖြိုးနိုင်ရေး အတွက် ပြည်သူနှင့်ထိတွေ့ပြီး ပြည်သူတို့၏အသံ၊ ပြည်သူတို့၏ဆန္ဒများအား ဦးစားပေးအကောင်အထည်ဖော် နိုင်ရေးအတွက် တင်ပြသွားပါမည်။

**ရည်ရွယ်ချက်**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလေ့လာစိစစ်ရေးနှင့်စီမံရေးရာကော်မတီ၏ လုပ်ငန်းများမှာ အမည်ပါ အတိုင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသများ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာစိစစ်ရန်ဖြစ်သဖြင့် ဒေသဆိုင်ရာဖွံ့ဖြိုးမှုများအချိန်နှင့် တပြေးညီအချိုးအစားမှန်ကန်စွာ လျင်လျင်မြန်မြန်တိုးတက်နိုင်ရေးအတွက် မိမိတို့၏ဒေသတွင်းသို့ ကွင်းဆင်းပြီးလေ့လာစိစစ်ရန်နှင့် တွေ့ရှိချက်များအပေါ် အားနည်းချက်/ အားသာချက်များကို လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပြီး ပြည်သူတို့၏ လူနေမှုဘဝများမြင့်တင်ပေးနိုင်ရန် ကြိုးစားလုပ်ဆောင်သွားကြရန် ရည်ရွယ်ပါသည်။

**တင်ပြခြင်း**

(၄. ၇. ၂၀၁၆)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေး ခန်းမတွင် ကော်မတီအစည်းအဝေးကျင်းပခဲ့ပါသည်။အစည်းအဝေးတွင် ကော်မတီဝင်များ၏ ဆွေးနွေးချက် များကို အကျဉ်းချုံ့၍ တင်ပြရလျှင်-

- ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားနည်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားရန်၊
- ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်သည့်ကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းကြိုးကြပ်ရန်၊
- ဒေသများသို့ ကွင်းဆင်းရာတွင် ဒေသခံကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊
- ကုမ္ပဏီလုပ်ငန်းများ၏ လုပ်ငန်း BQ ,BP များနှင့်စာချုပ်များအား သက်ဆိုင်ရာဒေသရှိကိုယ်စားလှယ်များထံသို့ မိတ္တူများရရှိပြီး လုပ်ငန်းတိကျမှန်ကန်စေရန်၊
- အဆောက်အဦ၊ လမ်း၊ တံတားတည်ဆောက်မှုတွင်လည်းကောင်း၊ မြေသားလုပ်ငန်းများတွင်လည်းကောင်း၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ ကုန်ကျစရိတ်များ ပိုမိုရေးဆွဲထားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ ယိုစိမ့်မှုများမြောက်မြားစွာ ဖြစ်ပေါ် နေခြင်းအား လေ့လာစိစစ်ရန်၊
- လွှတ်တော်အစည်းအဝေးများမစတင်မီ စီမံရေးရာကော်မတီမှ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ခေါ်သင့်ကြောင်း တင်ပြဆွေးနွေးကြပါသည်။

**နိဂုံး**

ဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်နိုင်ရန်အတွက် ကော်မတီ၏ ၂၀၁၆ခုနှစ်၊ မေလ(၂)ရက်နေ့ ပထမအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက်များအရခရိုင်အလိုက်ကွင်းဆင်းဆောင်ရွက်ရန်နှင့် ဆောင်ရွက်ချက် မှတ်တမ်းများအပေါ် လေ့လာသုံးသပ်ပြီး ပြည်သူတို့၏ ဘဝများမြင့်တင်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတော် ဘဏ္ဍာငွေများယိုစိမ့်မှုပပျောက်စေရန်အတွက် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား ဥပဒေပြုရေးကော်မတီ အတွင်းရေးမှူး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးလင်းလင်းကျော် [အတွင်းရေးမှူး၊ ဥပဒေပြုရေးကော်မတီ]**။ ။ ဥပဒေပြုရေးကော်မတီအနေဖြင့် ၂၀၁၆ ခုနှစ် မေလ၊ (၆)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း ၂၀၁၆ ခုနှစ်၊ မေလ၊ (၃၀)(၃၁)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ နှစ်ရပ်တို့၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ခုနှစ်၊ ဇွန်လ၊ (၁၅)(၁၆)ရက်နေ့တွင် ကော်မတီနှစ်ရပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ၊ (၁၆)ရက်နေ့ နေ့လယ် (၁၂)နာရီတွင် ဥပဒေပြုရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ၊ (၃၀)ရက်နှင့် ဇူလိုင်လ(၁)ရက်နေ့တွင် ကော်မတီနှစ်ရပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်ထည်ဖော် နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သက်တမ်းတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေများကို သက်ဆိုင်ရာကော်မတီအလိုက် ပြန်လည်လေ့လာသုံးသပ်၍ တွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြရန် ရည်ရွယ်ပါသည်။
- ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်(၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေအား၊ ပြင်ဆင်ဖြည့်စွက်နိုင်ရန်ရည်ရွယ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၆ - ၅ - ၂၀၁၅ ရက်နေ့တွင် ဥပဒေပြုရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၆)၏ အစည်းအဝေဆုံးဖြတ်ချက်အရ ပထမအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းတွင် အတည်ပြု ပြဋ္ဌာန်းခဲ့သောဥပဒေများအနက်မှ ကော်မတီများနှင့်သက်ဆိုင်သော အောက်ပါဥပဒေစာရင်းအရ

**ကော်မတီများနှင့် သက်ဆိုင်ရာဥပဒေများစာရင်း**

- **ဥပဒေပြုရေးကော်မတီ**
  - ပုဂ္ဂလိကယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ၊

- ယစ်မျိုးခွန် ဥပဒေ၊
- ကျေးရွာထင်းစိုက်ခင်း ဥပဒေ၊
- ဆားနှင့်ဆားထွက်ပစ္စည်းများ ဥပဒေ၊
- ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံများကြီးကြပ်ရေး ဥပဒေ၊
- ပုဂ္ဂလိက စက်တပ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေ၊

- **ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ**
  - မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ၊
  - လမ်းများ၊ တံတားများဥပဒေ၊
- **စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ**
  - ရေချိုငါးလုပ်ငန်းဥပဒေ၊
  - အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ၊
  - တိရိစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ၊
  - ဓါတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝဓါတ်မြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ၊
- **စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
  - စည်ပင်သာယာရေးဥပဒေ၊
  - ကုန်တင်၊ ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေ၊
- **ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ**
  - ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ၊
  - ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်ခြင်းဥပဒေ၊
  - ဇာတ်ရုံများကြီးကြပ်ရေးဥပဒေ၊
  - တိုင်းရင်းဆေးဥပဒေ၊
  - သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေ၊

**လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

အသေးစားနှင့်အလတ်စား လျှပ်စစ်ဓါတ်အားလုပ်ငန်းဥပဒေတို့အား သက်ဆိုင်ရာ ကော်မတီအလိုက် ပြန်လည်သုံးသပ်၍ တွေ့ရှိလေ့လာချက်များအား လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန် ဆုံးဖြတ်ခဲ့ပြီး ဥပဒေပြုရေးကော်မတီ(၆/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

(၃၀-၅ -၂၀၁၆) ရက်နေ့နှင့် (၃၁-၅-၂၀၁၆)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအား ပုဒ်မတစ်ခုချင်းအလိုက် စိစစ်၍ ခေတ်ကာလနှင့်လျော်ညီစွာဖြစ်စေရန် အတွက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကို အသေးစိတ်ဆွေးနွေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး

စည်ပင်သာယာရေးဥပဒေ အခန်း (၁) မှ (၁၅) အထိ စိစစ်သုံးသပ်ခဲ့ပါသည်။

(၁၅-၆-၂၀၁၆)နှင့် (၁၆-၆-၂၀၁၆)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအား ပုဒ်မတစ်ခုချင်းအလိုက်စိစစ်၍ ခေတ်ကာလနှင့်လျော်ညီစွာ ဖြစ်စေရန်အတွက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကို အသေးစိတ်ဆွေးနွေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ အခန်း (၁၆) မှ (၁၉) အထိ စိစစ်သုံးသပ်ခဲ့ပါသည်။

(၃၀ -၆-၂၀၁၆) ရက်နေ့တွင် ဥပဒေပြုရေးကော်မတီမှ အောက်ပါတို့ကိုဆုံးဖြတ်ခဲ့ပါသည်။

- ပေါင်းတည်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ လ- ၂၃၀၄၄၈ ရဲတပ်သား အောင်သူရက ငွေကြေး လိမ်လည်ပြီး ပြန်လည်ပေးအပ်ခြင်းမရှိသည့်အတွက် နစ်နာမှုအား ကူညီဖြေရှင်းပေးရန် တိုင်ကြားသူ ဦးအောင်ကိုကို၏စာနှင့် ပတ်သက်၍ ရဲတပ်သား အောင်သူရအား ပြည်သူ့ရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်ပေးနိုင်ရန် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးထံ အကြံပြုစာပေးပို့ရန်၊
- ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့် လမ်းကော်မတီတို့ ငွေအလွဲသုံးစား ပြုထားမှုနှင့် ရွာသာယာကျေးရွာ၏ အများပြည်သူပိုင်ငွေများ အလွဲသုံးစားပြုထားသည်ဟူသော တိုင်စာနှစ်စောင်အား စုံစမ်းစစ်ဆေးရန်အတွက် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ စာထွက်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံတင်ပြရန်ဆုံးဖြတ်သည်။

(၃၀-၆-၂၀၁၆)နှင့် (၁-၇-၂၀၁၆)ရက်နေ့တွင် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ကော်မတီနှစ်ရပ်၏ ပူးပေါင်းအစီရင်ခံစာနှင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥပဒေအမှတ် (၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအား ပုဒ်မတစ်ခုချင်းအလိုက် စိစစ်၍ ခေတ်ကာလနှင့်လျော်ညီစွာ ဖြစ်စေရန်အတွက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သည်များကို အသေးစိတ်ဆွေးနွေးပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေအခန်း (၁) မှ (၁၉)အထိ စိစစ်သုံးသပ်ချက် များအား မှတ်တမ်းတင်ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၀/၀၆)ကို ရုပ်သိမ်း ခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

- ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ (၆/၂၀၁၆) အစီရင်ခံစာပါကျန်ရှိသည့် ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**နိဂုံး**

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှစ်ရပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့် ဆပ်သွားခြုံကျေးရွာ ရွာချင်းဆက်လမ်းအား အရှည်(၃)မိုင်၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ သူဌေးကုန်းကျေးရွာ အရှေ့ဘက်အရှည်(၁)မိုင်ခွဲရှိသော ကြာတောအိုင်ရိုးမြောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ပေါက်တန်းကျေးရွာနှင့် ပုဂံကျေးရွာ ရွာချင်းဆက်လမ်းအား မြေသားဂဝံကျောက်ခင်းလမ်း အရှည် (၁)မိုင် (၄)ဖာလုံ၊ အကျယ်ပေ (၂၀) ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုနှင့် ဖိုးဦးစိန်ကျေးရွာ ရွာချင်းဆက်လမ်းအား အရှည်(၃)မိုင် (၆)ဖာလုံ၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံလမ်း ဖောက်လုပ်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းအား အသစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်

(၅) **"ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာ ရွာချင်းဆက် မြေသားဂဝံ လမ်းပေါ်ရှိ အရှည်ပေ(၂၀) တံတားအသစ်(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုတို့အား တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့် ဆပ်သွားခြုံကျေးရွာ ရွာချင်းဆက်လမ်းအရှည် (၃)မိုင်၊ အကျယ်(၁၂)ပေရှိ မြေသားလမ်းကို ပုဂံကျေးရွာသူ/ကျေးရွာသားများမှ(၁၉၉၀)ခုနှစ်တွင် ကိုယ်ထူ/ကိုယ်ထဖြင့်ဖောက်လုပ်ခဲ့ပါသည်။ (၂၀၁၁)ခုနှစ်တွင် ရန်ကုန်မြို့ ရတနာမဥ္ဇူဆရာတော်မှ ဂဝံလမ်းခင်းပေးခဲ့သော်လည်း ယခုအခါတွင် ယာဉ်များသွားလာ၍မရအောင် ပျက်စီးယိုယွင်းနေပါသည်။ သို့ဖြစ်ပါ၍ ဒေသလယ်ယာထွက်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်ရန် အခက်အခဲများရှိခြင်း၊ အရေးပေါ်လူနာများ ဆေးကုသမှုခံယူရန် ဆေးရုံများသို့ အချိန်မီ မရောက်ရှိနိုင်၍ အသက်အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း စသည့်လမ်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အခက်အခဲဒုက္ခများနှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် အရှည်(၃)မိုင်၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံ ကျောက်ချောလမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ သူဌေးကုန်းကျေးရွာ၊ အရှေ့ဘက်၊ (၇၃၉)(က)ကွင်း၊ အရှည်(၁)မိုင်ခွဲခန့်ရှိသော ကြာတောအိုင် ရိုးမြောင်းသည် တိမ်ကောလျှက်ရှိနေပါသည်။ အဆိုပါရိုးမြောင်း တိမ်ကောနေ၍ ရေစီးရေလာ မကောင်းမွန်ခြင်းကြောင့် နှစ်စဉ်စိုက်ပျိုးမြေဧက (၂၀၀)ကျော်ခန့် ပျက်စီးဆုံးရှုံးနေပါသည်။ သို့ဖြစ်ပါ၍ အရှည်(၁)မိုင်ခွဲရှိသော ကြာတောအိုင်ရိုးမြောင်းအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ပေါက်တန်းကျေးရွာနှင့် ပုဂံကျေးရွာ ရွာချင်းဆက် မြေသားလမ်း အရှည် (၁)မိုင်(၄)ဖာလုံ၊ အကျယ်(၃)ပေရှိ မြေသားလမ်းကို (၂၀၁၃)ခုနှစ်တွင် ပေါက်တန်းကျေးရွာသူ/ကျေးရွာသားများမှ ကိုယ်ထူ/ကိုယ်ထဖြင့် ဖောက်လုပ်ခဲ့ပါသည်။ မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် စက်ဘီး၊ ဆိုင်ကယ်များသွားလာရန် ခက်ခဲခြင်း၊ လမ်းမှာလည်း ကျဉ်းမြောင်းသည့်အတွက် မော်တော်ကားများ သွားလာ၍မရခြင်းကြောင့် လမ်းနှင့်ပတ်သက်သော အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့ဖြစ်၍ ရာသီဥတုမရွေး သွားလာနိုင်သော မြေသားဂဝံကျောက်ခင်းလမ်း အရှည်(၁)မိုင်(၄)ဖာလုံ၊ အကျယ်ပေ(၂၀) ပေါက်တန်းကျေးရွာနှင့် ပုဂံကျေးရွာ ရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုနှင့် ဖိုးဦးစိန်ကျေးရွာ ကျေးရွာချင်းဆက်လမ်းအရှည်(၃)မိုင်(၆)ဖာလုံ၊ အကျယ်(၁၂)ပေရှိ မြေသားလမ်းနှင့် အဆိုပါမြေသားလမ်းပေါ်တွင် ကိုညွှန်းရိုးတံတားအရှည်(၃၀)ပေကိုပုရိုးတံတားအရှည် (၃၂)ပေတို့ကို အဘားကျေးရွာသူ/ကျေးရွာသားများမှ ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ခဲ့ပါသည်။ ယခုအခါတွင် တံတား(၂)စင်းနှင့် လမ်းမှာပျက်စီးယိုယွင်းနေပြီး ဖြစ်ပါသောကြောင့် ဒေသခံရွာသူ/ရွာသားများမှာ လမ်းပန်းဆက်သွယ်ရေးနှင့်

သက်ဆိုင်သော အခက်အခဲ များစွာ ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အဘားကျေးရွာနှင့် ဖိုးဦးစိန်ကျေးရွာ ရွာချင်းဆက် အရှည်(၃)မိုင်(၆)ဖာလုံ အကျယ် ပေ(၂၀)ရှိ မြေသားဂဝံလမ်းဖောက်လုပ်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိတံတား (၂)စင်းအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာ ရွာချင်းဆက် မြေသားဂဝံလမ်းပေအရှည်(၂)မိုင်အတွင်းရှိ အရှည်ပေ(၂၀)တံတားကို (၂၀၁၄-၂၀၁၅)ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ(၄၈)သိန်း၊ ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေ(၇)သိန်း၊ စုစုပေါင်း(၅၅)သိန်းဖြင့် တည်ဆောက်ခဲ့ပါသည်။ ၎င်းတံတားမှာ အောက်ခြေ ရေလိုက်စားပြီး ပြိုကျပျက်စီး သွားပါသည်။ ကျေးရွာသူ/ကျေးရွာသားများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် သက်ဆိုင်သော အခက်အခဲ များစွာကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ပြိုကျပျက်စီးသွားသော တံတားနေရာတွင် တံတားအသစ်(၁)စင်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း(၅)ခုတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့် ဆပ်သွားခြုံကျေးရွာ ရွာချင်းဆက်လမ်းအား အရှည်(၃)မိုင်၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံကျောက်ချောလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့် ဆပ်သွားခြုံကျေးရွာချင်းဆက် လမ်းသည် အရှည်(၃)မိုင်၊ အကျယ်(၁၂)ပေရှိ ဂဝံလမ်းအမျိုးအစားဖြစ်ပြီး ယခုအခါတွင် ယာဉ်များ သွားလာ၍မရအောင် ပျက်စီးယိုယွင်းနေပါသည်။ အဆိုပါလမ်းအား အကျယ်(၂၀)ပေ ချဲ့မည်ဆိုပါက လမ်းတစ်ဖက်တစ်ချက်ရှိ လယ်များနှင့် မလွတ်ကင်းသည့် လယ်သမားများ၏ သဘောတူညီချက်ရရှိမှသာ အခက်အခဲမရှိ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ မြေသားလမ်း အကျယ်(၄)ပေချဲ့ခြင်းတို့အတွက် ကုန်ကျငွေ ကျပ်(၃၀)သန်းနှင့် (၃/ဝမိုင်×၁၂'×ဝ'-၉")ကျောက်ချောခင်းခြင်းအတွက် ကုန်ကျငွေကျပ် (၄၀၅)သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၄၃၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက် ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု(၂) အုပ်စု၊ ကျေးရွာ (၂)ရွာ၊ အိမ်ခြေ(၉၃၂)အိမ်၊ လူဦးရေ (၅၃၃၉)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေး နှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ သူဌေးကုန်းကျေးရွာ အရှေ့ဘက် အရှည် (၁)မိုင်ခွဲ ရှိသော ကြာတောအိုင်ရိုးမြောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ ကြာတော အိုင်ရိုးမြောင်းမှာ ဝေါမြို့နယ်၊ သူဌေးကုန်းကျေးရွာအုပ်စုရှိ ပုကိုင်တာမိုင် (၄/၀)အနီးမှ စတင် စီးဆင်းလာပြီး ကွန်ဒိုင်းရိုးအတွင်းသို့ စီးဝင်ပါသည်။ အဆိုပါရိုးမြောင်းမှာ ယခုအခါ တိမ်ကောလျက်ရှိနေပြီး ရေစီးရေလာ ကောင်းမွန်ခြင်းမရှိသည့်အတွက် လယ်မြေများမှာ ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပါသည်။

ကြာတောအိုင်ရိုးမြောင်း ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် သူဌေးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ်(၇၃၉-က)နှင့် (၇၃၉)တို့ရှိ လယ်မြေဧက(၅၀၀)ခန့်အား ရေနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

ကြာတောအိုင်ရိုးမြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၁. ၅)မိုင်၊ မြေကြီး (၅၁၄၈)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၁. ၁၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ပေါက်တန်းကျေးရွာနှင့် ပုဂံကျေးရွာ ရွာချင်းဆက်လမ်းအား မြေသားဂဝံကျောက်ခင်းလမ်း အရှည် (၁)မိုင် (၄)ဖာလုံ၊ အကျယ်ပေ (၂၀) ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု ပေါက်တန်းကျေးရွာနှင့် ပုဂံကျေးရွာချင်းဆက်လမ်း မှာ အရှည်(၁/၄)မိုင်၊ အကျယ်(၃)ပေရှိ မြေသားလမ်းဖြစ်ပြီး ၂၀၁၃ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသောလမ်းဖြစ်ပါသည်။ မြေသားလမ်း ဖြစ်သည့်အတွက် မိုးရာသီတွင် စက်ဘီး၊ ဆိုင်ကယ်များ သွားလာရန် ခက်ခဲခြင်း၊ လမ်းမှာလည်း ကျဉ်းမြောင်းသည့်အတွက် မော်တော်ကားများ သွားလာ၍ မရခြင်းကြောင့် အခက်အခဲများ ရင်ဆိုင်နေရပါသည်။ အဆိုပါလမ်းအား အဆင့်မြှင့်တင်နိုင်ရေး အတွက် လိုအပ်သော လမ်းအကျယ်ရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လမ်းအား (၂၀)ပေချဲ့မည်ဆိုပါက လမ်းတစ်ဖက်တစ်ချက်ရှိ လယ်ယာမြေပိုင်ရှင်များ၏ သဘောတူညီချက်ရရှိမှသာ အခက်အခဲမရှိ ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။ မြေသားလမ်းတိုးချဲ့ခြင်းအတွက် ကုန်ကျငွေကျပ်(၂၄)သန်းနှင့် (၁/၄မိုင်× ၁၂'×၉") ကျောက်ချောခင်းခြင်းအတွက် ကုန်ကျငွေကျပ် (၁၅၂. ၃၂၅)သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၁၇၆. ၃၂၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ (၅၅၀)အိမ်၊ လူဦးရေ (၂၉၇၀)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုနှင့် ဖိုးဦးစိန်ကျေးရွာ ရွာချင်းဆက်လမ်းအား အရှည်(၃)မိုင် (၆)ဖာလုံ၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံလမ်း ဖောက်လုပ်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းအား အသစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ”မေးခွန်းနှင့်စပ်လျဉ်း၍ ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု ဖိုးဦးစိန် ကျေးရွာချင်းဆက် အရှည်(၃/၆)မိုင် အကျယ်(၁၂)ပေရှိ မြေသားလမ်းနှင့် အရှည်(၃၀)ပေရှိ ကိုညွန့်ရိုးတံတားနှင့်၊ အရှည်(၃၂)ပေရှိ ကိုပုရိုးတံတားတို့အား ကျေးရွာမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပါသည်။ ယခုအခါ တံတား(၂)စင်းနှင့်လမ်းမှာ ပျက်စီးလျှက်ရှိပါသည်။ အဆိုပါ လမ်းအား အကျယ်(၂၀)ပေချဲ့မည်ဆိုပါက လမ်းတစ်ဖက်စီမှ မြေသားလမ်းအား တိုးချဲ့ဖောက်လုပ်ရမည် ဖြစ်ပါသည်။ မြေသားလမ်းချဲ့ခြင်းအတွက် ကုန်ကျငွေကျပ် (၃၇. ၅)သန်း၊ (၃/၆မိုင်×၁၂'×၉'')ကျောက်ချော ခင်းခြင်းအတွက် ကုန်ကျငွေကျပ် (၃၈၀. ၆၂၅)သန်း၊ ကိုညွှန်းရိုးတံတား (၃၀'×၁၄'×၁၂')ရှိ အုတ်ခုံခံ၊ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်းတံတား ဆောင်ရွက်မည်ဆိုပါက ကုန်ကျငွေကျပ် (၃၀)သန်း၊ ကိုပုရိုးတံတား (၃၂'×၁၄'×၁၂')ရှိ အုတ်ခုံခံ၊ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်း တံတားဆောင်ရွက်မည် ဆိုပါက ကုန်ကျငွေကျပ် (၃၂)သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၄၈၀. ၁၂၅)သန်း၊ ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်းနှင့်တံတား ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု(၂) အုပ်စု၊ ကျေးရွာ (၅)ရွာ၊ အိမ်ခြေ(၁၁၇၃)အိမ်၊ လူဦးရေ (၆၁၇၉)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော လမ်းနှင့်တံတားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာ ရွာချင်းဆက် မြေသား ဂဝံလမ်းပေါ်ရှိ အရှည်ပေ(၂၀) တံတားအသစ်(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် စပ်လျဉ်း၍ ဝေါမြို့နယ်၊ လက်ပံကျေးရွာနှင့် မြစ်ကျိုးကျေးရွာချင်းဆက် မြေသားဂဝံလမ်း ပေအရှည် (၂/၀)မိုင်အတွင်းရှိ အရှည်(၂၀)ပေတံတားအား ၂၀၁၄-၂၀၁၅ခု ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ (၄၈)သိန်း၊

ပြည်သူထည့်ဝင်ငွေ (၇)သိန်း၊ စုစုပေါင်း(၅၅)သိန်းဖြင့် တည်ဆောက်ထားသော တံတားဖြစ်ပါသည်။ ၎င်းတံတားမှာ ရေတိုက်စားပြီး ပြိုကျပျက်စီးသွားပါသည်။ ၎င်းပေ(၂၀)တံတားအား ရေထွက်ပေါက် လုံလောက်မှုရှိစေရန်အတွက် (၆၀'×၁၄'×၁၂')ရှိ အုတ်ခုံခံ သစ်သားတံတား တည်ဆောက်ရမည်ဖြစ်ပါသည်။ (၆၀'×၁၄'×၁၂')ရှိ အုတ်ခုံခံ၊ သံဘောင်ယက်မ၊ သစ်သားတံတား ကြမ်းခင်းတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၄၂)သန်း ကုန်ကျမည်ဖြစ်ပါ သည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၁၇၃၂)အိမ်၊ လူဦးရေ (၁၀၂၇၇)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော တံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်မှ ကျန်ရှိသည့်မေးခွန်း(၅)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ဝေါမြို့နယ်၊ ကန်တော်ရပ်ကွက် (အ. လ. က)ခွဲကျောင်းတွင်အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၁၂၀×၃၀) ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ (အ. မ. က) မူလွန်ကျောင်းတွင် ကျောင်းဆောင်သစ် ပေ(၆၀×၃၀) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက် (အ. မ. က)မူလွန်ကျောင်းတွင် ပျက်စီးနေသော အုတ်ကြွပ်အမိုးများအစား သွပ်အမိုးများနှင့် အမြန်ဆုံးအစားထိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ဖိုးစိန္တာစုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(၅) **‘‘ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း (၅)ခုတို့အား တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ ဝေါမြို့၊ ကန်တော်ရပ်ကွက် အ. လ. က(ခွဲ)ကျောင်းတွင် ပေ(၂၀)ပတ်လည် ကျောင်းဆောင်သည် အုတ်နံရံများ အက်ကွဲနေပြီး အန္တရာယ်ရှိ ကျောင်းဆောင်အဖြစ်သို့ ရောက်ရှိနေပါသည်။ ထို့ပြင် စာသင်ခန်း မလုံလောက်သည့်အတွက် ယာယီအဖီ တွဲထိုး၍ စာသင်ကြားနေရပါသည်။ လက်ရှိကျောင်းသားဦးရေမှာ မူလတန်း(၂၃၆)ယောက်၊ အလယ်တန်း (၈၄)ဦးရှိပါသည်။ သို့ဖြစ်ပါ၍ အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၁၂၀×၃၀)ကျောင်း ဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ(အ. မ. က)မူလွန်ကျောင်းတွင် ကျောင်းသားဦးရေ (၁၂၆)ဦး ပညာသင်ကြားလျှက်ရှိပါသည်။ လက်ရှိတွင် မူလွန်အဆင့် ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းအတွက် စာသင်ဆောင်မရှိပါသဖြင့် ယာယီအဖီတွဲ၍ သင်ကြားနေရ ပါသည်။ သို့ဖြစ်ပါ၍ မူလွန်ကျောင်းဆောင်သစ် ပေ(၆၀×၃၀)တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက်၊ အ. မ. က မူလွန်ကျောင်းတွင် မိုးထားသော အုတ်ကြွပ်အမိုးများမှာ အက်ကွဲ၍ မိုးမလုံတော့သည့်အပြင် ပြိုကျပျက်စီးလု အခြေအနေတွင်ရှိပါသဖြင့် အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ်သို့ ရောက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပျက်စီးနေသော အုတ်ကြွပ်အမိုးများအစား သွပ်အမိုးများနှင့် အမြန်ဆုံး အစားထိုးပြန်လည်ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ဖိုးစိန္ဒာစုကျေးရွာတွင် နေထိုင်သူ အိမ်ထောင်စု(၄၂၀)ရှိပြီး လူဦးရေ(၂၁၀၀)ကျော် နေထိုင်လျှက်ရှိပါသည်။ ၎င်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းမရှိပါသဖြင့် ကျေးရွာသူ/ကျေးရွာသားများမှာ မီးဖွားရန်အခက်အခဲများနှင့်ရှိခြင်း၊ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများမရရှိခြင်းစသော ကျန်းမာရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဆေးခန်းတည်ဆောက်ရန်အတွက် မြေနေရာလည်း ရှိပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုတွင် အိမ်ထောင်စု(၈၀၀)ကျော်ရှိပြီး လူဦးရေ(၄၉၀၀)ကျော်ခန့် နေထိုင်လျှက် ရှိပါသည်။ အဆိုပါကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းမရှိပါသဖြင့် ကျေးရွာသူ/ကျေးရွာသားများမှာ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုများမရှိခြင်း၊ မီးဖွားရန်အခက်အခဲများနှင့်ရှိခြင်းစသည့် ကျန်းမာရေး အခက်အခဲ များနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ဆေးခန်းတည်ဆောက်ရန်အတွက် မြေနေရာအလှူရှင်လည်းရှိပါသဖြင့်

ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်း(၅)ခုတို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ ကန်တော်ရပ်ကွက် (အ. လ. က)ခွဲကျောင်းတွင်အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၁၂၀×၃၀) ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကန်တော်အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသားဦးရေ စုစုပေါင်း(၃၂၂)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ(၄)ဦး၊ မူပြ(၁)ဦး စုစုပေါင်း (၆)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၁၂၀ × ၃၀)ပေ (၁)ဆောင်၊ (၂၀ ×၂၀) ပေ (၁)ဆောင် စုစုပေါင်း (၂)ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာမှာ (A-5) ဖြစ်ပါသည်။

အဆိုပါကျောင်းတွင် ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ် ပထမ လျာထားစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ဝေါမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)လ(ခွဲ)တောကြီး (၂)ထ(ခွဲ)အဘား (၃)လ(ခွဲ)အောင်သုခ (၄)လ(ခွဲ)စက်စု (၅)လ(ခွဲ)တကောင်းကွင်း (၆)မူလွန်-ကော့ဝင်း (၇)မူလွန်-အိုးဘိုစု (၈)မူလွန်-အုတ်ဖို(၃) (၉)လ(ခွဲ)မြစ်ကျိုး (၁၀)မူလွန်-အေးချမ်းသာယာ(၁) (၁၁)မူလွန်-ကျွန်းစုတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ (အ. မ. က) မူလွန်ကျောင်းတွင် ကျောင်းဆောင်သစ် ပေ(၆၀×၃၀) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း (၁၂၆)ဦး ရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ် (၁)ဦး၊ လယ်ပြ(၃)ဦး၊ မူပြ(၃)ဦး စုစုပေါင်း (၇)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၅၂ × ၂၂)ပေ (၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာမှာ D-39 ဖြစ်ပါသည်။

အဆိုပါကျောင်း၏ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ် ဒုတိယလျာထားစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ဝေါမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)လ(ခွဲ)တောကြီး (၂)ထ(ခွဲ)အဘား (၃)လ(ခွဲ)အောင်သုခ (၄)လ(ခွဲ)စက်စု (၅)လ(ခွဲ)တကောင်းကွင်း (၆)မူလွန်-ကော့ဝင်း (၇)မူလွန်-အိုးဘိုစု (၈)မူလွန်-အုတ်ဖို(၃)

(၉)လ(ခွဲ)မြစ်ကျိုး (၁၀)မူလွန်-အေးချမ်းသာယာ(၁) (၁၁)မူလွန်-ကျွန်းစုတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက် (အ. မ. က)မူလွန်ကျောင်းတွင် ပျက်စီးနေသော အုတ်ကြွပ်အမိုးများအစား သွပ်အမိုးများနှင့် အမြန်ဆုံးအစားထိုး ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ သစ်စက်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း (၂၅၉)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ(၆)ဦး၊ မူပြ(၁)ဦး စုစုပေါင်း (၈)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၁၂၀ × ၃၀) ပေ (၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာ (A-4) ဖြစ်ပါသည်။

အဆိုပါကျောင်း၏ ကျောင်းဆောင်ဟောင်းအမိုးများပြင်ဆင်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ အသေးစိတ်တွက်ချက်မှုအား အမြန်ဆုံးတင်ပြရန် အကြောင်းကြားထားပြီး ရန်ပုံငွေခွဲဝေပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ဖိုးစိန္ဒာစုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ၇၅ % ကျော်သော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာလူဦးရေ ၂၀၀၀၀ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ ၄၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးသည့် မူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အထူးကိစ္စရပ်အနေဖြင့် သွားလာရေးခက်ခဲခြင်း၊ မိုးရာသီတွင် ကျေးရွာများသို့ရောက်ပေါက်မှုခက်ခဲခြင်း၊ တောင်ပေါ်ဒေသများကိုလည်း ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအဖြစ် ဖွင့်လှစ်ပေးသည့် ခွင့်ပြုပေးနေမှုများလည်း ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန်လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျက်မှခွင့်ပြုနိုင်ရန်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးရန် လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး ငွေတစ်မြို့နယ်လျှင် သိန်း(၂၅၀)စီ ချပေး၍မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GAVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျက်ရှိသည်။လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGOs ထံတောင်းခံသွားမှာ ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တင်ပြတောင်းခံသွားရန် လိုအပ် ပါကြောင်းနှင့် စိစစ်မှုကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ဖိုးစိန္ဒာစုကျေးရွာသည် မြစ်ကျိုးတိုက်နယ်ကျန်းမာရေးဌာန၊ လေးအိမ်စုကျေးလက်ကျန်းမာရေးဌာနခွဲလက်အောက်တွင်ရှိသော ကျေးရွာ(၁)ရွာဖြစ်ပါသည်။ ဖိုးစိန္ဒာစုကျေးရွာသည်မြစ်ကျိုးတိုက်နယ် ကျန်းမာရေးဌာနနှင့် (၂)မိုင်ခန့်၊ လေးအိမ်စုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၁)မိုင်ခန့်သာကွာဝေးပါသဖြင့် ဖိုးစိန္ဒာစု ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနဆေးပေးခန်း တည်ဆောက်ပေးရန်သင့်လျော်မှုမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ၇၅ % ကျော်သော ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာလူဦးရေ ၂၀၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ ၄၀၀၀ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးသည့် မူဝါဒများချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အထူးကိစ္စရပ်အနေဖြင့်သွားလာရေးခက်ခဲခြင်း၊ မိုးရာသီတွင်ကျေးရွာများသို့ ရောက်ပေါက်မှုခက်ခဲခြင်း၊ တောင်ပေါ်ဒေသများကိုလည်း ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအဖြစ် ဖွင့်လှစ်ပေးသည့် ခွင့်ပြုပေးနေမှု များလည်း ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ခွင့်ပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ် ပေးရန် လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး ငွေတစ်မြို့နယ်လျှင် သိန်း(၂၅၀)စီချပေး၍ မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျက်ရှိသည်။ လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGOs ထံတောင်းခံ

သွားမှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တင်ပြတောင်းခံသွားရန် လိုအပ်ပါကြောင်းနှင့် စိစစ်မှုကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာသည် ညောင်ခါးရှည် ကျေးလက်ကျန်းမာရေးဌာနအောက်ရှိကျေးရွာ(၁)ရွာဖြစ်ပြီး အိမ်ထောင်စု(၈၀၀)ကျော်၊ လူဦးရေ(၄၉၀၀) ကျော်ခန့် နေထိုင်လျက်ရှိပါသည်။ အဆိုပါကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းမရှိပါသဖြင့်ကျေးရွာသူ/ ကျေးရွာသားများမှာ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ မရှိခြင်း၊ မီးဖွားရန်အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့နေရပါသဖြင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းဌာနခွဲ တစ်ခုတည်ဆောက်မည်ဆိုပါက အဆိုပါ အခက်အခဲများ ဖြေရှင်းနိုင်မည်ဖြစ်ပါသဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းဌာနခွဲတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၁) "ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့် ဆပ်သွားခြုံကျေးရွာ ရွာချင်းဆက်လမ်းအား အရှည်(၃)မိုင်၊ အကျယ်ပေ(၂၀)ရှိ မြေသားဂဝံကျောက်ချောလမ်း ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာဖြစ်ပါသည်။

ဝန်ကြီးကဖြေကြားသွားသည်မှာ လယ်သမားများနှင့်ညှိနှိုင်းပြီးသဘောတူညီချက်ရရှိမှသာ အခက်အခဲ မရှိ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်ဟု အာမခံပါသည်။ လယ်သမားများနှင့် ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန် ညှိနှိုင်းထားပြီးဖြစ်ပါသည်။ ကိုယ်ထူကိုယ်ထဖြစ်သည့်အတွက် လမ်းမှာတစ်လမ်းတည်း ကျဉ်းမြောင်းပြီး ကားတစ်စီးစာသာသွား၍ရပါသည်။ နောင်တွင်နိုင်ငံတော်အစိုးရမှ လမ်းကိုအဆင့်မြင့်ပြုပြင်သည့်အခါတွင် ၎င်းလမ်းအားချဲ့ရန်အတွက် အလှူရှင်များနှင့်ညှိနှိုင်းဆောင်ရွက်သည်မှာ အဆင်ပြေပါကြောင်း၊ သို့အတွက် ၎င်းလယ်သမားများနှင့် သဘောတူညီမှုရရှိ၍ အခက်အခဲမရှိဘဲ ညှိနှိုင်းပြီးသား ဖြစ်ပါသည်။

နောက်တစ်ခုဝန်ကြီးဖြေထားသည်မှာ ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၉၀၃)အိမ်၊ လူဦးရေ(၅၃၃၉)ဦး အကျိုးပြုသွားလာနိုင်မည်ဟု ဖြေကြားသွားပါသည်။ အမှန်တကယ် ၎င်းလမ်းကို

အကျိုးပြုသွားလာနေရသည်မှာ မြစ်ကျိုး-ဆပ်သွားခြံကျေးရွာအထိ လမ်းမှာတစ်ဆက်တည်းဖြစ်ပြီး ၎င်းလမ်းအပေါ်တွင် ပုဂံကျေးရွာမှာ ရွာလယ်ဖြစ်နေပါသည်။ ၎င်းလမ်းကို အမှီပြုပြီး ဝေါမြို့သို့ သွားလာနိုင်ပါသည်။ ၎င်းလမ်းကို အကျိုးပြုပြီး သွားလာနိုင်သည့် ကျေးရွာအုပ်စုများမှာ ကွေ့ကြီးကျေးရွာအုပ်စုတွင်ပါဝင်သည့် ပေါက်တန်းကျေးရွာ၊ အောက်ကွေ့ကြီးကျေးရွာ၊ အထက်ကွေ့ကြီးကျေးရွာနှင့် မြဂနိုင်ကျေးရွာ၊ ပုဂံကျေးရွာနှင့် တာစုကျေးရွာစသည်ဖြင့် ကျေးရွာအုပ်စုအများအပြားသည် အမှီပြုပြီး သွားလာနေရသည်ဖြစ်သည့်အတွက် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပြီး အရေးပေါ်မရှိသေးလျှင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပါဝင်မည်ဆိုသည်ကို ရှင်းလင်းစွာပြန်လည်ဖြေကြားပေးရန် မေးမြန်းရခြင်းဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၃) “ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ပေါက်တန်းကျေးရွာနှင့် ပုဂံ ကျေးရွာ ရွာချင်းဆက်လမ်းအား မြေသားဂဝံကျောက်ခင်းလမ်း အရှည် (၁)မိုင် (၄)ဖာလုံ၊ အကျယ်ပေ (၂၀) ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ၎င်းလမ်းကို ကျောက်တန်းကျေးရွာသားများက၂၀၁၃ခုနှစ်ကတည်းက ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စဖောက်ကတည်းက တစ်လမ်းတည်းကျဉ်းမြောင်းပါသည်။ လမ်းကိုအဆင့်မြင့်နိုင်သည့် နိုင်ငံတော်အစိုးရမှ ကူညီဆောင်ရွက် ပေးနိုင်သည့်အခါတွင် လမ်းကိုချဲ့ရန် သဘောတူညီမှု ညှိနှိုင်းဆောင်ရွက်ရမည်ဆိုသည်မှာ လမ်းဘေးတစ်ဖက် တစ်ချက်တွင်ရှိသော လယ်သမားများနှင့် ညှိနှိုင်းထားပြီးဖြစ်ပါသည်။ ၎င်းလမ်းမှာ ယခုဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီးသာ သွားလာနိုင်သည်ကို ကြုံတွေ့နေရသဖြင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် သွားမည်ဆိုသည်ကို ရှင်းလင်းစွာ ဖြေကြားပေးရန် တစ်ဆက်တစ်စပ်တည်း မေးမြန်းရခြင်းဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၄) “ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုနှင့် ဖိုးဦးစိန်ကျေးရွာ ရွာချင်းဆက် လမ်းအား အရှည်(၃)မိုင် (၆)ဖာလုံ၊ အကျယ်ပေ(၂၀)ရှိ မြေသား ဂဝံလမ်း ဖောက်လုပ်ပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းအား အသစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ ၎င်းလမ်းကို ကိုယ်ထူကိုယ်ထဖြင့် ကျေးရွာသူကျေးရွာသူများက ဖောက်လုပ်ထားခြင်းဖြစ်ပြီး လမ်းကိုချဲ့ရန် ဒေသခံတောင်သူလယ်သမားများနှင့် ညှိနှိုင်းထားပြီးဖြစ်ပါသည်။ သို့အတွက်ကြောင့် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပါဝင်ဆောင်ရွက်သွားမည်ကို ရှင်းလင်းစွာဖြေကြားပေးရန် တစ်ဆက်တစ်စပ်တည်း မေးမြန်းရခြင်းဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၅) “ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာ ရွာချင်းဆက် မြေသားဂဝံလမ်းပေါ်ရှိ အရှည်ပေ(၂၀) တံတားအသစ်(၁)စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ၎င်းရွာသို့သွားရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲပါသည်။ ရေတက်ရေကျဖြစ်နေသည့်အတွက် ဆိုင်ကယ်ဖြင့်သွား၍မရပါ။ ၎င်းတံတားမှာ အရေးပေါ်လိုအပ်နေသည့်အတွက် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာထံ အချက်အလက်များကို တင်ပြထားပြီး ဖြစ်ပါသည်။ သို့ပါ၍ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည်ကို ရှင်းလင်းစွာ ဖြေကြား ပေးပါရန် တစ်ဆက်တစ်စပ်တည်း မေးခွန်းကို မေးမြန်းရပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ရီရီထိုက်ထပ်မံ၍ မေးမြန်းထားသော ဆက်စပ်မေးခွန်း (၅)ခုနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍

မေးခွန်းအမှတ်စဉ်(၁) ဝေါမြို့နယ်၊ ပုဂံကျေးရွာနှင့်ပတ်သက်ပြီး မေးမြန်းထားသည့် မေးခွန်းတစ်ခုမှာ လယ်သမားများနှင့် သဘောတူညီချက်ရယူရမည်ဆိုသည့်နေရာ၌ လမ်းချဲ့ရာတွင် လမ်း၏ဘေးမှာရှိသော လယ်သမားများမှာ လူပုဂ္ဂိုလ်သာဖြစ်ပြီး တောင်သူလယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ(၇)ထွက်ပြီးသား လယ်သမားများဖြစ်မှသာလျှင် ဤမြေကြီးပေါ်တွင် လမ်းချဲ့ထွင်ရန်ဆောင်ရွက်၍ရမည်ဖြစ်ပါတယ်။ ဒုတိယ အချက်အနေဖြင့် မည်သည့်နှစ်တွင် လုပ်ဆောင်မလဲဆိုသည်မှာ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ၂၀၁၆-၂၀၁၇တွင် ယခင်အစိုးရလက်ထက်အတည်ပြုပြီးသား ဘတ်ဂျက်ကို အကောင်အထည်ဖော်ရသည်ဖြစ်၍ မိမိတို့ အစိုးရအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်စေရန် အစီအစဉ်အတိုင်း ကြိုးစားပေးမည် ဖြစ်ပြီး နိုင်ငံတော်၏ ဘတ်ဂျက်အပေါ် မူတည်ပြီး ရှေ့မှာလည်း အစီအစဉ်များစွာရှိပါကြောင်း၊ တောင်းဆို ထားသည်မှာ များစွာရှိ၍ အစီအစဉ်အတိုင်းတင်ပြပြီး မည်သည့်နှစ်တွင် သေချာပေါက်ပါမည်ဆိုသည်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး ဘတ်ဂျက်တွက်ချက်သည့်အခါတွင် အတိအကျရှင်းလင်းဖြေကြားပေးနိုင်မည် ဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၃) "ဝေါမြို့နယ်၊ ကွေ့ကြီးကျေးရွာအုပ်စု၊ ပေါက်တန်းကျေးရွာနှင့် ပုဂံ ကျေးရွာ ရွာချင်းဆက်လမ်းအား မြေသားဂဝံကျောက်ခင်းလမ်း အရှည် (၁)မိုင် (၄)ဖာလုံ၊ အကျယ်ပေ (၂၀) ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်ပတ်သက်၍ လမ်းတစ်ဖက်တစ်ချက်တွင်ရှိသော တောင်သူလယ်သမား များသည် ၎င်းတို့ပိုင်ဆိုင်သည့် လယ်ယာမြေများအပေါ်တွင် လမ်းချဲ့မည်ဆိုပါက တောင်သူလယ်သမားများ၏ သဘောတူညီမှုဖြင့် ၎င်းတို့၏ လယ်ယာမြေကိုပေးမှ လမ်းကိုချဲ့ထွင်၍ရမည်ဖြစ်သဖြင့် တောင်သူလယ်သမား များ သဘောတူစွာဖြင့်ပေးရန် လိုအပ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ကို မိမိတို့မှ အကောင်အထည် ဖော်နေရခြင်းဖြစ်ပြီး နောက်ထပ်တောင်းဆိုမှုများအား ၂၀၁၇-၂၀၁၈ဘတ်ဂျက်ကို စက်တင်ဘာလတွင် ရေးဆွဲမည်ဖြစ်၍ ၂၀၁၇-၂၀၁၈တွင် ပါဝင်မည်/မပါဝင်ဘူးဆိုသည်ကို ဘတ်ဂျက်ဆွဲစဉ်အခါမှ နိုင်ငံတော်တွင် ရှိသည့် ဘတ်ဂျက်များအား မိမိတို့ဆီမှ တောင်းဆိုမှုများကို ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရမှသာ သေချာစွာ လုပ်ပေးမည်/မလုပ်ပေးမည်ဆိုသည်ကို ပြော၍ရမည်ဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၄) "ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စုနှင့် ဖိုးဦးစိန်ကျေးရွာ ကျေးရွာချင်းဆက် လမ်းအား အရှည်(၃)မိုင် (၆)ဖာလုံ၊ အကျယ်ပေ(၂၀)ရှိ မြေသားလမ်းကို ဂဝံလမ်းဖောက်လုပ်ပေးရန်နှင့် အရှည်ပေ(၃၀)ရှိ ဖွံ့ဖြိုးရေးတံတားနှင့် လူကူးတံတားတည်ဆောက်သည့်နေရာတွင် ကိုယ်ထူကိုယ်ထတံတားကို တည်ဆောက်ခဲ့ရာ ယခင်ဆောက်လုပ်ခဲ့သည့် အရပ်ဘက်ပုဂ္ဂလိက ဆောက်လုပ်ခဲ့မှုသည် ဆောက်လုပ်ရေး

စနစ် မမှန်ကန်ဟုယူဆ၍ ပျက်စီးခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတော်အစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် စနစ်တကျတည်ဆောက်မည်ဆိုလျှင် ကုန်ကျငွေ ၃၈၀. ၆၂၅သန်း ကုန်ကျမည်ဖြစ်ပါသည်။ ကိုညွန်းရိုးဖွံ့ဖြိုးရေးတံတားအတွက် စုစုပေါင်းသန်း(၃၀)၊ ကိုပုရိုးဖွံ့ဖြိုးရေးတံတားအတွက် စုစုပေါင်း(၃၂)သန်း၊ စုစုပေါင်း ၄၈၀. ၁၂၅သန်း ကုန်ကျမည်ဖြစ်သည့်အတွက် ၂၀၁၆-၂၀၁၇ဘတ်ဂျက်တွင် ပါဝင်ခြင်းမရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ဦးစားပေးတင်ပြပေးမည်ဖြစ်သော်လည်း ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှသာလျှင် ဆောက်လုပ်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လမ်းနှင့်တံတားတည်ဆောက်ရေး ဦးစီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေအောက်တွင်မရှိဘဲ ပြည်ထောင်စုမှ တိုက်ရိုက်ကိုင်သည့် ဦးစီးဌာနဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ်အတည်ပြုမှသာလျှင် တည်ဆောက် ပေးနိုင်မည်ဖြစ်ပါသည်။

မေးခွန်းအမှတ်(၅) ဝေါမြို့နယ်၊ လက်ပန်ကျေးရွာနှင့် မြစ်ကျိုးကျေးရွာသို့ သွားသည့်လမ်းပေါ် (၂/၀)မိုင်အတွင်းရှိ အရှည်ပေ(၂၀)တံတားကို ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ(၄၈)သိန်း၊ ပြည်သူ ထည့်ငွေ(၁၇)သိန်း၊ စုစုပေါင်း (၅၅)သိန်းဖြင့် တည်ဆောက်ထားသည်ဟု သိရပါသည်။ ၎င်းတံတားနှင့် ပတ်သက်၍ တောင်းဆိုသည့်နေရာတွင် သစ်သားတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ပေးမည်ဆိုပါက စုစုပေါင်းကျပ်သန်းပေါင်း (၄၂)သန်းကုန်ကျမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၎င်းငွေပမာဏအပေါ် သုံးစွဲခွင့် ရှိ/မရှိကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ တင်ပြဆွေးနွေး ပြီးမှ ဖြေကြားနိုင်မည်ဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်နိုင်ခြင်း မရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ဦးစားပေးအစီအစဉ်အတိုင်းလျာထားပြီး ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်၍ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ရွှေကျင်မြို့နယ်၊ အနောက်ဘက်ကျေးရွာအုပ်စု၊ စားကျက်မြေနှင့် တောင်ဘက်ကျေးရွာ အုပ်စု စားကျက်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရွှေကျင်မြို့နယ်အတွင်းရှိ ပညာရေးဆိုင်ရာဝန်ထမ်းများ ရွှေ့ပြောင်းနေရာချထားမှု ကိစ္စကို မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာအုပ်စု၊ ကျွဲတဲကျေးရွာ၊ မူလတန်းကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၈၀×၄၀)ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရွှေကျင်မြို့နယ်၊ အနောက်ဘက် ကျေးရွာအုပ်စု၊ စားကျက်မြေနှင့် တောင်ဘက်ကျေးရွာအုပ်စု၊ စားကျက်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရွှေကျင်မြို့နယ်အတွင်းရှိ ပညာရေးဆိုင်ရာ ဆရာ/ဆရာမများ ရွှေ့ပြောင်းနေရာချထားမှုကိစ္စ မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ပေးနိုင်မှု ပြုလုပ် ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာအုပ်စု၊ ကျွဲတဲကျေးရွာ၊ မူလတန်းကျောင်းဆောင်သည် ပျက်စီး ယိုယွင်းနေပါသဖြင့် အန္တရာယ်ရှိ ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ (၈၀×၄၀)ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရွှေကျင်မြို့နယ်၊ အနောက်ဘက်ကျေးရွာအုပ်စု၊ စားကျက်မြေနှင့် တောင်ဘက်ကျေးရွာအုပ်စု စားကျက်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် မူလစားကျက်မြေဧကစုစုပေါင်း (၅၇၉၂)ဧကရှိပြီး ပယ်ဖျက်ပြီးဧက(၁၉၈. ၀၀)ဧက၊ ကမ်းပြိုဧက (၂၁၄. ၀၀) ဧက၊ ကျန်ရှိဧက (၅၃၈၀. ၀၀)ဧကဖြစ်ပါသည်။ ပယ်ဖျက်ဧရိယာ(၁၉၈. ၀၀)ဧကအား (၂၀. ၁. ၁၉၉၉) ရက်နေ့တွင်ကျင်းပသည့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပဲခူးမြို့၏ အစည်းအဝေး အမှတ်စဉ်(၁/၉၉)၊ ဆုံးဖြတ်ချက်အပိုဒ် (၁၀)အရ ရွှေကျင်မြို့နယ်၊ အနောက်ဘက်ကျေးရွာအုပ်စုရှိ ကရင်မ သချိုင်းစားကျက်မြေဧရိယာ (၁၉၈. ၀၀)ဧကအား စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီး ၎င်းမြေ(၁၉၈. ၀၀) ဧကတွင် ခလရ(၅၇)၊ ခမရ(၃၄၉)၊ ခမရ(၃၅၀)၊ ဌာနဆိုင်ရာ (၁၄)ခုတို့မှ စိုက်ပျိုးမြေအဖြစ်အသုံးပြုရန် အတွက် စားကျက်မြေပယ်ဖျက်ခွင့်ပြုခဲ့ပါသည်။ အဆိုပါ စားကျက်မြေပယ်ဖျက်ခွင့်ရရှိသည့်မြေအား တပ်ပိုင်မြေအဖြစ်မှ စွန့်လွှတ်၍ ပြန်လည်အပ်နှံခဲ့ပြီး ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေပြင်ဧရိယာ(၁၇၄. ၀၀) ဧကအား တောင်သူ (၅၆)ဦးသို့လည်းကောင်း၊ ကျေးရွာဘုံမြေအဖြစ်(၃၀)ဧကကိုလည်းကောင်း ခွဲဝေသတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

ရွှေကျင်မြို့နယ်၏ ကျန်ရှိစားကျက်မြေ(၅၃၈၀)ဧကတွင် အနောက်ဘက်ကျေးရွာ၌ စားကျက်မြေ (၇၀)ဧက၊ တောင်ဘက်ကျေးရွာ၌ စားကျက်မြေ(၃၂၈)ဧကဖြစ်ပြီး ကျွဲ၊ နွားများ စားသုံးလျက်ရှိပါသဖြင့်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၏ (၂၈. ၃. ၁၉၉၅)ရက်စွဲပါ စာအမှတ်၊ ၁၇/၁၅/အခ(၄)အရ စားကျက်မြေများထိန်းသိမ်းခြင်းကို အောက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ-၆၉၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၇၈တို့အရ ထိန်းသိမ်းဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်မေးမြန်းသည့် မေးခွန်း(၂)နှင့်(၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရွှေကျင်မြို့နယ်အတွင်းရှိ ပညာရေးဆိုင်ရာဝန်ထမ်းများ ရွှေ့ပြောင်းနေရာချထားမှုကိစ္စကို မြို့နယ်အဆင့်အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ထမ်းများ ပြောင်းရွှေ့နေရာချထားခြင်းနှင့်ပတ်သက်၍ မူလတန်းပြများကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ ပညာရေးအလုပ်အမှုဆောင်အဖွဲ့က လျာထားဆောင်ရွက်ပြီး သက်ဆိုင်ရာ ခရိုင်ပညာရေးမှူးရုံး၏ ပညာရေးအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူအတည်ပြုချက်ဖြင့် ပြောင်းရွှေ့ ခန့်ထားနိုင်ပါသည်။

အလယ်တန်းပြနှင့်မူလတန်းကျောင်းအုပ်များ ပြောင်းရွှေ့နေရာချထားခြင်းကို သက်ဆိုင်ရာ ခရိုင် ပညာရေးမှူးရုံး၏ ပညာရေးအလုပ်အမှုဆောင်အဖွဲ့က လျာထားဆောင်ရွက်ပြီး တိုင်းဒေသကြီး ပညာရေးမှူးရုံး ပညာရေးအလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းရွှေ့ခန့်ထားနိုင်ပါသည်။

အထက်တန်းပြများ၏ ပြောင်းရွှေ့နေရာချထားခြင်းကို တိုင်းဒေသကြီးပညာရေးမှူးရုံး ပညာရေး အလုပ်အမှုဆောင်အဖွဲ့က လျာထားဆောင်ရွက်ပြီး အခြေခံပညာဦးစီးဌာနရုံးချုပ်၊ နေပြည်တော် ပညာရေး အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းရွှေ့ခန့်ထားနိုင်ပါသည်။

ပညာရေးဝန်ထမ်းအသစ်များ ရွေးချယ်ခန့်ထားရာတွင် အရည်အချင်းစစ်စာမေးပွဲဖြေဆိုစေပြီး ရေးဖြေရမှတ်နှင့် လူတွေ့အကဲဖြတ်ချက်များအရ ရမှတ်အဆင့်မြင့်သူများကို တိုင်းဒေသကြီးပညာရေးမှူးရုံး ပညာရေးအလုပ်အမှုဆောင်အဖွဲ့က သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများမှ နယ်မြေကျွမ်းကျင်သော မြို့နယ်ပညာရေးမှူး ၊ ဒုတိယမြို့နယ်ပညာရေးမှူးများနှင့် ညှိနှိုင်း၍ လျာထားနေရာချထားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ Cabinet ၏ သဘောတူခွင့်ပြုချက်၊ အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ခန့်ထားပါကြောင်း ပြောင်းရွှေ့ခန့်ထားနိုင်မှု အခြေအနေကို ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာအုပ်စု၊ ကွဲတဲကျေးရွာ၊ မူလတန်း ကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၈၀×၄၀)ကျောင်းဆောင်သစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာအုပ်စု၊ ကွဲတဲကျေးရွာ၊

အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း (၁၃၀)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ (၃)ဦး၊ မူပြ (၃)ဦး၊ စုစုပေါင်း (၇)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၆၀× ၃၀) ပေ (၁)ထပ် (၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်တည်နေရာမှာ (C-2) ဖြစ်ပါသည်။

အဆိုပါကျောင်းကို ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက် (၂၀၁၇-၁၈) ဘဏ္ဍာနှစ်တွင် ပထမဦးစားပေးစာရင်း၌ ထည့်သွင်းလျာထားပေးထားပြီးဖြစ်ပါသည်။ ရွှေကျင်မြို့နယ်တွင်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)ထ(ခွဲ)ဇောတိ (၂)မူလွန်-မဲဇောင်း (၃)မူလွန်-ကျောက်ပုံဆိပ် (၄)အမက-စွယ်တိန်ရွာမ (၅)လ(ခွဲ)လိန်ပင်ဝဲ (၆)လ(ခွဲ)အင်္ဂနီ (၇)မူလွန်-ရုံးတိုင်း (၈)လ(ခွဲ)ဆိပ်ကလေး (၉)အမက-ပန်းဘဲတန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကျေးရွာများတွင် ကျေးရွာပြည်သူများအတွက် တစ်ပိုင်တစ်နိုင် ထင်းစိုက်ပျိုးခြင်းများ ချထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရွှေကျင်မြို့လယ် ရှမ်းကြေးရပ်ကွက်မှ အစပြု၍ စီးဆင်းနေသော ခဝါချောင်းအား ချောင်းနယ်နိမိတ်သတ်မှတ် ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ရွှေကျင်မြို့နယ်၊ ဝိုင်ပျဉ်ရေ ကျေးရွာအုပ်စု၊ သိုက်တူးကုန်းကျေးရွာရှိ သိုက်တူးကုန်း မူလတန်းကျောင်းအား ကျောင်းဆောင်သစ်ဆောက်လုပ် ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုတို့အား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ရွှေကျင်မြို့တွင် ကျေးရွာအုပ်စု (၁၉)အုပ်စုရှိပြီး ရွာအရေအတွက်အားဖြင့် (၆၂)ရွာရှိပါသည်။ ထိုကျေးရွာများတွင် မြေလွတ်မြေရိုင်းများ၊ သစ်တောမြေများရှိကြပါသည်။ ထိုကျေးရွာများရှိ မြေလွတ် မြေရိုင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာစာရေးများ၊ ကျေးရွာများကို တာဝန်ယူရသော မြေတိုင်းစာရေးများသည် တခြားမြို့နယ်မှ စီးပွားရေး လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ကျေးရွာနေပြည်သူ များအား အသိပေးခြင်းမရှိဘဲ ရောင်းချနေကြောင်း ပြည်သူများမှ ပြောကြားလာပါသည်။ ကျေးရွာနေပြည်သူအနေဖြင့် တောထဲတွင် ရှာဖွေစားသောက်ရန်ပင် ခက်ခဲလာသည်ကိုလည်း တွေ့ရပါသည်။ ကျေးရွာနေပြည်သူများသည် မျှစ်၊ မှို၊ ဖလောင်တောင်မွှေး၊ ဇရစ် အစရှိသည့် တောသီးနှံပင်များပါ ခူးယူစားသုံးခွင့်မရခြင်း၊ အိမ်မိုးရန်၊ အချဉ်ဝါးခင်းရန်၊ ဝါးများပင်ခုတ်ယူခွင့် မရခြင်းစသည့် အခက်အခဲများ ကြုံတွေ့လာရပါသောကြောင့် ကျေးရွာများရှိ မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ကျေးရွာပြည်သူများအား တစ်နိုင်တစ်ပိုင် ထင်းစိုက်ခင်းများ ထူထောင်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း တင်ပြရခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက်အတွင်းမှ ရွှေကျင်ချောင်းအတွင်းသို့ စီးဆင်းသော ခဝါချောင်း တစ်ခုရှိပါသည်။ ထိုချောင်းသည် မိုးအခါတွင် ရေပြည့် ရေလျှံဖြစ်၍ ချောင်းအနီးနားရှိ အိမ်များအတွင်းသို့ ရေဝင်ခြင်း၊ ရေလျှံခြင်းများ ဖြစ်ပေါ်လျှက်ရှိပါသည်။ ထိုခဝါချောင်းအတွင်းသို့ ဝင်၍ နေအိမ်များ၊ ခြံစည်းရိုးများ ကာရံဆောက်လုပ်ထားပါသဖြင့် ချောင်း၏ နယ်နိမိတ်ကျဉ်းမြောင်းလာပြီး ချောင်းကော လျှက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ခဝါချောင်း၏ မူလနယ်နိမိတ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းတင်ပြခြင်းဖြစ်ပါသည်။

**ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝိုင်ပျဉ်ရေကျေးရွာအုပ်စု၊ သိုက်တူးကုန်းကျေးရွာရှိ သိုက်တူးကုန်း(မူလွန်)ကျောင်းသည် အမှန်တကယ် အန္တရာယ်ရှိသော ကျောင်းဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ သိုက်တူးကုန်းကျောင်းကို (၉၀'×၃၀') ချထားပေး သင့်ပါကြောင်း တင်ပြပါသည်။

ၚင်းသိုက်တူးကုန်းကျောင်းသည် ၂၀၀၀ခုနှစ်က တည်ဆောက်ရန်ကျလာသောငွေ(၄)သိန်းဖြစ်ပါသည်။ ၚင်းငွေနှင့် ကျေးရွာလူထုထံမှ ငွေများပေါင်းစည်း၍ (၄၀'×၃၀')တည်ဆောက်ထားခဲ့ပါသည်။ ၚင်း အဆောက်အဦသည် ကျောင်းသားဦးရေများခြင်း၊ နံရံအချောမရှိခြင်း၊ ယခုအခါ သစ်သားများပိုးစားခြင်းကြောင့် ပျက်စီးခြင်းနှင့် ကြုံတွေ့နေရပါသည်။ ကျောင်းသားဦးရေမှာ ယခင်နှစ်ဆိုလျှင် (၇၀)ယောက်ရှိပြီး ယခုနှစ် ၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းသားဦးရေနှင့် ကျောင်းဆောင်မမျှတပါသဖြင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း တင်ပြခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကျေးရွာများတွင် ကျေးရွာ ပြည်သူများအတွက် တစ်ပိုင်တစ်နိုင် ထင်းစိုက်ပျိုးခြင်းများ ချထားပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ရွှေကျင်မြို့နယ်တွင် ကျွန်းတောင်ကြိုးဝိုင်း(၆၃၈)ဧကေ၊ ရွှေကျင်ကြိုးပြင်ကာကွယ် တော(၂၈၃၂၀၀)ဧကေ၊ မြေလွတ်မြေရိုင်း(၁၃၃၄၀၈)ဧကေ၊ လယ်/အခြားမြေ(၁၈၇၈၃၈)ဧကေ စုစုပေါင်း(၆၀၅၀၈၄) ဧကေရှိပါသည်။

ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၁) ကျေးရွာထင်းစိုက်ခင်းဥပဒေအား ၂၀၁၄ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် ထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ(၂၀၁၄)တွင် အောက်ပါအတိုင်း ဖော်ပြထားရှိပါသည်-

**အခန်း(၃) အပိုဒ်(၄)တွင်**

ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသောကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီမှ သတ်မှတ်ထားသော သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံ ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုပါရန်လျှောက်ထားရမည်။

**အခန်း(၃) အပိုဒ်(၆)တွင်**

ညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာမြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ စိစစ်ချက်နှင့် သဘောထားမှတ်ချက်တို့ကိုရရှိလျှင်-

- ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်း ဖြစ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန(ယခု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၏ သဘောတူညီချက် ကြိုတင်ရယူ၍ မြို့နယ်ထင်းစိုက်ခင်းကြီးကြပ် ရေးကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြရမည်။
- ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုသော နယ်မြေဒေသသည် မြေလွတ်မြေရိုင်းနှင့် အစိုးရစီမံခန့်ခွဲနိုင်ခွင့်ရှိသောမြေတွင်ဖြစ်ပါက မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ မိမိ၏သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြရမည်။

**အခန်း(၄) အပိုဒ်(၁၀)တွင်**

- ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြို့နယ်ထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါသည်။

**အခန်း(၄) အပိုဒ်(၁၃)တွင်**

- ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ရရှိသော ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းလုပ်ငန်း ဆောင်ရွက်လိုသူများပါဝင်သော အသုံးပြုသူများ အဖွဲ့ကို ဖွဲ့စည်းရမည်။

**အခန်း(၄) အပိုဒ်(၁၄)တွင်**

- ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများအဖွဲ့မှ အဖွဲ့ဝင်(၇)ဦး(သို့မဟုတ်)(၉)ဦးဖြင့် ဖွဲ့စည်းရမည်။
- ကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့ကို ကော်မတီအဖွဲ့ဝင်များ ဆန္ဒဖြင့် တာဝန်ပေးအပ်ရမည်။

ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် ကျေးရွာများမှ လျှောက်ထားလာပါက မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမြေနေရာ စိစစ်ရွေးချယ်ခြင်း၊ အသုံးပြုသူများအဖွဲ့မှ ဖွဲ့စည်း၍တင်ပြလာသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီအဖွဲ့အား အတည်ပြုခြင်း၊ ကျေးရွာ

ထင်းစိုက်ခင်းတည်ထောင်ခွင့်ရရှိပါက သစ်တောဦးစီးဌာနမှ စိုက်ပျိုးရန် နည်းပညာကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာကျေးရွာမှ ကျေးရွာထင်းစိုက်ခင်းတည်ထောင်လိုပါက ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာနထံသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ သစ်တောနယ်မြေအတွင်း ကျရောက်ပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောတူညီမှုရယူရန် မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့်လည်းကောင်း၊ မြေလွတ်မြေရိုင်းနှင့် အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်ပါက မြို့နယ်ထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက်နှင့်အတူ ညွှန်ကြားရေးမှူးသည် တိုင်းဒေသကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ထံ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းအား ခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ရရှိသူများမှ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥပဒေ အမှတ်(၁)၊ ကျေးရွာထင်းစိုက်ခင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်လှလှဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ရွှေကျင်မြို့လယ် ရှမ်းကြေးရပ်ကွက်မှအစပြု၍ စီးဆင်းနေသော ခဝါချောင်းအား ချောင်းနယ်နိမိတ်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ရွှေကျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာသော ရွှေကျင်မြို့ ရှမ်းကြေးရပ်ကွက်အတွင်းမှ ရွှေကျင်ချောင်းအတွင်းသို့ စီးဝင်သော ခဝါချောင်း၏ မူလနယ်နိမိတ်သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန]**။ ။ ဒေါ်လှလှဝင်း၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ရွှေကျင်မြို့နယ်၊ ဝိုင်ပျဉ်ရေ ကျေးရွာအုပ်စု၊ သိုက်တူးကုန်းကျေးရွာရှိ သိုက်တူးကုန်း မူလတန်းကျောင်းအား ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝိုင်ပျဉ်ရေကျေးရွာအုပ်စု၊ သိုက်တူးကုန်းကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားဦးရေ စုစုပေါင်း (၇၅)ဦးရှိပါသည်။ ဆရာအင်အားမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ (၂)ဦး၊ မူပြ (၄)ဦး၊ စုစုပေါင်း (၇)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၄၀ × ၃၀) ပေ (၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်တည်နေရာမှာ (C-18) ဖြစ်ပါသည်။

အဆိုပါကျောင်းတွင် ကျောင်းဆောင်သစ် (၉၀ × ၃၀) ပေ အသစ်ဆောက်လုပ်ရန်အတွက် (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်၌ ပထမဦးစားပေးစာရင်းတွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ရွှေကျင်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသောကျောင်းများမှာ (၁)ထ(ခွဲ)ဇောတိ (၂)မူလွန်-မဲဇောင်း (၃)မူလွန်-ကျောက်ပုံဆိပ် (၄) အမက-စွယ်တိန်ရွာမ (၅)လ(ခွဲ)လိန်ပင်ဝဲ (၆)လ(ခွဲ)အင်္ဂနီ (၇)မူလွန်-ရုံးတိုင်း (၈)လ(ခွဲ)ဆိပ်ကလေး (၉)အမက-ပန်းဘဲတန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးဒေါ်လှလှဝင်း မေးမြန်းသည့် ကျေးရွာပြည်သူများအတွက် တစ်ပိုင်တစ်နိုင်ထင်းစိုက်ခင်း စိုက်ပျိုးခြင်းများချထားပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်၍ သယံဇာတသစ်တော နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီးမှ ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအနေဖြင့် မိမိ၏ ရွှေကျင်မြို့နယ်တွင် ကျေးရွာပြည်သူများအတွက် တစ်ပိုင်တစ်နိုင်ထင်းစိုက်ပျိုးခြင်းလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေ နှင့်အညီ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပြန်လည်ဆက်သွယ်ညှိနှိုင်းလျှောက်ထားပြီး ကျေးရွာထင်းစိုက်ခင်းများ ပေါ်ပေါက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆက်လက်ပြီး ဆောင်ရွက်ပေးနိုင်မည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၁း၅၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

**ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့နေပြည်သူ ဂရန်အမည်ပေါက်ရရှိရေးနှင့် အခွန်ငွေများရရှိရေးအတွက် ဖဒိုမြို့မြေများ အကွက်ချတိုင်းတာမှုကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ကျောက်တံခါးမြို့နယ် ရဲနွယ်ချောင်းကူး ကုန်ထုတ်တံတားအရှည် (၃၅၀)ပေ၊ အကျယ် (၁၂)ပေရှိ တံတားပြုပြင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ယာဉ်အန္တရာယ်ရှိ လျှပ်စစ်ထရန်စဖော်မာ နေရာရွှေ့ပြောင်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **“ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက် ဈေးတန်းရပ် လမ်းသွယ် (၄)လမ်းမှ အ. ထ. က ကျောင်းအထိ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **“ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ဘိုးပိုက်ဆံ(၂)ရပ်ကွက်၊ မင်းကျောင်းလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ”**နှင့်စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့သည် အိမ်ခြေ ၃၀၀၀ကျော်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၁-၈-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၄၆)အရ မြို့အဖြစ် သတ်မှတ်ပေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့တစ်မြို့ဖြစ်ပါသည်။ သက္ကရာဇ် ၁၈၈၈ခုနှစ်တွင် ဖဒိုကျေးရွာကြီးအား အဘ ဘိုးပိုက်ဆံမှ စတင်တည်ခဲ့ပြီး ယခုအခါ အလွန်စည်ကားသောမြို့တစ်မြို့ ဖြစ်လာသော်လည်း မြို့အင်္ဂါရပ်နှင့်အညီ မြို့နေပြည်သူဂရမ်အမည်ပေါက် ရရှိရေးအတွက် မြို့မြေများ အကွက်ချတိုင်းတာနိုင်ခြင်းကို ယနေ့တိုင် မဆောင်ရွက်နိုင်သေးပါသဖြင့် ဖဒိုမြို့သူ/သားများမှ အမြန်ဆုံး တိုင်းတာပေးနိုင်ရန် စိတ်ဆန္ဒပြင်းပြလျှက် ရှိနေပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပြီး၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် မလုပ်ပေး နိုင်ကြောင်း သိရှိလိုပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကုန်းလယ်ရိုးအုပ်စုနှင့် ဘွဲ့ချင်ကျေးရွာအုပ်စုကြားရှိ ရဲနွယ်ချောင်းကူးတံတားသည် အရှည်(၃၅၀)ပေ၊ အကျယ်(၁၂)ပေရှိသော တံတား တစ်ခုဖြစ်ပါသည်။ အဆိုပါတံတားဖြင့် ကုန်းလည်ရိုး အုပ်စုအတွင်းရှိ ကျေးရွာခွဲ(၁၀)ရွာ၊ ဂျို့ချောင်းအုပ်စုအတွင်းရှိ ဂျို့ချောင်းကြီးရွာ၊ သာယာကုန်းရွာ၊ စလူမြောင်ကျေးရွာ၊ ကြံတောစုရွာနှင့် ဘွဲ့ချင်ကျေးရွာအုပ်စုမှ ခင်တန်းလေးရွာ၊ စာဖြူစုရွာ၊ ကမ်းနားစုရွာ၊ ဗောဓိကွင်းရွာ၊ မိုးမခရွာတို့အပြင် ဒိုက်ဦးမြို့နယ်မှ သူဌေးကုန်းရွာ၊ တောင်စလဲမြောင်ရွာတို့မှလည်း ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးတို့အတွက် မဖြစ်မနေအသုံးပြုနေရသော ချောင်းကူးတံတား ဖြစ်နေပါသည်။

ရဲနွယ်ချောင်းကူးတံတားကြီးကို ဒေသကျေးရွာတွင်းမှ ထွက်ရှိသည့် ဆန်စပါး၊ ပဲ၊ နှမ်းများ တင်ပို့ ရောင်းချရာတွင်လည်းကောင်း၊ လယ်ထွက်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ ကျန်းမာရေးအရ ဖဒိုတိုက်နယ်ဆေးရုံသို့ တက်ရောက်ကုသမှုနှင့် ဆေးရုံကြီးများသို့ တက်ရောက်ကုသမှု တို့တွင် အဆိုပါတံတားအား အသုံးပြုနေရပါသည်။

အဆိုပါတံတားသည် ၂၀၁၄-၁၅ ခုနှစ်တွင် ရဲနွယ်ချောင်းရေကြီးမှုဖြင့် ကျိုးပျက်စီးခဲ့ရာ နိုင်ငံတော်မှ ဖွံ့ဖြိုးရေးရန်ပုံငွေ(၄၀)သိန်းနှင့် ကုန်လယ်ရိုးအုပ်စု ပြည်သူများထည့်ဝင်ငွေ (၁၅၀)သိန်းတို့ဖြင့် ပြန်လည်

ပြုပြင်ထားသော်လည်း ယနေ့အချိန်တွင် ရာသီဥတုဒဏ်၊ ယာဉ်အသွားအလာများမှုတို့ကြောင့် ပျက်စီးယိုယွင်းလာပြီး ဆိုးဝါးနေသော အခြေအနေသို့ ရောက်ရှိနေပါသဖြင့် ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပြီး၊ အစီအစဉ်မရှိပါက မည်သည့် အတွက်ကြောင့် မလုပ်ပေးနိုင်ကြောင်း သိရှိလိုပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၁)ရပ်ကွက် ကွန်းကုန်း-ဖဒို-မြို့ချောင်းလမ်းမပေါ်ရှိ (၂၅၀)ကေဗွီအေထရန်စဖော်မာအား ၁၉၉၁ခုနှစ်ဝန်းကျင်ကတည်းက အဆိုပါနေရာတွင် တည်ထားကာ ယခင်ဖဒိုကျေးရွာအဖြစ်ရှိစဉ်က တစ်ရွာလုံးအား လျှပ်စစ်ဓါတ်အားဖြန့်ဝေမှုအတွက် တည်ဆောက်ထားရှိပါသည်။

ထိုစဉ်က ဖဒိုကျေးရွာသည် ယာဉ်အသွားအလာမများပြားသေးဘဲ ကျောက်ခင်းလမ်းဖြစ်ကာ သစ်ကားများနှင့် ကုန်တင်ယာဉ်အနည်းငယ်၊ အိမ်စီးကားအနည်းငယ်မျှလောက်သာသွားလာနိုင်သော လမ်းဘေး၌ အဆိုပါထရန်စဖော်မာအား တည်ဆောက်ထားရှိမှုသည် ပြဿနာတစ်စုံတစ်ရာမရှိခဲ့ ပါသော်လည်း ယခု(၂၇)နှစ်တာကာလအကြာ ဖဒိုမြို့အဖြစ် တိုးတက်ပြောင်းလဲလာသည်နှင့်အညီ ကွန်းကုန်း-ဖဒို-မြို့ချောင်း-စိန်ကန့်လန့်-မင်းလှ ရိုးမဖြတ်လမ်းမကြီးပေါ်တွင် ဖဒိုမြို့ကြီးအဖြစ် တည်ရှိလာသည့်အတွက် ယာဉ်အသွားအလာများပြားခြင်း၊ရန်ကုန်သို့ အမြန်လမ်းမမှတစ်ဆင့်သွားလာသော အမြန်ယာဉ်များ ပေါ်များလာခြင်း၊ အိမ်စီးကားလေးများလည်း ညောင်လေးပင်၊ ကျောက်တံခါး၊ ပိန်းဇလုပ်မြို့များမှ ဖဒို-မြို့ချောင်း မှတစ်ဆင့် အမြန်လမ်းသို့ သွားလာမှုများပြားလာခြင်းတို့ကြောင့် အဆိုပါထရန်စဖော်မာ တည်ရှိနေမှုသည် ယာဉ်အန္တရာယ်ကျရောက်မှုအတွက် လက်ယပ်ခေါ်နေသလိုဖြစ်နေပါသည်။

ထို့ပြင် အဆိုပါထရန်စဖော်မာသည် ဖဒို အ.ထ.က နှင့် ဖဒို-မြို့ချောင်းလမ်းထိပ်လမ်းဆုံထောင့်တွင် တည်ရှိနေသဖြင့် ကျောင်းတက်ကျောင်းဆင်းတွင် စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားလာနေကြသော ကျောင်းသား၊ ကျောင်းသူများကြိုပို့နေသူများအပြင် ပြည်သူများအတွက်ပါ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဖဒိုနယ်မြေရဲစခန်းမှ လမ်းရှင်းဆောင်ရွက်ပေးနေသော်လည်း အချိန်ပြည့်မဆောင်ရွက်နိုင်သေးပါ။

အဆိုပါထရန်စဖော်မာသည် ယာဉ်သွားလာမှုအတွက် တစ်ဖက်ယာဉ်ကြောအား မျက်ကွယ်ပြုနေခြင်း၊ ယာဉ်စည်းကမ်း နားမလည်သူများအတွက် ယာဉ်တိုက်ခိုက်မှုများတွေ့ကြုံနေရခြင်း၊ ကျောင်းသား/သူများမှာ ယာဉ်တိုက်ခိုက်မှု စိုးရိမ်မှုဖြစ်ပေါ်နေရခြင်းတို့ကြောင့် အဆိုပါ ထရန်စဖော်မာအား ပြောင်းရွှေ့တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပြီး၊ အစီအစဉ် မရှိပါက မည်သည့်အတွက်ကြောင့် မလုပ်ပေးနိုင်ကြောင်း သိရှိလိုပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက်၊ ဈေးတန်းရပ် လမ်းသွယ်(၄)မှ အ.ထ.က ကျောင်းအထိ အရှည်(၂၆၀၀)ပေ၊ အကျယ်(၁၂)ပေရှိပြီး၊ အိမ်ခြေ(၁၅၀)ခန့် နေထိုင်လျှက်ရှိပါသည်။ နေ့စဉ် ကျောင်းသား/

ကျောင်းသူများ အ. ထ. က သို့ ကျောင်းသွားကျောင်းပြန် အသုံးပြုနေရပြီး မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်း သာယာလှပရန် လိုအပ်နေသော လမ်းတစ်လမ်းဖြစ်နေပါသဖြင့် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပြီး၊ အစီအစဉ် မရှိပါကမည်သည့်အတွက်ကြောင့် မလုပ်ပေးနိုင်ကြောင်း သိရှိလိုပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၂)ရပ်ကွက်ရှိ မင်းကျောင်းလမ်း (ပေအရှည် ၃၁၁၀၊ အနံ ၁၀ပေ)ရှိ လမ်းမကြီးသည် ဖဒိုမြို့ရှိ ဈေးပတ်လမ်းနှင့် ခွက်မကျေးရွာ၊ ဘွဲ့ချင်ကျေးရွာ၊ ရှမ်းဒိုးတန်းကျေးရွာအုပ်စုများသို့ ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပြီး အ. ထ. က(ခွဲ) ၂ ရပ်ကွက်၊ သုဿန်၊ ဗြဟ္မစိုရ်ဆီလိမ်း ဘာသာကျောင်းများသို့သွားရသော မိန်းလမ်းမကြီးတစ်ခုဖြစ်ပါသည်။ မင်းကျောင်းဘုန်းကြီးကျောင်းသို့ ဦးတည်ရာလမ်းမကြီးဖြစ်၍ ကျောက်ကြမ်းအဆင့်မှ ပျက်စီးနေခဲ့ပြီး ၎င်းလမ်းမကြီးအား သက်ဆိုင်ရာ ဌာနများမှ ပြုပြင်ပေးခဲ့ခြင်းမရှိသည်မှာ (၁၀)နှစ်ခန့် ကြာမြင့်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၎င်းလမ်းမကြီးအား ပြုပြင်ပေးနိုင်ပါရန်အတွက် ပြည်သူလူထုများကိုယ်စား ရပ်ကွက်ဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ခင်းပေးမည်ကို သိရှိလိုပြီး၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့် မလုပ်ပေးနိုင်ကြောင်း သိရှိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့နေပြည်သူ ဂရန်အမည်ပေါက်ရရှိရေးနှင့် အခွန်ငွေများရရှိရေးအတွက် ဖဒိုမြို့မြေများ အကွက်ချတိုင်းတာမှုကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၀. ၂. ၂၀၁၆)ရက်စွဲပါစာအမှတ်-၅/၁-၁၉/ဦး၁ဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသစ်ထပ်မံ ဖွဲ့စည်းသည့် မြို့များအား ကွက်ကြဲ၊ ကွက်စိတ်မြေတိုင်းတာရေးအတွက် ကုန်ကျစရိတ်အား (BE)တွင် ထည့်မတောင်းထားခဲ့ပါက (RE)(၂၀၁၆/၂၀၁၇)တွင် တင်ပြတောင်းခံသွားရန်ဖြစ်ကြောင်း အကြောင်းကြား လာမှုအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသစ်ထပ်မံဖွဲ့စည်းသည့် မြို့(၉)မြို့နှင့် မြို့မြေအဖြစ်သတ်မှတ်ပြီး ဖြစ်သော ညောင်လေးပင်မြို့နယ် မဒေါက်မြို့၊ ကျောက်တံခါးမြို့နယ် ဖဒိုမြို့၊ ထန်းတပင်မြို့နယ် ဆိတ်ကြီး ရပ်ကွက်၊ ပေါင်းတည်မြို့နယ် ပေါင်းတည်မြို့၊ ပေါက်ခေါင်းမြို့နယ် ပေါက်ခေါင်းမြို့၊ နတ်တလင်းမြို့နယ်

တာပွန်မြို့စသည့်မြို့(၆)မြို့တွင် (၁၆လက်မ-၁မိုင်)စကေးဖြင့် တည်ရှိနေသောကြောင့် (၆၄လက်မ-၁မိုင်) စကေးဖြင့် ခေတ်မီမြေတိုင်းကိရိယာများအသုံးပြု၍ မြို့မြေမူလတိုင်းတာရန် ၂၀၁၆-၂၀၁၇ခုနှစ် မြေတိုင်းရာသီတွင် စုစုပေါင်း မြို့(၁၅)မြို့အား တိုင်းတာနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသုံးစရိတ် ဘတ်ဂျက်မှ ခွဲဝေချမှတ်ပေးနိုင်ပါရန်အတွက် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ (၇. ၆. ၂၀၁၆)ရက်စွဲပါစာအမှတ်-၆၂၄/ပတ-၁ဖြင့် မြို့မြေတိုင်းတာခြင်းလုပ်ငန်း စီမံချက် စာအုပ်(၁)အုပ်နှင့်အတူ အစီရင်ခံတင်ပြတောင်းခံထားခဲ့ပြီးဖြစ်ပါသည်။

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့အပါအဝင် စုစုပေါင်းမြို့(၁၅)မြို့ တိုင်းတာနိုင်ရေးအတွက် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့မှ (၄. ၇. ၂၀၁၆)ရက်စွဲပါစာအမှတ်-၆/၃-၂/ဦး ၆ဖြင့် အုပ်ချုပ်ရေးမှူး၊ ပဲခူးတိုင်း ဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့သို့ လိပ်မူ၍ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပဲခူးမြို့နှင့် ပဲခူးတိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပဲခူးမြို့ တို့သို့ မိတ္တူပေးပို့အကြောင်းကြားလာပါသည်။

သို့ဖြစ်ပါ၍ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့အပါအဝင် စုစုပေါင်းမြို့(၁၅)မြို့ တိုင်းတာနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အသုံးစရိတ်ဘတ်ဂျတ်မှ ၂၀၁၆-၂၀၁၇ခုနှစ်၊ ဘဏ္ဍာရေးနှစ် (RE)တွင်ခွဲဝေချမှတ်ပေးပါက ၂၀၁၆-၂၀၁၇ခုနှစ်မြေတိုင်းရာသီတွင် မြေတိုင်းတာနိုင်မည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။

ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ကျောက်တံခါးမြို့နယ် ရဲနွယ်ချောင်းကူး ကုန်ထုတ်တံတားအရှည် (၃၅၀)ပေ၊ အကျယ် (၁၂)ပေရှိ တံတားပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်တံခါးမြို့နယ်၊ ကုန်းလယ်ရိုးကျေးရွာအုပ်စုနှင့် ဘွဲ့ချင်ကျေးရွာအုပ်စု ကြားရှိ ရဲနွယ်ချောင်းကူးတံတားမှာ (၃၁-၇-၂၀၁၄)ရက်နေ့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးခဲ့ပါသည်။ အဆိုပါတံတားမှာ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် (၄၀)သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် (၁၅၀)သိန်း စုစုပေါင်း (၁၉၀)သိန်းဖြင့် တည်ဆောက်ခဲ့သော (၂၆၅'×၁၂'×၁၀')ရှိ ကွန်ကရစ်တိုင်၊ သစ်သား ကြမ်းခင်းတံတား ဖြစ်ပါသည်။ ယခုအခါ ရာသီဥတု ဒဏ်ကြောင့်လည်းကောင်း၊ လယ်ယာထွက်ကုန်များ သယ်ယူပို့ဆောင်ရာ၌ လှည်းနှင့် ထော်လာဂျီများ အသုံးပြုသွားလာခြင်းတို့ကြောင့် ပျက်စီးနေပါသည်။ ကွင်းဆင်းစစ်ဆေးမှုအရ အဆိုပါတံတားအား ကျေးရွာနေ ပြည်သူများမှ (၆"×၃") I-Beam (၁၈)ချောင်းနှင့် (၆"×၃") သစ်သားယက်မများ အသုံးပြုခဲ့ပြီး (၈'×၈') ကွန်ကရစ်တိုင်များအား မြေဝင်(၁၂)ပေမှ (၁၆)ပေ ခန့်အထိ ပိုင်ရိုက်စိုက်ထူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါ သည်။ သို့ဖြစ်ပါ၍ တံတားတည်ဆောက်ရာ၌ အသုံးပြုခဲ့သည့် I-Beam Size များ မမှန်ကန်ခြင်း၊ ကွန်ကရစ်တိုင်များ မြေဝင်နည်းခြင်းတို့ကြောင့် တံတားအသစ် ပြန်လည်တည်ဆောက်ရမည် ဖြစ်ပါသည်။ အဆိုပါတံတားအား (၂၇၀'×၁၄'×၁၀') ဘိုးပိုင်၊ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်း တံတားတည်ဆောက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၄၀၅)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက

ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ (၁၉)ရွာ၊ အိမ်ခြေ (၁၆၆၂)အိမ်၊ လူဦးရေ (၉၁၈၄)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် လမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ယာဉ်အန္တရာယ်ရှိ လျှပ်စစ်ထရန်စဖော်မာ နေရာရွှေ့ပြောင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ " မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး (အရှေ့)၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ (၁၁/၀. ၄) ကေဗွီ (၂၅၀)ကေဗွီအေ ထရန်စဖော်မာသည် အမှတ်(၁)ရပ်ကွက်ရှိ မီးသုံးသူဦးရေ (၅၃၆)ဦးအား ဓါတ်အား ဖြန့်ဖြူးပေးလျှက်ရှိပြီး ဖဒို အ. ထ. က နှင့် ဖဒို-မြို့ချောင်းလမ်းထိပ် လမ်းဆုံထောင့်တွင် တည်ရှိပါသည်။ အဆိုပါ ထရန်စဖော်မာသည် ဖဒို-စိန်ကန့်လန့်ကားလမ်းဘေးတွင် တည်ရှိပြီး (၁၉၈၅) ခုနှစ်တွင် စတင်တပ်ဆင် ဓါတ်အားဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်ပါသည်။ (၁၁/၀. ၄) ကေဗွီ (၂၅၀)ကေဗွီအေ ရပ်ကွက်(၁) ထရန်စဖော်မာအား အ. ထ. က(ကျောင်း)၊ လမ်းဧရိယာများနှင့် ကင်းလွတ်သော အမှတ် (၁)ရပ်ကွက်၊ မီးသတ်ကွေ့အနီးနေရာသို့ ပြောင်းရွှေ့မည်ဆိုပါက ထရန်စဖော်မာပြောင်းရွှေ့ခြင်းနှင့် လမ်းကျော် (၄၀၀)ဗို့လိုင်း (၁၃၀)ပေခန့် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခန့်မှန်းကုန်ကျစရိတ် ကျပ်(၆၈၉၃၅၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိပါက ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့်ဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက် ဈေးတန်းရပ် လမ်းသွယ် (၄)လမ်းမှ အ. ထ. က ကျောင်းအထိ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့် စပ်လျဉ်း၍ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက်၊ ဈေးတန်းရပ် လမ်းသွယ်(၄)မှ အ. ထ. က

ကျောင်းလမ်းအထိ လမ်းမှာ လက်ရှိအခြေအနေတွင် မြေသားလမ်းဖြစ်ပြီး လမ်းအကျယ်မှာ (၁၈')ရှိပါသည်။ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက် ဈေးတန်းရပ် လမ်းသွယ်(၄)မှ အ. ထ. ကကျောင်းအထိ လမ်းမှာ (၂၆၀၀'×၁၂'×၉")ကျောက်ချောခင်းခြင်း ဆောင်ရွက်မည် ဆိုပါက ခန့်မှန်းကုန်ကျငွေမှာ (၄၃၈. ၂၅)သိန်း ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေလျာထားချက်မှာ ကျပ်(၃၆၃၅)သိန်းဖြစ်ပြီး မြို့ပြလမ်း၊ တံတားဆောင်ရွက်ရန် လျာထားမှုမှာ ဝင်ငွေ၏ (၃၅%)ဖြစ်၍ (၁၂၇၂)သိန်းဖြစ်ပါသည်။ မြို့ပြလမ်း၊ တံတားလုပ်ငန်းများအား ကျောက်တံခါးမြို့၊ ပဲနွယ်ကုန်းမြင့်၊ ဖဒိုမြို့၊ အောင်မြင်မြို့ဖြစ်သော ဒေသ(၄)ခုအတွက် ခွဲဝေဆောင်ရွက်ရပါသည်။ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် ဒေသ(၄)ခုအတွက် မြို့ပြလမ်းတံတားများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါသဖြင့် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် တင်ပြပါလမ်းအား ကတ္တရာလမ်းခင်းပေးရန် လျာထားနိုင်ခဲ့ခြင်းမရှိပါ။ ကျောက်တံခါး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိမိဝင်ငွေပေါ် ရပ်တည်ရသောအဖွဲ့ဖြစ်၍ အဖွဲ့ဝင်ငွေလျာထားချက်နှင့် အညီ မြို့ပြလမ်း၊ တံတားများကို ဆောင်ရွက်ရန် ပြည်သူများ၏ တင်ပြချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ် များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်၍ ဆောင်ရွက်ရပါသည်။

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ဘိုးပိုက်ဆံ(၅)ရပ်ကွက်၊ ဈေးတန်းရပ် လမ်းသွယ် (၄)မှ အ. ထ. က ကျောင်းလမ်းအထိ လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်မှ စ၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ ဝင်ငွေလျာထားချက်နှင့်အညီ အရေးကြီးသော အပိုင်းအလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့်ဝန်ကြီးဌာန]။** ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ကျောက်တံခါးမြို့နယ် ဖဒိုမြို့ ဘိုးပိုက်ဆံ(၂)ရပ်ကွက်၊ မင်းကျောင်းလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တံခါး မြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၂)ရပ်ကွက်ရှိ မင်းကျောင်းလမ်းမှာ လက်ရှိအခြေအနေတွင် ကျောက်လမ်းပျက် ဖြစ်ပြီး ကျောက်လမ်းအကျယ်မှာ (၁၀')ရှိပါသည်။ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၂)ရပ်ကွက်၊ မင်းကျောင်းမှာ (၃၁၁၀'×၁၀'×၇")ကတ္တရာခင်းခြင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေမှာ (၄၁၇. ၅၅)သိန်းဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေလျာထားချက်မှာ ကျပ် (၃၆၃၅)သိန်းဖြစ်ပြီး မြို့ပြလမ်း၊ တံတားဆောင်ရွက်ရန် လျာထားမှုမှာ ဝင်ငွေ၏ (၃၅%)ဖြစ်၍ (၁၂၇၂)သိန်းဖြစ်ပါသည်။ မြို့ပြလမ်း၊ တံတားလုပ်ငန်းများအား ကျောက်တံခါးမြို့၊ ပဲနွယ်ကုန်းမြို့၊ ဖဒိုမြို့၊ အောင်မြင်မြို့ဖြစ်သော ဒေသ (၄)ခုအတွက် ခွဲဝေဆောင်ရွက်ရပါသည်။ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင်

ဒေသ (၄)ခုအတွက် မြို့ပြလမ်းတံတားများ ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါသဖြင့် ၂၀၁၄၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ်တွင် တင်ပြပါလမ်းအား ကတ္တရာလမ်းခင်းပေးရန် လျာထား နိုင်ခြင်းမရှိပါ။ ကျောက်တံခါး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မိမိဝင်ငွေပေါ် ရပ်တည်ရသော တင်ပြချက်နှင့်အညီ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများမှ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်၍ ဆောင်ရွက်ရပါသည်။

ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ (၂)ရပ်ကွက်၊ မင်းကျောင်းလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေး၍ ဝင်ငွေလျာထားချက်နှင့် အညီ အရေးကြီးသော အပိုင်းအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၃) ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့ ယာဉ်အန္တရာယ်ရှိသော လျှပ်စစ်ထရန်စဖော်မာ နေရာ ရွှေ့ပြောင်းပေးရန်ကိစ္စနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးမှ ဖြေကြားသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းပေးမည်ဟု ဖော်ပြထားသော်လည်း အဆိုပါထရန်စဖော်မာသည် မကြာသေးမီက ယာဉ်အန္တရာယ်ကြုံတွေ့နေပြီး တောက်လျှောက်အရေးကြီး လိုအပ်နေပါသဖြင့် ၎င်းယာဉ် အန္တရာယ်ကိုဖြစ်နိုင်ပါက ၂၀၁၇-၂၀၁၈ တွင် ထည့်သွင်းပေးသင့်ပါကြောင်းနှင့် ထည့်သွင်းပေးခွင့်ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးလင်းလင်းကျော်မေးမြန်းသည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ယာဉ်အန္တရာယ်ရှိသည့်အပြင် လျှပ်စစ်အန္တရာယ်ရှိနေသည့် ထရန်စဖော်မာဓါတ်တိုင်များကို ကော်မတီများ ဖွဲ့ပြီး ဆောင်ရွက်နေပါသည်။ ကော်မတီမှ သေချာစွာစိစစ်ပြီး အမှန်တကယ်အန္တရာယ်ရှိပါက REတွင် တင်ပြတောင်းခံပြီး ချက်ချင်းလုပ်ဆောင်ပေးမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဒိုက်ဦး-ဒရယ်မီး-ဖအောင်းစုလမ်းအား ၂၀၁၂ခုနှစ်တွင် ပေပေါင်း (၄၇၀၀) ဂဝံခင်းပြီး ကျန်ရှိပေပေါင်း(၆၃၀၀) ဆက်၍ ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **" ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘိုင်းဒါးချောင်း(ဘလိတ်ချောင်း)အား ပြန်လည်တူးဖော် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ဒိုက်ဦးမြို့နယ် ကျိုက်စကော အရှေ့ကျေးရွာကွင်းရှိ လယ်စိုက်ဧက (၁၀၀၀၀)ခန့် ရေလုံလောက်စွာရရှိနိုင်ရေးအတွက် တိမ်ကောနေသော ချောင်းများ၊ ရိုးများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ ကျေးရွာအဝင်လမ်းသစ်ပေါ်ရှိ (၁၀၃) ကွန်ကရစ် ချောင်းကူးတံတားသည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေမှုအား ပြုပြင် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဒိုက်ဦး ဒရယ်မီး-ဖအောင်းစု ကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသောလမ်းသည် ၁၉၉၃-၁၉၉၄ ခုနှစ်တွင် ဖောက်လုပ်ခဲ့သော ပေ(၁၁၀၀၀)ရှည်ပြီး၊ အကျယ်(၁၂)ပေရှိသည့် အဓိကဆက်သွယ်ရေး ကုန်ထုတ်လမ်းဖြစ်ပါသည်။ ၎င်းလမ်းကို အသုံးပြုသွားလာနေရသော ကျေးရွာများမှာ ကြာအင်းကျေးရွာ၊ ဖအောင်းစုကျေးရွာ၊ ကလိကျေးရွာ၊ ခင်တန်းကျေးရွာတို့ဖြစ်ပါသည်။ အဆိုပါ ဒရယ်မီး-ဖအောင်းစုကျေးရွာဆက်သွယ်သောလမ်းအား (၂၀၁၂) ခုနှစ်တွင် သက်ဆိုင်ရာဌာနမှ ပေ(၄၇၀၀) ဂဝံခင်းပေးခဲ့ပါသည်။ ဆက်လက်ခင်းရန် ပေပေါင်း(၆၃၀၀) ကျန်ရှိနေဆဲဖြစ်ပါသည်။

ယခုအခါ ၂၀၁၂ခုနှစ်က ခင်းပေးခဲ့သော ပေပေါင်း(၄၇၀၀)မှာလည်း ချိုင့်၊ ကျင်းများဖြစ်ပြီး ပျက်စီးနေပါသည်။

ထို့ကြောင့် ကျေးရွာသူ၊ ကျေးရွာသားများမှာ ပျက်စီးနေသော ဂဝံခင်းပြီးလမ်းအပိုင်းအား ပြင်ဆင်ပေးရန်နှင့် ကျန်လမ်းအပိုင်း ဂဝံဆက်ခင်းပေးနိုင်ရန် မျှော်လင့်နေကြပါသည်။

သို့ဖြစ်ပါ၍ ဒိုက်ဦး-ဒရယ်မီး-ဖအောင်းစုကျေးရွာဆက်သွယ်ထားသောလမ်းအား ပြင်ဆင်ပေးရန်နှင့် ကျန်အပိုင်းပေ(၆၃၀၀)အား ဂဝံခင်းပေးခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီး ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘိုင်းဒါးချောင်းသည် ပဲခူးရိုးမမြစ်ဖျားခံ တောင်ပေါ် ပေါက်ချောင်း ဖြစ်ပါသည်။ ဒိုက်ဦးမြို့နယ်အတွင်း မိုင်(၄၀)ခန့် ဖြတ်သန်းစီးဆင်းပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သောချောင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်တွင် ဒိုက်ဦးမြို့နယ်အတွင်း ချောင်းအတော်များများ၏ တစ်စိတ်တစ်ပိုင်းအား တူးဖော်ခဲ့သော်လည်း ဘိုင်းဒါးချောင်းအား တူးဖော်ခြင်းမရှိခဲ့ပါ။ ဘိုင်းဒါးချောင်းသည် မိုးရာသီတွင် ပဲခူးရိုးမမှစီးဆင်းလာသော တောင်ကျရေများနှင့် ကွင်းရေများကြောင့် ရေကြီးရေလျှံခြင်း၊ ချောင်းကျိုးခြင်းများဖြစ်ပေါ် လေ့ရှိပါသည်။ ထို့ပြင် ဘိုင်းဒါးချောင်းအတွင်း သဲနုန်းကျမှုကြောင့် ချောင်းမျက်နှာပြင် တိမ်ကောခြင်း၊ ချောင်းတွင်ကိုင်းပင်များ ပေါက်ရောက်နေသော သောင်ကျွန်းကြီးများ တည်ရှိနေခြင်း နှင့် အချို့နေရာများ ချောင်းအကျယ်ကျဉ်းမြောင်းခြင်းစသည့် အချက်များကြောင့် ရေကြီးရေလျှံ၊ ချောင်းကျိုး ရခြင်းဖြစ်ပါသည်။

ဘိုင်းဒါးချောင်းသည် လယ်ယာမြေနှင့်ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများ လျော့နည်းသက်သာ စေရန် တူးဖော်ဆောင်ရွက်သင့်သောချောင်း ဖြစ်ပါသည်။

ဘိုင်းဒါးချောင်းတူးဖော်ဆောင်ရွက်ခြင်းဖြင့် ဒိုက်ဦးမြို့နယ်အတွင်း ဘိုင်းဒါးချောင်းတစ်လျှောက် ကျေးရွာများ ရေကြီးရေလျှံမှု သိသိသာသာ လျော့နည်းသက်သာလာမည်ဖြစ်ပါသည်။ ထို့အပြင် ချောင်းအောက်ပိုင်းရှိ ရေနက်ကွင်းလယ်ယာမြေများအတွင်း အချိန်စောစွာ စိုက်ပျိုးလာနိုင်မည်ဖြစ်ပါသည်။ ရေကျနောက်စိုက်စပါးအချိန်စော စိုက်ပျိုးလာနိုင်သည်နှင့် တစ်ပြိုင်နက် နွေစပါးနှင့် အခြားသီးနှံများ စိုက်ဧကလည်း လက်ရှိအခြေအနေထက် သိသာစွာတိုးတက်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လယ်ယာမြေနှင့်ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများ လျော့နည်းသက်သာစေရန် ဘိုင်းဒါးချောင်းတူးဖော်ခြင်းလုပ်ငန်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိ မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒိုက်ဦးမြို့နယ်ရှိ ကျိုက်စကော အရှေ့ကျေးရွာအုပ်စုအတွင်း လယ်ယာစိုက်ပျိုးဧက (၁၀၀၀၀)ခန့် ရှိပါသည်။ လယ်ဧက(၃၀၀၀)ကျော်သည် မိုးရေ၊ စိမ့်စမ်းရေနှင့် ဆည်မြောင်းရေချပေးမှုကြောင့် စပါးအောင်ရေရရန်အခက်အခဲမရှိခဲ့ပါ။ ကျန်လယ်ဧက (၆၀၀၀)ကျော်သည် ရေကျနောက်စိုက်များဖြစ်၍ စက်တင်ဘာမိုးကုန်၍ စစ်တောင်းမြစ်ရေကျသည်နှင့် တစ်ပြိုင်နက်လယ်သမားများသည် ၎င်းတို့နှင့်ဆိုင်ရာ ချောင်း၊ ရိုးများကို စက်နှင့်မောင်းတင်လုပ်ဆောင် ရသည်မှာ(၁၀)နှစ် ကျော်ရှိပြီးဖြစ်ပါသည်။ နှစ်ပေါင်းများစွာကြာလာသည်နှင့်အမျှ ချောင်းများ၊ရိုးများ တိမ်ကောပျက်စီး၍ ရေကျနောက်စိုက်ဧက(၆၀၀၀)ကျော်သည် ရေအလုံအလောက်မရရှိသည့် အခက်အခဲ များနှင့် တွေ့ကြုံခဲ့ရပြီး နစ်နာဆုံးရှုံးမှုများ ဖြစ်ခဲ့ကြရပါသည်။ ထိုကဲ့သို့ အခက်အခဲများကြောင့် ကျိုက်စကော အရှေ့ကွင်းရှိ တောင်သူလယ်သမားများသည် အောက်ဖော်ပြပါ ချောင်းများ/ရိုးများအား လယ်ဧက (၁၀၀၀၀)ခန့်၏ ရေအလုံအလောက်ရရှိရေးအခက်အခဲအား ဖြေရှင်းနိုင်ရန် မြို့နယ်ဆည်မြောင်းဦးစီးဌာနသို့ တူးဖော်ပေးရန် တင်ပြထားပါသည်။

ယင်းတို့မှာ-

(၁) မိုးယွန်းကြီးရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း (၁. ၆)မိုင်

(၂) နံကပ်ချောင်းတူးဖော်ခြင်းလုပ်ငန်း (၁)မိုင်

(၃) သာလှိုင်ရိုးတူးဖော်ခြင်းလုပ်ငန်း (၁. ၅)မိုင်

(၄) ကျွဲလမ်းရိုးတူးဖော်ခြင်းလုပ်ငန်း (၅)မိုင်

(၅) လှေလမ်းရိုးတူးဖော်ခြင်းလုပ်ငန်း (၃. ၅)မိုင်

(၆) မြခဲရိုးတူးဖော်ခြင်းလုပ်ငန်း (၁. ၄)မိုင်

(၇) ဝမ်းနှလုံးရိုးတူးဖော်ခြင်းလုပ်ငန်း (၃. ၅)မိုင်

(၈) ဝိုင်မရိုးတူးဖော်ခြင်းလုပ်ငန်း (၃. ၈)မိုင်

(၉) ထိန်ပင်ရိုးတူးဖော်ခြင်းလုပ်ငန်း (၃. ၇)မိုင်

(၁၀) မောင်ဒူးမညွတ်ရိုးတူးဖော်ခြင်းလုပ်ငန်း (၃. ၅)မိုင်

(၁၁) စက်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း (၃. ၄)မိုင်

(၁၂) ပလစ်ချောင်းတူးဖော်ခြင်းလုပ်ငန်း (၃)မိုင်

(၁၃) ကျွဲသေရိုးတူးဖော်ခြင်းလုပ်ငန်း (၂. ၈)မိုင်

(၁၄) ဆားကျင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း (၁. ၅)မိုင်

(၁၅) ကဒါမြောင်းတူးဖော်ခြင်းလုပ်ငန်း (၁)မိုင်

(၁၆) အဆုံဘုရားမြောင်းတူးဖော်ခြင်းလုပ်ငန်း (၁)မိုင်

အဆိုပါချောင်း၊ ရိုး(၁၆)ခုအား တူးဖော်လိုက်မည်ဆိုပါက နှစ်ပေါင်းများစွာ စပါးစိုက်ဧကများအတွက် ရေရရှိရေး ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းကြိုးစားလုပ်ဆောင်ခဲ့ရသည့် တောင်သူလယ်သမားများသည် အဆင်ပြေချောမွေ့စွာ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး စပါးများလည်း အထွက်တိုးလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျိုက်စကောအရှေ့ကွင်းရှိ လယ်စိုက်ဧက (၁၀၀၀၀)ခန့်၏ ရေအလုံအလောက် ရရှိနိုင်စေရန် လယ်သမားများ၏အကျိုးအလို့ငှာ အထက်ဖော်ပြပါချောင်းများ၊ ရိုးများအား တူးဖော် ပေးသင့်ပြီး တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မေးမြန်းအပ်ပါသည်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရန်ကုန်-မန္တလေး ဒဂုံမန်း လမ်းမနှင့် ဖောင်တော်သီကျေးရွာဆက်သွယ်သော ကတ္တရာလမ်းပေါ်ရှိ (၁၀၃)ချောင်းကူးတံတားသည် အရှည်(၂၀)ပေ၊ အကျယ်(၁၆)ပေရှိ ကွန်ကရစ်တံတားဖြစ်ပါသည်။ ၎င်း(၁၀၃)တံတားသည် ၂၀၁၅ခုနှစ်၊ ဇူလိုင်လနောက်ဆုံးပတ်တွင် မုတ်သုန်မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတား၏ Wing Wall တစ်ခု ပြိုလဲခဲ့ပြီး ယခင်ပြိုကျပြီးဖြစ်သော Wing Wall နှစ်ခုရှိ မြေသားများမှာလည်း မိုးရေတိုက်စားပြိုကျခြင်း၊ ချောင်းရေစီး ဒဏ်ကြောင့် တိုက်စားပြီးပြိုကျခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါ ပျက်စီးနေသောတံတားသည် ဖောင်တော်သီကျေးရွာနှင့် ဒဂုံ-မန်းလမ်းမကြီးတို့ အဓိက ဆက်သွယ်ထားသော ပင်မတံတားလမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ယခုအခြေအနေအတိုင်းဆိုပါလျှင် သဘာဝ ဘေးအန္တရာယ်ကြောင့် တံတားမှာ ပြိုကျပျက်စီးနိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ပါသည်။ ထို့ပြင်ခိုင်ခန့်မှုမရှိသောတံတားအား ဖြတ်သန်းလျှက် (၂၂)ဘီးကားကြီးများမှအစ ဖြတ်သန်းသွားလာ နေသည်ကိုလည်း တွေ့ရှိနေရပါသည်။

သို့ပါ၍ ဖောင်တော်သီကျေးရွာအဝင်(၁၀၃)ချောင်းကူးတံတား မိုးဒဏ်၊ ချောင်းရေစီးဒဏ်၊ သဘာဝ ဘေးဒဏ် Win Wall ပြိုကျခြင်း၊ ချဉ်းကပ်လမ်းရေစားပျက်စီးခြင်းများကြောင့် ပြန်လည်ပြုပြင် တည်ဆောက်ရန် လိုအပ်နေပြီး ပြန်လည်ပြုပြင်တည်ဆောက်မည်ဆိုပါက အရှည်(၄၀)ပေ၊ အကျယ်(၁၈)ပေ အထိ တိုးချဲ့ဆောင်ရွက်သင့်ကြောင်း သက်ဆိုင်ရာဌာနသို့ ကျေးရွာနေပြည်သူများမှ တင်ပြထားပြီးဖြစ်ပါ၍ ပြုပြင်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ဒိုက်ဦး-ဒရယ်မီး-ဖအောင်းစုလမ်းအား ၂၀၁၂ခုနှစ်တွင် ပေပေါင်း (၄၇၀၀) ဂဝံခင်းပြီး ကျန်ရှိပေပေါင်း(၆၃၀၀) ဆက်၍ ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ဒိုက်ဦး-ဒရယ်မီး-ဖအောင်းစုကျေးရွာ ဆက်သွယ်သော လမ်းမှာ အရှည် (၂/၀. ၆၇)မိုင်ရှိ မြေသားလမ်း ဖြစ်ပါသည်။ ၂၀၁၂ခုနှစ်တွင်ဒိုက်ဦးမြို့နယ်စည်ပင်မှ (၀/၇. ၁၂မိုင်× ၁၀') ဂဝံလမ်းခင်းပေးခဲ့ပါသည်။ ယခုအခါ ယင်းလမ်းမှာ ပျက်စီးလျှက်ရှိပါသည်။ ဒရယ်မီး-ဖအောင်းစု ကျေးရွာချင်းဆက်လမ်း (၀/၇. ၁၂)မိုင်အား ဂဝံလမ်းပြုပြင်မည်ဆိုပါက ကုန်ကျငွေကျပ် (၃၁. ၃၃)သန်းကုန်ကျမည် ဖြစ်ပြီး ကျန်လမ်း (၁/၁. ၅၄)မိုင်အား ဂဝံခင်းမည်ဆိုပါက ကုန်ကျငွေကျပ် (၆၀. ၈၃)သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၉၂. ၁၅)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ(၄)၊ အိမ်ခြေ(၈၄၄)အိမ်၊ လူဦးရေ (၃၇၄၀)ဦး အကျိုးပြုသွားလာနိုင် မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေး နှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘိုင်းဒါးချောင်း (ဘလိတ်ချောင်း)အား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ ဘိုင်းဒါးချောင်း(ခ) ဘလိတ်ချောင်းမှာ ဒိုက်ဦးမြို့နယ် စစ်ဗိုလ်ကြီးကျေးရွာ၊ ဆာပါခြုံကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ ဖအောင်းစုကျေးရွာ၊ နှင်းပလဲကျေးရွာနှင့် ပန္နတ်ကျေးရွာများတစ်လျှောက် ဖြတ်သန်းစီးဆင်းသော ချောင်းဖြစ်ပါသည်။ ယခုအခါ အဆိုပါချောင်းမှာ သဲနုန်းကျ တိမ်ကောလျက်ရှိပြီး ချောင်းအတွင်း သစ်ပင်၊ ကိုင်းပင်များ ပေါက်ရောက်နေသော ရေလယ်ကျွန်းကြီးများရှိနေခြင်းကြောင့် ရေစီးဆင်းမှု ကောင်းမွန်ခြင်း မရှိဘဲ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ကျေးရွာများနှင့် လယ်မြေများမှာ ရေကြီးရေလျှံမှုနှင့် ကြုံတွေ့နေရပါသည်။

ဘိုင်းဒါးချောင်း(ခ) ဘလိတ်ချောင်းအား ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် စစ်ဗိုလ်ကြီးကျေးရွာ၊ ဆာပါခြုံကျေးရွာ၊ ရေကျော်လေးကျေးရွာ၊ ဖအောင်းစုကျေးရွာ၊ နှင်းပလဲကျေးရွာနှင့် ပန္နတ်ကျေးရွာအုပ်စု အတွင်းရှိ လယ်မြေဧက(၆၅၀၀)ကျော်ခန့်အား များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ကျေးရွာအတွင်း ရေကြီး ရေလျှံမှုမှလည်း အထိုက်အလျောက် ကင်းဝေးစေမည်ဖြစ်ပါသည်။ လတ်တလောအနေဖြင့် ဆောင်ရွက်ထားမှု မရှိသေးသော်လည်း ကွင်းဆင်း၍ ဒေသခံများနှင့်တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။

ဘိုင်းဒါးချောင်း(ခ) ဘလိတ်ချောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား (၁၆)မိုင်၊ မြေကြီး(၃၈၅၃၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၇၂၃. ၁၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ဒိုက်ဦးမြို့နယ် ကျိုက်စကော အရှေ့ကျေးရွာကွင်းရှိ လယ်စိုက်ဧက (၁၀၀၀၀)ခန့် ရေလုံလောက်စွာရရှိနိုင်ရေးအတွက် တိမ်ကောနေသော ချောင်းများ၊ ရိုးများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍

(၁) မိုးယွန်းကြီးရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း(၁. ၆)မိုင်

(၂) နံကပ်ချောင်းတူးဖော်ခြင်းလုပ်ငန်း(၁)မိုင်

(၃) သာလိုင်ရိုးတူးဖော်ခြင်းလုပ်ငန်း(၁. ၅)မိုင်

(၄) ကျွဲလမ်းရိုးတူးဖော်ခြင်းလုပ်ငန်း(၅)မိုင်

(၅) လှေလမ်းရိုးတူးဖော်ခြင်းလုပ်ငန်း(၃. ၅)မိုင်

(၆) မြခဲရိုးတူးဖော်ခြင်းလုပ်ငန်း(၁. ၄)မိုင်

(၇) ဝမ်းနှလုံးရိုးတူးဖော်ခြင်းလုပ်ငန်း(၃. ၅)မိုင်
(၈) ဇိုင်မရိုးတူးဖော်ခြင်းလုပ်ငန်း(၃. ၈)မိုင်
(၉) ထိန်ပင်ရိုးတူးဖော်ခြင်းလုပ်ငန်း(၃. ၇)မိုင်
(၁၀) မောင်ဒူးမည္ဘတ်ရိုးတူးဖော်ခြင်းလုပ်ငန်း(၃. ၅)မိုင်
(၁၁) စက်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း(၃. ၄)မိုင်
(၁၂) ပလစ်ချောင်းတူးဖော်ခြင်းလုပ်ငန်း(၃)မိုင်
(၁၃) ကွဲသေရိုးတူးဖော်ခြင်းလုပ်ငန်း(၂. ၈)မိုင်
(၁၄) ဆားကျင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း(၁. ၅)မိုင်
(၁၅) ကဒါမြောင်းတူးဖော်ခြင်းလုပ်ငန်း(၁)မိုင်
(၁၆) အဆုံဘုရားမြောင်းတူးဖော်ခြင်းလုပ်ငန်း(၁)မိုင်

ယခုတင်ပြလာသော ဖော်ပြပါ ရိုး(၁၆)ခုသည် ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအရှေ့ကျေးရွာကွင်းများရှိ ရေကျနောက်စိုက်နှင့် နွေစပါးစိုက် လယ်မြေများအတွက် အောင်ရေပေးဝေသော ရိုးများဖြစ်ပါသည်။ အဆိုပါ ရိုး/မြောင်းများမှာ ယခုအခါတိမ်ကောလျက်ရှိသဖြင့် လယ်မြေများမှာ အောင်ရေရရှိမှု အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

အဆိုပါရိုးများအား ပြန်လည်တူးဖော်ဆောင်ရွက်ပေးခြင်းအားဖြင့်
(၁) မိုးယွန်းကြီးရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၀၀)ခန့်
(၂) နံကပ်ချောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၅၅၀)ခန့်
(၃) သာလှိုင်ရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၅၀၀)ခန့်
(၄) ကွဲလမ်းရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၁၀)ခန့်
(၅) လှေလမ်းရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၅၀)ခန့်
(၆) မြခဲရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၁၀)ခန့်
(၇) ဝမ်းနှလုံးရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၇၀၀)ခန့်
(၈) ဇိုင်မရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၇၂၀)ခန့်
(၉) ထိန်ပင်ရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၅၀)ခန့်
(၁၀) မောင်ဒူးမည္ဘတ်ရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၅၅၀)ခန့်
(၁၁) စက်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၅၀၀)ခန့်
(၁၂) ပလစ်ချောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၇၀၀)ခန့်
(၁၃) ကွဲသေရိုးတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၇၅၀)ခန့်
(၁၄) ဆားကျင်းမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၇၅၀)ခန့်
(၁၅) ကဒါမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၆၀၀)ခန့်
(၁၆) အဆုံဘုရားမြောင်းတူးဖော်ခြင်းလုပ်ငန်းအတွက် အကျိုးပြုဧက(၄၂၀)ခန့် အကျိုးပြုနိုင်မည် ဖြစ်ပြီး စုစုပေါင်းအကျိုးပြုဧကမှာ (၉၈၆၀)ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက်

(၁) မိုးယွန်းကြီးရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း အလျား(၁. ၆)မိုင်၊ မြေကြီး(၅၅၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၁၁. ၇၈)သန်း

(၂) နံကပ်ချောင်းတူးဖော်ခြင်းလုပ်ငန်းအလျား (၁)မိုင်၊ မြေကြီး(၃၄၃၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၇. ၄၇)သန်း

(၃) သာလှိုင်ရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၁. ၅)မိုင်၊ မြေကြီး(၅၁၅၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၁၁. ၀၅)သန်း

(၄) ကျွဲလမ်းရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၅)မိုင်၊ မြေကြီး(၁၉၈၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၄၁. ၅၄)သန်း

(၅) လှေလမ်းရိုးတူးဖော်ခြင်းလုပ်ငန်းအလျား(၃. ၅)မိုင်၊ မြေကြီး(၁၃၈၆၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၉. ၂၂)သန်း

(၆) မြခဲရိုးတူးဖော်ခြင်းလုပ်ငန်းအလျား(၁. ၄)မိုင်၊ မြေကြီး(၅၅၄၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၁၁. ၈၈)သန်း

(၇) ဝမ်းနှလုံးရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၃. ၅)မိုင်၊ မြေကြီး(၁၃၈၆၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၉. ၁၆)သန်း

(၈) ဇိုင်မရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၃. ၈)မိုင်၊ မြေကြီး(၁၅၀၅၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၃၁. ၆၃)သန်း

(၉) ထိန်ပင်ရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၃. ၇)မိုင်၊ မြေကြီး(၁၄၆၅၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၃၀. ၈၀)သန်း

(၁၀) မောင်ဒူးမည္ဗတ်ရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၃. ၅)မိုင်၊ မြေကြီး(၁၂၀၁၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၅. ၃၉)သန်း

(၁၁) စက်တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း အလျား(၃. ၄)မိုင်၊ မြေကြီး(၁၃၄၆၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၈. ၃၃)သန်း

(၁၂) ပလစ်ချောင်းတူးဖော်ခြင်းလုပ်ငန်း အလျား(၃)မိုင်၊ မြေကြီး(၁၁၈၈၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၅. ၀၅)သန်း

(၁၃) ကျွဲသေရိုးတူးဖော်ခြင်းလုပ်ငန်း အလျား(၂. ၈)မိုင်၊ မြေကြီး(၁၁၀၉၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၂၃. ၄၁)သန်း

(၁၄) ဆားကျင်းမြောင်းတူးဖော်ခြင်းလုပ်ငန်း အလျား(၁. ၅)မိုင်၊ မြေကြီး(၅၉၄၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၁၂. ၆၉)သန်း

(၁၅) ကဒါမြောင်းတူးဖော်ခြင်းလုပ်ငန်း အလျား(၁)မိုင်၊ မြေကြီး(၃၉၆၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၈. ၅၇)သန်း

(၁၆) အဆုံဘုရားမြောင်းတူးဖော်ခြင်းလုပ်ငန်း အလျား(၁)မိုင်၊ မြေကြီး(၃၄၃၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၇. ၄၉)သန်း ဖြစ်ပါသည်။

အဆိုပါရိုး/မြောင်း(၁၆)ခုအတွက် စုစုပေါင်းအလျား( ၄၁. ၂၀)မိုင်၊ မြေကြီး(၁၅၈၆၁၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၃၅. ၄၆၀)သန်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာ အဝင်လမ်းသစ်ပေါ်ရှိ (၁၀၃) ကွန်ကရစ် ချောင်းကူးတံတားသည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးနေမှုအား ပြုပြင်တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီကျေးရွာအဝင် လမ်းသစ်ပေါ်ရှိ (၁၀၃)ကွန်ကရစ်ချောင်းကူးတံတားမှာ (၂၅'×၁၆'×၁၂')ရှိပါသည်။ ၎င်းလမ်းပေါ်ရှိ တံတားအား တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်း၊ တံတားခံနိုင်ဝန်ထက် တင်ဆောင်ဖြတ်သန်းခြင်း ပြုလုပ်သဖြင့် တံတားမှာ Wing Wall များ အက်ကွဲ၍ ချောင်းရေတိုက်စားမှုအား ခံနိုင်ခြင်းမရှိဘဲ Wing Wall (၃)ဘက်မှာ ပျက်စီးလျှက်ရှိပါသည်။ အဆိုပါတံတားအား (၄၀'×၁၈'×၁၂')အုတ်ခုံခံ၊ သံဘောင်ယက်မ၊ သစ်သားတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၄၀. ၄)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါ တံတား ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ(၂)၊ အိမ်ခြေ(၁၉၅၉)အိမ်၊ လူဦးရေ (၉၂၇၈)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောတံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကတုတ်ရွာမမှ ဘောနီကျေးရွာသို့ ဆက်သွယ်သော လမ်း(၁၅)မိုင်ခန့်အား ဂဝံလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈တွင် အပြီးသတ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဒိုက်ဦးမြို့နယ်၌ ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ရာတွင် တောင်သူများ၏ လယ်ယာမြေများ ဆုံးရှုံးသွားသည့်အတွက် နစ်နာကြေးနှင့် လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ကုက္ကိုင်းချောင်း တိမ်ကောမှုအား လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေး နှစ်တွင် စီမံကိန်းတစ်ရပ်အဖြစ် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း (၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် ကတုတ်ရွာမကျေးရွာအုပ်စု ကတုတ်ရွာမနှင့် ဘောနီကျေးရွာအုပ်စု၊ ဘောနီဆက်သွယ်ရေးလမ်းသည် (၇. ၃)မိုင်ရှိပြီး ၂၀၁၆-၂၀၁၇ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂)မိုင်အား လျာထားချက်ကျပြီးသော်လည်း ထိုဆက်သွယ်ရေးလမ်းသည် ဒိုက်ဦးမြို့နယ်အတွင်း ဆက်သွယ်ရေး အကောင်းဆုံးဖြစ်ပါသည်။ ဘောနီကျေးရွာမှ ဒိုက်ဦးမြို့သို့ အမြန်လမ်းမှ သွားရောက်မည်ဖြစ်ပါက မိုင်(၃၀)ခန့်သွားရပါမည်။ ဘောနီကျေးရွာ-ကညင်တပင်ကျေးရွာ-ကတုတ်ရွာမကျေးရွာတို့မှ သွားမည်ဆိုပါက (၁၅)မိုင်ခန့်သာရှိပြီး ဆက်သွယ်ရေးအတို ဆုံးလမ်းဖြစ်၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စအဝဝ အဆင်ပြေချောမွေ့စေပြီး ကျေးရွာအုပ်စုများမှ အိမ်ထောင်စု(၃၀၀၀)နီးပါးမှ ခရီးတို အချိန်တိုနှင့် ဒိုက်ဦးမြို့နယ်ဈေးနှင့်ရုံးစိုက်ရာ နေရာဌာနများသို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့မှတဖန် ဒိုက်ဦးမြို့မှ အရေးပေါ်လူနာတင်ယာဉ်ကားအား အမြန်လမ်းသို့သွားရာတွင် ဒရယ်မီး-အုတ်ရှစ်ကုန်းလမ်းမှ အမြန်လမ်း အထိ (၁၆)မိုင်ရှည်လျားပြီး မိုင်တိုင်(၇၂)မိုင်သို့ ရောက်ရှိပါသည်။ မိုင်တိုင်(၇၂)မှ ဘောနီကျေးရွာလမ်းဘေး မိုင်တိုင်အထိ (၅၈) မိုင်သို့ရောက်ရှိရာတွင် မိုင်အရှည်အားဖြင့် မိုင်(၃၀)လောက်ဝေးလှပါသည်။ ဒိုက်ဦးမြို့မှ ရန်ကုန်-မန္တလေးလမ်းအတိုင်းသွားရာ ကတုတ်ရွာမမှ ဘောနီအမြန်လမ်းအထိ (၁၅)မိုင်လောက် ကွာဝေး ပါသည်။ အဆိုပါဘောနီလမ်းကောင်းမည်ဆိုပါက အရေးပေါ်လူနာတင်ယာဉ်ကားများ အချိန်တိုအတွင်း ရောက်ရှိသည့်အတွက် လူနာများအချိန်မီကုသနိုင်ခြင်း၊ ပညာရေးနှင့်ပတ်သက်လျှင် ကျောင်းသူကျောင်းသားများ သွားလာရေးအဆင်ပြေခြင်း၊ ထုတ်ကုန်များရောင်းချရာတွင် သယ်ယူစရိတ်သက်သာခြင်းနှင့် လူမှု ဆက်ဆံရေးများ ကောင်းမွန်လာနိုင်သည့် အကျိုးကျေးဇူးများ ခံစားရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ကတုတ်ရွာမမှ ဘောနီကျေးရွာသို့ ဆက်သွယ်ရေးလမ်းအား ဂဝံလမ်း ခင်းပေးနိုင်ရန် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈တွင် အပြီးသတ်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်များကိုယ်စား သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒိုက်ဦးမြို့နယ်တွင် ဆည်မြောင်း စီမံကိန်းများတည်ဆောက်ရာတွင် တည်ရှိနေသောဆည်များ ၏ အမည်များမှာ-

| စဉ် | ဆည်အမည် | ပါရှိသောလယ်ဧက (မြောင်းလက်တံ) | တည်ဆောက်နှစ် | ပြီးစီးနှစ် |
|---|---|---|---|---|
| (၁) | ဘောနီဆည် | ၇၄၇-ဧက | ၁၉၉၅-၁၉၉၆ | ၁၉၉၈-၁၉၉၉ |
| (၂) | ကောလိယဆည် | ၂၈၇-ဧက | ၂၀၀၀-၂၀၀၁ | ၂၀၁၁-၂၀၁၂ |

| | | | | |
|---|---|---|---|---|
| (၃) | ပျဉ်ပုံဆည် | ၂၀-ဧက | ၁၉၈၆-၁၉၈၇ | ၁၉၈၈-၁၉၈၇ |
| (၄) | ဘိုင်းဒါးဆည် | ၁၆၂၁-ဧက | ၁၉၉၉-၂၀၀၀ | ၂၀၀၁-၂၀၀၂ |
| (၅) | ရဲနွယ်ဆည် | ၁၆၇-ဧက | ၂၀၀၀-၂၀၀၁ | ၂၀၀၅-၂၀၀၆ |

စုစုပေါင်ကျေးရွာအုပ်စု(၃၂)အုပ်စုနှင့် စုစုပေါင်း(၂၈၄၂)ဧက ဆုံးရှုံးသွားပါသည်။ အဆိုပါ ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိသလို နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမရှိ အသုံးမပြုသော မြောင်းများလည်းရှိနေကြပါသည်။ ထိုသို့ မြောင်းများတည်ဆောက်ရာတွင် လယ်ယာမြေများ ဆုံးရှုံးနစ်နာကြပါသည်။ ရေပေးဝေမှုတွင် တကယ် လိုအပ်သောနေရာအား ရေမရောက်ဘဲ မလိုအပ်သော နေရာများတွင် ရေရောက်ခြင်း၊ လိုအပ်သောနေရာ များတွင် ရေအလုံအလောက်မရရှိခြင်းများ ရှိနေပါသည်။ ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ရာတွင် တောင်သူလယ်သမားများ အနေဖြင့်

(၁) လယ်ယာမြေပိုင်ဆိုင်မှုလျော့နည်းခြင်းဆုံးရှုံးခြင်း။

(၂) ရွာ၏ပတ်ပတ်လည် မြောင်းလက်တံများရှိသည့်အတွက် သဘာဝရေစီးရေလာမရရှိသည့် အခါ မြေဆီမြေနှစ်များမရရှိခြင်း။

(၃) တောင်သူလယ်သမားများအနေဖြင့် မိမိပိုင်လယ်မြေများတွင် ထွန်ယက်စိုက်ပျိုးရန် နွား၊ ထွန်တုံးကိရိယာများနှင့် လယ်ယာသုံးစက်များသည် ဆည်မြောင်းလက်တံများကိုကျော်၍ သွားရသည့်အတွက် အခက်အခဲများစွာကြုံနေရခြင်း။

(၄) မြောင်းမကြီး၊ လက်တက်မြောင်းများ၏ ဘေးဝဲယာဂေါ်တူးမြောင်းများတွင် ရေအမြဲရှိ၍ ခြင်၊ ယင်များပေါက်ပွားကာ ကူးစက်ရောဂါများသည် ကျွဲ၊ နွား၊ အိမ်မွေးတိရစ္ဆာန်များနှင့် ပြည်သူ များထံ ကူးစက်ခြင်းကြောင့် ကျန်းမာရေးအရ ကူးစက်မှုခံရခြင်း။

(၅) နှစ်ရှည်စပါးစိုက်ပျိုးမှုကြောင့် မြေကြီးများနုန်းကျွံခြင်း၊ အချဉ်ဓါတ်ပေါက်ခြင်း၊ ပေါင်းမြက် ထူထပ်ခြင်းနှင့် အထွက်နှုန်းလျော့နည်းခြင်း။

(၆) ဆည်မြောင်း၊ တာတမံမြောင်း လက်တက်များ တားဆီးမှုကြောင့် မိုးရာသီတွင် မိုးရေရွာသွန်း မှုကြောင့် တာတမံအောက်ပြွန်များမှ ရေထွက်မှုနည်း၍ ရေကြီးရေလျှံသည့်အခါများနှင့် များစွာ ကြုံတွေ့ခံစားနေရခြင်း။

(၇) ဆည်မြောင်းတာတမံများ ဖောက်လုပ်ရာတွင် လယ်ယာမြေများပါသွားသည့်အတွက် စိုက်ပျိုးသည့် သီးနှံများ နှစ်ရှည်မစိုက်ပျိုးရသည့်အတွက် သီးနှံထွက်ကုန်လျော့၍ ဆုံးရှုံးနစ်နာခြင်းတို့ကို ခံကြရပါသည်။

သို့ဖြစ်ပါသောကြောင့် မည်သို့ပင် ဆုံးရှုံးနစ်နာစေကာမူ ဒိုက်ဦးမြို့၌ ဆည်မြောင်းစီမံကိန်းများ တည်ဆောက်ရာတွင် တောင်သူများ၏လယ်ယာမြေများ ဆုံးရှုံးသွားသည့်အတွက် နစ်နာကြေးနှင့် လျော်ကြေး များပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်နှစ်တွင်ပေးမည်ကို သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် ကုက္ကိုင်းကျေးရွာ ကုက္ကိုင်းချောင်းသည် ပဲခူးရိုးမကိုအခြေခံ၍ အရှေ့ဘက် ဂုံညင်းတန်းချောင်းအတွင်းသို့ စီးဆင်းခဲ့ပါသည်။ ထိုချောင်းသည် ကုက္ကိုင်းကျေးရွာမှ ဂုံညင်းတန်းချောင်းအဝအထိ (၂)မိုင်(၄)ဖာလုံ ရှည်လျားပြီး နှစ်စဉ် ကုက္ကိုင်းကျေးရွာ ရေနစ်မြုပ် ခဲ့ရပြီး ကုက္ကိုင်း အ.လ.က ကျောင်းခွဲရှိ ကျေးရွာအုပ်စုများမှ ကျောင်းတက်လာကြသော ကျောင်းသား ကျောင်းသူများ စာသင်ကျောင်းရေနစ်မြုပ်ခဲ့ရ၍ ကျောင်းမတက်ရသည့်အခါများစွာကြုံရပါသည်။ ချောင်းနံဘေးရှိ လယ်ယာစိုက်ပျိုးရေးကို အားကိုးအားထားပြုသော တောင်သူလယ်သမားများမှာ စိုက်ပျိုးပြီးချိန်တွင် လယ်ဧက(၃၀၀)နီးပါးခန့် ရေကြီး၊ သဲဖုံးခဲ့၍ ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ခဲ့ရပါသည်။ စိုက်ပျိုးပြီးချိန် သဲချောင်းများတိမ်ကောမှုကြောင့် ရေစီးရေလာကောင်းမွန်အောင် လယ်ယာလုပ်ငန်းများ အချိန်မီစိုက်ပျိုးရောင်းချနိုင်ရေးအတွက် ကုက္ကိုင်းချောင်းအား ပြန်လည်တူးဖော်ပေးရန်ကိုလည်း မဲဆန္ဒရှင်ပြည်သူများမှ အသိပေးတင်ပြထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ဒိုက်ဦးမြို့နယ် ကုက္ကိုင်းချောင်း တိမ်ကောမှုကြောင့် ပြန်လည်တူးဖော်ပေးနိုင်ရန် လာမည့်၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတစ်ရပ်အဖြစ် တူးဖော်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းရပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကတုတ်ရွာမမှ ဘောနီကျေးရွာသို့ ဆက်သွယ်သော လမ်း(၁၅)မိုင်ခန့်အား ဂဝံလမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈တွင် အပြီးသတ်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်၊ ကတုတ်ရွာမကျေးရွာ-ကညင်တပင်ကျေးရွာ-ဘောနီကျေးရွာတို့ ဆက်သွယ်ထားသောလမ်း(ရန်ကုန်-မန္တလေးလမ်းအဟောင်းနှင့် အမြန်လမ်းအထိလမ်း)မှာ အရှည် (၇/၃)မိုင်ရှိပါသည်။ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရန်ပုံငွေဖြင့် (၂/၀မိုင်×၁၂'×၉")ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်(၂၀၃.၁)သန်းဖြင့် လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။)ကျန်လမ်းမိုင် (၅/၃မိုင်×၁၂'×၉")မိုင်အား ကျောက်ချောခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၇၄၈.၉၃)သန်း ကုန်ကျမည်ဖြစ်ပါသည်။အဆိုပါ လမ်းဆောင်ရွက်ပြီးစီးမည်ဆိုပါက ဒိုက်ဦးမြို့နယ်အတွင်း ရန်ကုန်-မန္တလေးလမ်းအဟောင်းနှင့် အမြန်လမ်း အထိ အတိုဆုံး ဆက်သွယ်ရေးလမ်းဖြစ်ပြီး ဒိုက်ဦးမြို့နယ် အနောက်ခြမ်းရှိ ကျေးရွာအုပ်စုများမှ ဒိုက်ဦးမြို့သို့ အချိန်တိုနှင့်သွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောကျန်လမ်း(၅/၃)မိုင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဒိုက်ဦးမြို့နယ်၌ ဆည်မြောင်းစီမံကိန်းများ တည်ဆောက် ရာတွင် တောင်သူများ၏ လယ်ယာမြေများ ဆုံးရှုံးသွားသည့်အတွက် နစ်နာကြေးနှင့် လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ"မေးခွန်းနှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဘောနီဆည်၊ ကောလိယဆည်၊ ပျဉ်ပုံဆည်၊ ဘိုင်းဒါးဆည်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ ရဲနွယ်ဆည်တို့၏ တူးမြောင်းများမှာ လယ်ယာမြေဥပဒေ (၂၀၁၂)မပေါ်မီ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သော ဆည်များဖြစ်ပါသည်။

ယခင်အစိုးရလက်ထက် ပြဋ္ဌာန်းထားသော ဥပဒေညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများအရ နစ်နာကြေးပေးလျော်ခဲ့ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင်လည်း ၎င်းလယ်မြေများအတွက် နောက်ကြောင်းပြန် နစ်နာကြေးနှင့် လျော်ကြေးများပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ကုက္ကိုင်းချောင်း တိမ်ကောမှုအား လာမည့်၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းတစ်ရပ်အဖြစ် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ကုက္ကိုင်းချောင်းမှာ ဒိုက်ဦးမြို့နယ်အတွင်း ပဲခူးရိုးမမှ မြစ်ဖျားခံ၍ ကုက္ကိုင်းကျေးရွာအနီး ဖြတ်သန်းပြီး ကံကလေးကျေးရွာအနီးတွင် ဂုံညင်းတန်းချောင်းအတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါ ချောင်းမှာ သဲနုန်းကျတိမ်ကောနေပြီး ချောင်းကြမ်းပြင်မြင့်တက်လာခြင်းနှင့် ကျဉ်းမြောင်းလာခြင်းတို့ကြောင့် ကုက္ကိုင်း ကျေးရွာအတွင်း ရေကြီးရေလျှံခဲ့ပြီး အ.လ.က ကျောင်းခွဲတွင် စာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူများ သွားလာရေး အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ကုက္ကိုင်းချောင်း ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ကုက္ကိုင်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၃၀၀)ကျော်ခန့်အား ရေကြီးရေလျှံမှုမှ အထိုက်အလျောက် ကင်းဝေးစေမည်ဖြစ်ပြီး ကျေးရွာအတွင်းနှင့် ကျောင်းတက်သွားလာနေကြသော ကျောင်းသား/ကျောင်းသူများ၏ လမ်းပန်းဆက်သွယ်ရေးအတွက်ပါ အဆင်ပြေချောမွေ့လာစေမည်ဖြစ်ပါသည်။

ကုက္ကိုင်းချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂.၅)မိုင်၊ မြေကြီး (၁၆၆၄၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၄.၆၆၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်၍ ဝန်ကြီးဖြေကြားသွားသည်မှာ ယခင်အစိုးရလက်ထက်ပြဋ္ဌာန်းထားသောဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် နစ်နာကြေးပေးလျော်နိုင်ခြင်းမရှိဟုဆိုရာ၌ ကျောက်တံခါးမြို့နယ်အတွင်းရှိ ရဲနွယ်ဆည်သည် ဒိုက်ဦးမြို့နယ် မှော်အင်းကျေးရွာအုပ်စု လယ်သမားများနှင့် ပုဂံကွဲကျေးရွာအုပ်စု လယ်သမားများအား နစ်နာကြေးပေးလျော်ခဲ့ပါကြောင်း၊ ယင်းသို့ နစ်နာကြေးပေးလျော်ခဲ့ရာ၌ မြောင်းလက်တံ များအား ပေးလျော်ခဲ့သော်လည်း၊ မြောင်းမကြီးနှင့် ကျန်ရှိနေသည့် လယ်သမားများလည်းရှိပါ၍ လက်ရှိ အခြေအနေတွင် ၎င်းလယ်မြေများအတွက် နောက်ကြောင်းပြန်နစ်နာကြေးနှင့် လျော်ကြေးများပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားမှုအပေါ် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ ရုပ်သိမ်းထားသည့် ဥပဒေမှာ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ၊ ၁၉၆၃ခုနှစ် သီးစားချထားရေးဥပဒေ၊ ၁၉၆၃ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးဥပဒေအရ သိမ်းထားခဲ့ခြင်းဖြစ်ပါကြောင်း၊ ၁၈၉၄ မြေသိမ်းဥပဒေအရ မဖျက်သိမ်းရသေးသည့် ဥပဒေများလည်းရှိပါသဖြင့် အချိန်ကုန်ပြီးဖြေရှင်းပေးရမည့် အနေအထားရှိပါ၍ ဆိုလိုသည်မှာ ဖြေကြားမှုအပေါ် ပြန်လည်သုံးသပ်ပြီး ဖြေကြားပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးသူရဇော်၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ယခင်အစိုးရ မြေယာစီမံခန့်ခွဲရေးမူအရ မူ(၅)ရပ်ချမှတ်ခဲ့ပါကြောင်း၊ အပိုဒ်၅ ဥပဒေအရ လုပ်ထုံးလုပ်နည်း နှင့်အညီရယူပြီး လက်တွေ့တွင်လည်း နိုင်ငံတော်နှင့် အများပြည်သူများ၏အကျိုးငှာ အမှန်တကယ် ထိရောက်စွာ အသုံးပြုနေသည့်မြေများကို ဆိုင်ရာအာဏာပိုင်များက စွန့်လွှတ်ခြင်းမပြုဘဲ လုပ်ငန်းသဘာဝ အရ ဆက်လက်လုပ်ဆောင်ရန် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင် ဗဟိုမြေယာ စီမံခန့်ခွဲရေးကော်မတီအား စီစဉ်ဆောင်ရွက်မှုမရှိသေးပါကြောင်းနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းပြီးမှသာ လယ်ယာမြေနှင့်ပတ်သက်သည့် နစ်နာကြေး၊ လျော်ကြေးနှင့်ပတ်သက်သည့် မူဝါဒများ ချမှတ်ပြီးမှသာလျှင် ယနေ့အစိုးရအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီကို ယနေ့အချိန်အထိ ဖွဲ့စည်းနိုင်ခြင်းမရှိသေးပါကြောင်း၊ ဗဟို

လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းပြီးမှသာလျှင် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဟူ၍ အဆင့်ဆင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များအပေါ် မူတည်ပြီး ဆုံးဖြတ်ခွင့်ရှိပါသည်။ ယနေ့လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်ဆင့်မေးမြန်းထားသည့် မေးခွန်းအပေါ် ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေကိုအခြေခံပြီး မူဝါဒရေးဆွဲဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လက်ရှိ အနေအထားတွင် နစ်နာကြေး၊ လျော်ကြေးများပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးများခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေထုတ်ပြန်ပြီး နောက်ပိုင်းတွင် ဗဟိုမြေယာစီမံခန့်ခွဲရေးကော်မတီမှ ဆောင်ရွက်နေသည့်အပိုင်းတွင် ဥပဒေ၊ နည်းဥပဒေ နှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးကို မေးမြန်းခြင်းဖြစ်ပါကြောင်း၊ ယခင်အစိုးရလက်ထက်ပြဋ္ဌာန်း ထားသည့် ဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းအရ နစ်နာကြေး၊ လျော်ကြေးပေးလျော်နိုင်ခြင်း မရှိပါဟု ဖြေကြားသည့်အပေါ် နစ်နာကြေး၊ လျော်ကြေးရရှိထားသူများရှိ၍ ကျန်ရှိလယ်သမားများရရှိမှုအတွက် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးသူရဇော်၏ မေးမြန်းသည့်မေးခွန်းနှင့်ပတ်သက်၍ ဦးသူရဇော်မှ လယ်မြေများအတွက် ဆည်မြောင်းများတူးဖော်ရာ၌ လယ်မြေများဆုံးရှုံးနစ်နာခဲ့၍ ၎င်းလယ်မြေများအတွက် နစ်နာကြေး၊ လျော်ကြေးငွေများပေးရန် အစီအစဉ် ရှိ/မရှိနှင့်ပတ်သက်ပြီး မေးမြန်းချက်အရ လယ်ယာမြေအချို့အတွက် လျော်ကြေးရသည်ဆိုသည်ကို တွေ့ရှိရပါသည်။ လျော်ကြေးရသည့် လယ်မြေများကို စာရင်းဇယားကိန်းဂဏန်း နှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြပြီး လယ်ယာမြေဆုံးရှုံးနစ်နာပြီး နစ်နာကြေးနှင့် လျော်ကြေးငွေများရရှိရန် ကျန်ရှိသည့်လယ်သမားများစာရင်းကို စာရင်းဇယားများပြုစု၍ ထပ်မံတင်ပြ တောင်းခံရန် လိုအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဖြေကြားချက်သည် မြေယာစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်အတွက် မဆောင်ရွက်နိုင်ဟူသည့်အချက်ကို ယေဘုယျတွေ့ရ၍ မေးမြန်းချက်မှာ ရရှိသူများရှိသကဲ့သို့ မရသေးသည့် သူများလည်း ရှိသည့်အတွက် ရသင့်ရထိုက်၍ တင်ပြမေးမြန်းခြင်းဖြစ်ပါသည်။ ရသင့်ရထိုက်သူများအား ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို အချက်အလက်ကိန်းဂဏန်းများနှင့်အတူ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြမေးမြန်းဖို့ လိုအပ်မည်ဖြစ်ပါသည်။ အချက်အလက်များကို ကျေးရွာအုပ်စုအလိုက် စာရင်း ကောက်ယူပြီး ထပ်မံပြုစု၍ လွှတ်တော်၏ဖြေကြားချက်များကို ကိုးကားပြီး တောင်းခံသင့်ပါသည်။ လွှတ်တော် အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထပ်ဆင့်တင်ပြပြီး ဆောင်ရွက်ပေးပါမည်။

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၁၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ခုနှစ် ဇူလိုင်လ (၁၃)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[ဩဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**တတိယပုံမှန်အစည်းအဝေး**

တတိယနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ ၁၃ ရက် ]**

**(ဗုဒ္ဓဟူးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၃.၄၂ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးအောင်အောင်[မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]နှင့် ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့်လည်းကောင်း၊ ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ပွယ်စေး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်မျိုးနောင်နှင့် ဗိုလ်မှူးနိုင်ဝင်းဌေးတို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန်ရှိပါသဖြင့် (၁၃-၇-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၅)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးမင်းဝင်း[အတွင်းရေးမှူး၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။ **နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ်(က)(ခ)(ဂ) နှင့်၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)နှင့် (ခ)အရ ၊ ၂၀၁၆ ခုနှစ် ဧပြီလ(၅)ရက်နေ့တွင် အဖွဲ့ဝင် (၁၂)ဦးဖြင့်လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့ပါသည်။

၎င်းကော်မတီအနေဖြင့် ၂၀၁၆ခုနှစ်၊ ဧပြီလ (၇)ရက်နေ့တွင် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလ(၅)ရက်နေ့တွင် ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လည်းကောင်း၊၂၀၁၆ခုနှစ်၊ဇွန်လ(၃၀)ရက်နေ့တွင် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို

လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီ၏ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေး အတည်ပြုဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ပြုနိုင်ရန် ရည်ရွယ်ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဤကော်မတီ၏ လုပ်ငန်းတာဝန် များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ရည်ရွယ်သည်။

**ဆုံးဖြတ်ချက်များ**

၂၀၁၆ ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့တွင် တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့ပါသည်-

- NEP စီမံကိန်း နှစ်မိုင်အတွင်းရှိ ကျန်ရှိကျေးရွာများအား သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ လျှပ်စစ်ဌာနတို့မှ ပြန်လည်စိစစ်၍ ထပ်မံဖြည့်သွင်း ပေးရန်၊ တိုင်းလျှပ်စစ်မှမြို့နယ်ရုံးများသို့ ညွှန်ကြားချက်ထုတ်ပေးရန်။
- ကျေးရွာမီးလင်းရေးကော်မတီများ၊ ငွေစာရင်းရှင်းတမ်းများအား အများပြည်သူအား ပွင့်လင်း မြင်သာစွာ ချပြရှင်းလင်းရန်။
- ကိုယ်ထူကိုယ်ထစနစ်ဖြင့်မီးလင်းပြီးသောကျေးရွာများတွင် ကျေးရွာမီးလင်းရေးကော်မတီနှင့် ဒေသခံပြည်သူများအကြားငွေကြေးမတတ်နိုင်၍မီးမလင်းနိုင်သောကျေးရွာများ စာရင်းအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ လျှပ်စစ်ဌာနတို့မှ စိစစ်၍ ပြုစုတင်ပြရန်။
- ကိုယ်ထူကိုယ်ထပြုလုပ်ထားသောကျေးရွာများတွင် မီးလင်းရန် Transformer လိုအပ်တော့သည့် ရွာများအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ လျှပ်စစ်ဌာနတို့မှ ပြန်လည်စိစစ်၍ပြုစုတင်ပြရန်။
- အစည်းအဝေးဆုံးဖြတ်ချက်များကို နောက်တစ်ကြိမ်အစည်းအဝေးတွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည့်အချက်များနှင့် ကျန်ရှိနေသောအချက်များအား သုံးသပ်ဆွေးနွေးခြင်းကို အစည်းအဝေးအစီအစဉ်တွင်ထည့်သွင်းဆောင်ရွက်ရန်။

**ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ အောက်ပါရှေ့လုပ်ငန်းစဉ်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

- တိုင်းဒေသကြီးလျှပ်စစ်လျာထားချက်စီမံကိန်းများနှင့် NEP စီမံကိန်းတို့ကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက်ကူညီဆောင်ရွက်သွားရန်၊
- ကော်မတီ၏ရည်ရွယ်ချက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

**နိဂုံး**

အထက်ဖော်ပြပါရည်ရွယ်ချက်များနှင့်ရှေ့လုပ်ငန်းစဉ်များပြီးမြောက်အောင်မြင်ရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ကော်မတီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်မူမူခင်[အတွင်းရေးမှူး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ]**။ ။ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် မိမိတို့ဒေသ တွေ့ကြုံဖြတ်သန်းခဲ့ရသော ရေးရာဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရင်းဖြင့် အစိုးရသစ်၏ဆောင်ရွက်ချက်အပေါ် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန် ရေးရာကော်မတီ၏ ဒုတိယအစီရင်ခံစာကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

အစီရင်ခံစာ(၁/၂၀၁၆)တွင်ပါရှိပြီးဖြစ်သော အစည်းအဝေးမှတ်တမ်း(၂)ရပ်အား ချန်လှပ်၍ ယခု ဒုတိယအစီရင်ခံစာတွင် အောက်ပါအစည်းအဝေးမှတ်တမ်းများဖြင့် အစည်းအဝေးဆက်လက် ကျင်းပနိုင်ခဲ့ပါသည်-

- ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမတွင်) ၂၀၁၆ခုနှစ်၊ ဇွန်လ (၁၅/၁၆)ရက်နေ့ နံနက်(၁၀)နာရီမှ (၁၂)နာရီအထိ ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးတက်ရောက်သူ (၁၂)ယောက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက် (၄)ရပ်ကို ချမှတ်နိုင်ခဲ့ပါသည်။

**အစီရင်ခံစာ**

- **ပညာရေး**
   - ပဲခူးတိုင်းဒေသကြီး၊တောင်ငူမြို့နယ်၊ကရင်ချောင်းကျေးရွာအုပ်စု၊ ကျေးအင်းထုံးဘိုရွာ၌ တည်ဆောက်ထားသော အ. ထ. က(ခွဲ)တိုးမြှင့်ထားသော်လည်း ကျောင်းဆောင်သစ် ရရှိခြင်းမရှိသေးသည့်အတွက် ကျောင်းဆောင်သစ်တောင်းခံစာအားသက်ဆိုင်ရာ မြို့နယ်၊တိုင်းဒေသကြီးကိုယ်စားလှယ်များထံ လွှဲပြောင်းပေးပို့၍ဆောင်ရွက်နိုင်ရန် တိုက်တွန်းပေးနိုင်ခဲ့ပါသည်။
   - ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ ရေတွင်းကုန်းကျေးရွာအုပ်စု အင်းပရိကျေးရွာ မူလတန်းကျောင်းဆောင်သစ် ချထားပေးရန်တောင်းဆိုမှုအားသက်ဆိုင်ရာဒေသခံ လွှတ်တော်ကိုယ်စားလှယ်သို့ ပေးပို့၍ဆက်လက်ဆောင်ရွက်နိုင်ရန် တိုက်တွန်းပေး နိုင်ခဲ့ပါသည်။
   - ပညာရေးဌာနများထံ ပေးရန်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗလာစာအုပ်(၁)ဒါဇင်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် ဝယ်ယူခြင်းအပေါ် ဗလာစာအုပ်အရည်အသွေးစိစစ်ခြင်းနှင့် အခြားတိုင်းဒေသကြီးများနှင့်ပြည်နယ်များ၏ ဆောင်ရွက်ထားမှုများအား လေ့လာထား ကြရန် တိုက်တွန်းနိူးဆော်ပေးခဲ့ပါသည်။
- **ကျန်းမာရေး**
   - ဇီးကုန်းဆေးရုံ ကိစ္စနှင့်ပတ်သက်၍ တင်ပြတိုင်ကြားလာခြင်းအပေါ် ဒေသခံကိုယ်စားလှယ် များထံ ပြန်လည်ပေးပို့၍ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးတိုက်တွန်းပေးနိုင်ခဲ့ပါသည်။
   - သဲကုန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်တင်ပြသော ရွာသာယာ ကျေးလက်ဆေးပေးခန်းကိစ္စအား အပေါ်စာရေးသား၍ သက်ဆိုင်ရာတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ ဆက်လက်မေးမြန်းစာပေးပို့ထားပြီး ဖြစ်ပါသည်။
- **လူမှုရေး**
   - မိမိတို့နယ်မြေအလိုက် နွေရာသီ အယ်နီညိုပူပြင်းရာသီအတွက် သောက်သုံးရေ ပြတ်လပ်မှု များအား အလှူရှင်များခေါ်ယူ၍ ကျေးလက်ကျေးရွာများ သောက်သုံးရေ ရရှိရေးကို ဆောင်ရွက်ကြရန် တိုက်တွန်းနိူးဆော်ပေးနိုင်ခဲ့ပါသည်။
   - ဇီးကုန်းမြို့နယ်အမှိုက်ပုံကိစ္စနှင့်ပတ်သက်၍ တင်ပြတိုင်ကြားလာခဲ့သော ဒေသခံ လွှတ်တော်ကိုယ်စားလှယ်များထံ ပြန်လည်ပေးပို့အကြောင်းကြား၍ ဆက်လက် ဆောင်ရွက်ကြရန် တိုက်တွန်းနိူးဆော်ပေးနိုင်ခဲ့ပါသည်။
- **အလုပ်သမားရေး**
   - အစီရင်ခံစာအပိုင်း(၁/၂၀၁၆)တွင်ဖော်ပြထားသည့်အတိုင်း (၁၀. ၅. ၂၀၁၆)မှ (၁၁. ၅. ၂၀၁၆)ရက်နေ့ထိ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ပညာရေး၊ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီမှ လွှတ်တော်ဥက္ကဋ္ဌခွင့်ပြုချက်ရယူ၍အလုပ်ရှင်/

အလုပ်သမားဖြေရှင်းရေး ဗဟိုကောင်စီမှ ပုဂ္ဂိုလ်များဖြင့် အလုပ်သမားရေးရာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

**မှတ်ချက်။** ။ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ၏ မြေပြင်ကွင်းဆင်း ဆောင်ရွက်ရေး တင်ပြထားချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌမှ ဆိုင်းငံ့ထားခြင်းကြောင့် မိမိရေးရာ၏ ဆောင်ရွက်နိုင်မှုအတွက် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်ရမည်ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ မည်ကဲ့သို့ အကြံပြုလမ်းညွှန်မှုပေးနိုင်ပါမည့်အကြောင်း (၁၅. ၆. ၂၀၁၆) ရက်စွဲဖြင့် တင်ပြ တောင်းခံထားပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကြီးမှ ဖွဲ့စည်းတာဝန်ပေးအပ်သည့်အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုနှင့်အတူ မြေပြင်ကွင်းဆင်း ဆောင်ရွက်နိုင်မှသာလျှင် လက်ရှိအစိုးရ အဖွဲ့အတွက် အပြန်အလှန်ထိန်းညှိရေး ရေးရာကော်မတီမှ တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“တောင်ငူမြို့နယ်၊ မဟင်ကျေးရွာအုပ်စု နှစ်ဆောင်မြိုင်ကျေးရွာ (၁)မိုင်ခန့်ရှိ ကတ္တရာလမ်းပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“တောင်ငူမြို့နယ်၊ ဒိုးအင်းကျေးရွာအုပ်စု ကျွန်းသာယာကျေးရွာနှင့် ကရင်ကျောင်း ကျေးရွာအုပ်စု ကျေးအင်းကျေးရွာ ရွာချင်းဆက်မြေသားလမ်း (၁)မိုင်ခွဲအား**

**ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့အား တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာအုပ်စု နှစ်ဆောင်မြိုင်ကျေးရွာလမ်းသည် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင်(၁၈၀)(၅)ဖာလုံ နှစ်ဆောင်မြိုင်ကျေးရွာထိပ်မှစတင်၍ (ယခင်)တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အဝင်အထိ ခွဲထွက်သွားသော (၁)မိုင်ခန့် ရှည်လျားသည့် ကတ္တရာလမ်းဖြစ်ပါသည်။ အဆိုပါနှစ်ဆောင်မြိုင်လမ်းအား တိုင်းဟောင်းလမ်း ဟုလည်း ခေါ်ကြပါသည်။ ထိုလမ်းမှတစ်ဆင့် တောင်ငူမြို့နယ် မဟာင်ကျေးရွာအုပ်စုရှိ ကျေးရွာ(၉)ရွာနှင့် ရွာတန်းရှည်ကျေးရွာအုပ်စုရှိ ကျေးရွာသုံးရွာအစရှိသည့် ကျေးရွာများသို့လည်း သွားရောက်နိုင်သည့် လမ်းလည်း ဖြစ်ပါသည်။

ယခုအခါ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သည် တောင်ငူမြို့နယ် ကေတုမတီမြို့သို့ ပြောင်းရွှေ့သွားပြီး ဖြစ်သော်လည်း ဤနေရာတွင် စရဖတပ်ဖွဲ့(တပခ)၊ အမှတ်(၃)စစ်မြေပြင်ဆေးတပ်ရင်း၊ တောင်ငူ လေတပ်စခန်း ဌာနချုပ်၊ အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ရင်း၊ အမှတ်(၉၅၃) ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ရင်း၊ အမှတ်(၅)ပညာရေးကျောင်း၊ အမှတ်(၁၀)ဆက်သွယ်ရေး အလုပ်ရုံအစရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များသည် တည်ရှိနေဆဲဖြစ်ပါသည်။ ၎င်းတပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ထမ်းဆောင်လျှက် ရှိကြသော တပ်မတော်သားများနှင့် ၎င်းတို့၏ မိသားစုဝင်များအပါအဝင် ကျေးရွာပေါင်း(၁၂)ရွာမှ အများပြည်သူတို့သည် ရုံးသွားရုံးပြန်၊ ကျောင်းသွား-ကျောင်းပြန်၊ အလုပ်သွား-အလုပ်ပြန် အစရှိသည့် နေ့တဓူဝကိစ္စရပ်များအတွက် အဓိကအားထားရသော လမ်းဖြစ်သလို စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်၊ ကားစသဖြင့် ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာအဝင်အထွက်များသော လမ်းဖြစ်ပါသည်။

ယခုအခါတွင် အဆိုပါ(၁)မိုင်ခန့်ရှိသော ကတ္တရာလမ်းမှာ ဆိုးဝါးစွာ ပျက်စီးယိုယွင်းနေပြီး မိုးတွင်းအခါလည်းဖြစ်သောကြောင့် ချိုင့်ခွက်များဖြင့် လမ်းပေါ်တွင် ရေဝပ်ခြင်း၊ ရေအိုင်ခြင်း၊ ရေကျော်ခြင်း များကြောင့် အများပြည်သူတို့၏ သွားလာရေးမှာ နှောင့်နှေးခက်ခဲနေပါသည်။ ထို့ပြင် ယာဉ်မတော်တဆ မှုများ အလွယ်တကူဖြစ်စေနိုင်သော အခြေအနေများကြောင့် အများပြည်သူတို့အတွက် စိုးရိမ်စရာ အန္တရာယ်များရှိပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာအုပ်စု၊ နှစ်ဆောင်မြိုင်ကျေးရွာ ကတ္တရာလမ်းပျက်စီးယိုယွင်းနေမှုများကို အမြန်ဆုံးပြုပြင်ထိန်းသိမ်းပေးပါရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဒိုးအင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာအနက် ကျွန်းသာယာကျေးရွာသည် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတွင် သီးခြားတည်ရှိနေပြီး အိမ်ထောင်စု(၈၅)စု၊ လူဦးရေ(၄၂၃)ဦးနေထိုင်လျှက်ရှိသော

ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာနေ ကျောင်းသား/ကျောင်းသူများသည် ကျွန်းသာယာကျေးရွာမှ (၁)မိုင်ခွဲကွာဝေးသော ကရင်ကျောင်းကျေးရွာအုပ်စု ကျေးအင်းကျေးရွာရှိ ကျေးအင်း အ. ထ. က(ခွဲ)သို့ သွားရောက်ပညာသင်ကြားရပါသည်။

အဆိုပါ(၁)မိုင်ခွဲခန့်အကွာအဝေးရှိသော ကျွန်းသာယာနှင့် ကျေးအင်းကျေးရွာချင်းဆက်လမ်းသည် ယခုလိုမိုးတွင်းအခါ၌ ရွှံ့ဗွက်များထူထပ်လွန်းပြီး သွားလာရေးလွန်စွာ ခက်ခဲသည့် မြေသားလမ်းဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူ/ကျောင်းသားများ ကျောင်းတက်-ကျောင်းဆင်းသွားလာရေးအတွက် အခက်အခဲ ဒုက္ခများဖြင့် နေ့စဉ်ကြုံတွေ့နေရပါသည်။ ထို့ပြင် သက်ကြီးရွယ်အို မနာမကျန်းဖြစ်သူများ ဆေးဝါးကုသရန် အတွက် သွားလာရာတွင်လည်း ဆိုးဝါးကြမ်းတမ်းလှသည့် လမ်းအခြေအနေကြောင့် နှောင့်နှေးကြန့်ကြာခြင်း၊ စိုးရိမ်ကြောင့်ကျရခြင်းစသဖြင့် ကျန်းမာရေးအတွက်လည်း စိတ်သောကများ ဖြစ်ပေါ်ခံစား နေကြရပါသည်။

ထိုသို့ဖြင့် နိမ့်ကျလျှက်ရှိနေသော ကျေးလက်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစရှိသည့် လူနေမှုဘဝများအား မြင့်မားစေရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် စေရန်အတွက် ကျေးလက်ဒေသများရှိ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးသည် အဓိကကျသော အခြေခံ လိုအပ်ချက် တစ်ခုဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ပြည်သူ့အစိုးရသစ်အနေဖြင့် ကျွန်တော်တို့ တောင်ငူမြို့နယ် ဒိုးအင်းကျေးရွာအုပ်စု၊ ကျွန်းသာယာကျေးရွာနေ ပြည်သူများအတွက် အမှန်တကယ်လိုအပ်နေသော ကျွန်းသာယာ ကျေးရွာနှင့် ကျေးအင်းကျေးရွာ ရွာချင်းဆက်မြေသားလမ်း(၁)မိုင်ခွဲအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို တိကျရေရာစွာ ဖြေကြားပေးပါရန် ကြယ်ပွင့်ပြ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် မေးခွန်း(၂)ခုတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာအုပ်စု နှစ်ဆောင်မြိုင်ကျေးရွာ (၁)မိုင် ခန့်ရှိ ကတ္တရာလမ်းပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း၍ တောင်ငူမြို့နယ်၊ မဟာင်ကျေးရွာအုပ်စု၊ နှစ်ဆောင်မြိုင်ကျေးရွာလမ်းသည် ရန်ကုန်-မန္တလေးလမ်းမကြီး မိုင်တိုင် (၁၈၀/၅)မှစတင်သော အရှည်(၁/၄. ၅မိုင်×၁၂')ရှိ ကတ္တရာလမ်းဖြစ်ပြီး ယခင်က ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ရင်းမှ ဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ ယခုအခါ အဆိုပါလမ်းပိုင်းတွင် ကတ္တရာလမ်းပေါက်များ ဖြစ်ပေါ်လျှက်ရှိပြီး စက်ဘီး၊ ဆိုင်ကယ်များ သွားလာရာတွင် ခက်ခဲနေပါသည်။ အဆိုပါ ပျက်စီးနေသော လမ်းပိုင်းအား ကျောက်ဖြည့်ခြင်း လုပ်ငန်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၉၁. ၇)သန်း ကုန်ကျ မည်ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက

ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ (၁၈)ရွာ အိမ်ခြေ (၂၂၈၀)အိမ်၊ လူဦးရေ (၁၅၄၆၉)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေး နှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တောင်ငူမြို့နယ်၊ ဒိုးအင်းကျေးရွာအုပ်စု ကွန်းသာယာကျေးရွာနှင့် ကရင်ကျောင်း ကျေးရွာအုပ်စု ကျေးအင်းကျေးရွာ ရွာချင်းဆက်မြေသားလမ်း (၁)မိုင်ခွဲအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း၍ တောင်ငူမြို့နယ်၊ ဒိုးအင်းကျေးရွာအုပ်စု၊ ကွန်းသာယာကျေးရွာနှင့် ကျေးအင်း ကျေးရွာ ချင်းဆက် မြေသားလမ်းမှာ (၁/၄မိုင်×၁၈')ရှိပါသည်။ အဆိုပါလမ်းအား (၁/၄မိုင်×၁၂'×၉")ကျောက်ချောခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၂၇)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၂)အုပ်စု၊ ကျေးရွာ (၁၂)ရွာ အိမ်ခြေ (၁၅၁၂)အိမ်၊ လူဦးရေ (၇၁၆၆)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။မေးမြန်းခွင့်ပြုပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝန်ကြီးဖြေကြားသွားသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မပါသည့်အပြင် ၂၀၁၆-၂၀၁၇ အစီအစဉ်ထဲတွင် ဆောင်ရွက်ရန်မပါရှိသည့်အတွက် ယခုလတ်တလော မဆောင်ရွက်ပေးနိုင်သည်ကို သိရပါကြောင်း၊ ယခုလက်ရှိအစိုးရသည် ယခင်အစိုးရလက်ထက်ကရေးဆွဲခဲ့သည့် ဘတ်ဂျက်အရ လုပ်ငန်းများ၊ စီမံကိန်းများအား အကောင်အထည်ဖော်နေရသည်ကို မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက နားလည်ပါကြောင်း၊ သို့ပါ၍ မိမိတို့မဲဆန္ဒနယ်ရှိ ပြည်သူများအတွက်

လိုအပ်ချက်များစွာရှိသော်လည်း၊ လက်ရှိအစိုးရအဖွဲ့တွင် အခက်အခဲ၊ အကြပ်အတည်းဖြစ်စေမည့် ကိစ္စများကို မိမိတို့မဲဆန္ဒနယ်ရှိ ပြည်သူများအား တတ်နိုင်သမျှ ရှင်းပြသည့်အခြေအနေများလည်းရှိပါကြောင်း၊ သို့သော် လက်ရှိတွင် အမှန်တကယ် အခက်အခဲတွေ့နေသည့် ပြည်သူများ၏ အခြေအနေကို မိမိတို့က လာမည့် ဘတ်ဂျက်တွင် လျာထားပေးမည်၊ ယခုအစီအစဉ်မရှိပါဟုဆိုပြီး အခက်အခဲများကို လက်ပိုက်ကြည့်နေပါ၍ မရပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့် အနီးကပ်ဆုံးထိတွေ့နေသူများဖြစ်၍ ပြည်သူများ၏အခက်အခဲကို မိမိတို့ကလက်ပိုက်ကြည့်နေ၍ မရပါကြောင်း၊ အမှန်တကယ်မှာ မိမိတို့ လက်တွေ့တွင် ကြုံတွေ့နေရသည့် အခက်အခဲများသည် လက်ရှိအစိုးရတွင်သာ တာဝန်ရှိသည်ဟု ပြည်သူများနှင့် မိမိတို့က ယုံကြည်ပါကြောင်း၊ သို့ပါ၍ အမှန်တကယ်လိုအပ်နေသည့်ကိစ္စများကို အစိုးရအဖွဲ့ အနေဖြင့် အရေးကြီးလျှင် အရေးကြီးသကဲ့သို့ Cabinet တင်ပြီး လိုအပ်လျှင် လိုအပ်သကဲ့သို့ အမြန်ဆုံး ဆောင်ရွက်သင့်သည်ဟု မိမိယူဆပါကြောင်း၊ တကယ်ကိုအခက်အခဲဖြစ်နေသည့်အတွက် တတ်နိုင်လျှင် ဖြည့်စွက်ရန်ပုံငွေ RE တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကိုလည်း ဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးမိုးမခမေးမြန်းသွားသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လွှတ်တော်က အတည်ပြုပေးထားသည့် လုပ်ငန်းများကိုသာ အဓိက ဦးစားပေးဖော်ဆောင်ရသည် ဖြစ်သည့်အတွက် လွှတ်တော်က အတည်ပြုပေးပြီးမှ ဆောင်ရွက်ခြင်းဖြစ်ပြီး မိမိတို့က အချို့သော ကိစ္စများတွင်သာ Cabinet တွင် ဆွေးနွေးပြီး ခေါင်းစဉ်ပြောင်းသုံးစွဲခြင်း ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းအစိုးရလွှတ်တော်များသည် ရန်ပုံငွေတင်ပြခွင့်ပြုထားသည့် မည်သည့်လုပ်ငန်းများကို လွှတ်တော်က Confirm အတည်ပြုပြီးမှ ဆောင်ရွက်ရပါသည်။ ဆက်လက်ပြီး RE တွင် ထည့်ပေးရန်/ မပေးရန် ဆိုသည်မှာ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ယနေ့အထိ ဘတ်ဂျက်ဆွဲနေစဉ်ဖြစ်ပါကြောင်း၊ ယခု ဖြည့်စွက်ရန်ပုံငွေရေးဆွဲရမည့် ကာလမဟုတ်သည့်အတွက် အတိအကျပြောကြား၍ မရပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ရန်ပုံငွေမည်မျှရှိ၍ ဖြည့်စွက်ရန်ပုံငွေ RE တွင် မည်မျှသုံးမည်ကို လွှတ်တော်သို့ တင်ပြပြီး၊ လွှတ်တော်က အတည်ပြုပေးမှ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးစွဲရသည်ကို အဓိကဖြေကြားလိုပါသည်။

**ဦးကျော်ဌေး**။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သစ်တောဦးစီးဌာနမှ ပုံစံ(၈)သစ်များကို လေလံစနစ်ဖြင့် ရောင်းချရာတွင် ဒေသတွင်းရှိ သစ်စက်လုပ်ငန်းရှင်များအား ဦးစားပေးစီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ရေတာရှည်မြို့နယ်၊ သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီးအတွက် (300 KVA Transformer) (၁)လုံး တပ်ဆင်ပေးရန် သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ရေတာရှည်မြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု၊ နှောပင်-ထိပ်ပေါက်ကျေးရွာ ကျန်းမာရေး ဌာနခွဲ ဆေးပေးခန်းအား သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ရေတာရှည်မြို့နယ်၊ တိုင်းရင်းဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဝန်ထမ်းအိမ်ရာ၊ ဆက်စပ်ဆေးရုံသုံးပစ္စည်းနှင့် ဝန်ထမ်းအင်အားများ စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း(၄)ခုအား တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေတာရှည်မြို့နယ် အတွင်း သစ်ခွဲစက်လုပ်ငန်းရှင်များ၏ အကြံပြုချက်အရ ရေတာရှည်မြို့နယ်တွင် သစ်ခွဲစက်ကြီး/စက်ကလေး စုစုပေါင်း(၁၀)လုံးခန့်ရှိပြီး ထိုသစ်စက်လုပ်ငန်းရှင်များသည် သစ်စက်တစ်ခုလျှင် လုပ်သားအင်အား (၂၅)ဦးခန့် ခန့်ထားရသည်ဖြစ်သဖြင့် သစ်စက်(၁၀)လုံးအတွက် သစ်စက်လုပ်သားနှင့် မိသားစုဝင် (၁၅၀၀)ကျော်၏ စားဝတ်နေရေးကို သစ်စက်ပိုင်ရှင်များမှ တာဝန်ယူထားခြင်းဖြစ်ပါသည်။ သစ်တောဦးစီး ဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ရောင်းချပေးသော သစ်များအား ခွဲစိတ်ဆောင်ရွက်လျှက်ရှိသော သစ်စက်များ ဖြစ်ပါသည်။ ထိုသစ်စက်များအတွက် သစ်များလေလံတင်ရောင်းချမှုကို ဝယ်ယူသည့်အခါ၌ သစ်စက်ပိုင်ရှင် မဟုတ်သည့် လေလံဆွဲယူသူအချို့မှ မိမိတို့အကျိုးစီးပွားကိုရှေးရှု၍ လေလံပွဲမပြုလုပ်မီ ပြင်ပတွင် ဈေးနှုန်းများ ညှိနှိုင်းသတ်မှတ်၍ လေလံဆွဲယူကြပါသည်။ သက်ဆိုင်ရာလေလံ ကော်မတီအဖွဲ့မှလည်း နိုင်ငံတော် အခွန်ငွေပိုမိုရရှိရေး ဈေးနှုန်းများ ပိုမိုမြှင့်တင်ပေးနိုင်ရန် တောင်းဆိုမှုများလည်းရှိပါသည်။ အဆိုပါ လေလံဆွဲယူမည့်သစ်လုံးများအား အမှန်တကယ်လိုအပ်သော သစ်စက်လုပ်ငန်းရှင်များထံ ဈေးနှုန်းကစား၍ ပြန်လည်ရောင်းချကြပါသည်။

ထိုသို့ ကုန်သည်များမှ ဈေးကစားခြင်းကြောင့် နိုင်ငံတော်၏ အခွန်ငွေရရှိမှုလျော့နည်းပြီး သစ်စက် လုပ်ငန်းရှင်များမှ ပြန်လည်ဝယ်ယူရသည့် သစ်ကုန်ကြမ်းဈေးများမှာလည်း မြင့်မားသဖြင့် မိမိဒေသအတွင်း သစ်ခွဲသားများ ပြန်လည်ရောင်းချသည့်အခါတွင်လည်း ဈေးမြင့်မားခဲ့ပါသည်။ သို့ဖြစ်ပါ၍ အကြံပြုတင်ပြ လိုသည်မှာ သစ်တောဦးစီးဌာနမှ ပုံစံ(၈)သစ်များအား လေလံစနစ်ဖြင့် ရောင်းချရာတွင် ဒေသအတွင်းရှိ

သစ်စက်လုပ်ငန်းရှင်များအား ဦးစားပေးစီမံဆောင်ရွက်၍ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခွင့်ပေးပါက သစ်စက်လုပ်ငန်းရှင်များမှ သစ်ကုန်ကြမ်း၊ ကုန်ချောဈေးနှင့် သစ်ခွဲစိတ်မှုလုပ်ငန်းများတွင် လက်တွေ့ဆောင်ရွက်နေရသောကြောင့် သင့်လျော်စွာဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ငွေပိုမိုရရှိမည်ဖြစ်ပါကြောင်း ကိုယ်တိုင်လေလံဝယ်ယူရခြင်းကြောင့် သစ်ကုန်ကြမ်းဈေး ယခင်ကဲ့သို့ မမြင့်မားဘဲ ဒေသအတွင်း ပြန်လည်ရောင်းချသည့်သစ်ခွဲသားဈေးမှာလည်း လျော့နည်းနိုင်ပါသည်။ သစ်လုပ်သားနှင့် မိသားစုဝင်(၁၅၀၀)ကျော်၏ စားဝတ်နေရေးအတွက် အလုပ်အကိုင်လည်း ရရှိမည်ဖြစ်ပါသည်။ အခြေခံသစ်ဈေးနှုန်းလျှော့ကျနိုင်ခြင်းနှင့် ဒေသတွင်းတရားမဝင် သစ်ထုတ်လုပ်မှုများ လျော့နည်းပပျောက်စေနိုင်ကြောင်း အကြံပြုတင်ပြလာခြင်းအပေါ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရေတာရှည်မြို့နယ်၊ ရေတာရှည်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အမှတ်(၆)သကြားစက်အနီးတွင် တည်ရှိသော သမိုင်းဝင်မယ်ဒက်ကယ်ဘုရားကြီးသည် ရေတာရှည်မြို့မှ (၂.၅)မိုင်ခန့် ကွာဝေးပါသည်။ ဘုရားဝန်း၏ အကျယ်အဝန်းမှာ မြေဧက(၅၀)ခန့်ရှိပြီး ဝန်းအတွင်း ရှေးဟောင်းစေတီများ၊ သာသနိက အဆောက်အအုံများစွာရှိပါသည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော သမိုင်းဝင်မယ်ဒက်ကယ်ဘုရားပွဲတော်သည် တန်ခူးလတွင် (၁၀)ရက်တိုင်တိုင် အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာလည်း ယနေ့အထိဖြစ်ပါသည်။ သို့ရာတွင် ကိုယ်ပိုင်လျှပ်စစ်မီးမရှိသဖြင့် အမှတ်(၆)သကြားစက် ဆင့်ပွားမီး အကူအညီတောင်းခံဆောင်ရွက်နေရပါသဖြင့် အခက်အခဲများစွာ ကြုံရပါသည်။ ပွဲတော်ရက်အတွင်း မီးစက်များ ငှားရမ်းအသုံးပြုရခြင်းနှင့် ကျောင်းတိုက်အတွင်း သီတင်းသုံးလျှက်ရှိသည့် ဆရာတော်၊ သံဃာတော်များ ရေ/မီးအခက်အခဲများစွာ ရှိနေသည်ကို ရင်ဆိုင်ရပါသည်။ သို့ပါ၍ သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီးအတွက် **(300 KVA Transformer)**(၁)လုံး တပ်ဆင်ပေးပါရန် တင်ပြတောင်းခံစာကို လက်ခံရရှိထားသည် ဖြစ်သည့် အတွက် သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေတာရှည်မြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု၊ နှောပင်ကျေးရွာနှင့်ထိပ်ပေါက်ကျေးရွာတို့သည် လူဦးရေ(၃၀၀၀)ကျော်ခန့်ရှိပြီး အိမ်ခြေပေါင်း(၆၀၀)ကျော်ရှိပါသည်။ နှောပင်-ထိပ်ပေါက်ကျေးရွာနှင့် (၁)မိုင်ပတ်ဝန်းကျင်မှာ ဆက်စပ်နေထိုင်ကြသော ကျေးရွာများ အင်ဒိုင်းကျေးရွာအုပ်စုမှ နှောပင်၊ နှောပင်ကျေးရွာ-မိချောင်းအိုင် အုပ်စုမှ ရွှေသောင်ကျေးရွာသစ်၊ ရွှေသောင်ကျေးရွာ၊ ကျောက်ပုံကျေးရွာ၊ ကဲလင်းဆိပ် ကျေးရွာအုပ်စုမှ ရွာများ၊ ဆင်ငွေကျေးရွာအုပ်စုမှ ထိပ်ပေါက်ကျေးရွာ၊ မန်ကျည်းကုန်းကျေးရွာ၊ ကူးတို့ကုန်းကျေးရွာ၊ ရွာသာယာကျေးရွာ စုစုပေါင်းကျေးရွာအုပ်စု(၄)အုပ်စုနှင့် ကျေးရွာပေါင်း(၁၀)ရွာ၊ အိမ်ခြေပေါင်း(၁၅၀၀)ကျော်၊ လူဦးရေ (၉၀၀၀)ကျော်တို့ ဆက်စပ်တည်ရှိနေသော နေရာဖြစ်ပါသည်။ ထိပ်ပေါက်-နှောပင်ဆက်စပ် နေရာတွင် ရှိသော ပြည်သူလူထုသည် ပြည်သူ့ဆေးရုံနှင့် (၅)မိုင်ခန့်ကွာဝေး၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နေရာဖြစ်ပါသည်။ သို့ပါ၍ နှောပင်-ထိပ်ပေါက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း(၁)ခု

ခွင့်ပြုနိုင်ပါရန် သက်ဆိုင်ရာနယ်မြေခံ ပြည်သူလူထုမှ တောင်းခံထားသောစာများ လက်ခံရရှိပြီးဖြစ်ပါသည်။

ထိုနှောပင်-ထိပ်ပေါက် ကျန်းမာရေးဆေးပေးခန်းတည်နေရာအား မြေနေရာနှင့် သံဆူးကြိုးများ ကာရံထားကာ အဆင်သင့်ပြင်ဆင်ထားပြီးဖြစ်ပါသည်။ ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာနေမျိုးအုန်းမှလည်း အထက်ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန နေပြည်တော်သို့ တင်ပြပါပူးတွဲစာဖြင့် တင်ပြထားပြီးလည်း ဖြစ်ပါသည်။

သို့ပါ၍ နှောပင်-ထိပ်ပေါက်ကျေးရွာ ကျန်းမာရေးဌာနခွဲဆေးပေးခန်းအား သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ရေတာရှည်မြို့နယ်၊ ရေတာရှည်မြို့ပေါ်တွင် တိုင်းရင်းဆေးရုံသစ်ကြီးကို ၂၀၁၅-၂၀၁၆ ဘတ်ဂျက်တွင် ဆောက်လုပ်ပြီးစီးကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ဆက်စပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုမပြုလုပ်ရသေးကြောင်း သိရှိရပါသည်။ ထိုနည်းတူ အခြားဆက်စပ်ဆေးရုံနှင့်ပတ်သက်၍ ဆောင်ရွက်ထားမှုများမရှိဘဲ ရပ်ဆိုင်းနေပြီဖြစ်သဖြင့် ဆေးရုံဖွင့်လှစ်နိုင်ရေးအား မျှော်မှန်းသူ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု မပြုနိုင်ခြင်းကို တွေ့ရှိရပါသည်။

သို့ပါ၍ တိုင်းရင်းဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဝန်ထမ်းအိမ်ရာ၊ ဆက်စပ်ဆေးရုံအသုံးပြုပစ္စည်း၊ ဝန်ထမ်းအင်အားများ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သစ်တောဦးစီးဌာနမှ ပုံစံ(၈)သစ်များကို လေလံစနစ်ဖြင့် ရောင်းချရာတွင် ဒေသတွင်းရှိ သစ်စက်လုပ်ငန်းရှင်များအား ဦးစားပေး စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ "နှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနမှ ပုံစံ(၈)ဝင်သစ်များအား လေလံတင်ရောင်းချရာတွင် လက်ရှိတည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ မည်သူမဆို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်စေရေး အတွက် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချလျက်ရှိပါသည်။

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လေလံတင်ရောင်းချရေး ကော်မတီကို ဝန်ကြီးဌာန၏ မူဘောင်နှင့်အညီ ဖွဲ့စည်းပြီး သတ်မှတ်ထားသော ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေလံ

ကြော်ငြာတွင် ထည့်သွင်းကြော်ငြာရာ၌ လေလံစည်းကမ်းချက်ပါအချက်အလက်များနှင့်ညီညွတ်ပါက မည်သူမဆို လာရောက်ဝယ်ယူနိုင်သော အခွင့်အရေးရှိပါသည်။

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရာတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် စည်းမျဉ်းစည်းကမ်းများ အရ လေလံဆွဲဝယ်မည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ပြီး အမျိုးသား/နိုင်ငံသားစိစစ်ရေး ကတ်ပြားပြနိုင်သူဖြစ်က ဈေးပြိုင်စနစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်း လွတ်လပ်စွာယှဉ်ပြိုင်လေလံဆွဲဝယ်ယူနိုင်ရန်ဖြစ်ပြီး သစ်စက်လုပ်ငန်းရှင်များကိုသာ ဦးစားပေး၍ ဈေးပြိုင် စနစ်ဖြင့် ရောင်းချရန် ကန့်သတ်ထားခြင်းမရှိပါ။

သစ်တောဦးစီးဌာနတွင် ပုံစံ(၈)သစ်များအား ဒေသနေပြည်သူများ ဝယ်ယူသုံးစွဲရာတွင် ဈေးနှုန်း ကြီးမြင့်မှုမရှိစေရေးတွက် တိုင်းဒေသကြီးအတွင်းသာ ရောင်းဝယ်ဖောက်ကားသုံးစွဲခွင့်ပြုရန် ကန့်သတ် ချက်ဖြင့် ခွင့်ပြုထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ရှိတည်ဆဲညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအရ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချရာတွင် သစ်စက်ပိုင်ရှင်များကိုသာ ဦးစားပေးလေလံဆွဲဝယ်ယူနိုင်ရန် သီးခြားအစီအစဉ်မရှိသေး ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရေတာရှည်မြို့နယ်၊ သမိုင်းဝင် မယ်ဒက်ကယ်ဘုရားကြီးအတွက် (300 KVA Transformer) (၁)လုံး တပ်ဆင်ပေးရန် သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ "နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ရေတာရှည်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အမှတ်(၆) သကြားစက်အနီးရှိ သမိုင်းဝင်မယ်ဒက်ကယ်ဘုရားကြီးသည် လျှပ်စစ်မီးရရှိရေးအတွက် (၁၁)ကေဗွီလိုင်း (၁၆၉၂၀)ပေ၊ (၁၁/၀. ၄)ကေဗွီ(၁၆၀)ကေဗွီအေခွဲရုံ(၁)ရုံနှင့် (၄၀၀)ဗို့လိုင်း(၄၀၀၀)ပေတိုးချဲ့တည်ဆောက်ရန် လိုအပ်ပြီး အဆိုပါလုပ်ငန်းများအတွက် ကျပ်-၁၀၇၅၈၃၀၉၄ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။ ။**

ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရေတာရှည်မြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု၊ နှောပင်-ထိပ်ပေါက်ကျေးရွာ ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းအား သက်ဆိုင်ရာမှ ခွင့်ပြုနိုင်ခြင်း အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ၇၅ % ကျော်သော ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာလူဦးရေ ၂၀၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ ၄၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးသည့် မူဝါဒများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အထူးကိစ္စရပ်အနေဖြင့် သွားလာရေးခက်ခဲခြင်း၊ မိုးရာသီတွင် ကျေးရွာများသို့ရောက်ပေါက်မှုခက်ခဲခြင်း၊ တောင်ပေါ်ဒေသများကိုလည်း ကျေးလက်ကျန်းမာရေးဌာန ၊ ဌာနခွဲများအဖြစ်ဖွင့်လှစ်ပေးသည့် ခွင့်ပြုပေးနေမှု များလည်း ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ခွင့်ပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၊ ဌာနခွဲများ ဆောက်လုပ် ပေးရန်လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အဆောက်အဦများပြုပြင် ထိန်းသိမ်းရေး ငွေတစ်မြို့နယ်လျှင် သိန်း(၂၅၀)စီချပေး၍ မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GAVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျက်ရှိသည်။ လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGO ထံတောင်းခံသွား မှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တင်ပြတောင်းခံသွားရန် လိုအပ် ပါကြောင်းနှင့် စိစစ်မှုကိုတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့်ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု နှောပင်ကျေးရွာတွင် အိမ်ခြေ (၃၃၇)နှင့်လူဦးရေ (၁၃၉၈) ရှိပါသည်။ နှောပင်ကျေးရွာ ပြည်သူများမှ ဝယ်ယူထားသော မြေ (၀. ၆၀)ဧက ရှိပါသည်။ မြေယာပိုင်ဆိုင်မှုပုံစံ (၁၀၅) မရှိသေးပါ။ နှောပင်ကျေးရွာသည် ရေတာရှည်မြို့နယ်ဆေးရုံနှင့် (၆)မိုင်ခန့်၊ အောင်ချမ်းသာ ကျေးလက်ကျန်းမာရေးဌာနနှင့် (၄)မိုင်ခန့် ကွာဝေးပါသည်။ နှောပင်ကျေးရွာသည်နွေရာသီတွင် ကား၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် သွားလာနိုင်ပြီး မိုးရာသီတွင် ခြေလျင်ဖြင့်သာသွားလာရပါသည်။ နှောပင်ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ အသစ်တိုးချဲ့ဖွင့်လှစ်မည်ဆိုပါက ၄င်းကျေးရွာနှင့်ဆက်စပ်လျက်ရှိသောကူးတို့ကုန်းရွာ၊ သာယာကုန်းရွာ၊ မကျည်းကုန်းရွာ၊ ထိပ်ပေါက်ရွာ၊ ကျွန်းတောကုန်းရွာနှင့် စစ်တောင်းမြစ်တစ်ဘက်ကမ်းမှ ရွှေသောင်ရွာနှင့် ကျောက်ပုံကျေးရွာများမှ ကျေးလက်နေပြည်သူလူဦးရေစုစုပေါင်း (၄၁၀၆)ဦးအား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေတာရှည်မြို့နယ်၊ အင်ဒိုင်းကျေးရွာအုပ်စု နှောပင်ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဌာနခွဲဖွင့်လှစ်ရန်လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၏(၇-၁၁-၂၀၁၄) ရက်စွဲပါ စာအမှတ် ၊ ၅၈၃၈/ပခတ-၁/ထွေ/၂၀၁၄ ဖြင့် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ထပ်မံတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) "ရေတာရှည်မြို့နယ်၊ တိုင်းရင်းဆေးရုံ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်ဝန်ထမ်းအိမ်ရာ၊ ဆက်စပ်ဆေးရုံသုံးပစ္စည်းနှင့် ဝန်ထမ်း အင်အားများ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ " နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်တွင် (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရေတာရှည်မြို့အား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် (၁၂၀၀၀၀၀၀ဝိ) ကျပ်သိန်းတစ်ထောင့် နှစ်ရာဖြင့် တည်ဆောက်ခဲ့ပါသည်။

၎င်းတိုင်းရင်းဆေးရုံအား ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၅-၆-၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၅) မှ သဘောတူညီချက်အရ အရာထမ်း (၂) နေရာ၊ အမှုထမ်းရာထူး(၃၆) နေရာ၊ စုစုပေါင်းရာထူး (၃၈) နေရာပါဝင်သည့် စံကိုက် ဖွဲ့စည်းပုံအင်အားဖြင့် (၁၂-၈-၂၀၁၅) ရက်နေ့မှစ၍ အသစ်ဖွဲ့စည်းခွင့်ပြုကြောင်း တိုင်းရင်း ဆေးပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၏ (၁၇-၈-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ တဆပ/ ညမခ/ ၂၀၁၅ (၁၀၁) ဖြင့် ညွှန်ကြား ထားရှိပါသည်။

ဆေးရုံအသုံးပြုပစ္စည်းများအနေဖြင့် -

| | | |
|---|---|---|
| - | လူနာခုတင် (စတီး) | (၁၆) လုံး |
| - | Bedside Locker | (၁၆) လုံး |
| - | စမ်းသပ်ခုတင် | (၂) လုံး |
| - | လူနာတင်လှည်း (စတီး) | (၁) လုံး |
| - | Wheel Chair | (၁) ခု |
| - | ဆေးတင်လှည်း | (၁) လုံး |
| - | အခန်းဖွဲ့လိုက်ကာ | (၁) ခု |
| - | ရုံးသုံးစားပွဲ (ကြိတ်သား) | (၄) လုံး |

တို့အား တိုင်းရင်းဆေးပညာဦးစီးဌာနမှ (၆-၃-၂၀၁၅) ရက်နေ့တွင် ထုတ်ယူရရှိပြီး ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေစာရင်း၊ ဖြည့်စွက်လုပ်ငန်း ခေါင်းစဉ်တွင် (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ၊ ရေတာရှည်မြို့ ပြင်ပရေရရှိရေး၊ ပြင်ပလျှပ်စစ်လုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်း၊ ဝန်ထမ်းအိမ်ရာ (၄) ခန်းတွဲ (၄) ထပ်တည်ဆောက်ခြင်းလုပ်ငန်းတို့အား အဆိုပြုရေးဆွဲတင်ပြ ထားပါသည်။ တိုင်းရင်းဆေးရုံအတွက် အဓိကလိုအပ်သော ရေ၊ လျှပ်စစ်နှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်

ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများခန့်ထားရေးကို စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၁၆) ခုတင်ဆံ့တိုင်းရင်းဆေးရုံ ရေတာရှည်မြို့ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဝန်ထမ်းအိမ်ရာနှင့် အခြားဆက်စပ်လုပ်ငန်းများ၊ ဆက်စပ်ဆေးရုံအသုံးပြုပစ္စည်း၊ ဝန်ထမ်းအင်အားများ စီစဉ်ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းဖြေကြား တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ဖြူးမြို့နယ်၊ ကုတင် (၁၀၀)ဆံ့ ဆေးရုံကြီးကို ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ၊ ကုသရေးဌာနများ၊ လူနာဆောင်များ၊ ဝန်ထမ်းအဆောက်အဦများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသည် ကုတင်(၁၀၀)ဆံ့ ဆေးရုံဖြစ်သော်ငြားလည်း ဖွဲ့စည်းပုံနှင့်အညီ သတ်မှတ်ထားသော အထူးကုဆရာဝန်ကြီးများ၊ လက်ထောက် ဆရာဝန်များ၊ သူနာပြုများ၊ ကုသရေးဌာနများ၊ ဆေးရုံအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများ ပြည့်စုံလုံလောက်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ ဖြူးမြို့နယ်နှင့် ပတ်ဝန်းကျင်မြို့နယ်များမှ အထူးအားထားရသော ဖြူးမြို့နယ် ကုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ဖွဲ့စည်းပုံနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ဖြူးမြို့နယ်၊ ကုတင်(၁၀၀)ဆံ့ ဆေးရုံကြီးကို ဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများ၊ ကုသရေးဌာနများ၊ လူနာဆောင်များ၊ ဝန်ထမ်းအဆောက်အဦများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ”နှင့် စပ်လျဉ်း၍ ဖြူးမြို့နယ် ပြည်သူ့ဆေးရုံတွင် လက်ရှိလူအင်အားဖြင့် ဆောင်ရွက်နိုင်သော်လည်း လိုအပ်ချက်များ တင်ပြလာသည်ကို ကုသရေးဦးစီးဌာနသို့ ဆက်လက်တင်ပြတောင်းခံပေးမည် ဖြစ်ပါသည်။

အငယ်တန်းဝန်ထမ်း လိုအပ်ချက်များကို ဆေးရုံအုပ်နှင့် ညှိနှိုင်း၍ ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ပြည်သူပိုင်စားကျက်မြေများအား အကွက်ရိုက်ရောင်းချနေမှုအပေါ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"အခြေခံပညာကျောင်း တည်နေရာမြေများအား မြေစာရင်းပုံစံ(၁၀၅) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုတို့အား တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဖြူးမြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်(ပြည်သူပိုင်) စားကျက်မြေများ ကို မိမိတို့သဘောအတိုင်း အကွက်ရိုက် လက်ညှိုးထိုးရောင်းချနေမှုများရှိနေပါသည်။

အချို့သောသူများသည် အမှန်တကယ်နေစရာမရှိ၍ ကျူးကျော်နေထိုင်ကြသူများရှိသကဲ့သို့ အချို့မှာ ပြန်လည်ရောင်းချလျှင် အမြတ်ရရှိမည်ဟူ၍ လက်ညှိုးထိုးရောင်းချသူများထံမှ ဝယ်ယူ၍ အရင်းအနှီးပြုသူများရှိပါသည်။

မိမိပိုင်မြေမဟုတ်ပါပဲလျက် ပြည်သူပိုင်မြေ(စားကျက်မြေ)များကို မိမိတို့သဘောအတိုင်း လက်ညှိုးထိုးရောင်းချနေမှုများကို ဖြူးမြို့နယ် ညောင်ပင်သာဒေသ စားကျက်၊ ကညွတ်ကွင်းဒေသ (သပြေလဟာစားကျက်) များတွင် ပြုလုပ်နေပါသည်။

ယင်းကဲ့သို့ရောင်းချမှုများကြောင့် မြေယာမှုခင်းများ၊ ဝင်ရောက်စားသောက်သည့် ကျွဲနွားများအား ဓါးဖြင့်ခုတ်သည့် အနိုင်အထက်ပြုမှုများ သပြေလဟာစားကျက် ကျူးကျော်မြေနေရာများတွင် လက်ရှိဖြစ်ပေါ်လျှက် ရှိနေပါသည်။

သို့ပါ၍ အများပြည်သူပိုင်မြေနေရာများကို လက်ညှိုးထိုးရောင်းချနေမှုများအား အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါသည်။ ရောင်းသူဝယ်သူစာရင်းများကိုလည်း ပူးတွဲတင်ပြပါသည်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ တည်ရှိရာမြေများသည် ၂၀၁၆/၂၀၁၇ ပညာသင်နှစ်အထိ မြေစာရင်းပုံစံ (၁၀၅)မရှိသေးကြောင်း၊ မြို့နယ်ပညာရေးမှူးရုံး၏ ပူးတွဲပါစာရင်းများအရ သိရှိရပါသည်။

ကျောင်းများစတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ယခုပညာသင်နှစ်အထိ အဆိုပါကျောင်းများတွင် ပညာရေးဝန်ထမ်းများခန့်ထားခြင်း၊ သင်ကြားရေးလုပ်ငန်းများကိုဆောင်ရွက်နေသော်လည်း မြေစာရင်းပုံစံ (၁၀၅)မရှိသည့်အတွက် နိုင်ငံတော်စရိတ်ဖြင့် ကျောင်းအဆောက်အဦများ (များသောအားဖြင့်) ဆောက်လုပ်ပေးခြင်းမရှိပဲ ပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်သာ ဆောက်လုပ်ခဲ့ကြရပါသည်။

သို့ပါ၍ ဖော်ပြပါစာရင်းပါ အခြေခံပညာကျောင်း တည်နေရာမြေများအား မြေစာရင်းပုံစံ (၁၀၅)ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်နွယ်နီဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်နွယ်နီဝင်း၊ ဖျူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ပြည်သူပိုင်စားကျက်မြေများအား အကွက်ရိုက်ရောင်းချနေမှုအပေါ် အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ဖျူးမြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်(ပြည်သူပိုင်) စားကျက်မြေများတွင် ညောင်ပင်သာကျေးရွာအုပ်စု၌ စားကျက်မြေ(၉၉)ဧကရှိပြီး သပြေလဟာ ကျေးရွာအုပ်စုတွင် (၈၃၈. ၉၇)ဧက ရှိပါသည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ တောင်ငူခရိုင်၊ ဖျူးမြို့နယ်အတွင်းရှိ သပြေလဟာကျေးရွာအုပ်စု ရှိ (၅၂. ၀၃)ဧကအား ကျေးရွာမြေအဖြစ်အသုံးပြုရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ (၁၁. ၉. ၂၀၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၅)၊ ဆုံးဖြတ်ချက်အပိုဒ်-၁၇(ဈ)ဖြင့် သဘောတူခွင့်ပြုခဲ့သဖြင့် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၆၈ အရ ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၇. ၁၀. ၂၀၁၅)ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ကာ ရွာမြေအဖြစ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ဖျူးမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စုတွင် မူလစားကျက်မြေ(၉၉)ဧကနှင့် သပြေလဟာကျေးရွာအုပ်စုတွင် ကျန်ရှိသည့် စားကျက်မြေ(၈၃၈. ၉၇)ဧကရှိ စားကျက်မြေဧရိယာအတွင်း ကျူးကျော်၍ စပါးထွန်ယက်စိုက်ပျိုးခြင်း၊ မြေသတ်မှတ်၍ အိမ်၊ ခြံမြေဆောက်လုပ်ခြင်း၊ ရောင်းစားခြင်း မပြုလုပ်စေရန်နှင့် စားကျက်မြေကျူးကျော်သူများအား တားဆီးဆောင်ရွက်သွားရန် သပြေလဟာကျေးရွာအုပ်စုသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျူးမြို့၏ (၇. ၇. ၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၃/၂-၅/ဦး ၁(အထဉ)ဖြင့်လည်းကောင်း၊ (၁. ၈. ၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၄/၁-၆ /ဦး ၁ဖြင့်လည်းကောင်း၊ ရပ်ကွက်ကျေးရွာအုပ်စုအားလုံးသို့ (၇. ၇. ၂၀၁၅) ရက်စွဲပါ စာအမှတ်၊ ၄/၁-၆ /ဦး ၆ ဖြင့် အကြောင်းကြားထားခဲ့ပြီး အများပိုင်မြေနေရာ လက်ညှိုးထိုးရောင်းချနေသူများအား သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်စေသင့်ပြီး အရေးယူဆောင်ရွက်နိုင်ရန်အတွက်လည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၄. ၇. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၄/၁-၆ /ဦး ၆ဖြင့် မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံဉာဏ် တောင်းခံထားရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "အခြေခံပညာကျောင်း တည်နေရာမြေများအား မြေစာရင်းပုံစံ(၁၀၅) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော မြေစာရင်းပုံစံ (၁၀၅)ရေးဆွဲခြင်းနှင့်ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၁. ၂. ၂၀၁၃)ရက်စွဲပါစာအမှတ်-၁၂/လယ-၅၁ (၀၀၄/၂၀၁၃) ညွှန်ကြားချက်အရ တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ သက်ဆိုင်ရာကျောင်းကော်မတီမှ ဦးစွာလျှောက်ထားရမည်ဖြစ်ပြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ရန် တာဝန်ပေးအပ်မှုအရ၊ အဆင့်ဆင့်စိစစ်ပြီးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်တင်ပြရမည်ဖြစ်ပြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုချက်အရ မြေစာရင်းပုံစံ(၁၀၅)ဆက်လက် ရေးကူးပေးခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်၊ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ကျူးကျော်မြေများနှင့် ပတ်သက်၍ ပထမအကြိမ် လွှတ်တော်တွင် ၎င်းမေးခွန်းကို ပြန်လည်ဖြေကြားထားပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုကလည်း ၁၁-၁၀-၂၀၁၄ရက်နေ့တွင် အဆိုကိုဖြေကြားချက်ပေးပို့ထားပြီး ဖြစ်ပါသည်။ ဖြေကြားချက်များ မည်သို့ပင် ပေးပို့စေကာမူ မိမိတို့၏ စားကျက်မြေကိစ္စမှာ မပြီးပြတ်ဘဲဖြစ်နေပါသည်။ ယင်းကဲ့သို့ဖြစ်လာသည်မှာ ယနေ့အချိန်တွင် စားကျက်မြေအတွင်းသို့ ဝင်ရောက်စားသောက်သည့် ကျွဲနွားများကို ဓါးဖြင့်ခုတ်ရာ၌ အသေခုတ်ခြင်းမျိုးမဟုတ်ဘဲ တံကောက်ကွေးနှင့် နှာနုရိုးနေရာများကို ခုတ်ခြင်းမျိုး ဖြစ်ပြီး၊ ၎င်းကိစ္စကို ယခုသက်တမ်းတွင် မဖြေရှင်းနိုင်ပါက ပြဿနာကြီးများ ဖြစ်ပွားလာနိုင်ပါကြောင်း၊ တကယ် ကျူးကျော်ထားသူများ၊ အကွက်ရောင်းထားသူများက ယခင်အစိုးရလက်ထက်တွင် တိုင်ကြားခြင်းများ မရှိဘဲ၊ ယခုအစိုးရလက်ထက်တွင် မကြာခဏ တိုင်ကြားခံနေရသည်ဆိုပြီး မိမိထံလာရောက်ပါကြောင်း၊ မိမိမှ ၁၁-၁၀-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဖြေကြားချက်ပေးပို့ပြီးသည့်ကိစ္စကို စားကျက်မြေတွင် နေသူများက လိုက်နာခဲ့ပါသလားဟု ပြန်လည်မေးမြန်းခဲ့ပါသည်။ ၎င်းတို့က စားကျက်ထဲတွင် အကွက်ရိုက်ထားသည့်မြေအား ကျွဲနွားဝင်စားသည်ကို မကြိုက်ကြောင်း ပြန်လည်ပြောကြား ပါသည်။ သို့အတွက်ကြောင့် စားကျက်အကွက်ရိုက် ရောင်းသူများက စောဒကတက်သကဲ့သို့ ကျွဲနွား အခုတ်ခံထားရသည့် သူများကလည်း မိမိတို့ထံ တိုင်ကြားကြသဖြင့် ၎င်းကိစ္စကို လျင်မြန်စွာဖြေရှင်းပေး နိုင်ရန်အတွက် မိမိမှ ထပ်ဆင့်မေးမြန်းရခြင်းဖြစ်ပါသည်။

နောက်ဆက်စပ်မေးခွန်းတစ်ခုမှာ ပညာရေးနှင့်ပတ်သက်ပြီး ပုံစံ(၁၀၅) မည်သည့်အတွက်ကြောင့်

မကျသလဲဆိုလျှင် မလျှောက်၍မဟုတ်ပါ၊ မူလတန်းအဆင့် စဖွင့်ကတည်းက လျှောက်ထားသည်မှာ နှစ်ကာလကြာမြင့်ပြီ ဖြစ်ပါသည်။ ယခုအချိန်အထိ မရသေးသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ပြန်လည်ပြီး တင်ပြတောင်းခံရခြင်းဖြစ်ပါသည်။ ပုံစံ(၁၀၅) အမြန်ရရှိရေးအတွက် ဖြူးမြို့နယ်တစ်မြို့နယ်တည်း အတွက် မဟုတ်ဘဲ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာသင်ကျောင်းများအားလုံးအတွက် ရည်ညွှန်းပေးပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျင်မြန်စွာ ပြုလုပ်ဆောင်ရွက်ပေးဖို့ တိုက်တွန်း ပေးပါရန် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်နွယ်နီဝင်း၏ ဆက်စပ်မေးခွန်းများနှင့် ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်နွယ်နီဝင်းမေးမြန်းသည့် ပြည်သူပိုင်စားကျက်မြေများအား အကွက်ရိုက်ရောင်းချနေမှုအပေါ် အရေးယူ ဆောင်ရွက်ပေးရန် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မြေယာပြဿနာများသည် နိုင်ငံနှင့်တစ်ဝှမ်းတွင် လက်ရှိ အစိုးရအနေဖြင့် မဖြေရှင်းပေးနိုင်သည့် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရှိနေသည်ကို အားလုံးသိပြီးဖြစ်ပါသည်။ လက်ရှိမြေယာပြဿနာများ မဖြေရှင်းနိုင်သည်မှာ ပြည်ထောင်စုအစိုးရမှ ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီ၏ မြေလွတ်မြေလပ်မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီကို မဖွဲ့စည်းရသေးသဖြင့် ဖွဲ့စည်းပြီးပါက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းရမည်ဖြစ်ပြီး၊ ပြည်ထောင်စုအစိုးရမှ ယနေ့အထိ ဗဟိုမြေယာစီမံခန့်ခွဲမှု ကော်မတီကို ဖွဲ့စည်းခြင်းမရှိသေးပါကြောင်း၊ ဗဟိုမြေယာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီးမှသာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့် မဆန့်ကျင်သည့် မူဝါဒများ၊ ညွှန်ကြားချက်များ၊ အကောင်အထည်ဖော်ရမည့် နည်းနာများကို ချမှတ်ပြီး ယင်းမြေယာကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ လက်ရှိ ပြည်ထောင်စုအစိုးရမှ လယ်ယာမြေ နှင့်ပတ်သက်သည့် ကော်မတီကို ဖွဲ့စည်းခြင်းမရှိသေးသည့်အတွက် မိမိတို့က လက်ရှိအနေအထားအရ တားမြစ်ရမည့်အနေအထားဖြစ်ပါသည်။ စားကျက်မြေများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုင်တွယ်သည့် မြေဖြစ်သောကြောင့် ၎င်းဌာနမှ လုပ်ဆောင်ထားသည့် လုပ်ဆောင်ချက်များကို အဖြေတွင် ချံ့ထားသည့် ညွှန်ကြားချက်စာ၊ အမိန့်အမှတ်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၄-၇-၂၀၁၆ ရက်တွင် စားကျက်မြေ ကျူးကျော်နှင့် ပတ်သက်၍ တရားစွဲဆိုမည့်ဥပဒေအကြံဉာဏ်များ တောင်းခံထားရှိပြီး ဖြစ်ကြောင်း ဖြေကြားထားပြီးဖြစ်ပါသည်။

အခြေခံပညာကျောင်း တည်နေရာ မြေစာရင်းမြေပုံ(၁၀၅) ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းကို လေးစားစွာ ဖြေကြားအပ်ပါသည်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ မြေစာရင်းမြေပုံ (၁၀၅) ရေးဆွဲခြင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြစ်ပါ၍ ဝန်ကြီးအနေဖြင့် ခွင့်ပြု၍ရပါသော်လည်း မြေစာရင်းမြေပုံ (၁၀၅) မလျှောက်မီ မြေယာမှာ ပြဿနာ အရှုပ်အရှင်း ရှိ/မရှိ ပြဿနာအရှုပ်အရှင်းရှိလျှင် ပြဿနာကို အလျင်ရှင်းရမည်ဖြစ်ပါသည်။ ပြဿနာ

အရှုပ်အရှင်းမရှိလျှင် ပုံစံ(၁၀၅) လျှောက်ထားခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့က လွယ်ကူစွာဖြင့် ဆောင်ရွက်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“အုတ်တွင်းမြို့နယ်ရှိ ကုတင်(၂၅)လုံးဆံ့ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ နှစ်စဉ်မိုးရာသီ၌ ရေကြီးနစ်မြုပ်ရခြင်းမှာ ရေသိုးဆည်မှ ရေပိုရေလွှဲ ထုတ်လွှတ်မှုကြောင့် ဖြစ်ပါ၍ ၎င်းရေပိုရေလွှဲထုတ်လွှတ်မှုအား အခြားသင့်တော်သောနေရာမှ နေရာလွှဲ ထုတ်လွှတ်ပေးရန်၊ ဆေးရုံရှေ့ ရေနုတ် မြောင်းအား ရေစီးရေလာကောင်းမွန်စွာ စီးဆင်းစေရန် ပြုပြင်ပေးပါရန် နှင့် ၎င်းရေနုတ်မြောင်းအား ဘုံးချောင်းမှ တစ်ဆင့် အိုးထိန်းချောင်းသို့ တစ်ဆက်တစ်စပ်တည်း တူးဖော်ပေးရန်”** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“အုတ်တွင်းမြို့နယ် ယခင်တူးမြောင်းဟောင်း မအေးတူးမြောင်း ပေအရှည် (၈၀၀၀)ခန့်၊ အကျယ်ပေ (၆၀)၊ အနက် (၆)ပေအား ပြန်လည်တူးဖော် ပေးရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **“အုတ်တွင်းမြို့နယ် ပြည်သူ့ ဆေးရုံတွင် (၂၅)ကုတင်ဆံ့ မလုံလောက်ပါ၍ ကုတင် (၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် လက်ရှိဆေးရုံ ဝန်ထမ်းအိမ်ရာများမှာ ပျက်စီးယိုယွင်းနေပါသဖြင့် ပြန်လည်တည်ဆောက်ပေးရန်”** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုတို့အား တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ရှိ ကုတင်(၂၅)လုံးဆံ့ဆေးရုံတွင် ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာများ နှစ်စဉ်မိုးရာသီ၌ ရေကြီးနစ်မြုပ်လျှက်ရှိပါသည်။ ထိုသို့နစ်မြုပ်ရခြင်းမှာ အုတ်တွင်းမြို့ အနောက်ဘက်(၅)မိုင်ခန့်ရှိ ရေသိုးဆည်မှ ရေပိုရေလွှဲထုတ်လွှတ်မှုကြောင့် ဖြစ်ရသည်ဟု အကြမ်းဖျင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ၎င်းရေပိုရေလွှဲထုတ်လွှတ်မှုအား အခြားသင့်တော်သောနေရာမှ နေရာလွှဲ ထုတ်လွှတ်ပေးရန်နှင့် ဆေးရုံ၏ရှေ့ ရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စွာ စီးဆင်းစေရန် ပြုပြင်ပေးပါရန်၊ ၎င်းရေနုတ်မြောင်းအား ဘုံးချောင်းမှတစ်ဆင့် အိုးထိန်းချောင်းသို့ တစ်ဆက်တစ်စပ်တည်း တူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။

**ဦးငွေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ မအူပင်ကျေးရွာ၊ ကျောင်းစုကျေးရွာ၊ တင်းကုတ္တန်းကျေးရွာ၊ ပဲကြီးခုံကျေးရွာ၊ ဇီး(အထက်/အောက်)၊ အောင်သာကျေးရွာမှ တောင်သူလယ်သမားပြည်သူများသည် မိုးတွင်းအခါတွင်

နှစ်စဉ်ရေကြီးရေလျှံနစ်မြုပ်မှုကြောင့် ပျက်စီးလယ်မြေဧက(၁၀၀၀)ခန့်၊ မအူပင်ကျေးရွာ မူလွန်ကျောင်း၊ ကျောင်းစုကျေးရွာ မူလွန်ကျောင်း များသည် ရေကြီးနစ်မြုပ်မှုကြောင့် ပညာသင်ကြားမှုနှောင့်နှေးခြင်းကို ဒေသခံတောင်သူများ၊ ကျောင်းသား-ကျောင်းသူများ၊ ပြည်သူများ ခံစားနေရပါသည်။

သို့ဖြစ်ပါ၍ ယခင်တူးမြောင်းဟောင်း မအေးတူးမြောင်း ပေအရှည်(၈၀၀၀)ခန့်၊ အကျယ် ပေ (၆၀)၊ အနက်(၆)ပေအား ပြန်လည်တူးဖော်ပေးမည်ဆိုပါက နစ်မြုပ်နေသည့်ရေများသည် အိုးထိန်းချောင်းထဲသို့ စီးဝင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမား၊ ကျောင်းသား/ကျောင်းသူများ၊ ဒေသခံပြည်သူများ နစ်မြုပ် ရေဒဏ်မှ ကင်းလွတ်ပြီး မိုးတွင်းစိုက်ပျိုးရေးလွန်စွာကောင်းမွန်ခြင်း၊ စိုက်ပျိုးသီးနှံများ အောင်မြင်မည်ဖြစ်သဖြင့် ၎င်းတူးမြောင်းအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါသည်။

**ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် လက်ရှိအနေအထားမှာ (၂၅)ကုတင်ဆံ့ဆေးရုံသာဖြစ်ပါသည်။ အုတ်တွင်း မြို့နယ်တွင် ညောင်ခြေထောက်တိုက်နယ်ဆေးရုံ၊ ကျွဲပွဲတိုက်နယ်ဆေးရုံများရှိသော်လည်း အုတ်တွင်းမြို့နယ်၏ တောင်ပိုင်းဒေသရှိ ကျေးရွာအုပ်စုပေါင်း (၂၀)ခန့်၊ ကျေးရွာပေါင်း(၁၀၀)ခန့်သာ စောင့်ရှောက်မှုပေးနိုင်ပြီး ကျန်ကျေးရွာအုပ်စုပေါင်း(၃၁) အုပ်စု၊ ကျေးရွာပေါင်း(၂၀၀)ကျော်ခန့်မှာ အုတ်တွင်းမြို့နယ်ပြည်သူ့ဆေးရုံ (၂၅)ကုတင်ဆံ့ကိုသာ အားကိုးနေရပါသည်။

သို့ဖြစ်ပါ၍ (၂၅)ကုတင်ဆံ့ဖြင့် မလုံလောက်ပါ၍ ကုတင်(၅၀)ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ် ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

တစ်ဆက်တစ်စပ်တည်းမေးလိုသည်မှာ လက်ရှိဆေးရုံဝန်ထမ်းအိမ်ရာများမှာလည်း လွန်စွာပျက်စီး ယိုယွင်းနေပါသဖြင့် ဝန်ထမ်းများနေထိုင်ရသည်မှာ လွန်စွာဒုက္ခများတွေ့နေရပါသဖြင့် ၎င်း ဝန်ထမ်းအိမ်ရာ များအား လိုအပ်သလိုစိစစ်၍ ပြန်လည်တည်ဆောက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်၊

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "အုတ်တွင်းမြို့နယ်ရှိ ကုတင်(၂၅)လုံးဆံ့ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ နှစ်စဉ်မိုးရာသီ၌ ရေကြီးနစ်မြုပ်ရခြင်းမှာ ရေသိုးဆည်မှ ရေပိုရေလွှဲ ထုတ်လွှတ်မှုကြောင့် ဖြစ်ပါ၍ ၎င်းရေပိုရေလွှဲထုတ်လွှတ်မှုအား အခြားသင့်တော်သောနေရာမှ နေရာလွှဲ ထုတ်လွှတ် ပေးရန်၊ ဆေးရုံရှေ့ ရေနုတ် မြောင်းအား ရေစီးရေလာကောင်းမွန်စွာ စီးဆင်းစေရန် ပြုပြင်ပေးပါရန် နှင့် ၎င်းရေနုတ်မြောင်းအား ဘုံးချောင်းမှတစ်ဆင့် အိုးထိန်းချောင်း သို့ တစ်ဆက်တစ်စပ်တည်း တူးဖော်ပေးရန်" တို့နှင့် စပ်လျဉ်း၍

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ ကုတင်(၂၅)လုံးဆံ့ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ နေ့စဉ် မိုးရာသီ ရေကြီးနစ်မြုပ်ခြင်းမှာ အုတ်တွင်းမြို့ အနောက်ဘက် (၅)မိုင်ခန့်အကွာရှိ ရေသိုးဆည်မှ ရေပိုလွှဲရေထုတ်လွှတ်မှုကြောင့် ဖြစ်သည်ဟု ဆိုခြင်းမှာ မမှန်ကန်ပါ။ ရေသိုးဆည်ရေပိုလွှဲမှ ရေကျော်သောရေများမှာ ရေသိုးချောင်း အတိုင်း စီးဆင်းပြီး ဖောဓိကုန်း-အုတ်တွင်းကားလမ်းမှတစ်ဆင့် အုတ်တွင်းမြို့အဝင် ရိုးလေးချောင်းသို့ ဝင်ရောက်စီးဝင်၍ ၎င်းမှတစ်ဆင့် အိုးထိန်းချောင်းအတွင်းသို့ စီးဝင်ပါသည်။

အုတ်တွင်းဆေးရုံ ရေကြီးရခြင်းမှာ ဆေးရုံ၏တောင်ဘက် မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံးနီး ရန်ကုန်-မန္တလေးအမြန်လမ်းဟောင်း မိုင်တိုင်(၂/၁၆၆)ရှိ တံတားအထက်ပေ(၂၁၀၀)ခန့်ရှိ ယခင် ဘုံးချောင်းဟောင်းမှာ တိမ်ကောနေခြင်း၊ တံတားအောက်ဘက် မီးရထားသံလမ်းတံတားမှ အောက်ဘက်ပေ(၆၀၀၀)အထိ ဒိုက်မှော်များနှင့် ပိတ်ဆို့နေခြင်းကြောင့် အထက်မှ စီးဆင်းလာသော ရေများမှာ အိုးထိန်းချောင်းထဲသို့ ပြည့်ဝစွာ စီးဆင်းနိုင်ခြင်းမရှိသဖြင့် ရေဝပ်၍ ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ များသို့ ရေဝင်၍ ရေကြီးနစ်မြုပ်ခြင်း ဖြစ်ပါသည်။

အုတ်တွင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ရေကြီးနစ်မြုပ်မှုမှ ကင်းဝေးစေရန်အတွက် ရန်ကုန်-မန္တလေး အမြန်လမ်းဟောင်း မိုင်တိုင်(၂/၁၆၆)ရှိ တံတားအထက်ပေ(၂၁၀၀)ခန့်နှင့် တံတားအောက်ဘက် ပေ(၆၀၀၀) ခန့် စုစုပေါင်းပေ(၈၁၀၀)ခန့်ရှိ ဘုံးချောင်းဟောင်းအား တူးဖော်ပေးပါက ရေစီးရေလာကောင်းမွန်ပြီး အိုးထိန်းချောင်းအတွင်းသို့ ပေါင်းဆုံ စီးဝင်သွားမည်ဖြစ်ပါသည်။

ဘုံချောင်းဟောင်းအား အိုးထိန်းချောင်းအထိ ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၁. ၅၄)မိုင်၊ မြေကြီး(၁၄၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၀. ၆၀၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) စာရင်းတွင် ရန်ပုံငွေ တင်ပြတောင်းခံထားခြင်း မရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "အုတ်တွင်းမြို့နယ် ယခင်တူးမြောင်းဟောင်း မအေးတူးမြောင်း ပေအရှည် (၈၀၀၀)ခန့်၊ အကျယ်ပေ (၆၀)၊ အနက် (၆)ပေအား ပြန်လည်တူးဖော်ပေးရန်"နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာအုပ်စု၊ မအူပင်ကျေးရွာ၊ ကျောင်းစု ကျေးရွာ၊ တင်းကုတ္တန်းကျေးရွာ၊ ပဲကြီးခုံကျေးရွာ၊ ဇီး(အထက်/အောက်)၊ အောင်သာကျေးရွာမှ တောင်သူ လယ်သမားများ၏လယ်မြေဧက(၁၀၀၀)ခန့် ရေကြီးနစ်မြုပ်မှုနှင့် ကြုံတွေ့နေရပြီး ကျောင်းသား/ကျောင်းသူ များမှာ ရေနစ်မြုပ်မှုကြောင့် ပညာသင်ကြားရေး နှောင့်နှေးခြင်းနှင့် ကြုံတွေ့နေရသဖြင့် ယခင်တူးမြောင်း ဟောင်းဖြစ်သည့် မအေးတူးမြောင်းအား ပြန်လည်တူးဖော်ပေးပါရန် တင်ပြလာမှုနှင့် ပတ်သက်၍ မအေးတူးမြောင်းမှာ လွန်ခဲ့သော (၁၅)နှစ်ခန့်က တူးဖော်ခဲ့သော မြောင်းဖြစ်ပြီး ဇီးဖြူသောင်ကျေးရွာအုပ်စု၊

ကျောင်းစုကျေးရွာ အနောက်မြောက်ဘက်အနီးမှ အစပြုခဲ့ပြီး အောင်သာကျေးရွာအနောက်ဘက်ရှိ အိုးထိန်းချောင်းနှင့် ပေါင်းဆုံသော ချောင်းဖြစ်ပါသည်။

ယခုအခါ အဆိုပါတူးမြောင်းအား ပြန်လည်တူးဖော်ခြင်းမရှိသည်မှာ ကာလကြာမြင့်လာသည် ဖြစ်၍ ငါးဖမ်းဆီးသူများမှလည်း တူးမြောင်းအား ပိတ်ဆို့ငါးဖမ်းဆီးခြင်းကြောင့်လည်းကောင်း တူးမြောင်းမှာ တိမ်ကောလာပြီး တင်ပြပါကျေးရွာများမှ လယ်မြေဧက(၁၀၀၀)ခန့်နှင့် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရေးတွင် အခက်အခဲနှင့် ကြုံတွေ့ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတူးမြောင်းအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ကျောင်းစုကျေးရွာအနောက်ဘက်နှင့် အောင်သာကျေးရွာအနောက်ဘက်တို့တွင် လှည်းလမ်းကူးတံတား (၂)စင်းကိုပါ ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

မအေးတူးမြောင်းပြန်လည်တူးဖော်ပေးခြင်းနှင့် လှည်းလမ်းကူးတံတား(၂)စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် အလျား(၁. ၆)မိုင်၊ မြေကြီး(၁၁၅၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (၃၈. ၉၀၀)သန်းကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)စာရင်းတွင် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် (၂၅)ကုတင်ဆံ့ မလုံလောက်ပါ၍ ကုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် လက်ရှိဆေးရုံ ဝန်ထမ်းအိမ်ရာများမှာ ပျက်စီးယိုယွင်းနေပါသဖြင့် ပြန်လည်တည်ဆောက်ပေးရန်” တို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ (၂၁. ၉. ၂၀၁၅) ရက်စွဲပါစာအမှတ်-၁၂၄ မခ(ယ) ၂၀၁၅/၁၆၇၄၈ ဖြင့် ဖွဲ့စည်းပုံ ကုတင်(၅၀)သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် စုံစမ်းစစ်ဆေးခဲ့ပါသည်။

(၁၀. ၆. ၂၀၁၆) ရက်စွဲပါစာအမှတ်-၈၆၂/ပခတ-ကုသ/ထွေ/၂၀၁၆ တွင်ဦးစားပေး(၁)အဖြစ် ညွှန်ကြားရေးမှူးချုပ်ထံသို့ အစီရင်ခံတင်ပြထားပြီးဖြစ်ပါသည်။

ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရန် မြို့နယ်ကုသရေးဦးစီးဌာနမှူးမှ နှုတ်ဖြင့်တင်ပြချက်အရ ဆက်လက်တင်ပြရန် တောင်းခံခဲ့ပြီးဖြစ်ပါသည်။ ၎င်းပေးပို့သော တောင်းခံစာနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြစာကိုဆက်လက်ပေးပို့မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁း၄၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ(၁၄)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**တတိယပုံမှန်အစည်းအဝေး**

စတုတ္ထနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်**

**[ ၂၀၁၆ခုနှစ် ၊ ဇူလိုင်လ ၂၁ ရက် ]**

**(ကြာသပတေးနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၃ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၂. ၈၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါ်ပပဟန်[ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌရှင့်။ ကျွန်မကတော့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ပပဟန် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ မင်းလှမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်နှင့် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးနိုင်ဝင်းဌေး၊ ဗိုလ်မှူးပြည့်ဖြိုးဇော်နှင့် ဗိုလ်မှူးရန်နိုင်စန်းတို့သည် အရေးကြီးတာဝန်များထမ်းဆောင်ရန်ရှိပါသဖြင့် (၂၁-၇-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၁၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၁၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းကို[အတွင်းရေးမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီ]**။ ။မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ နိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုနေကြသည့် ကျေးလက်နေပြည်သူများ ဖြစ်ကြပါသည်။ သမရိုးကျ စိုက်ပျိုးရေးမှ ခေတ်မီစက်မှုလယ်ယာသို့ အဆင့်ဆင့်

တက်လှမ်းရမည်ဖြစ်သလို အခြားတစ်ဖက်မှာလည်း ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မြေယာကိစ္စများသည်လည်း ကြီးမားသောပြဿနာတစ်ရပ်အဖြစ် တည်ရှိနေပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများနှင့် ပြည်သူများအတွက် အောက်ပါကိစ္စရပ်များ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်-

- လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်သော မြေပေးမိန့်များနှင့် ဂရန်မြေများကို ပြန်လည်စိစစ်သွားရန်၊
- အများပြည်သူများအား ရေကြီးရေလျှံမှုဖြစ်ပေါ်စေသော မြေပေးမိန့်များနှင့် စည်းကမ်းဖောက်ဖျက်သော ဂရန်မြေများအား ပြန်လည်စိစစ်၍ ရုပ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားရန်၊
- တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် စက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် လျှောက်ထားခဲ့သော်လည်း ယခုအချိန်အထိ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော မြေနေရာများကို ပြန်လည်စိစစ်၍ ဆောင်ရွက်ဖော်ထုတ်သွားရန်၊
- စိုက်ပျိုးစရိတ်ချေးငွေများအား ဝိုင်ကြီးချုပ်စနစ်ပယ်ဖျက်၍ တစ်ဦးချင်းအလိုက် တာဝန်ယူတာဝန်ခံသောစနစ်ဖြင့် ထုတ်ချေးပေးရန်၊
- လယ်ယာမြေများကို ဥပဒေအရ အခြားနည်းသုံးစွဲခွင့်မရှိသေးဘဲ အခြားနည်းသုံးစွဲနေမှုများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ရန်၊
- မြေကြီးမြေပုံမှန်ကန်မှုရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ လက်အောက်ဌာနဆိုင်ရာအဆင့်ဆင့်သို့ ကြီးကြပ်လမ်းညွှန်ဆောင်ရွက်ရန်၊
- စွန့်လွှတ်မြေများနှင့်ပတ်သက်၍ အမှန်တကယ်နစ်နာခဲ့သော မူလသိမ်းဆည်းခံ တောင်သူလယ်သမားများထံသို့ စိစစ်၍ တိကျမှန်ကန်စွာ ပွင့်လင်းမြင်သာမှုရှိစွာ အပ်နှံပေးရန်၊

## နိဂုံး

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးတစ်ဝှမ်းလုံးရှိ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားရေးကိုလည်းကောင်း၊ ကော်မတီနှင့်ပတ်သက်သော မွေးမြူရေးနှင့် မြေယာကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာလွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကော်မတီ၏ အစီရင်ခံစာများကိုလည်း လွှတ်တော်သို့ တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ]**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။)

**ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသူရဇော်[အတွင်းရေးမှူး၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ]**။ ။ပဲခူးတိုင်း ဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီအနေဖြင့်

- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို (သို့မဟုတ်) အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ စိစစ်ရန်၊
- ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ၊ မူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ နှင့် မည်သည့်အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်၊
- အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက်မှုများအား ကော်မတီမှ သက်ဆိုင်ရာ ကဏ္ဍအလိုက် စိစစ်ပြီး အပြုသဘောဆောင်သော စောင့်ကြည့်ထိန်းညှိမှုဖြင့် ပြည်သူ့အတွက်

အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေး၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော ဆောင်ရွက်သင့်သော လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် စီမံဆောင်ရွက်ရေး စိစစ်သွားရန်၊

စသည့် အရေးကြီးသော တာဝန်ဝတ္တရားများ ဖော်ဆောင်ရန်အတွက် အောက်ပါအစီရင်ခံစာကို ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် တတိယပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရလည်းကောင်း၊ ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ (က) (ခ) အရလည်းကောင်း၊ ၂၀၁၆ခုနှစ် မတ်လ (၃၀)ရက် ၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဥက္ကဋ္ဌ (၁)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ အဖွဲ့ဝင်(၁၁)ဦး၊ စုစုပေါင်းကော်မတီဝင် (၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် တာဝန်ယူခြင်း**

ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၇-၄-၂၀၁၆ နေ့ နံနက် ၁၀း၃၀ နာရီ၊ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ၊ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၄-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ၊ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့ကို ၃၀-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ၊ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ၁-၆-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ၊ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ၃-၆-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ၊ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ၂၈-၆-၂၀၁၆ နေ့ နေ့လယ် ၁း၀၀ နာရီ၊ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ၂၉-၆-၂၀၁၆ နေ့ နေ့လယ် ၁၃း၀၀ နာရီ၊ အစည်းအဝေး(၅)ကြိမ်၊ ရက်ပေါင်း (၇)ရက်၊ ဆွေးနွေးပွဲ(၁)ရက်တို့ဖြင့် ကျင်းပခဲ့ပါသည်။

ကော်မတီမှ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းခဲ့ပြီး

- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့်ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ အားလုံးတာဝန်ယူ ဆောင်ရွက်ကြပါသည်။

- ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆိုအချေများနှင့် ကတိကဝတ်နှင့် သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ်များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့် အကြံဉာဏ်များ ရယူခြင်းနှင့် တွန်းအားပေးဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး(၄)ခရိုင်အလိုက် ဇုန်နယ်များ သတ်မှတ်၍ အဖွဲ့(၄)ဖွဲ့ခွဲ တာဝန်ယူကြပါသည်။
- လုပ်ငန်းများ ကွင်းဆင်းစိစစ်ရေးအဖွဲ့အတွက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်အားလုံး တာဝန်ယူဆောင်ရွက်ကြပါသည်။

## လုပ်ငန်းစဉ်

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂-၅-၂၀၁၆ မှ ၁၇-၅-၂၀၁၆ နေ့အထိ) ကျင်းပကာလ (၄)ရက်တွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ အပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေများအား ကော်မတီမှ အောက်ပါအတိုင်း အကောင်အထည်ဖော် စိစစ်နိုင်ခဲ့ပါသည်။

### အဆိုများ

| | | |
|---|---|---|
| - | ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၁)ခု |
| - | ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | (၁)ခု |
| - | ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန | (၂)ခု |
| | စုစုပေါင်း အဆို | (၄)ခု |

### ကြယ်ပွင့်ပြမေးခွန်းများ

| | | |
|---|---|---|
| - | ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | (၃)ခု |
| - | ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၂၀)ခု |
| - | ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | (၇)ခု |
| - | ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန | (၉)ခု |
| - | ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | (၁)ခု |
| | စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း | (၄၀)ခု |

### ကြယ်ပွင့်မပြမေးခွန်းများ

| | | |
|---|---|---|
| - | ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | (၂)ခု |
| - | ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၃၀)ခု |
| - | ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | (၁)ခု |

- ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန (၃)ခု
- ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန (၂၃)ခု

စုစုပေါင်းကြယ်ပွင့်မပြမေးခွန်း (၅၉)ခု

တို့ ဖြစ်ကြပြီး

အဆိုတင်သွင်းသည့် ကိုယ်စားလှယ်ပေါင်း (၄)ဦး

ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၁၉)ဦး

ကြယ်ပွင့်မပြမေးခွန်းမေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၂၀)ဦး တို့ဖြစ်ပါသည်။

- ဒုတိအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ပြုမှု စုစုပေါင်း အဆို(၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၄၀)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၅၉)ခုတို့ကို စာရင်းပြုစုပြီး စနစ်တကျနံပါတ်တပ်၍ စိစစ်သုံးသပ် မှတ်တမ်းတင် သိမ်းဆည်းခဲ့ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ၏ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ဖြစ်မှု၊ မဖြစ်မှု အရေအတွက် အနှစ်ချုပ်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များ**

- တိုင်းဒေသကြီးဝန်ကြီးဌာန အသီးသီးမှ တိုင်းဒေသကြီးလွှတ်တော်သို့ မေးခွန်းများ ဖြေကြားရာတွင် ပြည်ထောင်စုအစိုးရထံ တင်ပြတောင်းခံမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တစ်ပါတည်း ထည့်သွင်းဖြေကြားပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တိုက်တွန်းရန်၊
- ကတိကဝတ်အဖြစ် သတ်မှတ်ခြင်းခံရသော ဖြေဆိုချက်များနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်းအား သက်ဆိုင်ရာကတိကဝတ် ကော်မတီသို့ လစဉ်ပေးပို့ညှိနှိုင်း ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တိုက်တွန်းရန်၊
- ကော်မတီ၏ ပြည်သူ့အကျိုးရှေးရှုသော လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းအဆင့်အဖွဲ့အစည်းများဖြစ်သည့် အခြားသော လွှတ်တော်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းများ ချိတ်ဆက်ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားရန်၊

**နိဂုံး**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှုများအား ပြသနိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ တိုင်းဒေသကြီးအစိုးရ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီမှ စနစ်တကျ ကဏ္ဍအလိုက် စိစစ်ဆောင်ရွက်လျှက်ရှိပါသည်။

ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူ့လိုလားချက်များနှင့်အညီ တင်ပြခဲ့သော အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်း ဖြေကြားပေးခြင်း၊ ကတိကဝတ် အကောင်အထည်ဖော်ခြင်းနှင့် ကျန်ရှိလုပ်ငန်းများကို ကော်မတီ၏ စိစစ် ညှိနှိုင်းမှုများအရ စနစ်တကျအကောင်အထည်ဖော်ခြင်းဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် များစွာ ဆောင်ရွက်နိုင်မည်ဟု ကော်မတီမှ ရှုမြင်သုံးသပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့ဘဝကို ပြောင်းလဲပေးနိုင်မည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွက် အင်အားတစ်ခုအဖြစ် ပါဝင်နေမည်ဖြစ်ပါကြောင်း လေးစားစွာ အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဝင် ဗိုလ်မှူးရဲမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဝင် ဗိုလ်မှူးရဲမောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးရဲမောင်[ကော်မတီဝင်၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ]**။ ။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီအစီရင်ခံစာ

**နိဒါန်း**

အစိုးရသစ်လက်ထက်ပြုပြင်ပြောင်းလဲ တိုးတက်လာသော တိုင်းရင်းသားလူမျိုးများ ရေးရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအဆင့် ၂၁-ရာစု ပင်လုံညီလာခံကြီးမှသည် တိုင်းရင်းသား အားလုံး ထာဝရ ငြိမ်းချမ်းရေးအတွက် အဖွဲ့အစည်းအသီးသီးမှ ပါဝင်သင့်၊ ပါဝင်ထိုက်သော လူပုဂ္ဂိုလ်များ၊ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးဆောင်ရွက်လာနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီမှ ဆောင်ရွက်လျှက်ရှိပါသည်။

**ရည်ရွယ်ချက်**

- တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေး၊ အပြန်အလှန် ရိုင်းပင်း ကူညီရေး။
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ စာပေယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရေး။

- တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့်
- ယခင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အစီရင်ခံစာပါ အမှတ်စဉ်အလိုက် ဆွေးနွေးချက်များအား လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

## ကော်မတီ၏လုပ်ဆောင်ချက်များ

ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ စတင်ဖွဲ့စည်းအတည်ပြုသောနေ့မှစ၍ ယနေ့ အချိန်ထိ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ ကော်မတီအစည်းအဝေး (၆)ကြိမ်နှင့် ယခု အစီရင်ခံစာအပါအဝင် အစီရင်ခံစာ နှစ်ကြိမ်တင်ပြခဲ့ခြင်းဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီအနေဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ၏ ဖိတ်ကြားခွင့်ပြုချက်ဖြင့် (၂၈. ၅. ၂၀၁၆)နေ့တွင် လူမှုရေးဝန်ကြီးနှင့် လူမှုဝန်ထမ်းဦးစီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲတွင် ပညာရေးနှင့် ပတ်သက်၍ အသက် (၃၀)နှစ်အထက် ဘွဲ့ရ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဆွေးနွေး ခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၏ အစည်းအဝေးဖိတ်ကြားချက်အရ ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ ရေးရာကော်မတီဥက္ကဋ္ဌများ စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲသို့ (၄. ၆. ၂၀၁၆)ရက်နေ့မှ (၁၀. ၆. ၂၀၁၆)ရက်နေ့အထိ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ တက်ရောက်ခဲ့ ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၏ ဖိတ်ကြားချက်အရ (၁၆. ၆. ၂၀၁၆) ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းရင်းသားစာပေယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ ကော်မတီအဖွဲ့ဝင် (၂)ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် တိုင်းရင်းသားစာပေ ဘာသာရပ်သင် ဆရာ/ဆရာမများ၏ သတ်မှတ်ချီးမြှင့်ငွေ လစဉ်ပုံမှန်ရရှိနိုင်ရေး၊ တိုင်းရင်းသားများမှ ဆွေးနွေးဆုံးဖြတ်ချက်များအား လွှတ်တော်သို့ တင်ပြနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မျက်နီကွင်းကျေးရွာတွင် ကျင်းပပြုလုပ်သော ကရင်တိုင်းရင်းသား လူငယ်ညီလာခံအား ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် (၁၇. ၆. ၂၀၁၆) ရက်နေ့မှ (၁၈. ၆. ၂၀၁၆) ရက်နေ့အထိ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီမှ တက်ရောက်ခဲ့ပါသည်။

(၂၄. ၆. ၂၀၁၆)ရက်နေ့ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစည်းအဝေးတွင် လက်ရှိ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဆုံးဖြတ်ချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် လွှတ်တော်သို့ တင်ပြအစီရင်ခံနိုင်ရန် (၂/၂၀၁၆) အစီရင်ခံစာတစ်စောင် ပြုစုခဲ့ပါသည်။

**နိဂုံး**

တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းရင်းသားအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားတို့၏ လူမှုဘဝတိုးတက်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန်၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ပံ့ပိုးကူညီဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နံနက်ပိုင်းကို (၁၀း၅၅) နာရီတွင် ခေတ္တ ရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်သို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက တစ်ခုချင်း ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က

(၁) **"ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု၊ လယ်တီသစ်သားတံတားအား အချိန်မီ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပန်းတောင်းမြို့နယ်၊ ဒေါင်းမြတ်နားအုပ်စု၊ တောင်ဘို့ကွင်း၊ မကြီးကုန်း၊ ရုံးပု ကျေးရွာချင်းဆက် မြေသားလမ်းအား မြေနီလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီးရွာတွင် လျှပ်စစ်မီးရရှိရန် စီစဉ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု၊ လယ်တီကွက်သစ်၊ အခြေခံပညာ မူလတန်း ကျောင်းခွဲ၏ အဆောက်အဦအားချဲ့၍ အခင်းနှင့် အကာများအား ပြင်ဆင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ မြို့ကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကျောင်းခေါင်မိုးပေါက်ပြဲနေ၍ အမြန်ဆုံး ပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) **"ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အဦနှင့် ဝန်ထမ်းချထားပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း(၆)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု လယ်တီကျေးရွာရှိ သစ်သားတံတားသည် မိုးအဆက် မပြတ်ရွာသွန်းမှုကြောင့် မြေသားများပြိုကျကာ ကုန်ထုတ်လုပ်နိုင်ရန် ခက်ခဲရသလို ခရီးသည်တင်ကားကြီးများ ဖြတ်သန်းသွားလာမရ၍ ခက်ခဲလျှက်ရှိပါသည်။ ထိုတံတားအား လယ်တီကျေးရွာတွင် အိမ်ထောင်စု ၃၅၅ အိမ်၊ လူဦးရေ ၁၁၈၇ ဦး အသုံးပြုရသော တံတားဖြစ်ပါသည်။

ယခုအခါ တံတားမှာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေသားများပြိုကျလာ၍ တံတားနှင့် လမ်းဆက်သည့်နေရာတွင် စိုးရိမ်ဖွယ်အခြေအနေဖြစ်နေပါသည်။ အချိန်မီပြုပြင်နိုင်ခြင်းမရှိပါက ပို၍ ကုန်ကျစရိတ်ကြီးမားနိုင်ပါသည်။

သို့ပါ၍ မိုးအဆက်မပြတ်ရွာသွန်းမှု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသောလယ်တီ သစ်သားတံတားအား အချိန်မီပြုပြင်ပေးပါရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပေးပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ဒေါင်းမြတ်နားအုပ်စု၊ တောင်ဘို့ကွင်းကျေးရွာတွင် အိမ်ထောင်စု(၉၄)စု၊ လူဦးရေ(၃၆၁)ဦး၊ မကြီးကုန်းကျေးရွာတွင် အိမ်ထောင်စု(၅၈)၊ လူဦးရေ(၂၁၉)ဦး၊ ရှုံးပုကျေးရွာတွင် အိမ်ထောင်စု(၅၉)စု၊ လူဦးရေ(၂၂၅)ဦး နေထိုင်အသုံးပြုနေသောလမ်းဖြစ်ပါသည်။ ထို့အပြင် ငါးဆယ်ပေကျေးရွာ၊ စုစုပေါင်းရွာ(၄)ရွာမှ ကျောင်းသားများ မူလတန်း(၄၅)ဦး၊ အလယ်တန်း(၁၃)ဦး၊ စုစုပေါင်း (၅၈)ဦးသည် ထိုလမ်းအား အသုံးပြု၍ ဆင်တဲ အ.ထ.က ကျောင်းသို့ တက်ရောက်ပညာသင်ကြား နေသောလမ်းဖြစ်ပါသည်။ မိုးတွင်းအခါ သွားလာရန် အလွန်ခက်ခဲသောလမ်းဖြစ်ပါသည်။ လမ်းအရှည် မှာ(၅၂၅၀)ပေခန့်ရှိပါသည်။

သို့ပါ၍ ကျောင်းသားများနှင့် ရွာသူရွာသားများ မိုးတွင်းအခါ သွားလာရေးခက်ခဲနေသော တောင်ဘို့ကွင်း၊ မကြီးကုန်း၊ ရှုံးပုကျေးရွာချင်းဆက်မြေသားလမ်းအား မြေနီလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပေးပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီးရွာတွင် အိမ်ထောင်စု (၂၈၂) လူဦးရေ (၇၇၀)ခန့် နေထိုင်ပြီး ကိုယ်ထူကိုယ်ထ ဖွဲ့မီးဖြင့် ညတိုင်းမီးမလင်းနိုင်ဖြစ်နေပါသည်။ အနီးနားရှိ တလုပ္ပင်အုပ်စု၊ သနိဝကျေးရွာထိ လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါသည်။

သို့ပါ၍ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီးရွာတွင် လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပန်းတောင်းမြို့နယ်၊ ရေကျော် အုပ်စု၊ လယ်တီကွက်သစ်၊ အခြေခံပညာမူလတန်းကျောင်းခွဲမှာ (၃၀×၁၈)ပေ သက်ကယ်မိုးဖြစ်ပါသည်။ ကျောင်းသားဦးရေ(၆၃)ဦးတက်ရောက်ပညာသင်ကြားရပါသည်။ ကျောင်းမှာအခင်းများ ပျက်စီးနေပြီး အကာများလဲ ပေါက်ပြဲနေပါသည်။ အဆောက်အဦမှာ သေးသဖြင့် ကျောင်းသားများကျပ်တည်းစွာ ပညာသင်ကြားနေရပါသည်။

သို့ပါ၍ ရေကျော်အုပ်စု၊ လယ်တီကွက်သစ်၊ အခြေခံပညာမူလတန်းကျောင်းခွဲမှာ ပျက်စီးနေပြီး ကျောင်းသားဦးရေနှင့် အဆောက်အဦမမျှသဖြင့် ကျောင်းအဆောက်အဦအားချဲ့ပြီး အခင်းနှင့်အကာ များအား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ကျောင်းဦး အုပ်စု၊ မြို့ကြီးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားဦးရေ ကျား(၄၈)၊ မ(၄၉)၊ ပေါင်း(၉၇)ဦး တက်ရောက်သင်ကြားနေရာကျောင်း၏ ခေါင်မိုး ရေတံလျှောက်မှာ ပေါက်ပြဲနေ၍ မိုးတွင်းအခါ မိုးယိုသောကြောင့် ကျောင်းသားများမှာ နာမကျန်း ဖြစ်နေရပါသည်။ ကျောင်းအဆောက်အဦမှာ အသစ်ပြုပြင်ရန်လိုအပ်နေသော အဆောက်အဦ ဖြစ်ပါသည်။

သို့ပါသော်လည်း လက်ရှိလတ်တလော လုံခြုံစွာစာသင်ကြားနိုင်ရန် အမိုးအမြန်ဆုံးပြုပြင် ပေးစေလိုခြင်းဖြစ်ပါသည်။ ကျောင်းသားဦးရေ (၉၇)ဦးတွင် နာမကျန်းဖြစ်သောကျောင်းသားများနေသဖြင့် (၃၀)ဦးခန့်သာ စာသင်နိုင်သောအနေအထားဖြစ်နေပါသည်။

သို့ပါ၍ မြို့ကြီးကျေးရွာရှိ ကျောင်းခေါင်မိုးမှာ ပေါက်ပြဲနေ၍ မိုးတွင်းအခါ မိုးယိုသောကြောင့် ကျောင်းသားများ နာမကျန်းဖြစ်နေသဖြင့် အမြန်ဆုံး ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာ ကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာတွင် အိမ်ထောင်စု(၁၅၉)စု၊ လူဦးရေ(၅၈၃)ဦး၊ မကြီးစုကျေးရွာတွင် အိမ်ထောင်စု(၉၈)စု၊ လူဦးရေ(၄၄၃)ဦး၊ လက်ပံကျေးရွာတွင် အိမ်ထောင်စု(၁၁၃)စု၊ လူဦးရေ(၄၄၂)ဦး၊

ညောင်ပင်သာကျေးရွာတွင် အိမ်ထောင်စု(၁၅၆)စု၊ လူဦးရေ(၅၇၈)ဦး၊ သစ်ဆိမ့်ပင်ကျေးရွာတွင် အိမ်ထောင်စု (၉၁)စု၊ လူဦးရေ(၃၅၈)ဦး၊ အောင်ချမ်းသာကျေးရွာတွင် အိမ်ထောင်စု(၃၀)စု၊ လူဦးရေ(၁၂၀)ဦး၊ စုစုပေါင်း အိမ်ထောင်စု(၆၄၇)စု၊ လူဦးရေ(၂၅၂၄)ဦး နေထိုင်လျှက်ရှိပြီး တန်ခိုးကြီးဘုရား ရွှေဘုံသာမုနိဘုရားကြီး တည်ထားကိုးကွယ်သဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ အချိန်အခါမရွေး ဝင်ထွက်သွားလာရာ နေရာဖြစ်ပါသည်။

ရွာသာယာအုပ်စုတွင် ရွာပေါင်း(၅)ရွာ၊ အိမ်ထောင်စု(၅၇၆)စု၊ လူဦးရေ(၂၁၅၄)ရှိသော ကျေးရွာ အုပ်စုနှင့် ရွှေဘုံသာကျေးရွာအုပ်စု(၂)စုတွင် ကျန်းမာရေးဆရာမ(၁)ဦးသာ ရှိသည့်အတွက် (၁)ရွာနှင့်(၁)ရွာ ဝေးကွာသောရွာများဖြစ်ပါသဖြင့် ရွာသစ်ကျေးရွာသို့ ကလေးများကာကွယ်ဆေးပေးသည့် အချိန်တွင်သာ ကျန်းမာရေးဆရာမမှာ ရောက်ရှိပါသည်။ ကျေးရွာအုပ်စု(၂)ခု လူဦးရေ(၄၅၀၀) ကျော်အတွက် ကျန်းမာရေး ဆရာမ(၁)ဦးတည်း မနိုင်မနင်းဖြစ်နေသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။

သို့ပါ၍ ရွှေဘုံသာကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ချထားပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်း ရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု၊ လယ်တီသစ်သားတံတားအား အချိန်မီပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု လယ်တီကျေးရွာရှိ သစ်သားတံတား (၅၁'×၁၂'×၂၀')မှာ ၁၉၉၄ခုနှစ်တွင် ဆောက်လုပ်ခဲ့သော တံတားဖြစ်ပါသည်။ ၂၀၁၆ခုနှစ် ဇွန်လ တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် Win Wall (၂)ဘက် (လယ်တီရွာဘက်အခြမ်း)ပျက်စီးသွားပါသည်။ ယခုအခါ ကျေးရွာမှ ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောင်ရွက် ထားပါသည်။ အဆိုပါတံတားအား လယ်တီရွာရှိ အိမ်ခြေ (၃၃၇)အိမ်၊ လူဦးရေ (၁၃၀၇)ဦး အကျိုးပြုသွားလာ နေပါသည်။ ပျက်စီးသွားသော Win Wall (၂)ဘက်အား ပြုပြင်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၂)သန်း ကုန်ကျမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော တံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်း မရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပန်းတောင်းမြို့နယ်၊ ဒေါင်းမြတ်နားအုပ်စု၊ တောင်ဘို့ကွင်း၊ မကြီးကုန်း၊ ရုံးပုကျေးရွာချင်းဆက် မြေသားလမ်းအား မြေနီလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ တောင်ဘို့ကွင်း-မကြီးကုန်း-ရုံးပုကျေးရွာချင်းဆက် မြေသား လမ်းမှာ အရှည်(၂/၃. ၅)မိုင်ရှိပြီး ၁၉၉၈ခုနှစ်တွင် ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့သော လမ်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ပျက်စီးလျှက်ရှိပါသည်။ ယခုအခါ ကျေးရွာမှ ကိုယ့်အားကိုယ့်ကိုးဖြင့် မြေနီ ကျောက်စရစ်အနည်းငယ် ခင်းထားပါသည်။ တောင်ပို့ကွင်း-မကြီးကုန်း-ရုံးပု မြေသားလမ်းတလျှောက် ဘေးနှစ်ဘက်တွင် လယ်မြေများ၊ တောင်ယာများရှိနေပြီး လမ်းအကျယ်မှာ (၁၀)ပေခန့်သာ ရှိပါသည်။ စံနှုန်းသတ်မှတ်ချက်အရ လမ်းအကျယ် ပြည့်မီခြင်း မရှိပါသဖြင့် လယ်ယာမြေပိုင်ရှင်များထံမှ သဘော တူညီချက်ရရှိမှသာ အခက်အခဲမရှိ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းအား (၂/၃. ၅ မိုင်× ၁၂'×၇')မြေနီကျောက်စရစ်ခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၄၂)သန်း ကုန်ကျမည်ဖြစ်ပြီး ၎င်းလမ်းပေါ်တွင် ရေပြွန်(၂)စင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ရေပြွန်(၁)စင်းလျှင် (၂. ၅)သန်းဖြင့် ရေပြွန်(၂)စင်းအတွက် ကုန်ကျငွေကျပ်(၅)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်းနှင့် ရေပြွန်(၂)စင်းအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် (၄၇)သန်း ကုန်ကျမည် ဖြစ်ပြီး ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၁၇၃)အိမ်၊ လူဦးရေ (၈၀၄)ဦးတို့ အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီးရွာတွင် လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာ သည် လက်ရှိဓါတ်အားစနစ်မှ မိုင် ၂၀ ကျော် ဝေးကွာသည်ဖြစ်၍ အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး (NEP) ပထမအဆင့် ၂ မိုင်၊ ဒုတိယအဆင့် ၅ မိုင် စာရင်းတွင် မပါရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)၊ (၅)နှင့် (၆)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု၊ လယ်တီကွက်သစ်၊ အခြေခံပညာ မူလတန်းကျောင်းခွဲ၏ အဆောက်အဦအားချဲ့၍ အခင်းနှင့်အကာများအား ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရေကျော်အုပ်စု၊ လယ်တီကွက်သစ် အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှာ (၃၀ × ၁၈)ပေ သက်ကယ်မိုး ဖြစ်ပါသည်။ ကျောင်းသားဦးရေ(၆၃)ဦး ရှိပါသည်။

အဆိုပါ မူလတန်းကျောင်း(ခွဲ) လျှောက်ထားစဉ်ကာလက ကျောင်းအဆောက်အဦနှင့် လိုအပ်သောဆရာကို ရပ်ရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်အရ မူလတန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် အဆိုပါကျောင်းအား တဲသာသာအဆင့်ရှိသော ကျောင်းများစာရင်းတွင် မြို့နယ်မှတင်ပြထားပြီး Type - C ကျောင်းဆောင်သစ်စာရင်းတွင် ဆက်လက်တင်ပြပေးထားပြီးဖြစ်ပါသည်။ ပန်းတောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)အမက-တောင်မောက်၊ (၂)မူလွန်-တောင်တောမ၊ (၃)ထ(ခွဲ)ကပစ(၉)၊ (၄)ထ(ခွဲ)သူရဲတန်း၊ (၅)ထ(ခွဲ)ဇရပ်လှ (၆)ထ(ခွဲ)ကျောင်းဦးတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ မြို့ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းတွင် ကျောင်းခေါင်မိုးပေါက်ပြဲနေ၍ အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ " နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ မြို့ကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားဦးရေ (၉၈)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၆၀ × ၃၀) ပေ (၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့် တည်နေရာ (C-21) ဖြစ်ပါသည်။

အဆိုပါကျောင်း၏ ကျောင်းဆောင်ဟောင်းအမိုးများပြင်ဆင်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးသို့ အသေးစိတ်တွက်ချက်မှုအား အမြန်ဆုံးတင်ပြရန် အကြောင်းကြားထားပြီး ရန်ပုံငွေခွဲဝေပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပန်းတောင်းမြို့နယ်၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ရွှေဘုံသာကျေးရွာတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း အဆောက်အဦနှင့် ဝန်ထမ်းချထားပေးရန် အစီအစဉ်

ရှိ/မရှိ ” နှင့် စပ်လျဥ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ၇၅ % ကျော်သော ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိရာ လူဦးရေ ၂၀၀၀၀ ရှိလျှင် ကျေးလက်ကျန်းမာရေးဌာနအဖြစ်လည်းကောင်း၊ လူဦးရေ ၄၀၀၀ရှိလျှင် ကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်လည်းကောင်း ဖွင့်လှစ်ပေးသည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

အထူးကိစ္စရပ်အနေဖြင့်သွားလာရေးခက်ခဲခြင်း၊ မိုးရာသီတွင်ကျေးရွာများသို့ ရောက်ပေါက်မှုခက်ခဲခြင်း၊ တောင်ပေါ်ဒေသများကိုလည်း ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအဖြစ် ဖွင့်လှစ်ပေးသည့် ခွင့်ပြုပေးနေမှုများလည်း ရှိခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျတ်မှ ခွင့်ပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ကျန်းမာရေးဌာန ၊ ဌာနခွဲများ ဆောက်လုပ်ပေးရန် လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အဆောက်အဦများပြုပြင်ထိန်းသိမ်းရေးငွေတစ်မြို့နယ်လျှင် သိန်း(၂၅၀)စီချပေး၍ မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GAVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျက်ရှိသည်။ လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGOs ထံတောင်းခံသွားမှာ ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ စိစစ်တင်ပြတောင်းခံသွားရန် လိုအပ်ပါကြောင်းနှင့် စိစစ်မှုကိုတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဒေါင်းမြတ်နားကျေးလက်ကျန်းမာရေးဌာန၊ ရွာသာယာကျေးလက်ကျန်းမာရေးဌာနခွဲမှ ရွှေဘုံသာကျေးရွာအုပ်စုအား ရွှေဘုံသာကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရန်အတွက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ (၁၅-၅-၂၀၁၅)ရက်စွဲပါစာအမှတ်၊၂၂၀၆/ ပခတ-၂(ခ)/၂၀၁၅ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၃) "ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီးရွာတွင် လျှပ်စစ်မီးရရှိရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဖြေကြားထားသည်မှာ ပန်းတောင်းမြို့နယ်၊ ကိုင်းကြီးကျေးရွာသည် လက်ရှိဓါတ်အားစနစ်မှ မိုင်(၂၀)ကျော် ဝေးကွာသည်ဖြစ်ပါ၍ အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး NEP ပထမအဆင့် ၂မိုင်၊ ဒုတိယအဆင့်(၅)မိုင်စာရင်းတွင် မပါဝင်ကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားထားသည့်အတွက် ကိုင်းကြီးကျေးရွာအနေဖြင့် အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး NEP တတိယအဆင့်၊ စတုတ္ထအဆင့်များတွင် ဆောင်ရွက်ပေးရန်ရှိပါသလား။ အကယ်၍ ဆောင်ရွက်ပေးနိုင်ခြင်းမရှိလျှင် ကိုင်းကြီးကျေးရွာအနေဖြင့် လျှပ်စစ်ဓါတ်အားလုံးဝမရရှိမည့် အခြေအနေမျိုးဖြစ်နိုင်ပါသလားဆိုသည်ကို ရှင်းလင်းတိကျစွာ ဖြေကြားပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်ထပ်မံ၍ မေးမြန်းသော ဆက်စပ်မေးခွန်းအမှတ်စဉ်(၃)နှင့် ပတ်သက်၍ သက်ဆိုင်ရာ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမည်ဖြစ်ပါသည်။ NEP စီမံကိန်းအရ ပထမဦးစားပေး(၂)မိုင်၊ ဒုတိယဦးစားပေး(၅)မိုင် အတွင်း မပါရှိသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးများတွင် ညှိနှိုင်းပြီး ကျန်ရှိနေသည့် ကျေးရွာများအား လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ 11KV ကြိုးများဖြင့် ပြီးစီးအောင် ဆောင်ရွက်၍ရသည့် နေရာများတွင် လုပ်ဆောင်ပေးမည်ဖြစ်ပြီး အကယ်၍ 11KV ကြိုးများဖြင့် ဆောင်ရွက်၍ မရရှိပါက ဆိုလာစနစ်ဖြင့်စီမံ၍ လုပ်ဆောင်ပေးရန်ရှိပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဘတ်ဂျက်ရရှိစေရန် တင်ပြတောင်းခံပေးမည်ဖြစ်ပြီး ဘတ်ဂျက်ရရှိပါက ကျေးရွာလျှပ်စစ်မီး ရရှိစေရန် အစွမ်းကုန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေတောင်မြို့နယ် မကျီးပေါက်ကုန်းကျေးရွာအုပ်စု ကျေးရွာခွဲ(၃)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၂)မိုင် တည်ဆောက်ခြင်းပါ လုပ်ငန်း(၄)ခုအား ၂၀၁၆-၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်မှ ခွင့်ပြုမိန့်ချထားပေးပြီး/မပြီးနှင့် ခွင့်ပြုမိန့် ချထားပေးပြီးပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကို သိရှိလိုပါကြောင်း ”**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၉-၁၁-၂၀၁၅)ရက်စွဲပါ စာအမှတ် ၈/၁-၂/ဦး ၆(၃၀၁)အရ ရွှေတောင်မြို့နယ် မကျီးပေါက်ကုန်းကျေးရွာ အုပ်စု ကျေးရွာခွဲ(၃)ရွာ၊ လျှပ်စစ်ဓါတ်အားရရှိရေးအတွက် (၁၁)ကေဗွီဓါတ်အားလိုင်း(၂)မိုင်တည်ဆောက်ခြင်း၊ (၁၁. ၄)ကေဗွီ(၂၀၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံး၊ (၁၁. ၀၄)ကေဗွီ(၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးတည်ဆောက်ခြင်း၊ (၄၀၀)ဗို့ဓါတ်အားလိုင်း (၁၀၄၀၀)ပေတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးရန် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထက်ဖော်ပြပါစာဖြင့် အကြောင်းပြန်ကြားထားကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျတ်မှ အထက်ပါလုပ်ငန်းအား ခွင့်ပြုမိန့်ချထားပေးပြီး ရှိ/မရှိနှင့် ခွင့်ပြုမိန့်ချထားပေးပြီးပါက မည်သည့်အချိန်တွင် စတင်အကောင်အထည် ဖော်မည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ ရွှေတောင်မြို့နယ် မကျီးပေါက်ကုန်းကျေးရွာအုပ်စု ကျေးရွာခွဲ(၃)ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း(၂)မိုင် တည်ဆောက်ခြင်းပါ လုပ်ငန်း(၄)ခုအား ၂၀၁၆-၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်မှ ခွင့်ပြုမိန့်ချထားပေးပြီး/ မပြီးနှင့် ခွင့်ပြုမိန့် ချထားပေးပြီးပါက မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်မည်ကို သိရှိလိုပါကြောင်း ”နှင့် စပ်လျဉ်း၍ ရွှေတောင်မြို့နယ်၊ မကျီးပေါက်ကုန်းကျေးရွာအုပ်စု၊ ကျေးရွာ(၃)ရွာတွင် လျှပ်စစ်ဓါတ်အားရရှိရေးအတွက် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ထည့်သွင်းလျာထားခဲ့သော်လည်း ဘတ်ဂျက် ရန်ပုံငွေ ၅၀% လျော့ချဖြတ်တောက်ခဲ့ခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းများအား ခွင့်ပြုပေးနိုင်ခြင်း မရှိခဲ့ပါ။ စုစုပေါင်းထပ်မံကုန်ကျမည့်ငွေ စုစုပေါင်းငွေကျပ်(၅၄,၇၈၇,၀၀ဝ/)အား ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီး

ဖြည့်စွက်ရန်ပုံငွေ ဘတ်ဂျက်တွင်တင်ပြတောင်းခံ၍ ခွင့်ပြုမိန့်ရရှိပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကျီးတောအုပ်စု၊ ရှားဇီးဖိုကျေးရွာ၊ ယာယီစီရင်တဲစု ဆည်ဦးကျေးရွာအား ကျီးတော အုပ်စု၊ ဆည်ဦးရွာအဖြစ် တရားဝင်ရွာအမည်ပေါက် ထည့်သွင်း၍ စီစဉ်ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဖိုးလေးကုန်းကျေးရွာအား ကွင်းလှအုပ်စု ဖိုးလေးကုန်းကျေးရွာဟု တရားဝင် ရွာအမည်ပေါက်ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"သဘာဝဘေးအန္တရာယ်ကြောင့် ပြင်ကြီးကြိုးတံတားထိပ်မှ ခတ္တိယ၊ ထုံးဘိုသို့ ဆက်သွယ် ထားသော ဖွံ့ဖြိုးရေး ကျောက်ချောလမ်းနှင့် တံတားပျက်စီး သွားပါသဖြင့် ပြုပြင် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော မကြီးထုံး-ကွေမ ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"ပန်းတောင်းမြို့နယ်၊ ချောင်းကမ်းပါး ပြိုကျ၍ ပျက်စီးသွားသော အထက်ပဲကြီးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်၊ ကျီးတောအုပ်စု၊ ဆည်ဦးရွာသည် လွန်ခဲ့သော ၂၀၀၀ခုနှစ်မှစ၍ ဒေသခံပြည်သူများ နေထိုင်ခဲ့ပါသည်။ ဆည်ဦးရွာဘေးတွင် ကွန်ချောင်း ရေလှောင်တမံအမှတ်(၂) တည်ရှိပါသည်။

ကွန်ချောင်းရေလှောင်တမံ ဆောက်လုပ်သည့်အခါ ဥသျှစ်ကုန်းကျေးရွာသည် ဆည်အတွင်း ကျရောက်၍ အဖျက်ခံခဲ့ရပါသည်။ ဥသျှစ်ကုန်းကျေးရွာသူရွာသားများမှာ ဆည်တည်ဆောက်သူ အလုပ်သမား များနှင့်အတူ လက်ရှိဒေသအမည်ပေါက် ဆည်ဦးရွာလေးတွင် နေထိုင်ခဲ့ကြပါသည်။

ယခုဆိုလျှင် အိမ်ခြေ (၆၇)လုံး၊ အိမ်ထောင်စု(၆၇)နှင့် လူဦးရေ(၃၀၀)ကျော်ရှိပါသည်။ ဘာသာရေးနှင့် ပတ်သက်၍ ဘုန်းကြီးကျောင်းနှင့် စေတီတည်ရှိပါသည်။ လယ်ယာမြေများ၊ လယ်ယာလုပ်ကိုင်သော တောင်သူလယ်သမားများ ရှိပါသည်။ ပညာရေးတွင် ကျောင်းသား/ကျောင်းသူ (၅၀) ကျော်ရှိပါသည်။

ယခုဆိုလျှင် ရှားဇီးဘို မူလွန်ကျောင်း-ကွင်းလှ အထက်တန်းကျောင်းအထိ သွားရောက်ပညာသင်ကြားရပါသည်။ ရွေးကောက်ပွဲတွင် မဲပေးသည့်ချိန်၌လည်း ပန်းတောင်းမြို့နယ်တွင် မဲပေးခဲ့ရပါသည်။ ရွာအမည်မပေါက်သဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သော အကူအညီများလည်း မရရှိပါသဖြင့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့မှာလည်း နိမ့်ကျခဲ့ရပါသည်။

ထို့ကြောင့် ကျီးတောအုပ်စု၊ ရှားဇီးဖိုကျေးရွာ၊ ယာယီစီရင်တဲစု ဆည်ဦးကျေးရွာအား ကျီးတောအုပ်စု၊ဆည်ဦးရွာအဖြစ် တရားဝင်ရွာအမည်ပေါက်ထည့်သွင်း၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဖြေကြားပေးစေလိုပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပန်းတောင်းမြို့နယ်၊ ကွင်းလှအုပ်စု၊ ဖိုးလေးကုန်းရွာအား လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်ကစ၍ အိမ်လေးအိမ်စုအဖြစ် စတင်တည်ရှိခဲ့ပါသည်။ ယခုအခါတွင် အမြဲနေထိုင်သော အိမ်ခြေ(၁၄၀)၊ အိမ်ထောင်စု (၁၄၀)၊ လူဦးရေ(၁၀၀၀)ကျော်ရှိပါသည်။ အ. မ. က မူလွန်ကျောင်းနှင့် နိုင်ငံတော် မှ ဖိုးလေးကုန်းကျေးရွာအမည်ဖြင့် မီတာဘောက်အလုံး(၁၀၀)ခန့်ရရှိပြီးဖြစ်ပါသည်။ ဖိုးလေးကုန်းကျေးရွာအမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားလည်း ရရှိပါသည်။ လယ်ယာမြေများ-လယ်သမားများ၊ ဝန်ထမ်းများ၊ ဘာသာရေးဘုရားကျောင်း၊ မူလတန်းနှင့် မူလွန်ကျောင်းသား(၂၀၀)ခန့်ရှိပါသည်။ မူလွန်ကျောင်းမှာလည်း ဖိုလေးကုန်းအမည်နှင့်ချထားပေးခဲ့ပြီး၊ လျှပ်စစ်ဝန်ကြီးဌာနမှလည်း မီတာဘောက်များကို ဖိုလေးကုန်းအမည်ဖြင့် ချထားပေးခဲ့ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်များမှာလည်း ဖိုလေးကုန်းကျေးရွာ အမည်ဖြင့်ချထားပေးပါသည်။

သို့ပါ၍ ဖိုးလေးကုန်းကျေးရွာအား ကွင်းလှအုပ်စု ဖိုးလေးကုန်းကျေးရွာဟု တရားဝင်ရွာအမည်ပေါက်ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဖြေကြားပေးစေလိုပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကြိုးတံတားထိပ်မှ ခတ္တိယ၊ ထုံးဘိုသို့ဆက်သွယ် ထားသော ဖွံ့ဖြိုးရေးလမ်း၊ တံတားသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် ကျေးရွာ(၅)မှ အားထားရသောလမ်းဖြစ်ပါသည်။ ရေဝိုင်း ဘုန်းတော်ကြီးကျောင်း၊ မူလတန်းလွန်စာသင်ကျောင်းရှိပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လ ၊ (၁၀)ရက်နေ့ (၂၂း၀၀)နာရီမှ ရေကြီးရေလျှံမှုဖြစ်ပေါ်၍ အဆိုပါ လမ်းတံတားများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ကျောင်းသူ/ ကျောင်းသားများမှ လမ်းနှင့်တံတား မကောင်းသည့်အတွက် ထုံးဘို(အ. ထ. က)သို့ သွားရောက်စာသင်ရန် အခက်အခဲရှိပါသည်။ ပြင်ကြီး၊ ဂျီအီးကွက်သစ်၊ ကျောက်တဲ၊ ချင်းကုန်း၊ ညောင်ဝိုင်း၊ သူရဲတန်းရွာများမှ ဒေသခံပြည်သူများ ဈေးသွားရန်လည်းကောင်း၊ ဆေးရုံဆေးခန်းများသို့ သွားလာရန်လည်းကောင်း၊ ကုန်စည်ရောင်းဝယ်ဖောက်ကားရန်အတွက် လည်းကောင်း အားထားရသောလမ်းဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ပြင်ကြီးကြိုးတံတားထိပ်မှ ခတ္တိယ၊ ထုံးဘိုသို့ဆက်သွယ်ထားသော ဖွံ့ဖြိုးရေးကျောက်ချောလမ်းနှင့် တံတားပျက်စီးသွားပါသဖြင့် လမ်းနှင့် တံတားအား

အမြန်ပြုပြင်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖြေကြားပေးပါရန် မေးခွန်းမေးမြန်းအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ မကြီးထုံးအုပ်စုအတွင်းရှိ မကြီးထုံး-ကွေမ ကျေးရွာချင်းဆက်ဖွံ့ဖြိုးရေးလမ်းသည် လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က စတင်ဖောက်လုပ်အသုံး ပြုခဲ့ကြသောလမ်းဖြစ်ပါသည်။

၂၀၁၃ခုနှစ်တွင် နိုင်ငံတော်မှ ဘဏ္ဍာငွေဖြင့် အမြင့်ပေ(၄)ပေမြှင့်ပြီး တိုးချဲ့ပြုပြင်ပေးခဲ့ပါသည်။ ယခင်နှစ်များတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော်လည်း လမ်းမှာ အနည်းငယ်သာပျက်စီးခဲ့ပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လ၊ (၁၀)(၁၁)ရက်များတွင် မိုးအဆက်မပြတ်ရွာသွန်းမှု သဘာဝဘေးအန္တရာယ်ကြောင့် ထိုလမ်းမှာ အပိုင်း(၁၄)ပိုင်းကျိုးပြီး၊ လမ်းအရှည် (၁၁၀၀)ပေ ပျက်စီးခဲ့ပါသည်။

မကြီးထုံး-ကွေမ ဆက်သွယ်ရေးလမ်းပေါ်တွင် မှီခိုသွားလာနေသောရွာများမှာ ကွေမရွာ၊ သဲဖြူရွာ၊ ဆင်ကူးရွာ၊ ရွှေပန်းတောရွာ၊ သစ္စိန်ကုန်းရွာတို့မှ အိမ်ထောင်စုပေါင်း (၃၂၀)၊ လူဦးရေ ပေါင်း (၁၁၇၇)ဦး၊ ဘုန်းကြီးကျောင်း(၅)ကျောင်း၊ သံဃာ(၁၂)ပါး၊ အ.မ.က စာသင်ကျောင်း (၂)ကျောင်း၊ ဆရာ/ဆရာမ (၁၁)ဦး၊ မကြီးထုံးနှင့် ဥသျှစ်ပင်သို့ ကျောင်းတက်နေရသော ကျောင်းသား/ ကျောင်းသူပေါင်း (၈၂)ဦးတို့ မှီခိုသွားလာနေရပါသည်။

မိုးအဆက်မပြတ်ရွာသွန်းမှု သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော မကြီးထုံး-ကွေမ ကျေးရွာချင်းဆက်ဖွံ့ဖြိုးရေးလမ်းအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်၊ ပဲကြီးအုပ်စု၊ အထက်ပဲကြီးရွာတွင် မူလကကျေးရွာမှလှူဒါန်းခဲ့သော ကျေးလက် ကျန်းမာရေးဌာနခွဲတစ်ခု တည်ရှိခဲ့ပါသည်။

ထိုကျေးလက်ကျန်းမာရေးဌာနသည် ၂၀၁၆ခုနှစ်၊ ဇွန်လ(၁၀) (၁၁)ရက်က မိုးအဆက်မပြတ်ရွာသွန်းမှု သဘာဝဘေးအန္တရာယ်ကြောင့် ချောင်းကမ်းပါးပြို၍ ကျေးလက်ကျန်းမာရေးဌာနမြေနေရာ ပါသွားခဲ့ပါသည်။ အထက်ပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံမရှိသဖြင့် ဒေသခံပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် အခက်အခဲကြုံတွေ့နေရပါသည်။ အထက်ပဲကြီးရွာတွင် အိမ်ခြေ (၈၉)၊ လူဦးရေ (၃၄၅)ဦး၊ အရှေ့ပဲကြီးရွာတွင် အိမ်ခြေ (၁၃၀)၊ လူဦးရေ (၄၁၃)ဦး၊ အလယ်ပဲကြီးရွာတွင် အိမ်ခြေ (၁၂၉)၊ လူဦးရေ (၄၉၁)ဦး၊ ရုံးခုံရွာတွင် အိမ်ခြေ (၃၆)၊ လူဦးရေ (၁၃၅)ဦး၊ ဒေါင်းတိုက်ရွာတွင် အိမ်ခြေ (၁၁၈)၊ လူဦးရေ (၄၉၇)ဦး၊ ကရင်ကုန်းရွာတွင် အိမ်ခြေ (၇၃)၊ လူဦးရေ (၃၆၆)ဦး၊ ကျေးတောင်ကျင်းရွာတွင် အိမ်ခြေ (၄၅)၊ လူဦးရေ (၂၂၁)ဦး၊ စုစုပေါင်း အိမ်ခြေ (၆၂၀)၊ လူဦးရေ (၂၄၆၈)ဦးတို့မှ ကျန်းမာရေးအတွက် မှီခိုနေရပါသည်။

ထိုကြောင့် သဘာဝဘေးအန္တရာယ်ကြောင့် ချောင်းကမ်းပါးပြို၍ ပျက်စီးသွားသော အထက်ပဲကြီးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ကျီးတောအုပ်စု၊ ရှားဇီးဖိုကျေးရွာ၊ ယာယီစီရင်တဲစု ဆည်ဦးကျေးရွာအား ကျီးတောအုပ်စု၊ ဆည်ဦးရွာအဖြစ် တရားဝင်ရွာအမည်ပေါက် ထည့်သွင်း၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ” နှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၁ တွင် “ **ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ်စုစည်းခြင်း၊ ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် စုစည်းခြင်း၊ ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်စုစည်းခြင်း၊ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းခြင်း၊ ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်စုစည်းခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းခြင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်စုစည်းခြင်း**”ဟု ဖော်ပြပါရှိပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ တွင် “ **သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်**” ဟုဖော်ပြပါရှိပါသည်။

မြေပြင်တွင် နှစ်ကာလများစွာ အခြေချနေထိုင်ခဲ့ကြပြီး ပြည်ထဲရေးအမည်ပေါက် တိုးချဲ့ကျေးရွာအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်လိုမှုများတင်ပြရာ၌ နယ်မြေခံလူထုအတွက်

လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အထောက်အကူပြုမှသာလျှင် ဒေသခံများ၏ သဘောထားကို ရယူ၍ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ အရ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းသို့ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ ပယ်ဖျက်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရွာမြေမှအပ စားကျက်မြေတွင်တည်ရှိသော ကျေးရွာသစ်များ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းတွင် တည်ရှိပြီး ဧက(၅၀)ထက်မပိုသော ကျေးရွာ သစ်များ၊ လယ်မြေတွင် တည်ရှိသော ကျေးရွာများ၊ သစ်တောမြေတွင် ကျရောက်နေသော ကျေးရွာသစ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် သတ္တုလုပ်ကွက်ဧရိယာများအတွင်း ကျရောက်လျက်ရှိသော ကျေးရွာသစ်များ၏ မြေအမျိုးအစား သတ်မှတ်ချက်အပေါ် မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ တို့၏ မြို့/ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် သဘောတူ ခွင့်ပြုချက်ရရှိမှသာ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်ခြင်း ကိစ္စရပ်များအား ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ကျီးတောကျေးရွာအုပ်စုသည် ပြည်ထဲရေး အမည်ပေါက် ကျေးရွာများဖြစ်သည့် ကျီးတောကျေးရွာ၊ စာစီကျေးရွာ၊ ဖန်ခပင်ကျေးရွာ၊ ရှားဇီးဖိုကျေးရွာ၊ စာရေးကွင်းကျေးရွာ၊ ကြပ်ပျိုကျေးရွာ၊ ရေတွင်းလှကျေးရွာဟူ၍ ကျေးရွာ(၇)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ကျီးတောအုပ်စု၊ ရှားဇီးဖို ကျေးရွာ၊ ယာယီစီရင်တဲစု၊ ဆည်ဦးကျေးရွာအား ဆည်ဦးရွာဟု တရားဝင်အမည်ပေါက် ထည့်သွင်းပေးရန်နှင့်စပ်လျဉ်း၍ ကွန်ချောင်းဆည် တည်ဆောက်စဉ်က ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ သစ်စိမ့်ကိုင်းကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာနှင့် အခြားဒေသမှ အလုပ်သမားများသည် ကျီးတောကျေးရွာအုပ်စု၊ ရှားဇီးဖိုကျေးရွာအနီးတွင်လာရောက်၍ တောင်ယာလုပ်ကိုင်ခြင်း၊ ငါးဖမ်းခြင်း၊ အခြားကျဘမ်းအလုပ်များကို လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြပါသည်။

၎င်းတို့သည် မူလမိမိအရပ်ဒေသသို့ ပြန်လည်ရွှေ့ပြောင်းခြင်းမရှိဘဲ ရှားဇီးဖိုကျေးရွာအနီး တောင်ယာများတွင် အိမ်စု၊ တဲစုများအဖြစ် ဆောက်လုပ်နေထိုင်လျှက်ရှိရာ ယခုအခါ အိမ်ခြေ(၄၄)၊ အိမ်ထောင်စု(၄၄)စုရှိပြီး၊ စုစုပေါင်းလူဦးရေ(၁၄၃)ဦးခန့် ပြန့်ကျဲနေထိုင်လျှက်ရှိသဖြင့် လက်ရှိတွင်လည်း ရွှေ့ပြောင်းသန်းခေါင်စာရင်းများ ကောက်ယူပြုစုလျှက်ရှိပါသည်။

မြေပြင်တွင် ပြန့်ကျဲနေထိုင်လျက်ရှိသော ကျေးရွာငယ်များကို စုစည်း၍ ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် ဖွဲ့စည်းဆောင်ရွက်ရာတွင် နယ်မြေခံလူထုအတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်အထောက်အကူပြုမှသာလျှင် ဒေသခံများ၏သဘောထားဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြရမည်ဖြစ်ပြီး ယင်းသို့တင်ပြရာ၌လည်း ရွာမြေမှအပ ကျန်မြေအမျိုးအစားအလိုက် သတ်မှတ်ချက်အပေါ် မူတည်၍ သက်ဆိုင်ရာဝန်ကြီးဌာန/ကော်မတီနှင့်အဖွဲ့များ၏ သဘောတူခွင့်ပြုချက်များ ရယူကာ ခွင့်ပြုချက်ရရှိမှုအပေါ် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲပြုစုဆောင်ရွက်ရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ သစ်စိမ့်ကိုင်းကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာနှင့် အခြားဒေသများမှ ပန်းတောင်းမြို့နယ်၊ ကျီးတောကျေးရွာအုပ်စု၊ ရှားဇီးဖိုကျေးရွာအနီး လာရောက်၍ ပြန့်ကျဲနေထိုင်လျက်ရှိကြသော ယာယီစီရင်တဲစု၊ ဆည်ဦးကျေးရွာအား တရားဝင်ပြည်ထဲရေးအမည်ပေါက် ဆည်ဦးရွာအဖြစ် လတ်တလော စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး(ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"ဖိုးလေးကုန်းကျေးရွာအား ကွင်းလှအုပ်စု ဖိုးလေးကုန်းကျေးရွာဟု တရားဝင် ရွာအမည်ပေါက်ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၁ တွင် **"ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ်စုစည်းခြင်း၊ ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ် စုစည်းခြင်း၊ ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်စုစည်းခြင်း၊ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းခြင်း၊ ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသ အတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်စုစည်းခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းခြင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ်စုစည်းခြင်း"**ဟု ဖော်ပြပါရှိပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ တွင် **" သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက် ပေးရမည်"** ဟုဖော်ပြပါရှိပါသည်။

မြေပြင်တွင် နှစ်ကာလများစွာ အခြေချနေထိုင်ခဲ့ကြပြီး ပြည်ထဲရေးအမည်ပေါက် တိုးချဲ့ကျေးရွာအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက်ရယူကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်လိုမှုများတင်ပြရာ၌ နယ်မြေခံလူထုအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် အထောက်အကူပြုမှုသာလျှင် ဒေသခံများ၏ သဘောထားကို ရယူ၍ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ အရ နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းသို့ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ ပယ်ဖျက်ခြင်း ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရွာမြေမှအပ စားကျက်မြေတွင်တည်ရှိသော ကျေးရွာသစ်များ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းတွင် တည်ရှိပြီး ဧက(၅၀)ထက်မပိုသော ကျေးရွာသစ်များ၊ လယ်မြေတွင် တည်ရှိသော ကျေးရွာများ၊ သစ်တောမြေတွင် ကျရောက်နေသော ကျေးရွာသစ်များ၊ သတ္တုတွင်းဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် သတ္တုလုပ်ကွက်ဧရိယာများအတွင်း ကျရောက်လျက်ရှိသော ကျေးရွာသစ်များ၏ မြေအမျိုးအစား သတ်မှတ်ချက်အပေါ် မူတည်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ မြေလွတ်မြေလပ်နှင့်မြေရိုင်းများဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ တို့၏ မြို့/ရွာမြေအဖြစ် အသုံးပြုဆောင်ရွက်ရန် သဘောတူခွင့်ပြုချက် ရရှိမှသာ မြို့/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာများ တိုးချဲ့/ပြင်ဆင်/ပယ်ဖျက်ခြင်း ကိစ္စရပ်များအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားထားရှိပြီးဖြစ်ပါသည်။

ပန်းတောင်းမြို့နယ်၊ ကွင်းလှကျေးရွာအုပ်စုသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာများဖြစ်သည့် ကွင်းလှရွာမကျေးရွာ၊ ကွင်းလှတောင်ကျေးရွာ၊ ဂုံညင်းတန်း(ချင်း)ကျေးရွာ၊ ဂုံညင်းတန်း(မြန်မာ)ကျေးရွာ၊ ကွင်းလတောင်ကျေးရွာဟူ၍ ကျေးရွာ(၅)ရွာဖြင့် ဖွဲ့စည်းထားပါသည်။

ဖိုးလေးကုန်းကျေးရွာသည် ပန်းတောင်းမြို့နယ်၊ ကွင်းလှကျေးရွာအုပ်စု ကွင်းလှရွာမကျေးရွာနှင့် ဆက်စပ်လျှက်ရှိပြီး လူဦးရေများတဖြည်းဖြည်းတိုးပွားလာမှုကြောင့် ယခုအခါ အိမ်ခြေ(၁၄၀)ခန့်၊ အိမ်ထောင်စု (၁၄၀)ခန့်နှင့် လူဦးရေ(၁၀၀၀)ခန့် နေထိုင်လျက်ရှိကြပါသည်။

အဆိုပါကျေးရွာအား တရားဝင်အမည်ပေါက်ထည့်သွင်းပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ဒေသခံ ပြည်သူ လူထု၏ အများဆန္ဒသဘောတူညီချက်ဖြင့် တင်ပြနိုင်ရေး သက်ဆိုင်ရာ ပန်းတောင်းမြို့နယ်မှ မေးမြန်းစိစစ် သွားမည်ဖြစ်ပြီး ၎င်းတို့၏ တင်ပြချက်အတိုင်း ပန်းတောင်းမြို့နယ်နှင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လမ်းညွှန်မှုခံယူတင်ပြ၍ ဝန်ကြီးချုပ်၏ သဘောထား အတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “သဘာဝဘေးအန္တရာယ်ကြောင့် ပြင်ကြီးကြိုးတံတားထိပ်မှ ခတ္တိယ၊ ထုံးဘိုသို့ ဆက်သွယ်ထားသော ဖွံ့ဖြိုးရေးကျောက်ချောလမ်းနှင့် တံတားပျက်စီး သွားပါသဖြင့် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ ထုံးဘိုအုပ်စု၊ ပြင်ကြီးကြိုးတံတားထိပ်မှ ခတ္တိယ-ထုံးဘိုသို့ ဆက်သွယ်သော ဖွံ့ဖြိုးရေးကျောက်ချောလမ်းမှာ အရှည် (၀/၅)မိုင်ရှိပြီး ၂၀၁၃ခုနှစ်ခန့်က ကိုယ်ထူ

ကိုယ်ထ ဆောင်ရွက်ခဲ့သောလမ်းဖြစ်ပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလျှံမှုဖြစ်ပွားခဲ့ရာ လမ်းအပိုင်း(၀/၂)မိုင်ခန့် ပျက်စီးခဲ့ပါသည်။ ယခုအချိန်တွင် ကျေးရွာမှ ကိုယ့်အား ကိုယ်ကိုး ပြန်လည်ပြုပြင်နေပါသည်။ အဆိုပါလမ်းအား ကျောက်ဖြည့်ခင်းခြင်းနှင့် လမ်းပခုံးပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အပေါ်ယံဂျင်းမြေဖြည့်ခြင်းနှင့် ကျောက်ဖြည့်ခြင်းလုပ်ငန်းများ အတွက် ကုန်ကျငွေကျပ် (၁၁. ၂၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။အဆိုပါကုန်ကျငွေအား ရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြ ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

ထုံးဘို-ခတ္တိယ (၄၀'×၁၂'×၁၀') သစ်သားတံတားမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူ ကိုယ်ထတည်ဆောက်ခဲ့သော သစ်သားတံတားဖြစ်ပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေတိုက်စားမှုဖြစ်ပွားကာ တံတားတစ်စင်းလုံး မျောပါ သွားခဲ့ပြီး ယခုအခါ ယာယီဝါးတံတား ထိုး၍ အသုံးပြုသွားလာနေပါသည်။ ထုံးဘို-ခတ္တိယ သစ်သား တံတားပျက်စီးမှုအား (၅၀'×၁၄'×၁၅') အုတ်ခုံခံ၊ သံဘောင်ယက်မ ကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၄၀)သန်း ကုန်ကျမည်ဖြစ်ပြီး ရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ၂၉-၆-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၃၄၄/ လမ်းတံတား-၁/ကျေးလက်(ပခ)ဖြင့် တင်ပြထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော မကြီးထုံး-ကွေ့မ ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ မကြီးထုံးကျေးရွာအုပ်စုအတွင်းရှိ မကြီးထုံး-ကွေ့မ ကျေးရွာချင်း ဆက်ဖွံ့ဖြိုးရေးလမ်းသည် (၁၉၆၆)ခုနှစ်ခန့်မှ လမ်းအကျယ် (၁၂)ပေ၊ အမြင့် (၁'-၆")ဖြင့် ကျေးရွာလူထုမှ စတင်ဖောက်လုပ်ခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် မကြီးထုံး-ကွေ့မ မြေသားလမ်း (ဆင်ကူးရွာနှင့် ကွေ့မရွာကြား) (၁)မိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် (၄)ပေအမြင့် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လမ်းအပိုင်း(၁၄)ပိုင်း ရေတိုက်စား ပျက်စီးခဲ့ရာ ကျေးရွာလူထုမှ ကိုယ့်အားကိုယ်ကိုး ပြန်လည်ပြုပြင်အသုံးပြုခဲ့ပါသည်။ ၂၀၁၆ခုနှစ်၊ ဇွန်လတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းပိုင်း (၇)ပိုင်း ထပ်မံ၍ ရေတိုက်စား ပျက်စီးခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ၎င်းလမ်းပေါ်၌ မြေသားလမ်း (၀/၀. ၉)မိုင်၊ (၂၅)ပေရှိ အုတ်ခုံခံ သစ်သားတံတား (၂)စင်း၊ ကွန်ကရစ်တံတား (၅၀)ပေ (၂)စင်းတို့အတွက် ရန်ပုံငွေကျပ် (၁၃၆. ၅)သန်းဖြင့် ဆောင်ရွက်ရန် လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ပပဟန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ပန်းတောင်းမြို့နယ်၊ ချောင်းကမ်းပါးပြိုကျ၍ ပျက်စီးသွားသော အထက်ပဲကြီးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအား အမြန်ဆုံးပြန်လည်တည်ဆောက်ပေးနိုင်ရေး စီစဉ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် တိုက်နယ်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာန(၁၈၇)လုံး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၇၉၁)လုံး၊ ဆောက်လုပ်ရန် လိုအပ်လျှက်ရှိပါသည်။ အဆိုပါလိုအပ်နေမှုများအား ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ ခွင့်ပြုနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

နိုင်ငံတော်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်ကျေးလက်ကျန်းမာရေးဌာန ၊ ဌာနခွဲများ ဆောက်လုပ် ပေးရန် လျာထားလျှက်ရှိပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှ အဆောက်အဦများပြုပြင်ထိန်းသိမ်းရေး ငွေတစ်မြို့နယ်လျှင်သိန်း(၂၅၀)စီချပေး၍မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အခြားအဖွဲ့အစည်းများဖြစ်သည့် GAVI, World Bank မှကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးလျက်ရှိသည်။ လိုအပ်လာပါကအဆိုပါအဆောက်အဦများကို INGOs ထံတောင်းခံ သွားမှာဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ စီစစ်တင်ပြတောင်းခံသွားရန် လိုအပ်ပါကြောင်းနှင့် စိစစ်မှုကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

လွှတ်တော်အမတ်မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ပန်းတောင်းမြို့နယ် ကျေးလက် ကျန်းမာရေးဌာနလက်အောက်ရှိ ထုံးဘိုတိုက်နယ်ကျန်းမာရေးဌာန၊ ပဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲသည် အထက်ပဲကြီးကျေးရွာတွင် တည်ရှိပါသည်။ ၂၀၁၆-ခုနှစ်၊ ဇွန်လ (၉ ၊ ၁၀) ရက် ခန့်တွင်မိုးရွာသွန်းမှုများသဖြင့် ချောက်ကမ်းပါးများပြိုကျခဲ့ပါသည်။ သို့သော်လည်း ပဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲ၏ အဆောက်အဦနှင့် မြေနေရာသည် ယခုအချိန်အထိချောက်ကမ်းပါးပြိုသည့် အထဲတွင်ပါဝင်ခြင်းမရှိသေးပါ။ ၎င်းအဆောက်အဦတွင် သားဖွားဆရာမနှင့် ကျန်းမာရေးကြီးကြပ်(၂)တို့မှ ကျန်းမာရေးစောင့်ရှောက်မှုများ ယခုအချိန်အထိ ဆောင်ရွက် ပေးလျက်ရှိပါသည်။

ပဲကြီးကျေးလက်ကျန်းမာရေးဌာနခွဲသည် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားမည်ဆိုပါက အဆိုပါကျေးရွာတွင် ကျေးရွာမှချမှတ်ပေးမည့်မြေနေရာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်အား ပြုပြင် ထိန်းသိမ်းရေးရန်ပုံငွေသိန်း (၅၀) ဖြင့်ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ပပဟန်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၁) **"ကျီးတောအုပ်စု၊ ရှားဇီးဖိုကျေးရွာ၊ ယာယီစီရင်တဲစု ဆည်ဦးကျေးရွာအား ကျီးတောအုပ်စု၊ ဆည်ဦးရွာအဖြစ် တရားဝင်ရွာအမည်ပေါက် ထည့်သွင်း၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ"** မေးခွန်းအား ထပ်မံ၍ ဆပ်စပ်မေးခွန်းမေးမြန်းမည်ဖြစ်ပါသည်။ ဥသျှစ်ကုန်း ပန်းတောင်းမြို့နယ်၊ ကျီးတောကျေးရွာအုပ်စု၊ ရှားဇီးဖိုကျေးရွာအနီးလာရောက်၍ ပြန့်ကျဲနေထိုင်လျှက်ရှိသော ယာယီစီရင်တဲစု-ဆည်ဦး ကျေးရွာအား တရားဝင်ပြည်ထဲရေးအမည်ပေါက် ဆည်ဦးရွာအဖြစ် လတ်တလောစီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း ဝန်ကြီးမှ ဖြေကြားထားပါ၍ လတ်တလောတွင် စီစဉ်ဆောင်ပေးနိုင်ခြင်းမရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ်(၅)အနေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော အထက်ပဲကြီးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲသည် အန္တရာယ်အလွန်ကြီးမားနေသည့်အတွက်ကြောင့် ပြောင်းရွှေ့ဆောင်ရွက်ပေးနိုင်ရန် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ပပဟန်ထပ်မံ၍ မေးမြန်းထားသော မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ မေးခွန်းအမှတ်စဉ်(၁) **"ကျီးတောအုပ်စု၊ ရှားဇီးဖိုကျေးရွာ၊ ယာယီစီရင်တဲစု ဆည်ဦးကျေးရွာအား ကျီးတောအုပ်စု၊ ဆည်ဦးရွာအဖြစ် တရားဝင်ရွာအမည်ပေါက် ထည့်သွင်း၍ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါသည်။ ရှားဇီးဖိုကျေးရွာအနီးရှိ တောင်ယာများတွင် တဲစုများဆောက်လုပ်နေထိုင်လျှက်ရှိပါသည်။ ကွန်ချောင်းဆည်တည်ဆောက်စဉ်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ သစ်စိမ့်ကိုင်းကျေးရွာ၊ ဥသျှစ်ကုန်းကျေးရွာနှင့် အခြားဒေသမှ လာရောက်လုပ်ကိုင်စားသောက်နေထိုင်သူများ ပြန့်ကျဲနေထိုင်ခြင်းဖြစ်ပါသည်။ မိမိပြောကြားထားသည့်အတိုင်း မိုင်(၅၀)အတွင်းရှိ/မရှိနှင့် ပြန့်ကျဲနေထိုင်နေသည့်အတွက် မိုင်(၅၀)မပိုမှသာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယင်းကိစ္စကို မြေပြင်တွင် မြေတိုင်းတာပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြေပြင်တွင် ပြန့်ကျဲနေထိုင်မှုများကို ပြည်ထဲရေးအမည်ပေါက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ရာတွင် နယ်မြေခံပြည်သူလူထုအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုမည်ဆိုပါက ကျီးတောကျေးရွာပြည်သူများနှင့် ပန်းတောင်းမြို့နယ်မှ ဒေသခံပြည်သူများ၏ သဘောထားရယူပြီး ပြည်ခရိုင်မှ ပြန်လည်

စိစစ်သည့်အခါ မိမိတို့သတ်မှတ်ထားသည့်အတိုင်း မိုင်(၅၀)အတွင်းဝင်ပါက လုပ်ထုံးလုပ်နည်းအတိုင်း သက်ဆိုင်ရာခရိုင်မှတစ်ဆင့် တိုင်းဒေသကြီး အစိုးရထံတင်ပြပြီး ဝန်ကြီးချုပ်၏ ထောက်ခံချက်နှင့် လမ်းညွှန်မှုများ ခံယူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ သဘောထားခွင့်ပြုချက်ရမှသာ မိမိတို့အနေဖြင့် ဆောင်ရွက်ရမည် ဖြစ်သောကြောင့် စိစစ်မှုမှာကြာမည်ဖြစ်၍ လတ်တလော ဆောင်ရွက်ပေးနိုင်မှုမရှိသေးကြောင်း ပြောကြားခြင်း ဖြစ်ပြီး မိမိအနေဖြင့် ဆက်လက်စိစစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါ်ပပဟန်ထပ်မံ၍ မေးမြန်းထားသော မေးခွန်းအမှတ်စဉ်(၅)နှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဒေါ်ပပဟန်၊ မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား မိမိမှ ဖြေကြားထားသည်မှာ ရှင်းလင်းပါကြောင်း၊ ပျက်စီးသွားသည် ဆိုပါက ကျေးရွာမှ ချမှတ်ပေးသည့်မြေနေရာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်အား ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေ သိန်း(၅၀)ဖြင့် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်မည့် မြေအတိုင်းအတာကို ကျေးရွာမှ ဆောင်ရွက်ပေးရမှာဖြစ်ပြီး ကျေးရွာမှဆောင်ရွက်ပေးလျှင် ပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေသိန်း(၅၀)ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပေါင်းတည်မြို့နယ်၊ ပြန်ချီတက် ကျေးရွာအုပ်စုမှခွဲ၍ မူလကရှိခဲ့သည့် ညောင်နီပင် ကျေးရွာနှင့် ရွှေဂဲပေါက် ကျေးရွာအား ညောင်နီပင်အုပ်စုအဖြစ် ပြန်လည်သတ်မှတ် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပေါင်းတည်မြို့နယ်၊ သစ်ပုတ်ကျေးရွာမှ တောင်ခမောက်-လက်ပံခုံ-နတ်ရေတွင်း သစ်ပျောက်စမ်းရွာများအထိ ကျေးရွာချင်းဆက်လမ်း ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပြန်ချီတက်အုပ်စု ညောင်နီပင်ရွာသည် ၁၉၉၉ ခုနှစ်မတိုင်မီက ညောင်နီပင်အုပ်စု အမည်ဖြင့် တည်ရှိသောရွာဖြစ်ပါသည်။ ထိုစဉ်က ယခုအုပ်စု အမည်ပေါက် ပြန်ချီတက်ရွာအပါအဝင်

ရွှေဂဲပေါက်၊ ပြင်စင် ဟူ၍ရွာခွဲ (၄)ရွာဖြင့် တည်ရှိခဲ့ပါသည်။ ညောင်နီပင်ကျေးရွာသည် အိမ်ခြေ (၄၇၀)၊ လူဦးရေ (၁၈၀၀) ဦး ရှိခဲ့ပါသည်။

၁၉၉၉-၂၀၀၀ ခုနှစ်တွင် ဝဲကြီးဆည် စီမံကိန်းတည်ဆောက်မည်ဖြစ်သဖြင့် ညောင်နီပင်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာ၊ ပြင်စဉ်ကျေးရွာတို့အား ဆည်ရေဝပ်ဧရိယာတွင်ပါဝင်နေသဖြင့် ရွာများပြောင်းရွှေ့ပေးရန် အမိန့်ကျခဲ့ပါသည်။ ထိုစဉ်က ညောင်နီပင်ကျေးရွာအုပ်စုတွင် ပြန်ချီတက်ကျေးရွာတစ်ရွာတည်းသာ ကျန်နေသဖြင့် ပြန်ချီတက်ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ခဲ့ပါသည်။

ဝဲကြီးဆည်တည်ဆောက်ပြီးချိန်တွင် ညောင်နီပင်ကျေးရွာနှင့် ရွှေဂဲပေါက်ကျေးရွာတို့သည် ရေဝပ်ခြင်း မရှိသည့်အတွက် ၎င်းကျေးရွာနေပြည်သူများမှ မိမိတို့မူလကနေထိုင်ခဲ့သော ကျေးရွာနေရာတွင် ပြန်လည် အခြေချနေထိုင်ခဲ့ပြီး ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် လျှောက်ထားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၀၅ ခုနှစ်၊ မတ်လ၊ (၈)ရက်စွဲပါ စာအမှတ် (၂၀၀/၂၃-၁၀၁/ဦး ၁)ဖြင့် ပြန်ချီတက်ကျေးရွာအုပ်စုအဖြစ် ပြန်ချီတက်ကျေးရွာ၊ ညောင်နီပင်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာဟူ၍ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။

ယခုအခါ ညောင်နီပင်ကျေးရွာသည် ပြန်ချီတက်ကျေးရွာနှင့် (၂) မိုင် (၄) ဖာလုံခန့်ကွာဝေးပြီး ညောင်နီပင်ကျေးရွာတွင် အိမ်ခြေ (၆၁၀)၊ အိမ်ထောင်စု (၆၁၁)၊ လူဦးရေ (၂၃၀၃)ဦး ရှိပါသည်။ ပြန်ချီတက် ကျေးရွာတွင်လည်း အိမ်ခြေ (၄၄၃)၊ အိမ်ထောင်စု( ၄၄၆)၊ လူဦးရေ (၁၈၅၆)ဦး ရှိပါသည်။ ထို့ကြောင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် အလှမ်းကွာဝေးနေပါသဖြင့် ညောင်နီပင်ကျေးရွာအား ပြန်ချီတက်ကျေးရွာအုပ်စုမှခွဲထွက်၍ ညောင်နီပင်ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ပေးပြီး ရွှေဂဲပေါက် ကျေးရွာအား ညောင်နီပင်ကျေးရွာအုပ်စုအတွင်းသို့ ထည့်သွင်းဖွဲ့စည်းပေးမည်ဆိုပါက လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြန်ချီတက်ကျေးရွာအုပ်စုမှခွဲ၍ မူလကရှိခဲ့သည့် ညောင်နီပင်ကျေးရွာနှင့် ရွှေဂဲပေါက် ကျေးရွာအား ညောင်နီပင်အုပ်စု အဖြစ်ပြန်လည်ခွဲခြားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြေကြားပေး စေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အရှေ့ခြမ်းတွင် ရိုးမပတ်လမ်းမှ သစ်ပုတ်အုပ်စု၊ သစ်ပုတ်ရွာအလွန်အထိ မြေနီလမ်းအရှည် (၂)မိုင်တိတိကို (၂၀၁၅/၁၆)ဘဏ္ဍာနှစ် အတွင်း ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ ထိုလမ်းမှ တောင်ခမောက်၊ လက်ပံခုံ၊ နတ်ရေတွင်း၊ သစ်ပျောက်စမ်းရွာများအထိ ကျေးရွာချင်းဆက်လမ်း ဆက်လက်ဖောက်လုပ်ပေးရန် လိုအပ်နေပါသည်။

အထက်ဖော်ပြပါကျေးရွာများသို့ ဆက်သွယ်သွားလာလျှက်ရှိသော လမ်းကြောင်းများရှိသော်လည်း အချိန်မရွေးသွားလာနိုင်သောလမ်းများမဟုတ်ပါ။ မိုးဥတုတွင်ရွှံ့နွံထူသောခြေလျင်လမ်းသာရှိပါသည်။ ထိုကျေးရွာအသီးသီးတွင် ယခင်ကတည်းကပင် မူလတန်းကျောင်းများ၊ မူလတန်း(လွန်)ကျောင်းများနှင့် အချို့ရွာများတွင် ကျေးလက်ဆေးပေးခန်းများရှိရာ တာဝန်ကျဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် သွားလာရေး

ခက်ခဲခြင်း မူလတန်းနှင့် မူလတန်း(လွန်)အောင်မြင်ပြီး နီးစပ်ရာတစ်ဆင့်မြင့် ကျောင်းများသို့ တက်ရောက်ရန်ရှိသော ကျောင်းသူ/ကျောင်းသားများ သွားလာရေးခက်ခဲခြင်း၊ ဆေးပေးခန်းများမှတစ်ဆင့် အရေးပေါ်လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ရန်ခက်ခဲခြင်း၊ ကုန်စည်စီးဆင်းမှုမမှန်ခြင်းကြောင့် ဒေသတွင်းစီးပွားရေးနိမ့်ကျခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းမှုကြောင့် ဒေသတွင်းစိုက်ပျိုးရေး အခြေခံထုတ်ကုန်များကို အကန့်အသတ်ဖြင့်သာထုတ်လုပ်နေရခြင်းစသည့် အကျိုးဆက်များကိုနှစ်ပေါင်းများစွာ ဖြတ်သန်းရင်ဆိုင်ခဲ့ရပါသည်။

ထို့ကြောင့် သစ်ပုတ်ကျေးရွာမှ -တောင်ခမောက်-လက်ပံခုံ-နတ်ရေတွင်း-သစ်ပျောက်စမ်း ရွာများအထိကျေးရွာချင်းဆက်လမ်း ဆက်လက်ဖောက်လုပ်ပေးရန် ပူးတွဲပါ လက်မှတ်ထိုးစာရင်းများနှင့်အတူတင်ပြပါသည်။ ထို့ကြောင့် အထက်ပါလမ်းအား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဖောက်လုပ်ပေးနိုင်ပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ လမ်းသစ်ရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြေကြားပေးစေလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပေါင်းတည်မြို့နယ်၊ ပြန်ချီတက် ကျေးရွာအုပ်စုမှခွဲ၍ မူလကရှိခဲ့သည့် ညောင်နီပင်ကျေးရွာနှင့် ရွှေဂုံပေါက်ကျေးရွာအား ညောင်နီပင်အုပ်စုအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၁ တွင် **“ကျေးရွာများကို ကျေးရွာအုပ်စုအဖြစ်စုစည်းခြင်း၊ ရပ်ကွက်များကို မြို့ သို့မဟုတ် မြို့နယ်အဖြစ်စုစည်းခြင်း၊ ကျေးရွာအုပ်စုနှင့်ရပ်ကွက်များ သို့မဟုတ် မြို့များကို မြို့နယ်အဖြစ်စုစည်းခြင်း၊ မြို့နယ်များကို ခရိုင်အဖြစ်စုစည်းခြင်း၊ ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ်စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ထိုဒေသအတွင်းရှိ မြို့နယ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်စုစည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ထိုတိုင်းအတွင်းရှိ မြို့နယ်များကို ခရိုင်အဖြစ် စုစည်းပြီး ယင်းခရိုင်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ်စုစည်းခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖြစ် စုစည်းခြင်း၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်အဖြစ် စုစည်းခြင်း”**ဟု ဖော်ပြပါရှိပါသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၅၄ တွင် **“ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ရှိသော ကျေးရွာ၊**

**ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန်၊ဖွဲ့စည်းရန်သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်"**ဟု ဖော်ပြပါရှိပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်သည် ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စု (၄၃)အုပ်စု၊ စုစုပေါင်း(၅၅)အုပ်စုတို့ဖြင့် ဖွဲ့စည်းထားရှိပါသည်။ ပြန်ချီတက်ကျေးရွာအုပ်စုသည် ပေါင်းတည်မြို့မှ (၂၄)မိုင်ခန့်ကွာဝေးသော တောင်ပေါ်ဒေသရှိ ကျေးရွာအုပ်စု(၁)ခုဖြစ်ပါသည်။ပြန်ချီတက် ကျေးရွာအုပ်စုတွင် ပြန်ချီတက်ကျေးရွာ၊ ညောင်နီပင်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာတို့ဖြင့် ဖွဲ့စည်း ထားရှိပါသည်။

၁၉၉၉-၂၀၀၀ခုနှစ်၊ ဝဲကြီးဆည်မတည်ဆောက်မီက ညောင်နီပင်ကျေးရွာ၊ ပြန်ချီတက်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာနှင့် ပြင်စင်ကျေးရွာတို့သည် ညောင်နီပင်ကျေးရွာအုပ်စုအမည်ဖြင့် ဖွဲ့စည်း ထားသည့်ကျေးရွာအုပ်စုဖြစ်ပါသည်။ ဝဲကြီးဆည်စီမံကိန်းအရ ယင်းအချိန်တွင် ညောင်နီပင်ကျေးရွာအုပ်စု အတွင်းရှိ ညောင်နီပင်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာ၊ ပြင်စင်ကျေးရွာတို့သည် ဆည်ရေဝပ်ဧရိယာအတွင်း တည်ရှိနေသောကြောင့် ရွှေ့ပြောင်းရမည့်ကျေးရွာစာရင်းတွင် ပါဝင်ခဲ့ကြောင်းစိစစ်ရပါသည်။ ပြန်ချီတက် ကျေးရွာ(၁)ရွာတည်းသာ မပြောင်းမရွှေ့ ရဘဲကျန်ရှိခဲ့ပြီး ညောင်နီပင်ကျေးရွာအုပ်စုအား ပယ်ဖျက်၍ ပြန်ချီတက်ကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ဝဲကြီးဆည်တည်ဆောက်ပြီးစီးချိန်တွင် ညောင်နီပင်ကျေးရွာနှင့် ရွှေဂဲပေါက်ကျေးရွာနေ လုပ်သားပြည်သူတို့သည် ဆည်ရေဝပ်ဧရိယာနှင့် လွတ်ကင်းသည့်အတွက် မူလကျေးရွာနေရာများသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီး ပြည်ထဲရေးအမည်ပေါက်ကျေးရွာအဖြစ် လျှောက်ထားခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာန၏ (၈. ၃. ၂၀၀၅)ရက်စွဲပါ စာအမှတ်၊ ၂၀၀/၂၃-၁၀၁/ဦး၁ဖြင့် ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် အတည်ပြုခဲ့ပြီး ပြန်ချီတက်ကျေးရွာ အုပ်စုအတွင်းသို့ ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယနေ့လက်ရှိတွင် ပြန်ချီတက်ကျေးရွာအုပ်စု၌ ပြန်ချီတက်ကျေးရွာ၊ ညောင်နီပင်ကျေးရွာ၊ ရွှေဂဲပေါက်ကျေးရွာတို့ဖြင့် ဖွဲ့စည်းတည်ရှိလျက်ရှိပါသည်။ ညောင်နီပင်ကျေးရွာသားများအနေဖြင့် ယခင်က ကျေးရွာအုပ်စုဦးဆောင်ရွာအဖြစ် တည်ရှိခဲ့သဖြင့် ပြန်ချီတက်ကျေးရွာအုပ်စုမှခွဲထွက်လျက် ညောင်နီပင် ကျေးရွာအုပ်စုအဖြစ် သီးခြားရပ်တည်နေထိုင်ရန် ဆန္ဒရှိကြကြောင်း စိစစ်ရပါသည်။

ညောင်နီပင်ကျေးရွာတွင် အိမ်ခြေ(၆၀၀)၊ အိမ်ထောင်စု(၆၁၁)၊ လူဦးရေ(၂၃၀၃)ဦးနှင့် လယ်(၆၂၂)ဧက၊ ယာ(၁၁၀၀)ဧကရှိပြီး ပြန်ချီတက်ကျေးရွာနှင့်(၂)မိုင်(၄)ဖာလုံခန့် ဝေးကွာပါသည်။ ပြန်ချီတက်ကျေးရွာ တွင်လည်း အိမ်ခြေ(၄၄၃)၊ အိမ်ထောင်စု(၄၄၆)၊ လူဦးရေ(၁၈၅၆)ဦးနှင့် လယ်(၃၀၈)ဧက၊ ယာ(၈၇၀)ဧက ရှိပါသည်။

ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အသစ်ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထု၏ သဘောတူညီချက်ဖြင့်

တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်ထံ လမ်းညွှန်မှုခံယူတင်ပြ၍ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၅၄ အရ နိုင်ငံတော်သမ္မတထံ ထောက်ခံ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်

ညောင်နီပင်ကျေးရွာနှင့် ပြန်ချီတက်ကျေးရွာတို့သည် အိမ်ခြေ၊အိမ်ထောင်စု၊ လူဦးရေများပြားသည့်အပြင် လယ်/ယာဧရိယာလည်း များပြားခြင်း၊ ၎င်းရွာ(၂)ရွာမှာ တစ်ရွာနှင့်တစ်ရွာ အလှမ်းကွာဝေးမှုတို့ကြောင့် အုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း နှောင့်နှေးကြန့်ကြာမှုများရှိ၍ ပြန်ချီတက်ကျေးရွာအုပ်စုမှ ညောင်နီပင်ကျေးရွာနှင့် ရွှေဂဲပေါက်ကျေးရွာ (၂)ရွာအားပေါင်းစပ်ပြီး ညောင်နီပင်ကျေးရွာအုပ်စုအဖြစ်ဖွဲ့စည်းပါက အုပ်ချုပ်ရေးလုပ်ငန်းများအား နှောင့်နှေးကြန့်ကြာမှုများမရှိဘဲ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ခြင်းကြောင့် ဒေသခံပြည်သူလူထု၏ အများဆန္ဒသဘောတူညီချက်ဖြင့် တင်ပြနိုင်ရေး သက်ဆိုင်ရာပေါင်းတည်မြို့နယ်မှ မေးမြန်းစိစစ်သွားမည်ဖြစ်ပြီး ၎င်းတို့၏တင်ပြချက်အတိုင်း ပေါင်းတည်မြို့နယ်နှင့် ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လမ်းညွှန်မှုခံယူတင်ပြ၍ ဝန်ကြီးချုပ်၏ သဘောထားအတည်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပေါင်းတည်မြို့နယ်၊ သစ်ပုတ်ကျေးရွာမှ တောင်ခမောက်-လက်ပံခုံ-နတ်ရေတွင်း သစ်ပျောက်စမ်းရွာများအထိ ကျေးရွာချင်းဆက်လမ်း ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့နယ် အရှေ့ဘက်ခြမ်းတွင် ရိုးမပတ်လမ်းမှ သစ်ပုတ်ကျေးရွာအုပ်စု သစ်ပုတ်ကျေးရွာအလွန်ထိ (၂/၀)မိုင်အား ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ တောင်ခမောက်-လက်ပံခုံ-နတ်ရေတွင်း-သစ်ပျောက်စမ်း ကျေးရွာချင်းဆက်လမ်းမှာ အချိန်မရွေး သွားလာနိုင်သော လမ်းများမဟုတ်ပါ။ လူသာသွားလာနိုင်သည့် ကန်သင်းများဖြစ်ပြီး နွေအခါ လယ်မြေများကိုဖြတ်၍ ဖောက်လုပ်ထားသော ကားလမ်းကြမ်းမျှသာဖြစ်၍ မိုးတွင်းအခါတွင်လည်း သွားလာ၍မရပါ။ သစ်ပုတ်ကျေးရွာမှ သစ်ပျောက်စမ်းကျေးရွာအထိ မြေသားလမ်း (၁၂/၀)မိုင်ခန့် အသစ်ဖောက်လုပ်ရမည်ဖြစ်ပါသည်။ တောင်ခမောက်ကျေးရွာမှ သစ်ပုတ်စမ်းကျေးရွာအထိ သွားလမ်းပိုင်းများတွင် လယ်ယာမြေများရှိနေပါသည်။ မြေသားလမ်း ဖောက်လုပ်မည်ဆိုပါက လိုအပ်သော လမ်းအကျယ်ရရှိနိုင်ရေး မြေသားတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရမည့်အပြင် လမ်းဘေး ဝဲ/ယာရှိ လယ်ယာမြေ ပိုင်ရှင်များ၏ သဘောတူညီချက်ရရှိမှသာ အခက်အခဲမရှိ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းအား (၁၂/၀မိုင်×၁၈'×၂') မြေသားလမ်းအသစ် ဖောက်လုပ်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၁၉၄. ၄)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်း

ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ (၆)ရွာ၊ အိမ်ခြေ (၁၂၄၁)၊ လူဦးရေ (၄၆၃၃)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်း မရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၃) **"ပေါင်းတည်မြို့ရှိ ပျက်စီးနေသော ရွှေတည်(၁)မြို့ပတ်လမ်းများအား စနစ်တကျ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပေါင်းတည်မြို့နယ်၊ ပြန်ချီတက်ကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းအား (၆၀ပေ×၃၀ပေ) SS1/2 အုတ်ညှပ်ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ပေါင်းတည်မြို့နယ်၊ ကံငယ်အုပ်စု ကံငယ်ရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအား (၆၀ပေ×၃၀ပေ) SS1/2 အုတ်ညှပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **"ပေါင်းတည်မြို့နယ်၊ မြောက်ကုန်းကြီးအုပ်စု သဖန်းချိုရွာ အခြေခံပညာ မူလတန်းကျောင်း (၆၀ပေ× ၃၀ပေ) SS1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) **"ပေါင်းတည်မြို့နယ်၊ ရုပ်ဆိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၆၀ပေ× ၃၀ပေ) SS1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ် ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈) **"ပေါင်းတည်မြို့နယ်၊ ညောင်ကပွင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၆၀ပေ×၃၀ပေ) SS1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၉) **"ပေါင်းတည်မြို့နယ်ရှိ သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား သာယာရွှေတည်ပန်းခြံတွင် တည်ဆောက်ခွင့် ပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း(၉)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ မင်းကွက်(၃)ရပ်ကွက် ရွှေတည်(၁)မြို့သစ်သည် ၁၉၉၂ ခုနှစ်မှစတင်၍ မြို့သစ်တည်ထားခဲ့ပါသည်။ မြို့သစ်မှာ အရှေ့-အနောက် (၀. ၄၇၄) မိုင်နှင့် တောင်-မြောက် (၀. ၃၉၀) မိုင် အကျယ်အဝန်းဧရိယာမှာ(၈၀. ၇၉) ဧက ကျယ်ဝန်းပါသည်။ လူဦးရေ (၁၄၉၉ )ဦးနေထိုင်ပြီး အိမ်ခြေ (၄၀၀) ခန့်ရှိပါသည်။ တည်ဆောက်ခဲ့စဉ်က မြို့ပတ်လမ်းကို စနစ်တကျ ဖောက်လုပ်ပေးခဲ့သော်လည်း ယခုအချိန်တွင် လမ်းများပျက်စီးနေပါသည်။ မြို့ပတ်လမ်းများ ကောင်းမွန်မည်ဆိုပါက ရွှေတည်မြို့သစ်နှစ်စဉ်ရေကြီး နစ်မြုပ်နေမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ထိုပျက်စီးနေသော ရွှေတည်(၁) မြို့ပတ်လမ်းများအား စနစ်တကျ ပြန်လည်ပြင်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိ နှင့် ပြင်ဆင်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ အကောင်ထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ပြန်ချီတက်အုပ်စု၊ ပြန်ချီတက် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သည် ပျက်စီးနေပါသည်။ အခန်းဖွဲ့စည်း၍ လည်းသင်ကြားမရပါ။ KG ကလေးများအားသင်ကြားမှုတွင်လည်း အခက်ခဲရှိပါသည်။ ကျောင်းဆောင်မှာ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့ပြီး (ပျဉ်ကာ၊ သွပ်မိုး၊ မြေစိုက်) ဖြစ်ပါသည်။ ပျဉ်များမှာကွာကျ ဆွေးမြေ့နေပါသည်။ ကျောင်းထိုင်ခုံများမှာလည်း အကျိုးအပဲ့များစွာဖြင့် သင်ကြားနေရပါသည်။

ထိုကြောင့်ကျောင်းဆောင်သစ်(၆၀ပေ × ၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောက်လုပ်ပေးနိုင်ပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ ကျောင်းဆောင်သစ်ရရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါင်းတည်မြို့နယ်၊ ကံငယ်အုပ်စု၊ ကံငယ်ရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသည် ၁၉၅၄ ခုနှစ်က တည်ဆောက်ခဲ့သော(၆၂)နှစ်သက်တန်းကျောင်း ဖြစ်ပါသည်။ လက်ရှိကျောင်းဆောင်(၆၄ပေ×၃၀ပေ)ရှိပြီး မူလတန်းတန်းခွဲ (၅)ခုအတွက်သာ လုံလောက်ပါသည်။

အလယ်တန်းအဆင့် (၅) (၆) (၇) (၈) တန်းတို့အတွက် သင်ကြားရေးနှင့်သင်ယူရေးပါ အခက်အခဲရှိနေပါသည်။ KG ကလေးများအား သင်ကြားမှုပုံစံသစ်ဖြင့် သင်ကြားရသဖြင့် ပျော်ရွှင်တက်ကြွစေသည့် သီချင်း၊ ကဗျာများဖြင့် စာသင်ကြားရပါသည်။ အခြားအတန်းများမှာလည်း စာသင်ကြားရမှုမှာ အာရုံပျံ့လွင့်စေပါသည်။ ထို့ကြောင့် အခန်းဖွဲ့စာသင်ကြား၍ရသော ကျောင်းဆောင်မှာ မရှိမဖြစ်လိုအပ်နေပါသည်။

ထို့ကြောင့် ကံငယ်အုပ်စု၊ ကံငယ်ရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအား ( ၆၀ပေ× ၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ဆောက်လုပ်ပေးနိုင်ပါက မည်သည့်

ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ ကျောင်းဆောင်သစ်ရရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည့်စုံစွာဖြင့် ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ သဖန်းချိုရွာအခြေခံပညာမူလတန်း(သွပ်မိုး၊ပျဉ်ကာ)ကျောင်းဆောင်မှာ အန္တရာယ်ရှိ အဆောက်အဦ ဖြစ်လျှက်ရှိပါသည်။

ထို့ပြင် ဘုန်းတော်ကြီးကျောင်းခြံမြေတွင်လည်း တည်ဆောက်ထားရပါသည်။ ကျောင်းသူ/ကျောင်းသားများနှင့် ဆရာ/ဆရာမများမှာ ဖိနပ်ချွတ်၍ သင်ယူခြင်း၊ သင်ကြားခြင်း ပြုလုပ်နေရပါသည်။ မိုးရာသီတွင် ရေများကျောင်းအတွင်းသို့စိမ့်ဝင်၍ ခြေအေးထဲတွင် စာသင်ကြားနေရသည်များလည်းရှိပါသည်။ အောက်ခြေတွင် တံမံတလင်းခင်းထားခြင်းမရှိပါ။ ပျဉ်ကာများမှာလည်းပျက်စီးနေပါသည်။ကျောင်းမှာလည်း လွန်စွာ လွန်စွာပျက်စီးယိုယွင်းနေပါသည်။

ထို့ကြောင့်ကျေးရွာနေ ပြည်သူလူထုမှ လက်ရှိဘုန်းတော်ကြီးကျောင်းဝန်းအတွင်းမှ ခွဲထွက်၍ ကျောင်းဆောင်အသစ် ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာလှူဒါန်းထားပြီး ဖြစ်ပါသည်။

မြောက်ကုန်းကြီးအုပ်စု၊ သဖန်းချိုရွာအခြေခံပညာမူလတန်းကျောင်း (၆၀ပေ×၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောက်လုပ်ပေးနိုင်ပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင်ထည့်သွင်း၍ ကျောင်းဆောင်သစ်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ရုပ်ဆိုင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းသည် လွန်ခဲ့သော (၃၂)နှစ် (၁၉၈၃) ခုနှစ်က တည်ဆောက်ခဲ့သောကျောင်း ဖြစ်ပါသည်။ (၆၀ပေ×၃၀ပေ) သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ကျောင်းဆောင်ဖြစ်ပါသည်။

ယခုအခါတွင် ကျောင်းဆောင်မှာနှစ်ပေါင်းကြာမြင့်ပြီးဖြစ်ပါ၍ ယက်မများကွာခြင်း၊ ဆင့်နှင့်ပျဉ်အခင်းများ ကျိုးပဲ့ပျက်စီးခြင်း၊ ထုတ်၊ ယောက်၊ ဒိုင်း၊ မြှားများမှာ သစ်ရိုင်းများဖြင့် ဆောက်လုပ်ထားခဲ့သဖြင့် ခြစားခြင်း ဆွေးမြည့်ခြင်းများရှိနေပါသည်။ ထို့ပြင်ကျောင်းဆောင်မှာ အဆင့်ဖြင့် တည်ဆောက်ထားသည့်အတွက် စာသင်ခန်း ဖွဲ့စည်း၍မရပါ။ ဟောခန်းမထဲ အတန်းစုံသင်ရသကဲ့သို့ စာသင်ကြားရမှုမှာ တစ်တန်းနှင့် တစ်တန်း ထိစပ်ပြီးသင်ကြားနေရပါသည်။ KG ကလေးများအား သင်ကြားမှုပုံစံသစ်ဖြင့်သင်ကြားရသဖြင့် ပျော်ရွှင်တက်ကြွစေသည့် သီချင်း၊ ကဗျာများဖြင့် စာသင်ကြားရပါသည်။ ထို့ကြောင့် အခြားအတန်း များမှာလည်း စာသင်ကြားရမှုမှာ အာရုံပျံ့လွင့်စေပါသည်။ သင်ကြားရေးနှင့်သင်ယူရေးပါ အခက်အခဲ ရှိနေပါသည်။ ထို့ကြောင့် အခန်းဖွဲ့စာသင်ကြား၍ရသော ကျောင်းဆောင်များမှာ လိုအပ်နေပါသည်။

ထို့ကြောင့်ရုပ်ဆိုင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား ( ၆၀ပေ × ၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောက်လုပ်ပေးနိုင်ပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း၍ ကျောင်းဆောင်သစ်ရရှိစေရေး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းပြည့်စုံစွာဖြင့် ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ညောင်ကပွင်အုပ်စု၊ ညောင်ကပွင်ရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သည် ၁၉၇၅ ခုနှစ်ကတည်းက ပြည်သူတို့မှ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ပါသည်။

ထိုကျောင်းမှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ (၆၀ပေ×၂၀ပေ×၁၈ပေ)သစ်သားကျောင်းဆောင် ဖြစ်ပါသည်။ နှစ်ပေါင်း(၄၀)ကျော်က တည်ဆောက်ခဲ့သော သစ်သားကျောင်းဆောင်ဖြစ်ပါသဖြင့် ယိုယွင်းဆွေးမြည့်ပျက်စီး နေပါသည်။ ယက္ခမများကွာကျခြင်း၊ ဆင့်နှင့်ပျဉ်အခင်းများ ကျိုးပဲ့ပျက်စီးခြင်း၊ ထုတ်၊ ယောက်၊ ဒိုင်း၊ မြားများမှာ သစ်ရိုင်းများဖြင့် ဆောက်လုပ်ထားခဲ့သဖြင့် ခြစားခြင်း၊ ဆွေးမြည့်ခြင်း များရှိနေပါသည်။ ထို့ပြင် ကျောင်းဆောင်မှာ အဆင့်ဖြင့် တည်ဆောက်ထားသည့်အတွက် စာသင်ခန်းဖွဲ့စည်း၍မရပါ။ ဟောခန်းမထဲ အတန်းစုံသင်ရသကဲ့သို့ စာသင်ကြားရမှုမှာ တစ်တန်းနှင့်တစ်တန်း ထိစပ်ပြီး သင်ကြားနေရပါသည်။ ထို့ကြောင့် စာသင်ကြားရမှုမှာ အာရုံပျံ့လွင့်စေပါသည်။ သင်ကြားရေးနှင့်သင်ယူရေးပါ အနှောက်အယှက် သဖွယ်ဖြစ်နေပါသည်။ KG ကလေးများအား စာသင်ကြားရာတွင် သီးသန့်အခန်းဖွဲ့ပြီး သင်ကြားရမည်လည်း ဖြစ်ပါသည်။

ထို့ကြောင့် ညောင်ကပွင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းအတွက် (၆၀ပေ×၃၀ပေ)SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောက်လုပ်ပေးနိုင်ပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင်ထည့်သွင်း၍ ကျောင်းဆောင်သစ်ရရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြည့်စုံစွာဖြင့် ဖြေကြားပေးစေလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့ ၊ ရန်ကုန်-ပြည်လမ်းဘေးရှိ သာယာရွှေတည်ပန်းခြံတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား တည်ဆောက်ပေးနိုင်ရန်အတွက် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူတို့မှ လိုလားလျှက်ရှိပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ စွန့်လွှတ်အနစ်နာခံ၊ ကိုယ်ကျိုးစွန့်ခဲ့သော စိတ်နေစိတ်ထား ကိုယ်ရည် ကိုယ်သွေးများ၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထုအပေါ်ထားခဲ့သောစေတနာများအား နောင်လာနောက်သားနှင့် အများပြည်သူများ စံနမူနာယူနိုင်ရန် လေးစားဂုဏ်ပြုသောအားဖြင့် မြို့မိ မြို့ဖများနှင့်ဒေသခံပြည်သူတို့မှ အဆိုပါရုပ်ထုအား တည်ဆောက်ပေးရန်အတွက် ဆန္ဒပြင်းပြလျှက်ပါသည်။

အဆိုပါပန်းခြံတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု တည်ဆောက်ခွင့်ပြုပါက လိုအပ်သောကုန်ကျငွေအား မြို့မိမြို့ဖများ ဒေသခံပြည်သူများမှ အလှူငွေထည့်ဝင်၍ တည်ဆောက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ သက်ဆိုင်ရာဌာနများမှ ပူးပေါင်းစီစဉ်ဆောင်ရွက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား သာယာရွှေတည်ပန်းခြံတွင် တည်ဆောက်နိုင်ရေးအတွက် ခွင့်ပြုပေးနိုင်ရန် အစီစဉ်ရှိ /မရှိ မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပေါင်းတည်မြို့ရှိ ပျက်စီးနေသော ရွှေတည်(၁)မြို့ပတ်လမ်းများအား စနစ်တကျပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ မင်းကွက်(၃)ရပ်ကွက်၊ ရွှေတည်(၁)ကွက်သစ် အတွင်းပတ်လမ်းများအား ဂဝံလမ်းအဖြစ် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါသည်။ ကွက်သစ်အတွင်းရှိ လမ်းများမှာ မြေမျက်နှာသွင်ပြင်အရ ပတ်ဝန်းကျင်တွင် လယ်မြေများ တည်ရှိပါသည်။ ပတ်ဝန်းကျင်လယ်မြေမှာ လက်ရှိ မြို့သစ်ပတ်လမ်းထက် မြင့်မားနေ၍ နှစ်စဉ် မိုးရာသီတွင် လမ်းပေါ်နှင့်ရပ်ကွက်အတွင်း ရေစီးဝင်၍ ရေကြီးရေလျှံမှုကို တွေ့နေရပါသည်။

မြို့သစ်ပတ်လမ်းအချို့မှာလည်း အမြင့်ဆုံးရေကြီးချိန်မှာ လမ်းပေါ်သို့ ရေတက်၍ လမ်းပျက်စီးနေကြောင်း တွေ့ရှိရပါသည်။ အဆိုပါ မြို့သစ်ပတ်လမ်းများအား နှစ်စဉ်ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရန် မူလလမ်းမှ အမြင့်(၂')ခန့် မြေသားတမံတည်ဆောက်၍ အမာခံ ဂဝံလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက လမ်းအား ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ထိုပျက်စီးနေသော ရွှေတည်(၁)ကွက်သစ်ရှိ လမ်းများအား စနစ်တကျ ပြန်လည်ပြုပြင်ပေးရန် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေး ကော်မတီနှင့် ညှိနှိုင်း၍ မြို့သစ်ပတ်လမ်းအား အပိုင်းလိုက် ထည့်သွင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပေါင်းတည်မြို့နယ်၊ ပြန်ချီတက်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအား (၆၀ပေ×၃၀ပေ)SS 1/2အုတ်ညှပ်ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ ” နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပြန်ချီတက်ကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် ကျောင်းသားဦးရေ (၂၁၇)ဦး ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၉၀×၃၀)ပေ (၁)ဆောင် ၊ (၄၆×၂၀)ပေ (၁)ဆောင်၊ စုစုပေါင်း (၂)ဆောင် ရှိပါသည်။

အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်သော (၉၀×၃၀)ပေ (၁)ဆောင်အား ဖျက်သိမ်း၍ (၁၂၀×၃၀)ပေ (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)မ-ကြို့ပင်ခေါင်းဆွဲ (၂)လ(ခွဲ)တောင်ခမောက်၊ (၃)လ(ခွဲ)သဲကုန်း၊ (၄)မူလွန်-ရွာသစ်ကြီး၊ (၅)မ-နတ်ရေတွင်း၊ (၆)လ(ခွဲ)မှတ်တိုင်လမ်း

(၇)မ-ရွှေတည်(၁)၊ (၈)ထ(ခွဲ)ပေါက်မှော်၊ (၉)မူလွန်-ဖိုးသာအောင်ကုန်း၊ (၁၀)ထ(ခွဲ)ပေါက်တန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပေါင်းတည်မြို့နယ်၊ ကံငယ်အုပ်စု ကံငယ်ရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား (၆၀ပေ×၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"နှင့်စပ်လျဉ်း၍ ပေါင်းတည်မြို့နယ် ကံငယ်အုပ်စု၊ ကံငယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ရှိ ကျောင်းဆောင်အား (၆၀ × ၃၀)ပေ၊ ကျောင်းဆောင်သစ် တည်ဆောက်ရန် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)မ-ကြို့ပင်ခေါင်းဆွဲ၊ (၂)လ(ခွဲ)တောင်ခမောက်၊ (၃)လ(ခွဲ)သဲကုန်း၊ (၄)မူလွန်-ရွာသစ်ကြီး၊ (၅)မ-နတ်ရေတွင်း၊ (၆)လ(ခွဲ)မှတ်တိုင်လမ်း၊ (၇)မ-ရွှေတည်(၁)၊ (၈)ထ(ခွဲ)ပေါက်မှော်၊ (၉)မူလွန်-ဖိုးသာအောင်ကုန်း၊ (၁၀)ထ(ခွဲ)ပေါက်တန်းတို့ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပေါင်းတည်မြို့နယ်၊ မြောက်ကုန်းကြီးအုပ်စု သဖန်းချိုရွာ အခြေခံပညာ မူလတန်းကျောင်း (၆၀ပေ× ၃၀ပေ) SS 1/2 အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၃၂)ဦး ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၄၄×၂၆)ပေ (၁)ဆောင်ရှိပြီး အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါသည်။

အဆိုပါ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၆၀×၃၀)ပေ (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)မ-ကြို့ပင်ခေါင်းဆွဲ၊ (၂)လ(ခွဲ)တောင်ခမောက်၊ (၃)လ(ခွဲ)သဲကုန်း၊ (၄)မူလွန်-ရွာသစ်ကြီး၊ (၅)မ-နတ်ရေတွင်း၊ (၆)လ(ခွဲ)မှတ်တိုင်လမ်း၊ (၇)မ-ရွှေတည်(၁)၊ (၈)ထ(ခွဲ)ပေါက်မှော်၊ (၉)မူလွန်-ဖိုးသာအောင်ကုန်း၊ (၁၀)ထ(ခွဲ)ပေါက်တန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏"ပေါင်းတည်မြို့နယ်၊ရုပ်ဆိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း (၆၀ပေ× ၃၀ပေ) SS 1/2အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရုပ်ဆိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင်

ကျောင်းသားဦးရေ (၇၈)ဦးရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၆၀×၃၀)ပေ (၁)ဆောင်ရှိပြီး အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်ပါသည်။

အဆိုပါ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၉၀×၃၀)ပေ (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)မ-ကြို့ပင်ခေါင်းဆွဲ၊ (၂)လ(ခွဲ)တောင်ခမောက်၊ (၃)လ(ခွဲ)သဲကုန်း၊ (၄)မူလွန်-ရွာသစ်ကြီး၊ (၅)မ-နတ်ရေတွင်း၊ (၆)လ(ခွဲ)မှတ်တိုင်လမ်း၊ (၇)မ-ရွှေတည်(၁)၊ (၈)ထ(ခွဲ)ပေါက်မှော်၊ (၉)မူလွန်-ဖိုးသာအောင်ကုန်း၊ (၁၀)ထ(ခွဲ)ပေါက်တန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပေါင်းတည်မြို့နယ်၊ ညောင်ကပွင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း (၆၀ပေ×၃၀ပေ) SS 1/2အုတ်ညှပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ" နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် **ညောင်ကပွင်ကျေးရွာ** အခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းသားဦးရေ (၃၇)ဦး ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၆၀×၂၀)ပေ (၁)ဆောင် ရှိပြီး အန္တရာယ်ရှိကျောင်းဆောင်ဖြစ်ပါသည်။

အဆိုပါအန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၆၀×၃၀)ပေ (၁)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)မ-ကြို့ပင်ခေါင်းဆွဲ၊ (၂)လ(ခွဲ)တောင်ခမောက်၊ (၃)လ(ခွဲ)သဲကုန်း၊ (၄)မူလွန်-ရွာသစ်ကြီး၊ (၅)မ-နတ်ရေတွင်း၊ (၆)လ(ခွဲ)မှတ်တိုင်လမ်း၊ (၇)မ-ရွှေတည်(၁)၊ (၈)ထ(ခွဲ)ပေါက်မှော်၊ (၉)မူလွန်-ဖိုးသာအောင်ကုန်း၊ (၁၀)ထ(ခွဲ)ပေါက်တန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပေါင်းတည်မြို့နယ်ရှိ သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ် ဆောင်ရွက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား သာယာရွှေတည်ပန်းခြံတွင် တည်ဆောက်ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ "နှင့်စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ရန်ကုန်-ပြည်လမ်းဘေးတွင် သာယာရွှေတည်ပန်းခြံတည်ရှိပါသည်။ ထိုပန်းခြံအတွင်း စိမ်းလန်းစိုပြေရေးလုပ်ငန်းများအား ပေါင်းတည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျှက်ရှိပါသည်။ အဆိုပါ ပန်းခြံမြေမှာ ပြည်ထဲရေးဝန်ကြီးဌာန (အကျဉ်းဦးစီးဌာန)ပိုင်မြေအမည်ပေါက်ဖြင့် လက်ရှိတည်ရှိဆဲဖြစ်ပါသည်။ သာယာရွှေတည်ပန်းခြံအတွင်းတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား တည်ဆောက်ပေးနိုင်ရန် မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူလူထုမှ အလှူငွေထည့်ဝင်တည်ဆောက်သွားမည်ဆိုပါက တည်ဆောက်နိုင်ရေးအတွက်

စည်ပင်သာယာရေးကော်မတီနှင့်ညှိနှိုင်း၍ မြေအမည်ပေါက် ပြည်ထဲရေးဝန်ကြီးဌာန(အကျဉ်းဦးစီးဌာန)၏ ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနံပါတ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းနံပါတ်(၂) သစ်ပုတ်ကျေးရွာ၊ တောင်ခမောက်-လက်ပံခုံ-နတ်ရေတွင်း-သစ်ပျောက်စမ်းကျေးရွာများရှိ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဖောက်လုပ်ပေးနိုင်ပါက မည်သည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပေးရန် မေးခွန်းဖြစ်ပါသည်။ ၎င်းနေရာတွင် သစ်ပုတ်ကျေးရွာမှ တောင်ခမောက်ကျေးရွာအထိမြေများအား လက်မှတ်ထိုးနှင့်တကွ လျှုဒါန်းပြီးဖြစ်ပါသည်။ တောင်ခမောက်ကျေးရွာမှ လက်ပံခုံအထိ လယ်များမရှိပါ။ လက်ပံခုံနှင့် နတ်ရေတွင်းဖောက်လုပ်မည့်လမ်းတွင်လည်း လယ်လုံးဝမရှိပါ။ လက်ပံခုံနှင့် နတ်ရေတွင်း ဖောက်လုပ်ရမည့် လမ်းတွင်လည်းလယ်လုံးဝမရှိပါ။ နတ်ရေတွင်းနှင့်သစ်ပျောက်စမ်း ဖောက်လုပ်မည့်လမ်းတွင် လယ်အနည်းငယ်ရှိပါသည်။ ရှိသည့်လယ်များနှင့် ဖောက်လုပ်ပြီးဖြစ်ပါသည်။ ဒေသခံများမှလည်း ၎င်းလယ်များနှင့် ပတ်သက်၍ သဘောတူလက်မှတ်ထိုးများရရှိပြီးဖြစ်ပါသည်။ မေးခွန်းမှာ မည်သည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဟူ၍ တိတိကျကျမေးမြန်းထားခြင်းဖြစ်သော်လည်း နှစ်အလိုက်ဦးစားပေးအတိုင်းလျာထားတင်ပြပေးသွားမည်ဆိုသည့်အပိုင်းတွင် အတိုင်းဆိုသည်ကို ဖြုတ်ပေးနိုင်မလားဆိုသည့်မေးခွန်းကိုမေးမြန်းပါမည်။ နှစ်အလိုက်ဦးစားပေးလျာထားတင်ပြပေးမည်ဖြစ်ကြောင်းရှင်းလင်းဖြေကြားပေးစေလိုပါသည်။ “အတိုင်း”ဆိုသည်ကို ဖြုတ်ပေးနိုင်မလားဟု မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင်မေးမြန်းသည့် ဆက်စပ်မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ရှင်းလင်းဖြေကြားပေးစေလိုပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**
ကျေးလက်လမ်းများခင်းပေးရန်အတွက် အခြေခံအားဖြင့် ကိုက်ညီရမည့်အချက်များရှိပါသည်။ ဥပမာအားဖြင့် လမ်းဖြစ်ပါက မြေသား၁၂'ခင်းပြီး ဖြစ်ရပါမည်။ လမ်းအကျယ်၁၂'ခင်းပြီးပါမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျောက်ချောလမ်း၊ ဂဝံလမ်းကျေးရွာချင်းဆက်လမ်းခင်းပေးမည့်အစီအစဉ်ဖြစ်ပါသည်။ လက်ရှိတွင် မြေသားလမ်းခင်းပြီးမည့် အခြေအနေမရှိကြောင်းကို ဖြေကြားရှင်းပြသည့်အထဲတွင်ပါပြီးဖြစ်ပါသည်။ လက်ရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၎င်းလမ်းကို ခင်းပေးရန် ပြည်ထောင်စုသို့ ဘတ်ဂျက်တင်ပြတောင်းခံရာတွင် မြေသားအကျယ်၁၂'ခင်းပြီး လမ်းဖြစ်ရန်လိုပါသည်။ မြေသားအကျယ်၁၂'ခင်းသည့်လမ်းအား အစိုးရမှ ခင်းပေးခြင်းမဟုတ်ဘဲ၊ မြေသားအကျယ်၁၂'ခင်းပြီးသားလမ်းကိုသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယင်းကဲ့သို့သော မူဝါဒနှင့်ကိုက်ညီပါက ခင်းပေးမည်ဟု မူဝါဒချမှတ်ထားခြင်းဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် ဦးစားပေးအတိုင်းလျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားရာတွင် ကိုယ်စားလှယ်ကြီးအနေဖြင့် တိတိကျကျသိရှိလို၍မေးမြန်းမှုအပေါ် မိမိအနေဖြင့် ပြန်လည်ဖြေကြားရမည်ဆိုလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံကို ပြည်ထောင်စုဘတ်ဂျက်မှ တင်ပြတောင်းခံပြီးအသုံးပြုခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဘတ်ဂျက်ငွေထည့်ဝင်ပြီး သုံးစွဲခြင်းမရှိပါကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတောင်းဆိုသကဲ့သို့ ကိုယ်စားလှယ်အဆင့်မှ တောင်းဆိုမှု၊ ပြည်သူလူထုမှ တောင်းဆိုမှုများစွာရှိပါ၍ မိမိတို့မှ ပြည်ထောင်စုလွှတ်တော်တွင် အဆိုတင်သွင်းပြီး ပြည်ထောင်စုဝန်ကြီးဌာနတွင် ၎င်းလမ်းများကို ဆောင်ရွက်ပေးရန်တောင်းဆိုပြီး နိုင်ငံတော်ရှိ ဘတ်ဂျက်ကို မိမိတို့နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး(၂)ဦးသည် ပြည်ထောင်စုတွင် ဘဏ္ဍာငွေကို တောင်းခံရပါသည်။ ပြည်ထောင်စုမှ ခွဲတမ်းချပေးသည့် ဘဏ္ဍာငွေအပေါ်မူတည်ပြီး လုပ်ငန်းကို ခွဲဝေရသည် ဖြစ်သည့်အတွက် ရှေ့တွင်စီနီယာများစွာနှင့် အစဉ်လိုက်တင်ပြတောင်းခံရခြင်းဖြစ်သည့်အတွက် ဖြေကြားခြင်းဖြစ်ပါသည်။ မိမိတင်ပြသည့် လုပ်ငန်းသည် ၂၀၁၆-၂၀၁၇တွင် အစိုးရအဖွဲ့သည် လွှတ်တော်ကအတည်ပြုပေးထားသည့် လုပ်ငန်းများမဟုတ်ဘဲ ယခင်အစိုးရက အတည်ပြုပေးထားသည့် လုပ်ငန်းများဖြစ်ပြီး ၂၀၁၇-၂၀၁၈အတွက် မိမိတို့အစိုးရအနေဖြင့် ပြည်ထောင်လွှတ်တော်တွင် လုပ်ငန်းများကို ထည့်သွင်းပြီး တောင်းဆိုမည်ဖြစ်သည့် အတွက် နိုင်ငံတော်၏ ဘတ်ဂျက်အပေါ်တွင်သာမူတည်ပါသည်။ နိုင်ငံတော်မှ အပြည့်အဝတောင်းဆိုသလောက် ပေးမည်ဆိုပါက တင်ပြထားသည့် လမ်းများကို လုပ်ပေးနိုင်မည်ဖြစ်ပါသည်။ အကယ်၍ နိုင်ငံတော်တွင် ငွေမရှိပါက မိမိတို့ တိုင်းဒေသကြီးအတွက် ခွဲဝေထားသည့် ဘတ်ဂျက်အပေါ် မူတည်ပြီး တင်ပြထားသည့် လုပ်ငန်းများကို ဦးစားပေးအတိုင်း တင်ပြသွားရမည်ဖြစ်ပါကြောင်း မိမိအနေဖြင့် ရှင်းလင်းစွာ ဖြေကြားလိုပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၉) ပေါင်းတည် မြို့နယ်တွင် သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်၍ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား သာယာရွှေတည်ပန်းခြံတွင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုပြီး မေးမြန်းခြင်းဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၉)အရ သက်ဆိုင်ရာဌာနများ ပူးပေါင်းစီစဉ်ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု တည်ဆောက်နိုင်ရန် မြေနေရာလိုချင်ပါတယ်။ ကန့်ကွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းခြင်းမဟုတ်ပါဘူး။ တည်ဆောက်ပေးနိုင်ရန် ခွင့်ပြုနိုင်ခြင်း ရှိ/မရှိကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဆက်လက်မေးမြန်းလိုသည်မှာ မြေအမည်ပေါက် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမည့်အပိုင်း ဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်းရုပ်ထု တည်ဆောက်ပေးနိုင်ရန် ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင် မေးမြန်းသည့် မေးခွန်းနံပါတ် (၉)နှင့်ဆက်စပ်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ကြွယ်ပွင့်ပြ မေးခွန်း မေးထားသည်မှာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၊ ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းဘေးရှိ သာယာရွှေတည်ပန်းခြံတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား တည်ဆောက်ပေး နိုင်ရေးအတွက် ခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဆိုသည့် မေးခွန်းဖြစ်ပါသည်။ ၎င်းကို မိမိတို့ဖြေရှင်းရန် အတွက် မိမိတို့က ခွင့်ပြု၍မရပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနပိုင်မြေဖြစ်သည့်အတွက် အကျဉ်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း ရှင်းလင်းခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးရဲလင်းနိုင်၏ ပေါင်းတည်မြို့နယ်တွင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်ထုအား သာယာရွှေတည်ပန်းခြံထဲတွင် တည်ဆောက်ရန်အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတွင်ဆက်သွယ်ပြီး ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။ အကယ်၍ ယင်းကဲ့သို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်၍ အဖြေရရှိခြင်း မရှိပါက နောက်တစ်ကြိမ်လွှတ်တော်တွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်စပ်ပြီး ကြယ်ပွင့်ပြအဖြစ် မေးမြန်းခွင့်ပြုမည်ဖြစ်ပါသည်။ ယခုစည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ၎င်း၏အပိုင်းကို ဖြေဆိုသွားခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုးညိုမြို့နယ်၊ ကံစု-တက်ဆွဲကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"မိုးညိုမြို့နယ်၊ ဆင်ခေါင်းကျေးရွာအုပ်စု၊ ဆင်ခေါင်းချောင်းကိုဖြတ်၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဘေလီတံတား တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ အုပ်စုရှိ ငါးကျီရွာနှင့် ကရင်ချောင်းကျေးရွာအုပ်စု ငါးကျီကျေးရွာကြားရှိ မြစ်မခမြစ်အား ဖြတ်ပြီး ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၄) **"လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-တာပွန်-နတ္တလင်း (၃)မြို့နယ်ချင်းဆက်ကားလမ်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် အချောသတ်ကတ္တရာလမ်း ခင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"မိုးညိုမြို့နယ်၊ အင်းတွေ့ဉ်လုပ်ကျေးရွာ အုပ်စု၊ မကျီးကုန်းကျေးရွာနှင့် အင်းတွေ့ဉ်လုပ်ကျေးရွာများ ကမ်းပြိုကမ်းပျက် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် အလျင်အမြန်ဆောင်ရွက်ပေးရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **"၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ်အတွက် သားသတ်ရုံ မြေနေရာ နှင့် အမှိုက်စွန့်ပစ်ရန်နေရာသို့ သွားရာလမ်းအရှည် (၇၃၀'×၁၂'×၉") အတွက် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၆)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိုးညိုမြို့နယ်၊ တက်ဆွဲကျေးရွာသည် အုပ်စုရွာ ဖြစ်ပါသည်။ ၎င်းကျေးရွာသည် မြစ်မခမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိပါသည်။ အရှေ့ဘက်အုတ်ဖို

မြို့နယ်ပိုင် တက်ဆွဲရွာသို့ သွားရာတွင်လည်း မြစ်မခမြစ်ခြားထားသဖြင့် မလွယ်ကူပါ။ အနောက်စူးစူး ကံစုဘက်လာရာတွင်လည်း လမ်းမရှိပန်းမရှိသဖြင့် မြေလမ်းအတိုင်း ခြုံနွယ်များ ကိုင်းပင်များကြား လမ်းရှင်း သွားလာနေရသည့် အနေအထားဖြစ်ပါသည်။

ထိုအခြေအနေမှ ကျော်လွှားနိုင်စေခြင်းငှာ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျပ်ငွေ(၇. ၅)သန်းအကုန်အကျခံပြီး ကံစုမှ တက်ဆွဲသော မြေသားလမ်း(၆)ဖာလုံ၊ (၅)ပေ ရေပြွန်(၆)စင်း၊ (၁၀)ပေ ရေပြွန်(၂)စင်း ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

အဆိုပါလမ်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တို့တွက် ဆက်လက် ဆောင်ရွက်ခြင်းမရှိသဖြင့်(၆)ဖာလုံနှင့် ရှေ့မဆက်နိုင်ဖြစ်နေပါသည်။

သို့ပါ၍ ကံစု-တက်ဆွဲကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက် ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း တင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညှင်းမြို့နယ်သည် မြို့ပေါ်(၅)ရပ်ကွက်၊ ကျေးရွာ အုပ်စု(၃၇)အုပ်စု၊ စုစုပေါင်း(၄၂)အုပ်စုဖြင့် ဖွဲ့စည်းထားသောမြို့နယ်ဖြစ်ပါသည်။ ဖော်ပြပါရပ်ကွက်၊ ကျေးရွာ အုပ်စုများထဲမှ ဆင်မနိုင်တိုက်နယ်အတွင်းရှိ ဆင်မနိုင်ကျေးရွာအုပ်စု၊ ဖန်ခါးပင်ကျေးရွာအုပ်စု၊ လက်ပံခုန် ကျေးရွာအုပ်စု၊ ရေလယ်သောင်ကျေးရွာအုပ်စုများသည် မိုးညှင်းမြို့နှင့် တစ်ဆက်တစ်စပ်တည်းမရှိဘဲ ဆင်ခေါင်းချောင်းခြားလျှက်ရှိပါသည်။

၂၀၁၆-၂၀၁၇ စာရင်းအရ ကျေးရွာအုပ်စု(၅)အုပ်စုတွင် အိမ်ထောင်စုပေါင်း(၄၈၇၅)စုရှိပြီး လူဦးရေအားဖြင့် (၁၆၇၈၅)ဦးရှိပါသည်။ များပြားလှသော လူဦးရေများဖြင့်ဖွဲ့စည်းထားသော ကျေးရွာ အုပ်စုများဖြစ်သော်လည်း နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ၊ စနစ်ပေါင်းများစွာတို့တွင် အမည် အမျိုးမျိုးဖြင့် အစိုးရအဆက်ဆက်သာပြောင်းသွားသော်လည်း ထိုဒေသသည် လစ်လျူရှုခြင်းခံရပြီး မိမွေးတိုင်း၊ ဖမွေးတိုင်း မဖွံ့ဖြိုးဘဲ နောက်ကျပြီးယနေ့တိုင်တည်ရှိနေပါသည်။

ထိုကျေးရွာများရှိ ပြည်သူအများစုမှာ ရေလုပ်သားများ၊ ကြုံရာကျဘမ်း အလုပ်သမားများဖြစ်၍ ကျန်းမာရေးအခြေအနေအရ ဆေးရုံဆေးခန်းသွားမည်ဆိုပါက တိုက်နယ်ဆေးရုံသည် ချောင်းတစ်ဖက်ကမ်း ရေအိုးစင်ကုန်းကွေ့တွင်တည်ရှိရာ ချောင်းကူးတံတားတည်ဆောက်ပေးမှသာ ကျန်းမာရေး လုံခြုံမှုရှိမည် ဖြစ်ပါသည်။

ဒီမိုကရေစီအခြေခံမူများဖြစ်သော တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတည်းဟူသော လောကပါလ တရားများအကြားအလပ်မရှိ အညီအမျှထွန်းကားမှသာ ဒီမိုကရေစီအုတ်မြစ်ကို ခိုင်မာစွာချနိုင်မည် ဖြစ်ပါသည်။ ထိုသို့ဆိုလျှင် ကျေးလက်၊ မြို့ပြကွာဟမှုကျဉ်းမြောင်းမှုဖြစ်မည်ဖြစ်ပါသည်။ ကျေးလက်၊ မြို့ပြကွာဟမှုကျဉ်းမြောင်းစေမည့်တစ်ခုတည်းသော ထွက်ပေါက်မှာ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် လျှပ်စစ်မီးရရှိရေးပင်ဖြစ်ပါသည်။

သို့ပါ၍ဒေသခံပြည်သူများအတွက်အချိန်နှင့်တပြေးညီလိုအပ်နေသော ဆင်ခေါင်းချောင်းကူးဘေလီတံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရမှ တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌမှတဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိုးညိုမြို့နယ်အတွင်းရှိ ကျောက်ဝကျေးရွာအုပ်စု၊ မြောက်လုပ်ကုန်းကျေးရွာအုပ်စု၊ ရွာသာယာ ကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကျေးရွာအုပ်စုများသည် မြစ်မခမြစ်ဝှမ်းလွင်ပြင်ကြီးခြားထားသဖြင့် ကျန်ရှိကျေးရွာအုပ်စုများနှင့် တသီးတခြားဖြစ်နေပါသည်။

၎င်းကျေးရွာအုပ်စုများရှိ ပြည်သူများ၊ တောင်သူများသည် ရုံးကိစ္စအတွက် မိုးညိုမြို့သို့လာရာတွင်လည်းကောင်း၊ တောင်သူများစိုက်ပျိုးစရိတ်များအတွက် ဆပ်/ချေးလာရာတွင်လည်းကောင်း၊ ကြို့ပင်ကောက်-အုတ်ဖို-မင်းလှ-မိုးညို ကားလမ်းအတိုင်းပတ်ပြီး တစ်နေကုန်လာရပါသည်။

အင်္ဂလိပ်များအုပ်စိုးစဉ်အခါက ကြို့ပင်ကောက်မြို့မှ ရွာသာယာကျေးရွာအုပ်စုအထိ ဂဝံလမ်းခင်းပေးသွားသည်ဟု သိရှိရပါသည်။ နှစ်ပေါင်း(၅၀)ကျော်ကြာ ပြည်သူများစနစ်၏သားကောင်ဖြစ် ခဲ့ရသဖြင့် လူမှုဘဝဖွံ့ဖြိုးမှုများ ဆုတ်ယုတ်သွားသည်မှာ ပြည်သူများ၏ကံကြမ္မာပင်ဖြစ်ပါသည်။

မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်ရေကာတာနှင့် မြစ်မာမြစ်အရှေ့ဘက်ကမ်းပတ်ရေကာတာ အကွာအဝေးသည် ငါးကျီးရွာတွင်ပေ(၁၃၀၀)ခန့်သာရှိပါသည်။ ကုန်ကျစရိတ်သက်သာသော ဘေလီတံတားတည်ဆောက်ပေးပါက မိုးညိုမြို့သို့ ဆိုင်ကယ်၊ ကားများတစ်နာရီအတွင်း ရောက်ရှိမည် ဖြစ်ပါသည်။

မိုးညိုမြို့နယ်၏ နောက်ဖေးပေါက်သဖွယ်စွန့်ပစ်ခံပြည်သူများကို လူသားချင်းစာနာသောအားဖြင့် ဆောင်ရွက်ပေးစေချင်ပါသည်။ တံတားတည်ဆောက်ပြီးပါက မိုးညိုမြို့နယ်မှ လယ်ယာထွက်ကုန်များ ကိုင်း၊ ကျွန်း၊ တောင်ယာကုန်ပစ္စည်းများ ကြို့ပင်ကောက်မြို့ကြီးသို့ အချိန်နှင့်တပြေးညီ ရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ပါသဖြင့် ဒေသခံတောင်သူများ တစ်မဟုတ်ချင်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။

ခေတ်အဆက်ဆက်မလုပ်နိုင်ခဲ့သည်ကို အစိုးရသစ်အနေဖြင့် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက သားရွှေအိုးထမ်းလာသည့်အလား ရဟန်းရှင်ပြည်သူများ ကျေးဇူးတင်ဝမ်းသာပီတိဖြစ်မည်မှာ သေချာလှပါသည်။ စောင့်ကြိုနေသောအခွင့်အလမ်းကို အမိအရအသုံးချခြင်းအားဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကိုဖြည့်ဆည်းရာလည်း ရောက်ပါသည်။

သို့ပါ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးကျီရွာအနီးကုန်ကျမှုသက်သာသော မြစ်မခမြစ်ကူးဘေလီတံတားကို တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိုးညိုမြို့နယ်၏ ပထဝီအနေအထားသည် တောင်ဘက်ထိန်တောကျေးရွာအုပ်စုမှ မြောက်ဘက် လက်ပံခုံကျေးရွာအုပ်စုအထိ (၃၈)မိုင်ရှည်လျားပြီး အလျားလိုက်တည်ရှိနေသော မြို့နယ်ဖြစ်ပါသည်။ မိုးညိုမြို့နယ်၏အနောက်ဘက်တွင် ဧရာဝတီမြစ်ကြီးတည်ရှိပြီး အရှေ့ဘက်တွင် မြစ်မခတည်ရှိနေပါသည်။

မြစ်ဝှမ်းလွင်ပြင်နှစ်ခုကြားတွင်တည်ရှိနေသော မြို့နယ်ဖြစ်သဖြင့် တစ်နေရာမှတစ်နေရာသို့ ကူးလူး သွားလာရာတွက် ခက်ခဲသည့်အနေအထား ရှိနေပါသည်။

လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-ရေကင်း-တာပွန်-နတ္တလင်းလမ်းမကြီးသည် မိုးညို မြို့နယ်၏ အလယ်မှဖြတ်ဖောက်ထားသဖြင့် ထိန်တောတိုက်နယ်၊ ရေကင်းတိုက်နယ်၊ ပတ္တော်တိုက်နယ်၊ ဆင်မနိုင်တိုက်နယ်တို့သည် အဆိုပါကားလမ်းမကြီးပေါ်တွင် တည်ရှိနေပါသည်။ လူဦးရေ (၁၂၀၀၀၀)ကျော် ရှိ၍ ကျေးရွာသူ/သားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအစရှိသော နေ့တဒူဝ လုပ်ငန်းဆောင်တာများသည် အဆိုပါလမ်းမကြီးအား မှီခိုအားထားနေရပါသည်။

ယခုအခါအဆိုပါလမ်းမကြီးသည် လက်ပံတန်းမှ တော်လသာအထိလည်းကောင်း၊ ထိန်တောမှ ခမုံဆိပ်ဘက်သို့ ကတ္တရာလမ်း(၁)မိုင်ခင်းထားသည်ကိုလည်းကောင်း၊ မိုးသီတာမှ သရက်တပင်ထိ ကတ္တရာ လမ်းခင်းထားသည်ကိုလည်းကောင်း၊ ရေကင်းတွင်ကတ္တရာလမ်း(၁)မိုင်ခင်းထားသည်ကိုလည်းကောင်း၊ နတ္တလင်းမှ တာပွန်အထိ ကတ္တရာလမ်းခင်းထားသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။

သို့ပါ၍ မိုးညိုမြို့နယ်ရှိပြည်သူများအတွက် အသက်သွေးကြောဖြစ်သော လက်ပံတန်း-တော်လသာ- ထိန်တော-မိုးညို-ရေကင်း-တာပွန်-နတ္တလင်း(၃)မြို့နယ်ချင်းဆက်ကားလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အချောသတ်ကတ္တရာလမ်းခင်းပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်း တင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မိုးညိုမြို့နယ် အင်းတွော်လုပ်ကျေးရွာအုပ်စု အတွင်းရှိ မကျီးကုန်းကျေးရွာနှင့် အင်းတွော်လုပ်ကျေးရွာများသည် ဧရာဝတီမြစ်မှ ခွဲထွက်လာသော မြစ်ဘေးတွင် တည်ရှိနေသော ကျေးရွာများဖြစ်ပါသည်။ ၎င်းကျေးရွာ(၂)ရွာသည် နှစ်ပေါင်း(၁၀၀)ကျော်ကြာ အခိုင်အခန့်တည်ရှိနေပြီး အိမ်ထောင်စု (၅၀၀)၊ လူဦးရေ(၂၀၀၀)ခန့်နေထိုင်ကြသော ကျေးရွာများ ဖြစ်ပါသည်။

၂၀၁၅ခုနှစ် ဩဂုတ်လတွင် မြစ်ရေတိုက်စား ကမ်းပါးပြိုမှုကြောင့် အိမ်ခြေ(၅၈)လုံး ပြောင်းရွှေ့ ခဲ့ရပါသည်။ ၂၀၁၆ခုနှစ် ဇွန်လတွင် ရေစီးအား ပိုသန်လာပြီး ကမ်းပါးပြိုကျမှု ပိုကြမ်းလာကာ အိမ်ခြေ(၈၀)ခန့် ဖြစ်သလို ပြောင်းရွှေ့ခဲ့ရပါသည်။

၁၉၈၀ပြည့်လွန်နှစ်များမှာ ဧရာဝတီမြစ်ရေ တိုက်စားကမ်းပါးပြိုကျမှုကြောင့် မူလမိုးညိုမြို့ကြီးနှင့် ဒုတိယမိုးညိုမြို့သစ်တို့ မြို့လုံးပျောက် မြစ်ထဲပါသွားသဖြင့် မိုးညိုမြို့ရှိ ပြည်သူ့သမိုင်းမှာ ကံဆိုးမိုးမှောင် ကျခဲ့သည်ကို သက်ရှိလူသားများက သက်သေအဖြစ် ပြောပြနေကြပါသည်။

ယခုလည်း မိုးညိုမြို့နယ် မကျီးကုန်းကျေးရွာနှင့် အင်းတွော်လုပ်ကျေးရွာရှိ ပြည်သူများ သဘာဝ ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရပြန်ပါပြီ။ ထိုသဘာဝ ဘေးအန္တရာယ်ကို တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကျေးရွာသူ/သားများ စုပေါင်းအင်အားဖြင့်ထိရောက်စွာ ဟန့်တားဆောင်ရွက်ရမည်မှာ လတ်တလော အရေးကြီးတာဝန်ဖြစ်ပါသည်။ အဆိုပါကမ်းသည် လက်ပံတန်း-တော်လသာ-ထိန်တော-မိုးညို-ရေကင်း-

တာပွန်-နတ္တလင်း လမ်းမကြီးနှင့် ကိုက်(၂၀၀)ခန့်သာ ကွာဝေးပါတော့သည်။ နိုင်ငံတော်မှ ကျပ်သန်းပေါင်း ဘီလီလျှံနှင့် အကုန်အကျခံ တည်ဆောက်ထားသော ဆက်သွယ်ရေးလမ်းမကြီး အတွက်လည်း စိုးရိမ်စရာ အခြေအနေဖြစ်နေပါသည်။

သို့ပါ၍ တိုင်းဒေသကြီးအစိုးရမှ မကျီးကုန်းကျေးရွာ၊ အင်းတွော်လုပ်ကျေးရွာများ မြစ်ရေတိုက်စား၊ ကမ်းပါးပြိုမှုများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးပါရန် ဥက္ကဋ္ဌမှတစ်ဆင့် မေးခွန်းမေးမြန်းတင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယခင်အမှိုက်စွန့်ပစ်သောနေရာမှာ ကိုယ့်အားကိုယ်ကိုးအနေဖြင့် ကန်ဘောင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ထားမှုကြောင့် အမှိုက်စွန့်ပစ်နေရာမှာ ပျောက်ကွယ်သွားခဲ့ပါသည်။

အမှိုက်စွန့်ပစ်ရန် အခက်အခဲရှိနေမှုကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြ၍ မြေနေရာတောင်းခံခဲ့သော်လည်း ကွင်းဆင်းစစ်ဆေးချိန်တွင် မြို့မြေယာချထားရေးကော်မတီမှ ပေးအပ်နိုင်သည့် မြေနေရာသည် လမ်းများကောင်းမွန်မှုရှိခြင်း၊ လူနေခြံဝင်းများနှင့်နီးကပ်စွာရှိနေခြင်း၊ အမှိုက်များအား မီးရှို့ရှင်းလင်းရာတွင်လည်း ဆေးရုံနှင့် နီးကပ်နေခြင်းတို့ကြောင့် ရွှေပြည်သာရပ်ကွက်တွင် နေထိုင်သော ဦးကျော်ရွှေပိုင်ဆိုင်သောခြံဝင်းအား ဝယ်ယူ၍ ယခင်ဖွံ့ဖြိုးရေးလမ်းအဖြစ် အသုံးပြုသောလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပါက ရာသီမရွေးအမှိုက်များ စွန့်ပစ်နိုင်မည်ဖြစ်ပါသည်။

အမှိုက်ကန်အတွက် ခြံဝန်းပိုင်ရှင်အား စုံစမ်းမေးမြန်းရာ ကာလတန်ဖိုးငွေကျပ်(၁၅၀၀၀၀ဝိ/) (ကျပ်တစ်ဆယ့်ငါးသိန်း)ကျပ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

သို့ပါ၍ ရွှေပြည်သာရပ်ကွက်နေ ဦးကျော်ရွှေပိုင်ဆိုင်သော သပြေပင်ကျေးရွာသို့သွားသော လမ်းဘေးရှိ (၁၅)ပေအနက်ရှိသော မြေနေရာအတွက် သွားသောလမ်းအရှည်(၇၃၀'×၁၂'×၉")ထု အတွက် ခန့်မှန်းကုန်ကျငွေ (၁၇၅၀၀၀၀၀)(ကျပ်တစ်ရာခုနှစ်ဆယ့်ငါးသိန်း) ကျောက်ချောလမ်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုးညိုမြို့နယ်၊ ကံစု-တက်ဆွဲကျေးရွာချင်းဆက်လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ မိုးညိုမြို့နယ်၊ ကံစု-တက်ဆွဲ ကျေးရွာချင်းဆက်လမ်းမှာ အရှည်(၃)မိုင်ရှိသည့် လှည်းလမ်းဖြစ်ပါသည်။ ၎င်းလမ်းအား ၂၀၁၄-၂၀၁၅ခု

ဘဏ္ဍာရေးနှစ်တွင် မြေသားလမ်း(၀/၆မိုင်×၁၈'×၂')နှင့် ရေပြွန်(၁၀)စင်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ ကျန်လမ်း (၂/၂)မိုင်မှာ မြေသားလမ်း အသစ်ဖောက်လုပ်ရမည်ဖြစ်ပြီး ဆက်လက်ဖောက်လုပ်မည်ဆိုပါက လယ်ယာမြေပိုင်ရှင်များ၏ သဘော တူညီချက်ရရှိမှသာ အခက်အခဲမရှိဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ကျန်လမ်း (၂/၂မိုင်×၁၈'×၄') မြေသားလမ်း အသစ်ဖောက်လုပ်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေကျပ် (၆၇. ၅)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၂)စု၊ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ (၈၀၃)အိမ်၊ လူဦးရေ (၃၃၀၃)ဦး အကျိုးပြုမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေး နှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက်ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုးညိုမြို့နယ်၊ ဆင်ခေါင်းကျေးရွာအုပ်စု၊ ဆင်ခေါင်းချောင်းကိုဖြတ်၍ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဘေလီတံတား တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ မိုးညိုမြို့နယ်၊ ဆင်ခေါင်းကျေးရွာအုပ်စုအတွင်းရှိ ဆင်ခေါင်းချောင်းအားဖြတ်ပြီး တည်ဆောက် ထားသော တံတား၏လက်ရှိအခြေအနေမှာ အရှည်(၂၀၈)ပေ၊ အကျယ် (၄)ပေရှိ သံမဏိ ကြိုးဆိုင်းတံတားဖြစ်ပြီး လူ၊ ဆိုင်ကယ်နှင့် စက်ဘီးများသာ သွားလာနိုင်ပါသည်။ ကားများ၊ ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် (၂၂၀'×၁၄'×၂၈')ရှိ ဘိုးပိုင်၊ I-Beam ယက်မ ကွန်ကရစ်ကြမ်းခင်း တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၃၃၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၅)စု၊ ကျေးရွာ(၃၉)ရွာ၊ အိမ်ခြေ (၄၅၀၂)အိမ်၊ လူဦးရေ (၁၆၇၈၅)ဦး အကျိုးပြုမည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသော တံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ အုပ်စုရှိ ငါးကျီရွာနှင့် ကရင်ချောင်ကျေးရွာအုပ်စု ငါးကျီကျေးရွာကြားရှိ မြစ်မခမြစ်အား ဖြတ်ပြီး ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်း၍ မိုးညိုမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာအုပ်စုရှိ

ငါးကျီရွာနှင့် ကရင်ချောင်ကျေးရွာအုပ်စု ငါးကျီကျေးရွာကြားရှိ မြစ်မခမြစ်အားဖြတ်ပြီး ဘေလီတံတား တည်ဆောက်ပေးမည်ဆိုပါက ကြို့ပင်ကောက်မြို့နယ်နှင့် မြို့နယ်ချင်းဆက်လမ်းအဖြစ် သွားလာနိုင်မည် ဖြစ်ပါသည်။ အဆိုပါတံတားအား ကားများ၊ ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် (၂၀၀'×၁၄'×၂၀')ရှိ ဘိုးပိုင်၊ I-Beam ယက်မ၊ ကွန်ကရစ်ကြမ်းခင်း တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၃၀၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၅)စု၊ ကျေးရွာ(၂၈)ရွာ၊ အိမ်ခြေ (၂၈၄၀)အိမ်၊ လူဦးရေ (၁၁၆၂၀)ဦး အကျိုးပြုမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော တံတားမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် (၅)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လက်ပံတန်း-တော်လသ-ထိန်တော-မိုးညို-တာပွန်-နတ္တလင်း (၃)မြို့နယ်ချင်းဆက် ကားလမ်းကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် အချောသတ်ကတ္တရာလမ်း ခင်းပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းတွင် လက်ပံတန်းမြို့နယ်၊ မိုးညိုမြို့နယ်၊ နတ်တလင်းမြို့နယ်(၃)မြို့နယ်ချင်းဆက် ကားလမ်းဖြစ်သော လက်ပံတန်း-တော်လသ- ထိန်တော- မိုးညို-တာပွန်-နတ်တလင်းလမ်းသည် (၆၈)မိုင်၊ (၇)ဖာလုံ ရှည်လျားပါသည်။ လက်ပံတန်းမြို့နယ် အတွင်းတွင် (၁၃)မိုင်(၁)ဖာလုံ၊ မိုးညိုမြို့နယ်အတွင်းတွင် (၄၃)မိုင်(၁)ဖာလုံ၊ နတ်တလင်းမြို့နယ်အတွင်းတွင် (၁၂)မိုင်(၄)ဖာလုံ စုစုပေါင်း(၆၈)မိုင်(၇)ဖာလုံ ဖြစ်ပါသည်။

(၃၁. ၃. ၂၀၁၆)ရက်နေ့တွင် ကတ္တရာလမ်းအဖြစ် မိုးညိုမြို့နယ်၌ (၁၄ မိုင် ၅ ဖာလုံ)၊ နတ်တလင်း မြို့နယ်၌ (၁၁ မိုင် ၂ ƒ ဖာလုံ) စုစုပေါင်း (၂၅ မိုင် ၇ ƒ ဖာလုံ) ဆောင်ရွက်ပြီးဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို လက်ပံတန်းမြို့နယ်တွင် (၂)ဖာလုံ၊ မိုးညိုမြို့နယ်တွင် (၉မိုင်၇ဖာလုံ)နှင့် နတ္တလင်းမြို့နယ် တွင် (၁ မိုင် ၁ ƒ ဖာလုံ) စုစုပေါင်း (၁၁ မိုင် ၂ ƒ ဖာလုံ) ပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပါသည်။

သို့ပါ၍ ကတ္တရာလမ်းခင်းရန်အတွက် ကျန်ရှိသည့်လမ်းပိုင်းမှာ လက်ပံတန်းမြို့နယ်တွင် (၁၂မိုင် ၇ဖာလုံ)၊ မိုးညိုမြို့နယ်တွင် (၁၈မိုင်၆ဖာလုံ)စုစုပေါင်း(၃၁မိုင်၅ဖာလုံ)ဖြစ်ပါသည်။ ယင်းကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန်ကျန်ရှိသော လမ်းပိုင်းအား နှစ်စဉ်တိုင်းဒေသကြီး ရန်ပုံငွေတောင်းခံ၍ ဆောင်ရွက်ရန် အစီအစဉ်ရှိပါသည်။

ကတ္တရာလမ်းခင်းရန် ကျန်ရှိနေသော လမ်းအပိုင်း (၃၁မိုင်၅ဖာလုံ)အနက် လက်ပံတန်းမြို့နယ်အတွင်း မိုင်(၀/၀)မှ (၇/၂)အထိ(၇မိုင်၂ဖာလုံ)နှင့် မိုးညိုမြို့နယ် မိုင်၁၆/၀-၁၉/၃၊ ၂၁/၀-၂၃/၆၊ ၄၁/၀-၅၃/၅အထိ (၁၈မိုင်၆ဖာလုံ) စုစုပေါင်း (၂၆)မိုင်သည် လမ်းအပိုင်းတို့သည် ဆည်မြောင်းဦးစီးဌာန၏ ဆည်မြောင်းတာဘောင်လမ်းအပိုင်းဖြစ်ပါသဖြင့် ဆည်မြောင်းဦးစီးဌာနနှင့် ညှိနှိုင်း၍ နှစ်စဉ်တိုင်းဒေသကြီး ရန်ပုံငွေတောင်းခံပြီး ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “မိုးညိုမြို့နယ်၊ အင်းတွော်လုပ်ကျေးရွာ အုပ်စု၊ မကျီးကုန်းကျေးရွာနှင့် အင်းတွော်လုပ်ကျေးရွာများ ကမ်းပြိုကမ်းပျက် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသဖြင့် အလျင်အမြန် ဆောင်ရွက်ပေးရန်” နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ မကျီးကုန်း၊ အင်းတွော်လုပ်ကျေးရွာများ မြစ်ရေ တိုက်စားကမ်းပါးပြိုကျမှုများကို ကာကွယ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ထံ ရန်ပုံငွေတင်ပြတောင်းခံခဲ့ရာ ယခုလက်ရှိ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ပါဝင်ကြောင်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ဤဦးစီးဌာနအနေဖြင့် မိုးညိုမြို့နယ်၊ မကျီးကုန်းကျေးရွာနှင့် အင်းတွော်လုပ်ကျေးရွာ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှင့် ပွင့်လင်း ရာသီတွင် လုပ်ငန်းများစတင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ်အတွက် သားသတ်ရုံ မြေနေရာနှင့် အမှိုက်စွန့်ပစ်ရန်နေရာသို့ သွားရာလမ်းအရှည် (၇၃၀'×၁၂'×၉") အတွက် ကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်း၍ မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ယခင်က စံကျောင်းဘုန်းတော်ကြီးကျောင်းဘေး ရွှေပြည်သာရပ်ကွက် သုသာန်သို့ သွားသောလမ်းဘေးရှိ ငါးပြေမ အင်းအတွင်း အမှိုက်စွန့်ပစ်ခဲ့ သော်လည်း ၎င်းနေရာတွင် ကိုယ့်အားကိုယ်ကိုး ကန်ဘောင်အဆင့်မြှင့်တင် ဆောင်ရွက်မှုကြောင့် အမှိုက်စွန့်ပစ်ရန်နေရာ ပျောက်ကွယ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရွှေပြည်သာရပ်ကွက်နေ ဦးကျော်ရွှေပိုင်ဆိုင်သော သပြေပင်ကျေးရွာသို့သွားသော လမ်းဘေးရှိ အနက်(၁၅')ရှိ ချိုင့်ဝှမ်းမြေနေရာ(၀. ၄၀)ဧကအား (၁၇. ၆. ၂၀၁၆)ရက်နေ့တွင် မြို့မြေ ချထားရေးကော်မတီမှ ငွေကျပ်(၁၅)သိန်းဖြင့် သားသတ်ရုံမြေနေရာနှင့် အမှိုက်စွန့်ပစ်ရန်အတွက် စာချုပ်ချုပ်ဆိုဝယ်ယူလှူဒါန်းခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါလမ်းအတွက် အင်ဂျင်နီယာတွက်ချက်မှုစာရင်းအရ မြေပြင်ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်း ခင်းခြင်းအတွက် လမ်းအရှည်(၇၃၀'×၁၂'×၉")အတွက် ကုန်ကျငွေစုစုပေါင်း ငွေကျပ်(၁၇၅)သိန်း ကုန်ကျမည်

ဖြစ်ပြီး မြို့နေပြည်သူလူထုအနေဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ထည့်သွင်းလျာထားသည့် လုပ်ငန်းများကို ခေါင်းစဉ်ပြောင်းဆောင်ရွက်ခြင်း မပြုလုပ်စေဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ရေး တင်ပြသင့်ပါကြောင်း ဆွေးနွေးဆုံးဖြတ်သည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးနိုင်ရေး ဆက်လက်တင်ပြပေးနိုင်ပါရန်နှင့်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ပုံငွေချထားပေးနိုင်ခြင်းမရှိပါက မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေမှ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ အင်းတွော်လုပ်ကျေးရွာနှင့် မကျီးကန်းကျေးရွာကမ်းပြိုကမ်းပျက်ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကမ်းပါးပြိုမှု ကာကွယ်ရေးအတွက် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာငွေရရှိထားပြီးဖြစ်ပါသည်။ မြစ်ချောင်းများ၏ သဘာဝမှာ မိုးရာသီကာလတွင် မြစ်များ၊ ချောင်းများ၌ ရေများရောက်ရှိနေသည့်အခြေအနေဖြစ်ပါသည်။ ပွင့်လင်းရာသီရောက်မှ ဆောင်ရွက်မည်ဆိုပါက မိုးလွန်မှထွန်ချသလိုဖြစ်နေပါ၍ လက်ရှိအခြေအနေမှာ ကမ်းပါးများပြို၊ ကမ်းပါးများပျက်နေသဖြင့် မြို့နယ်အင်ဂျင်နီယာမှ မေလ(၁၂)ရက်နေ့ ရက်စွဲဖြင့် မြို့နယ်အစီအစဉ်ဖြင့် ဆောင်ရွက်ရန် ညွှန်ကြားသဖြင့် လက်ရှိအခြေအနေတွင် ကမ်းပြိုနေ၍ အိမ်(၁၉၁)လုံးကို မိမိတို့အစီအစဉ်ဖြင့် ရွှေ့ပြောင်းနေရသဖြင့် မိုးမကျမီမြစ်ချောင်းများအတွင်း ရေမဝင်မီကြိုတင်ကာကွယ်ရသည်ကို မကာကွယ်ဘဲ ပျက်ကွက်မှုကြောင့် ပြည်သူများ သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေရခြင်းဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် နောက်ဆက်တွဲပြည်သူများအား မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိချင်ပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅) အင်းတွော်လုပ်ကျေးရွာ မကျီးကုန်းကျေးရွာနှင့်ပတ်သက်သည့် ဆက်စပ်မေးခွန်းကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ကမ်းပါးပြို ကာကွယ်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွင့်ပြုသည့် လုပ်ငန်း(၇)ခုခန့်ရှိပါသည်။ လုပ်ငန်း(၁)ခုခန့်သာ အရေးပေါ်လုပ်ဆောင်ပြီးဖြစ်ပါသည်။ တင်ဒါခေါ်ယူချိန်မရသည့်အတွက် တင်ဒါ ခေါ်ယူမှုကင်းလွတ်ခွင့်တောင်းပြီး အလျင်အမြန်လုပ်ဆောင်ခြင်းဖြင့် ပြီးမြောက်သွားခြင်းဖြစ်ပါသည်။ ကျန်ရှိသည့်လုပ်ငန်း(၆)ခုမှာ မိုးရာသီတွင် လုပ်ငန်းသဘောသဘာဝအရ လုပ်ဆောင်၍မရပါ။ ကျန်ရှိသည့် လုပ်ငန်းများအား လုပ်ဆောင်၍မရသဖြင့် အနည်းငယ်ပြိုကျမှုများအတွက်ဖြစ်စေ၊ အနည်းငယ်ကုန်ကျမည် ဖြစ်စေ၊ ကုန်ကျမှုများအား ကျေးရွာသူ/ကျေးရွာသားများ အန္တရာယ်ကင်းရှင်းရေးအတွက် ကယ်ဆယ်ရေး ဌာနမှ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဝင်းကို၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သဘာဝကမ်းပြိုသည့်အတွက် ဘတ်ဂျက်ကျထားသည်မှာမှန်ပါသည်။ မိုးကုန်မှ ထွန်ချဆိုသလို ကိုယ်စားလှယ်ကြီး တင်ပြသွားသည်မှာပါသည့်အတိုင်း မိမိတို့၏လုပ်ငန်းများမှာ မိမိတို့ အစိုးရသစ်လက်ထက်တွင် ပွင့်လင်းမြင်သာမှုရှိသည့်အတွက် လုပ်ငန်းရှင်များအား တင်ဒါခေါ်ပြီး လုပ်ငန်းများကို စနစ်တကျပေးပြီး လုပ်ခိုင်းခြင်းဖြစ်ပါကြောင်း၊ တင်ဒါမခေါ်ခင် (၁)လကြိုတင်ပြီး သတင်းစာ ထဲတွင် ကြော်ငြာခေါ်ရပါသည်။ မိမိတို့အစိုးရသစ်သည် ဧပြီလ(၈)ရက်နေ့တွင် အာဏာလွှဲပြီးသည့်အချိန်၌ သင်္ကြန်ပိတ်ရက်(၂၁)ရက်ခံသည့်အတွက် တင်ဒါခေါ်ရန် အစီအစဉ်နောက်ကျ၍ အားချင်းစီစဉ်လိုက်ရခြင်း ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတင်ပြသွားသည့် လုပ်ငန်း(၇)ခုအနက် အရေးပေါ်လိုအပ်သည့် လုပ်ငန်း(၁)ခုကို ဆောင်ရွက်ခြင်းဖြစ်ပြီး မိုးတွင်းကာလဖြစ်သည့်အတွက် ဆောင်ရွက်ရန်အဆင်မပြေပါကြောင်း၊ ဘက်ဟိုးများဖြင့် မြေထိန်းနံရံများပြုလုပ်ရန် ရေစီးကျသည့်အချိန်တွင် ဆောင်ရွက်၍ မရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သည့် ကမ်းပြိုရေကြီးသည်နှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရတွင် သဘာဝ ဘေးအန္တရာယ်တားဆီးကာကွယ်ရေးကော်မတီ၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဖွဲ့စည်းထားပြီး တိုင်းဒေသကြီးအဆင့်တွင် ဝန်ကြီးချုပ်က ဥက္ကဋ္ဌ၊ သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးများက အဖွဲ့ဝင်အဖြစ်နှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများပါဝင်ပြီး မြို့နယ်၊ ခရိုင်အဆင့်ဆင့်ဖွဲ့စည်းထားရှိ ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်သည့်အခါတွင် ပြည်ထောင်စုအဆင့် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်၍ ကမ်းပြိုမှုဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များမှ အရေးပေါ်ဆိုသလို၊ အားချင်းဆိုသလို တင်ပြသည့်အခါ ပြည်ထောင်စုအဆင့် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်၍ ဝိုင်းဝန်းပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ (၁၈-၇-၂၀၁၆)ရက်နေ့က ဒုတိယသမ္မတခရီးစဉ်ရှိပါ၍ မိမိတို့အနေဖြင့် ယင်းကိစ္စကို မေးမြန်းသွားပါမည်။ သဘာဝဘေးအန္တရာယ် တွေ့ကြုံနေရသည့် မိုးညိုမြို့နယ် အင်းတော်လုပ်ကျေးရွာ အုပ်စု၊ မကျီးကုန်းကျေးရွာတွင်ရှိသည့် ပြည်သူများအတွက် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း လမ်းညွှန်မှာကြားမှုရှိမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးဝန်ကြီးများမှ ပြောကြားသွားသည်မှာ ပွင့်လင်းရာသီတွင် အမြန်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးရှင်းပြသွားသည်မှာလည်းမှန်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဖြေကြားသွားသည်မှာ ချောင်း၊ မြောင်းများ သဘာဝနှင့် ဧပြီလ(၈)ရက်နေ့တွင်မှ လက်မှတ်ထိုးသည်၊ နှောင့်နှေးသည်ဟုဆိုရာ၌ ဧပြီလနောက်ဆုံးပတ် သို့မဟုတ် ဇူလိုင်လတွင်လည်း လုပ်ကိုင်၍ရပါကြောင်း၊ ရက်(၁၀၀)စီမံချက်တွင် ၎င်းလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ရမည် ဖြစ်ပြီး ၂၀၁၅-၂၀၁၆တွင် လုပ်ကိုင်လိုပါသည်။ ၎င်းလုပ်ငန်းများမှာ လုပ်ကိုင်ရမည့် လုပ်ငန်းများဖြစ်ပြီး သဘာဝ ဘေးအန္တရာယ်ဖြစ်သည်ကို လာကြည့်ဖော်မရဘဲ စာဖြင့်တင်ရန်ဆိုပြီး အနေအထားဖြစ်နေ၍ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းကိုမေးမြန်းသည်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းသည်မှာ ဧပြီလ(၈)ရက်နေ့တွင် အာဏာလွှဲသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို လုပ်ဆောင်ကြရာတွင် သတ်မှတ်ထားသည့် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင်ခွင့်ပြုထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကောင်အထည်ဖော်ရန် အမှန်တကယ် နောက်ကျခဲ့ခြင်းဖြစ်ပါတယ်။ နောက်ကျသည်ဖြစ်သည့်အတွက် မိုးတွင်းကာလတွင် ချောင်းတူး၊ မြောင်းတူး လုပ်ငန်းများအားလုံးကို ခေတ္တရပ်ဆိုင်းထားပါသည်။ ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆည်မြောင်းများ တာဖို့ရန်နှင့်ပတ်သက်၍ မိုးညိုအနောက်ဘက်ရှိတာကို အားချင်းလုပ်ဆောင်ဖြစ်သည်မှာ ကိုယ်စားလှယ်ကြီး အသိပင်ဖြစ်ပါသည်။ တင်ဒါကင်းလွတ်ခွင့်ပြု၍ Cabinet မှတာဝန်ခံပြီး အားချင်းလုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းလုပ်ငန်းကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ထဲတွင် မပါဝင်သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုးစားစီစဉ်ပြီး လုပ်ဆောင်ပေးရခြင်းဖြစ်ပါသည်။ ယခုကမ်းပြိုသည့်ကိစ္စကိုလည်း တင်ဒါကိုအချိန်မီမခေါ်လိုက်နိုင်၍ အရေးပေါ်ဖြစ်လိုက်သည့် မိုးရွာမှုသည် မိုးဦးကျစောပြီး မုန်တိုင်းနှင့်ရော၍ ဆက်သွားသည့်အတွက်ကြောင့်ဖြစ်ပြီး ကမ်းပြိုသည့်ကိစ္စအတွက် ဘတ်ဂျက်ငွေကျထားပြီးဖြစ်ပါသည်။ မိုးတွင်းကာလတွင် ချက်ချင်းအကောင်အထည်ဖော်ရန် မဖြစ်နိုင်သည့်အတွက် ၎င်းလုပ်ငန်းကို ပွင့်လင်း

ရာသီရောက်မှ ဆောင်ရွက်ရန်ဆိုပြီး စကားလုံးကို ဖြေကြားပေးခြင်းဖြစ်ပါသည်။ မိုးရွာလျှင် ကမ်းပြိုသည်ကို ဆောင်ရွက်၍ မရပါ။ သဘာဝဘေးအန္တရာယ်များနှင့် ပြည်ထောင်စုအဆင့်တွင် ဒုတိယသမ္မတဦးဆောင်ပြီး ဖွဲ့စည်းထားသည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များမှ အရေးပေါ်တောင်းဆို သည်များ၊ အရေးပေါ်တင်ပြသည်များရှိပါက ပြည်ထောင်စုအဆင့်မှနေ၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်တို့မှ လူမှုသတင်းမှနေ၍ အားချင်းဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း ဖြေကြားလို ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်း စသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း " အဆိုအား လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးခိုင်၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှု များအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း "** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ သို့ဖြစ်၍ ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမျိုးခိုင် တင်သွင်းသည့် အဆိုကို မိမိကဥပဒေကြောင်းအရ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်များတူးဖော်နေခြင်း၊ ကြက်ခြံများ ဆောက်လုပ်နေခြင်းများ၊ ဓါတ်ဆီဆိုင်များ ဆောက်လုပ်ခြင်းစသော အခြားနည်းဖြင့် သုံးစွဲနေမှုများအား ၂၀၁၂ခုနှစ် ဥပဒေနှင့်အညီ အစိုးရမှအရေးယူ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

## ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၁

စတင်အာဏာတည်သည့်ရက် -၃၀-၃-၂၀၁၂

ပုဒ်မပေါင်း -၄၃ခု

ဖျက်သိမ်းလိုက်သည့်ဥပဒေများ

၁၉၅၃ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ

၁၉၆၃ခုနှစ်၊ သီးစားချထားရေးဥပဒေ

၁၉၆၃ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေ

ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

၃။ (က) လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်ဟု လယ်ယာမြေကို အဓိပ္ပါယ်ဖွင့်ဆိုထားပါကြောင်း၊

(ခ) လယ်မြေဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်းအရသော်လည်းကောင်း၊ စိုက်ပျိုးရေရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ အဓိကစိုက်ပျိုးသောမြေကို ဆိုသည်။

### အခန်း(၄)

### လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

အခန်း(၄)၊ ပုဒ်မ ၁၂တွင် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူသည်-

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကိုလုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားခြင်းမရှိဘဲကျူးကျော် လုပ်ကိုင်ခြင်း မပြုရ။

(ဆ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျှက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဈ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှုပ်ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရဟု စည်းကမ်းချက်များ ထုတ်ထားပါကြောင်း၊

## အခန်း(၆)

## ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၇။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းတို့နှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်သည့်ကိစ္စရပ်များကို လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် (ဃ)တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း၊ ပုဒ်မ ၃၁နှင့်အကျုံးဝင်သော လယ်ယာမြေကို လည်းကောင်း၊ ပုဒ်မ ၃၇အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုလည်းကောင်း ပြန်လည်ရုပ်သိမ်းခြင်း၊

(င) ကျေးလက်ဒေသများနှင့် မြို့ပြဒေသများတွင် တိုးတက်လျက်ရှိသော လူဦးရေနှင့် တိုးပွား လာသော အိမ်ထောင်စုများအတွက် အိမ်ရာတည်ဆောက်ရန် လိုအပ်ချက်အရ လယ်ယာမြေကို

အသုံးပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကျေးလက်နှင့် မြို့ပြအိမ်ရာ စီမံကိန်းနှင့်စပ်လျဉ်းသည့် တင်ပြချက်များကို စိစစ်၍ အတည်ပြုခြင်း၊

(စ) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်းဟု ပြင်ဆင်ဖော်ပြ ပြဋ္ဌာန်းထားပါကြောင်း၊

(ဆ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လိုအပ်သည့် လယ်ယာသုံးစက်နှင့် စက်ကိရိယာများထားရှိခြင်း၊ ဆန်စက်များ၊ သီးနှံသိုလှောင်သည့် ဂိုဒေါင်များ၊ လိုအပ်သော ကုန်ထုတ်လမ်းများနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏တင်ပြချက်ကို စိစစ်ပြီးအတည်ပြုခြင်း၊

(ဇ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှု လယ်ယာ စနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေကို အသုံးပြုရန် ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ တင်ပြချက်ကိုစိစစ်ပြီး အတည်ပြုခြင်း၊

(ဈ) မြေနုကျွန်း လုပ်ပိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ပိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဋ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၁၈။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များအတွက် နှစ်ဦးသဘောတူ စာချုပ်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ရှေ့မှောက်တွင်ချုပ်ဆို၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး၌ မှတ်ပုံတင်ရာတွင် လယ်ယာမြေတန်ဖိုးကို ဒေသန္တရအခြေအနေအရ ဆီလျော်သောနှုန်းထားဖြစ်စေရန် သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

# အခန်း(၇)

## စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ အရေးယူခြင်း

၁၉။ ဤဥပဒေ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ၊ လိုက်နာရန် ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း၊

၂၀။ ပုဒ်မ ၁၉ပါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းပုဒ်မအရ ချမှတ်သောအမိန့်ကို လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူက လိုက်နာခြင်းမရှိလျှင် ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် ဝန်ကြီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် တည်ဆဲဥပဒေများနှင့်အညီ ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်းခံရမည်။

၂၉။ နိုင်ငံတော်၏ ရေရှည်အမျိုးသားအကျိုးစီးပွားအလို့ငှာ စီမံကိန်းလုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်သက်ဆိုင်ရာစီမံကိန်း အကောင်အထည်ဖော်မည့် ဝန်ကြီး ဌာနသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အများပြည်သူအကျိုးငှာ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍-

(က) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။

၃၁။ ပုဒ်မ ၃၀အရ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း

လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။

## အခန်း(၁၂)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၅။ မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၆။ ပုဒ်မ ၁၉အရ ချမှတ်သောအမိန့်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပုဒ်မ ၃၅ပါ အများဆုံး ထောင်ဒဏ် ချမှတ်ခြင်းခံရမည်။

၃၇။ မည်သည့်လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ် ၁၀သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုလည်း ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ငွေနှင့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ သိမြင်နေကြရသကဲ့သို့ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေမည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ် အားနည်းခြင်းကြောင့် ယခုကဲ့သို့ လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ ကိုယ်ကျိုးအသုံးချမှုများ ထင်ရှားစွာ တွေ့မြင်ကြရပါသည်။ သနပ်ပင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၈-၆-၂၀၁၆) အစည်းအဝေးအရ သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-သနပ်ပင်-ကမာစဲ-ရစ်ကန်ကြီးကားလမ်းအမှတ်(၆) အဝေးပြေးလမ်းမကြီး တစ်လျှောက်ရှိ လမ်းဘေးဝဲယာ မြေဧက

၆၉၃. ၆၂ ဧကမှာ လယ်ယာမြေကို အခြားနည်းဖြင့် ကိုယ်ကျိုးအတွက် အသုံးချနေမှုများ ရှိနေပါသည်။

ကြက်ခြံ၊ ငါးကန် ၆၂၀. ၈ ဧက၊ ဓါတ်ငွေ့အဆောက်အဦ ၂၀၉၈ ဧက၊ တာဝါတိုင် ၀. ၃၄ ဧက၊ မြေဖို့ ၉. ၅ ဧက၊ လူနေအိမ် ၃. ၅ ဧက၊ ငါးလုပ်ငန်းရုံး ၀. ၃ ဧက၊ ပုဂ္ဂလိကစက်ရုံ ဆန်စက် ၂. ၂ ဧက နိုင်ငံတော်မှ အသုံးပြုနေသော ဓါတ်ငွေ့စက်ရုံနှင့် ငါးလုပ်ငန်းရုံးအတွက် ၃. ၂၈ ဧကမှလွဲ၍ ၆၃၆. ၃၄ ဧကမှာ ကိုယ်ကျိုးအသုံးချနေကြောင်း တွေ့ရပါသည်။ နိုင်ငံတော်သုံးနှင့် ကိုယ်ကျိုးသုံးမှာ ၁၉၅ ဆ ကွာခြားနေပါသည်။ အထက်ပါ စာရင်းများမှာ လမ်းဘေးနှင့်ကပ်လျှက် ဝဲ-ယာကိုသာ တွက်ပြခြင်းဖြစ်ပါသည်။ ကျေးရွာများရှိ အခြားနည်းလမ်း အသုံးချမှုများ မပါဝင်သေးပါ။

ထိုသို့ အသုံးချမှုများကို ပုဂ္ဂလိကဓိဌာန်မပါဘဲ ပြန်ကြည့်ရမည်ဆိုလျှင် ပြီးခဲ့သည့် ဆယ်စုနှစ် ၁ ခု အတွင်းမှာပင် များပြားစွာ တွေ့မြင်ကြရပြီး အုပ်ချုပ်ရေးကဏ္ဍ၏ ဂုဏ်သိက္ခာ ထိခိုက်လောက်အောင်ပင် တရားမဲ့စွာ လုပ်ကိုင်နေကြကြောင်း တွေ့ရှိရပါသည်။

အဆိုပါလုပ်ငန်းသည် ဆောက်လုပ်ရေးလမ်းမကြီးများ ဥပဒေကိုချိုးဖောက်၍ လမ်းမကြီးနှုတ်ခမ်းအထိ မေးတင်ပြီး အဆောက်အဦများဆောက်ခြင်း၊ ဆည်မြောင်းဥပဒေကို ချိုးဖောက်၍ ရေစီးရေလာ အနှောင့် အယှက်ဖြစ်စေမည့် ချောင်းပိတ်မြောင်းပိတ်ပြီး လမ်းများဖောက်ခြင်း၊ ထို့အပြင် ကိုယ်ပိုင် Transformer များဖြင့် ကျေးလက်နေပြည်သူများ သုံးစွဲရမည့် လျှပ်စစ်မီးကို ကိုယ်ကျိုးအတွက် ရယူသုံးစွဲနေကြသည်မှာလည်း ဝမ်းနည်းဖွယ် တွေ့မြင်နေရပြန်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုမှာ တရားဥပဒေစိုးမိုးရေးနှင့် တိုက်ရိုက်အချိုးကျနေကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီး၊ အစိုးရအဖွဲ့နှင့် ကိုယ်စားလှယ်တော်ကြီးများ အားလုံးအသိပင်ဖြစ်ပါသည်။ " ခွင့်ပြုချက်မရှိဘဲ" ဆိုသည့် စကားလုံးမှာ တိုးတက်လိုသော တိုင်းပြည်အတွက် ရှိကိုမရှိသင့်သော စကားလုံးဖြစ်ပါသည်။ တရားမဲ့ ဆောင်ရွက်မှုများကို တရားဥပဒေစိုးမိုးမှုအောက်သို့ ပြန်လည်ရောက်ရှိရန်မှာ တိုင်းပြည်၏ အဓိက မဏ္ဍိုင်ကြီးများ ဖြစ်သည့်အတွက် လွှတ်တော်၊ အစိုးရနှင့် တရားစီရင်ရေးတို့၏ တာဝန်ပင် ဖြစ်ပါသည်။

သို့ပါ၍ ယခုကဲ့သို့ ကျွန်တော်တို့ မြို့နယ်တွင်သာမက တိုင်းဒေသကြီးတစ်ခုလုံးတွင် မြင်ရက်စရာ မရှိအောင် ဖြစ်ပျက်နေသည့် လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းအသုံးပြုနေမှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သင့်ပြီဖြစ်ကြောင်း တိုက်တွန်းရင်း ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်း စသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့် အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း "အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဆွေးနွေး ပေးဖို့ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင်ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း” အဆိုကို သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ကျွန်တော် ဦးဇော်လင်းထိုက်မှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဉက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား အထက်ပါအဆိုဟာ အဆိုတင်စဉ်က ထောက်ခံခဲ့သူ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသက်ဝင်းလှိုင် တင်ပြခဲ့သလို ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းက မြို့နယ်တော်တော်များများနဲ့ ပတ်သက်နေပါတယ်။ လယ်ယာမြေကို ဥပဒေမဲ့အခြားနည်းအသုံးပြုရာမှာ သုံးစွဲပုံ ပုံစံတွေခြားနားပေမယ့် နစ်နာမှုကတော့ မြို့တိုင်းနယ်တိုင်းမှာ တူညီကြပါတယ်။ အခြားနည်းသုံးစွဲခြင်းကြောင့် (၁) သီးနှံစိုက်ပျိုးမြေဆုံးရှုံးပြီး အဲဒီမြို့၏ကုန်ထုတ်လုပ်မှု ကျဆင်းပါတယ်။ (၂) ဥပဒေမဲ့ ပြောင်းလဲသုံးစွဲခြင်းကြောင့် တိုင်းဒေသကြီးအတွက် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်၊ အခတွေကို နစ်နာဆုံးရှုံးရပါတယ်။

ဒ့ါကြောင့် သဲကုန်းမြို့နယ်အနေဖြင့် ဥပမာဆောင်ပြရရင် ပြီးခဲ့တဲ့ဘဏ္ဍာနှစ်အတွင်းမှာ သဲကုန်းမြို့နယ်အတွင်း လယ်ယာမြေနှင့် ရေအောက်မြေများအပေါ်မှာ သောင်တင်ငါးကန်တူးဖော်သူဦးရေ (၄၉၂)ဦး၊ ငါးမွေးကန်အရေအတွက် (၈၈၃)ကန်၊ သက်ရောက်ဧရိယာ (၄၃၅၈. ၆၁) ဧကရှိပါတယ်။ အဲဒီစာရင်းအချက်အလက်မှာ တရားဝင်လို့ပြောရမည့် ယခင်ဥပဒေ လန(၃၉)၊ ယခု လယ(၃၀)ကျပြီး ပိုင်ရှင်ဟာ(၂၃)ဦးသာရှိပြီး ကွင်းပေါင်း (၁၂) ကွင်းအတွင်း ကန် (၁၀၃) ကန်၊ ဧရိယာ (၄၉၃. ၂၅) ဧကသာ ဥပဒေနှင့် ညီညွတ်သောကြောင့် သဲကုန်းမြို့နယ်အတွင်းမှာ တရားမဝင်ကန်လုပ်သား (၄၆၉)ဦး၊ တရားမဝင်ဥပဒေမဲ့ကန် (၇၈၀)ကန်၊ ဆုံးရှုံးဧရိယာပေါင်း(၄၃၆၅. ၃၆)ဧက ရှိနေပါတယ်။ လယ်ယာမြေဆုံးရှုံးသလို ပုံစံပြောင်းသုံးစွဲမှုကရလာမည့်အခွန်၊ အခများလည်း ဆုံးရှုံးနေပါတယ်။

အဆိုရှင်ရဲ့ ကဝမြို့နယ်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ဖြေကြားချက်အရ လက်ရှိငါးမွေးဧကပေါင်း (၁၄၀၃)ဧကခန့်ရှိမည်လို့သိရပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငါးကန်အတွက် အခွန်ရငွေစာရင်းအရ ငါးမွေးကန် (၃၁၅)ကန်၊ ငါးမွေးကန်ဧက (၁၀၅၃. ၂၃)ဧကသာ တရားဝင်စာရင်းပေါက်တာကြောင့် ဧက (၃၅၀)လောက် ဥပဒေမဲ့နေတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ဆွေးနွေးနေတာ မွေးမြူရေးလုပ်ငန်းနှင့် အခြားပုံစံပြောင်းလုပ်ငန်းများများကိုချည်း အပြစ်ဖို့နေတာ မဟုတ်ပါကြောင်း၊ ဥပဒေမဲ့နေသည်ကို ရည်ရွယ်နေတာပါ။ တစ်ယောက်တစ်ဖွဲ့ဥပဒေမဲ့ရာက ပတ်ဝန်းကျင် ဆက်စပ်သူများပါ စည်းကမ်းမဲ့လာကြပါတယ်။ စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့ ပုံစံပြောင်းဆောင်ရွက်ကြလို့ သက်ရောက်လာသည့် ဘေးဒုက္ခကိုလည်း အဆိုပါမြို့နယ်တွေခံစားနေရပါတယ်။ ကျွန်တော်တို့ သဲကုန်းမြို့နယ်အနေနဲ့ပဲ နမူနာပြရရင် သဲကုန်းမြို့နယ်အုပ်စုပေါင်း (၆၀)အုပ်စုရဲ့ တစ်ဝက်ခန့် အုပ်စုပေါင်း(၂၇)ဟာ စိုက်ပျိုးမြေဆုံးရှုံးရသည့်အပြင် သဘာဝဘေးအန္တရာယ်

တစ်မျိုးဖြစ်သည့် ရေကြီးနစ်မြုပ်မှုကို ခံစားနေရပါတယ်။ ၎င်းဥပဒေမဲ့ စည်းကမ်းမဲ့ ငါးကန်တူးဖော်မှုတွေဟာ လယ်မြေများပေါ်က ကျော်လွန်ပြီး ချောင်းမြောင်းအင်းအိုင်များအတွင်း ပါဝင်ရောက်လာတာကြောင့် ရေစီးရေလာပိတ်ဆို့မှုဖြစ်ပေါ်ပြီး မြို့နယ်ဧရိယာတစ်ဝက်ဟာ ရေပြင်အောက်ရောက်ရသည့်အဖြစ်ကို မနှစ်က ကြုံတွေ့ခဲ့ရသလို ယခုနှစ်မိုးရာသီအစမှာဘဲ ဘေးဒုက္ခကို ခံစားခဲ့ရပြီးပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား လယ်ယာစိုက်ပျိုးသူများအနေနှင့် မိမိဘေးမှာ ငါးကန်များအလျှိုလျှိုပေါ်ထွက်လာသည့်အခါ မိမိကိုယ်တိုင်လည်း မဖြစ်မနေ ငါးကန်တူးဖော်ရမည့်အခြေအနေများ ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တင်ပြခဲ့သည့် အချက်အလက်စာရင်းဟာ မနှစ်က အခြေအနေဖြစ်ပါတယ်။ ဒီနှစ်ပိုင်းမှာ ယန္တရားကြီးများ ပေါများလာသည့်အချိန်အခါဖြစ်သည့်အတွက် ကန်တစ်ကန်တူးဖော်ရန် နာရီဝက်မကြာသည့်ကိစ္စဖြစ်ပါတယ်။ မနေ့ကလယ်မြေဟာ ဒီနေ့မှာ ငါးမွေးကန်အဖြစ် ပုံစံပြောင်းနေပါတယ်။ ဒါကို ဥပဒေနှင့်အညီ ထိရောက်စွာ တည့်မတ်ပေးဖို့လိုနေပါတယ်။ ဖြစ်သင့်တာက " စိုက်ပျိုးရေးကို မထိခိုက်သော မွေးမြူရေး" ဖြစ်ဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် ဦးမျိုးခိုင်ရဲ့အဆိုဟာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် ဆောလျင်စွာ ကိုင်တွယ်ဆောင်ရွက်သင့်ကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးခိုင်၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှုများအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း "** အဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော ကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်း လယ်ယာမြေ (၂၀၈၅၉၄)ဧကရှိပါသည်။ ၎င်းဧကများအနက် လယ်မြေတွင် ခွင့်ပြုချက်မရှိဘဲ ငါးကန်များအဖြစ် တူးဖော်ထားသည့်ဧကမှာ ကျေးရွာ(၁၅)အုပ်စုတွင် ၂၀၁၀ခုနှစ်တွင်(၉၁. ၀၀)ဧက၊ ၂၀၁၁ခုနှစ်တွင် (၆၈. ၀၀)ဧက၊ ၂၀၁၂ခုနှစ်တွင်(၁၇၂. ၀၀)ဧက၊ ၂၀၁၃ခုနှစ်တွင် (၂၈၅. ၀၀)ဧက၊ ၂၀၁၄ခုနှစ်တွင် (၂၉၀. ၀၀)ဧက၊ ၂၀၁၅ခုနှစ်တွင် (၃၇၂. ၀၀)ဧက၊ ၂၀၁၆ခုနှစ်တွင် (၁၂၅. ၀၀)ဧက၊ စုစုပေါင်း (၁၄၀၃)ဧကရှိပြီး အဆိုပါဧရိယာများအနက် ဧရိယာ(၁၂. ၄၇)ဧကအား ဦးကျော်မင်းမှ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ ငါးမွေးမြူရေးကန်းအဖြစ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၆-၂-၂၀၁၆)ရက်စွဲပါစာအမှတ် ၁ / လယ - ၃၀ (၃၇၁/၂၀၁၆)ဖြင့် ခွင့်ပြုမိန့်ရရှိထားပြီး ဧရိယာ(၁၂. ၅၈)ဧကအား ဒေါ်ဖြူဖြူရိုန်မှ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ ငါးမွေးမြူရေးကန်မြေအဖြစ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု

အဖွဲ့၏ (၁၆-၂-၂၀၁၆)ရက်စွဲပါစာအမှတ် ၁၅/လယ-၃၀(၃၇၂/၂၀၁၆)ဖြင့် ခွင့်ပြုမိန့်ရရှိထားပါသည်။ ကျန်ငါးကန်မြေအဖြစ် တူးဖော်အသုံးပြုသည့် ဧရိယာများမှာ လွန်ခဲ့သော (၅)နှစ်(၆)နှစ်ခန့်က တောင်သူများ တပိုင်တနိုင်တူးဖော်ထားသောကန်များဖြစ်ပါသည်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)အရ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရဟု ပြဌာန်းထားပါသည်။ လယ်မြေကို အခြားနည်း အသုံးပြုနိုင်ရန်အတွက် ၎င်းဥပဒေပုဒ်မ ၃၀(က)(ခ)ဖြင့် အဆင့်ဆင့်ဆောင်ရွက်နိုင်ရန်လည်း အခွင့်အရေး ပေးထားပြီးဖြစ်ပါသည်။ သို့ပါသော်လည်း လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန် တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင်ဆောက်လုပ်ခြင်းစသော အခြားနည်း အသုံးပြုမှုများ ဆောင်ရွက်ထားရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၅-၄-၂၀၁၆) ရက်စွဲပါစာအမှတ် ၆/၃-၂/ဦး ၆ ဖြင့် အကြောင်းကြားလာမှုအပေါ် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ (၂၇-၄-၂၀၁၆) ရက်စွဲပါ စာအမှတ် ၁၄၆/လယ်-စီ/တိုင်းဒေသကြီး/(ဝ၄)(ခ)ဖြင့် ခရိုင်/မြို့နယ်များသို့ အကြောင်းကြားထားမှုအပေါ် ကဝမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၉အရ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တားမြစ်ဖယ်ရှားခြင်းကို လိုက်နာခြင်း မရှိပါက ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၅၊ ၃၆တို့အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နို့တစ်စာထုတ်ထားပြီးဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်တွင် လယ်ယာမြေဥပဒေပုဒ်မ ၁၂(ဆ)အရ ခွင့်ပြုချက်မရဘဲ လယ်ယာမြေပေါ်တွင် ကျူးလွန်ဆောက်လုပ်ထားသော အခြားနည်းအသုံးပြုမှုများအား လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ တစ်ဧကလျှင် ကျပ်(၁၀)သိန်းထက်မနည်း ဒဏ်ကြေးငွေပေးဆောင်စေပြီး မြေပုံရေးကူးခွင့်လျှောက်ထားဆောင်ရွက်စေခဲ့ပါသည်။ အစိုးရသစ်လက်ထက်တွင် ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှု အဖွဲ့ဖွဲ့စည်းနိုင်ရေးဆောင်ရွက်လျှက်ရှိပြီး အဆိုပါအဖွဲ့မှ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ပြီးမှသာ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအနေဖြင့်လည်း ဖြည်းဖြည်းနှင့်မှန်မှန် အစိုးရသစ်၏ လုပ်ဆောင် မှုများအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် ဆန္ဒမစောစေလိုကြောင်း၊ ပြည်ထောင်စုနှင့် နိုင်ငံရေးမူဝါဒများသည် အကင်းပါးပါးနှင့် စဉ်းစားချင့်ချိန်ရန်လိုအပ်ကြောင်း၊ ကိုယ်စားလှယ် ကြီးများမှ တင်ပြဆွေးနွေးကြသည့် အဆိုနှင့်ပတ်သက်ပြီး လွှတ်တော်တွင်မှတ်တမ်းအဖြစ်သာ ထားရှိသင့် ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ဦးမျိုးခိုင်က မိမိ၏အဆိုအား ပြန်လည်ရုပ်သိမ်းလိုခြင်း ရှိ/မရှိ ပြန်လည် ဖြေဆိုပေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ အဆိုကို ကဝမြို့နယ်တစ်မြို့နယ်အတွက် လွှတ်တော်သို့ တင်သွင်းခဲ့ခြင်း မဟုတ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးတစ်ဝှမ်းရှိ မြို့နယ်များတွင် ဥပဒေမဲ့

လုပ်ရပ်များ နောင်အခါမဖြစ်ပေါ်အောင် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်သည့် နိုင်ငံသားများ ဖြစ်အောင် ယခုအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့် အညီ စနစ်တကျအရေးယူဆောင်ရွက်ပေးခြင်းမရှိလျှင် စီးပွားရေးလုပ်ငန်းရှင်အချို့က ကားလမ်းဘေးဝဲယာမှာ ရှိသည့် အောင်မြင်ဖြစ်ထွန်းနိုင်သည့် လယ်ယာမြေများ နောင်နှစ်အနည်းငယ်အတွင်း ဆုံးရှုံးသွားနိုင်ပါကြောင်း၊ ငါးမွေးကန်နှင့် ကြက်ခြံများကို စီးပွားရေးလုပ်ငန်းရှင်များ ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီးအတွင်း သားငါး ကဏ္ဍဖွံ့ဖြိုးတိုးတက်မည်မှာ မှန်ကန်သော်လည်း အမှန်တကယ် စိုက်ပျိုးသင့်သည့် လယ်ယာမြေများကို ခွင့်မပြု သင့်ကြောင်း၊ မွေးမြူရေးကဏ္ဍဖြစ်သည့် ကြက်ခြံများ၊ ငါးမွေးကန်များ ဆောက်လုပ်ခြင်းသည် ဇီဝဆိုင်ရာ လုံခြုံရေးကို စနစ်တကျ မထိန်းသိမ်းပါက ဒေါက်တာစောညိုဝင်းဆွေးနွေးခဲ့သည့်အတိုင်း အသက်အန္တရာယ် ကိုပါ ထိပါးဆုံးရှုံးမှုများဖြစ်လာနိုင်ကြောင်း၊ ယင်းကြက်ခြံများသည် အများပြည်သူနေထိုင်သည့် မြို့ရွာများနှင့် တစ်ဆက်တည်းဆောင်ရွက်နေသည့်အတွက် ဇီဝဆိုင်ရာလုံခြုံရေးကို အစိုးရအဖွဲ့အနေဖြင့် စနစ်တကျ ကြီးကြပ် လမ်းညွှန်မှုမပေးနိုင်လျှင် အများပြည်သူအတွက် အသက်အန္တရာယ်များစွာရှိနိုင်ကြောင်း၊ နောက်တစ်ချက် တိုင်းဒေသကြီးအစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖြစ်သည့် ခေတ်မီ စက်မှု၊ လယ်ယာစနစ်ကို ဦးစားပေး ဆောင်ရွက်သင့်ပြီး ဥပဒေမဲ့လုပ်ရပ်ဖြစ်သည့် အခြားနည်းသုံးစွဲခွင့်ကို ထိထိရောက်ရောက် အရေးယူ သင့်ပါကြောင်း၊ မိမိ၏ အဆိုကို တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးခိုင်၊ ကဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“လယ်မြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ ဥပဒေမဲ့ငါးကန်တူးဖော်ခြင်း၊ ကြက်ခြံဆောက်လုပ်အသုံးပြုခြင်း၊ ဓါတ်ဆီဆိုင် ဆောက်လုပ်ခြင်းစသော အခြားနည်းအသုံးပြုမှု များအား (၂၀၁၂)ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အရေးယူ ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း ”** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထား ရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၅)ဦးအနက် ထောက်ခံသူ(၆၄)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (ပဥ္စမနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၆း၀၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ(၂၂)ရက် (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

**တတိယပုံမှန်အစည်းအဝေး**

ပဉ္စမနေ့ မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**

**[ ၂၀၁၆ ခုနှစ် ၊ ဇူလိုင်လ ၂၂ ရက် ]**

**(သောကြာနေ့)**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၅ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၈၅. ၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်များကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါ်ပပဟန်[ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌရှင့်။ ကျွန်မကတော့ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ပပဟန်ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်း၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်း၊ အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်နှင့် ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်တို့သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ငွေး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်လွင်၊ ဗိုလ်မှူးနိုင်ဝင်းငွေး၊ ဗိုလ်မှူးပြည့်ဖြိုးဇော်နှင့် ဗိုလ်မှူးရန်နိုင်စန်း တို့သည် အရေးကြီးတာဝန်များထမ်းဆောင်ရန်ရှိပါသဖြင့် (၂၂-၇-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းတို့(၁၁)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြား အပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၁၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည် ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လိပ်အင်းကျေးရွာမှ ဂွေးတောက်ကုန်း ကျေးရွာသို့ (၃မိုင်၄ဖာလုံ)အရှည်လမ်းအား ဂဝံလမ်းခင်းရန်အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်

(၂) **"သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ခွဲစိတ်ခန်းသုံး ပစ္စည်းများ၊ ဓါတ်မှန်စက်၊ မီးစက်ကြီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လိပ်အင်းကျေးရွာမှ ငွေးတောက်ကုန်း ကျေးရွာသို့ (၃) မိုင် (၄) ဖာလုံ အရှည်လမ်းအား ဂဝံလမ်းခင်းရန် အစီအစဉ် ရှိ/မရှိ။

၎င်းလိပ်အင်း၊ ငွေးတောက်ကုန်းလမ်းသည် ၁၉၉၂ခုနှစ်က ကျေးလက်ပြည်သူများ၊ ကိုယ်ထူကိုယ်ထ ခင်းခဲ့သောလမ်းဖြစ်ပါသည်။ နှစ်စဉ်လမ်းပြုပြင်မှုများကို ကျေးလက်ပြည်သူများ ဆောင်ရွက်ခဲ့ပါသည်။

လိပ်အင်းကျေးရွာ၊ ညောင်ကောက်ကွေးလေးကျေးရွာ၊ တောကွေ့ကျေးရွာ၊ ကျီးချောင်းကျေးရွာ၊ ငွေးတောက်ကုန်းကျေးရွာတို့မှ ကျေးလက်နေပြည်သူ (၂၀၀၀)ကျော်တို့သည် ၎င်းလမ်းအား မှီခိုအားထား သွားလာရပါသည်။ ကျန်းမာရေးနှင့် ပညာရေးအတွက် ထိုလမ်းကိုပင် အမှီပြုနေရပါသည်။ ၎င်းရွာများမှ အလယ်တန်းဆင့် ကျောင်းသား(၁၀၀)ကျော်သည် လိပ်အင်းရွာ အလယ်တန်းကျောင်းသို့ နေ့စဉ် ကျောင်းတက်နေရပါသည်။ ၎င်းရွာများမှ တောင်သူလယ်သမားတို့၏ ထုတ်ကုန်သီးနှံများ ကုန်စည်စီးဆင်းမှု လမ်းလည်း ဖြစ်ပါသည်။

ထိုလမ်းမှာ ယခုနှစ်တွင် လမ်းပျက်စီးမှုလွန်စွာဆိုး၍ ဗွက်တောလယ်နေသဖြင့် ကျောင်းသားလေး များမှာ မိဘများကို ကျောင်းမတက်ချင်၊ မသွားချင်တော့ပါဟု ပြောယူရသည်ထိ လမ်းဆိုးနေပါသည်။ သို့အတွက်ကြောင့် ၎င်းလမ်းကို ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးရခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းအနေဖြင့် မိမိတင်ပြလိုသည်က ဖွံ့ဖြိုးရေး လမ်းအဖြစ် ဆောင်ရွက်ရန် အစီအစဉ်ရှိမည်ဆိုပါက ၎င်းလမ်းတိုးချဲ့ရန်အတွက် လမ်းဘေးဝဲယာ တောင်သူ များကလည်း မြေလှူဒါန်းမည်ဖြစ်ကြောင်း ထပ်ဆင့်တင်ပြလိုပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာရှိ ကုတင်(၁၆)လုံးဆန့် တိုက်နယ်ဆေးရုံတွင် လိုအပ်လျှက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓာတ်မှန်စက်၊ မီးစက်ကြီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းအား မေးမြန်းမှာ ဖြစ်ပါတယ်။

စံရွှေးတိုက်နယ်ဆေးရုံသည် သာယာဝတီမြို့နယ်၊ မြစ်မခမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိ ၍ လွန်ခဲ့သောနှစ်ပေါင်း(၂၆)နှစ် (၁၂-၁၁-၁၉၉၀)ပြည့်နှစ်က ငွေကျပ်(၁၇)သိန်းခန့် ကုန်ကျခံ၍ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော တိုက်နယ်ဆေးရုံဖြစ်ပါသည်။

သာယာဝတီမြို့နယ်၊ မြစ်မခမြစ်အနောက်ဘက်ကမ်းရှိ ကျေးရွာအုပ်စုပေါင်း (၆)အုပ်စု၊ ကျေးရွာပေါင်း (၂၅)ရွာရှိ လူဦးရေပေါင်း(၅၀၀၀)ခန့် မှီခိုအားထားနေရသော တိုက်နယ်ဆေးရုံဖြစ်ပါသည်။ သာယာဝတီခရိုင် ဆေးရုံကြီးသို့ သွားရန် ရေတစ်တန် ကုန်းတစ်တန် ခရီးဖြစ်၍လည်း စံရွှေးတိုက်နယ် ဆေးရုံသည် မြစ်မခ အနောက်ဘက်ကမ်းသားတို့၏ အားကိုးရာဖြစ်သည်။

၎င်းတိုက်နယ်ဆေးရုံတွင် ဝန်ထမ်းအင်အားစာရင်းအရ ဆရာဝန်(၁)ဦး လစ်လပ်၊ အထက်တန်း သူနာပြု(၂)ဦးအနက် (၁)ဦးလစ်လပ်၊ သူနာပြု(၄)ဦးအနက် (၂)ဦး လစ်လပ်၊ ကွန်ပေါင်ဒါ(၁)ဦး အနက်

(၁)ဦး လစ်လပ်လျက်ရှိသဖြင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးကို တင်ပြခြင်းဖြစ်ကြောင်း။

ထို့ပြင် ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓါတ်မှန်စက်၊ လျှပ်စစ်မီးမရှိသဖြင့် ၎င်းစက်ပစ္စည်းများ သုံးစွဲနိုင်ရန် လုံလောက်သော မီးစက်ကြီး စသည်တို့ကို တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိကို ဖြည့်စွက်မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လိပ်အင်းကျေးရွာမှ ဝွေးတောက်ကုန်းကျေးရွာသို့ (၃မိုင်၄ဖာလုံ)အရှည်လမ်းအား ဂဝံလမ်းခင်းရန်အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လိပ်အင်းကျေးရွာမှ ဝွေးတောက်ကုန်းလမ်းမှာ အရှည် (၃/၄)မိုင်ရှိ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့သော မြေသားလမ်းဖြစ်ပါသည်။ လိပ်အင်း-ဝွေးတောက်ကုန်း လမ်းအား (၃/၄မိုင်×၁၂'×၈") ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၄၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၄၁၇)အိမ်၊ လူဦးရေ (၁၄၈၄)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါ သည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါ်မူမူခင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမာင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓါတ်မှန်စက်၊ မီးစက်ကြီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ သာယာဝတီမြို့နယ် စံရွှေးကျေးရွာရှိ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ကွန်ပေါင်ဒါနှင့် ဓါတ်ခွဲဝန်ထမ်းအား ခန့်ထားပြီးဖြစ်ပါသည်။ ကျန်ဝန်ထမ်းလိုအပ်ချက်များကို ကုသရေးဦးစီးဌာနသို့ ဆက်လက်တင်ပြပြီး လမ်းညွှန်မှုကို ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါသည်။

ခွဲစိတ်ခန်းသုံးပစ္စည်းများ တင်ပြတောင်းခံထားခြင်းမရှိပါသဖြင့် သာယာဝတီခရိုင် ကုသရေးဦးစီးဌာနမှူးနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ဓါတ်မှန်စက်နှင့် မီးစက်ကြီးလိုအပ်ချက်ကို သာယာဝတီခရိုင် ကုသရေးဦးစီးဌာနမှူးနှင့် ညှိနှိုင်း၍ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါရှင်။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၂) **"သာယာဝတီမြို့နယ်၊ စံရွှေးကျေးရွာရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ဓါတ်မှန်စက်၊ မီးစက်ကြီးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ စံရွှေးကျေးရွာရှိ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံတွင် အမှန်တကယ် ဆရာဝန်(၂)ဦးရှိပါကြောင်း၊ သို့သော်လည်း ယခုနောက်ပိုင်းတွင် ဆရာဝန်(၁)ဦးချထားပေးပြီး လက်ရှိမှာ ဆရာဝန်တစ်ဦးမျှ မရှိပါကြောင်း၊ ဆရာဝန်မရှိသည့် ဆေးရုံတွင် ကုသမှုအနေဖြင့် ထိရောက်မှုမရှိနိုင်ပါကြောင်း၊ ယခု courseချထားမှုမှာ ကွန်ပေါင်ဒါနှင့် ဓါတ်ခွဲခန်းဝန်ထမ်းကိုခန့်ထားပြီး ဖြစ်သော်လည်း အရေးတကြီးဆရာဝန်လိုအပ်လျှက်ရှိသည့်အတွက် ဆရာဝန်ကို releiving အနေနှင့်သာပို့ကြောင်း၊ ခရိုင်ကုသရေး ဦးစီးဌာနပြောကြားသည့် releiving အနေဖြင့် တာဝန်ချထားသော ဆရာဝန်(၁)ဦးသည် ဆေးခွင့်ယူသွားသည့်အတွက် စံရွှေးတိုက်နယ်ဆေးရုံတွင် ဆရာဝန်လုံးဝမရှိသည့်ကာလမှာ အလွန်ကြာမြင့်နေပြီဖြစ်ပါကြောင်းကို လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ထပ်ဆင့်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မူမူခင်ထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မူမူခင်မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သာယာဝတီခရိုင်ဆေးရုံတွင် ဝန်ထမ်းအင်အားမလုံလောက်သည့်ဆေးရုံများအတွက် ဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ သာယာဝတီခရိုင်ဆေးရုံတွင်သာမကဘဲ ပဲခူးတိုင်းဒေသကြီး ဆေးရုံ တော်တော်များများကို သွားရောက်ကြည့်ရှုသည့်အခါ ဝန်ထမ်းလိုအပ်ချက်များရှိကြောင်း၊

ဝန်ထမ်းလိုအပ်ချက်များကို အစိုးရအနေဖြင့် တိုက်ရိုက်ခန့်ခွင့်မရှိဘဲ ပြည်ထောင်စုအစိုးရကသာ ခန့်ခွင့်ရှိပါကြောင်း၊ လောလောဆယ်အနေဖြင့် သာယာဝတီဆေးရုံမှ ဆရာဝန်ကို စံရွှေးတိုက်နယ်ဆေးရုံသို့ ယာယီအားဖြင့် တာဝန်ထမ်းဆောင်စေပြီး တစ်လလျှင် ဆရာဝန်တစ်ဦးနှုန်း ထမ်းဆောင်စေခဲ့ကြောင်း၊ သို့သော်လည်း သာယာဝတီဆေးရုံတွင် ဝန်ထမ်းလိုအပ်ချက် မပြည့်မီခြင်းကြောင့် စံရွှေးဆေးရုံသို့ သွားရောက်တာဝန်သွားထမ်းဆောင်မည့် ဆရာဝန်လိုအပ်ရခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်ထောင်စုကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ စံရွှေးတိုက်နယ်ဆေးရုံအပါအဝင် ပဲခူးတိုင်းဒေသကြီးတွင် လိုအပ်လျက်ရှိသည့် ဆေးရုံများကို ဝန်ထမ်းပြည့်မီအောင် ခန့်ထားရေးအတွက် တင်ပြတောင်းခံမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စုအတွင်းရှိ တိုက်ကျောင်းရိုး ပေ (၁၄၀၀၀)ခန့်ကို မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်တူးဖော်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"လက်ပံတန်းမြို့နယ်၊ ပျဉ်ထောင်တွင်းကျေးရွာအုပ်စုအတွင်းရှိ လက်ပံချောင်းရိုး ပေ(၁၈၀၀၀)ခန့်အား မည့်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း"**နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"လက်ပံတန်း-ကျုံလဟာ ကားလမ်း၌ကျန်ရှိသော ဆင်လမ်း-ကျုံလဟာလမ်းပိုင်းအား ကတ္တရာလမ်းအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စုအတွင်း၌ရှိသော တိုက်ကျောင်းရိုးမှာပေ(၁၄၀၀၀)ခန့်ရှိပါသည်။ လက်ပံတန်းမြို့၏ မြင့်သောကုန်းပိုင်းမှလာသောရေများသည် ၎င်းရိုးအတွင်းသို့ စုပုံစီးဆင်းသဖြင့် ဝဲယာနှစ်ဘက်ရှိ လယ်ဧက(၅၀၀)ကျော်ခန့် နှစ်စဉ် (၂)ကြိမ်(၃)ကြိမ်ခန့် ပြန်လည်စိုက်ပျိုးနေရပါသည်။ သို့ပါ၍ လယ်သမားများမှာ အတိဒုက္ခရောက် သည့်အပြင် ငွေကြေးများပါ ချွတ်ခြုံကျနလံမထူနိုင်ဘဲ ဖြစ်နေရပါသည်။

သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက် တူးဖော်ပေးနိုင်မည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ပျဉ်ထောင်တွင်းကျေးရွာအုပ်စုအတွင်း၌ရှိသော လက်ပံချောင်းရိုးမှာ ပေ(၁၈၀၀၀)ခန့်

ရှိပါသည်။ လက်ပံချောင်းအထက်ဘက်မှလာ သောရေများကြောင့် ရိုးဝဲ/ယာနှစ်ဖက်ရှိလယ်ဧက(၅၀၀)ခန့် နှစ်စဉ်(၂)ကြိမ်(၃)ကြိမ်ခန့် ရေနစ်မြုပ်၍ ပြန်လည်စိုက်ပျိုးနေရပါသဖြင့် လယ်သမားများဒုက္ခရောက်သည့်အပြင် ငွေကြေးများပါ အဆင်မပြေဖြစ်နေပါသည်။

သို့ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့ရှိ လက်ပံတန်း-ကျုံလဟကားလမ်း၌ ကျန်ရှိသော ဆင်လမ်း-ကျုံလဟာလမ်းပိုင်းအား ကတ္တရာလမ်းအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ မရှိသိလိုပါ၍ တိုင်းအစိုးရအဖွဲ့မှ ရှင်းလင်းတင်ပြပေးပါရန် တင်ပြအပ်ပါသည်။

အဆိုပါလမ်းမှာ လက်ပံတန်းမြို့နယ်၊ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး ကျေးရွာအုပ်စု(၅၃)အုပ်စု၏ ထက်ဝက်ခန့်-လူဦးရေ(၇၅၀၀၀)ခန့်အသုံးပြုနေသောလမ်းဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဒေသထွက်ကုန်တင်ပို့ရောင်းချမှုများမှာ ဤလမ်းပေါ်တွင် များစွာတည်မှီလျှက်ရှိပါသည်။

အဆိုပါလမ်းပေါ်တွင် အသရော်-အသနော်ရွာမှ ဆင်လမ်း၊ ခမုံမှ ဆင်လမ်း၊ချောင်းဆုံမှ တော်ကလပ်၊ ပေါက်တောစုမှ ရေကြည်လမ်းများမှလည်း ၎င်းလမ်းမအား ချိတ်ဆက်လျှက်ရှိပါသည်။ ဤလမ်းမှာ မြို့နယ်၏ စီးပွားဖွံ့ဖြိုးမှုအတွက် အသက်သွေးကြောတမျှအရေးပါပါသည်။ သို့ပါ၍ လက်ပံတန်း-ကျုံလဟာကားလမ်း၏ ကျန်ရှိအပိုင်းဖြစ်သော ဆင်လမ်း-ကျုံလဟာကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် (၂၀၁၇-၂၀၁၈) ဘတ်ဂျက်တွင် တိုးမြှင့်ပေးပါရန် သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)နှင့်(၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စုအတွင်းရှိ တိုက်ကျောင်းရိုး ပေ(၁၄၀၀၀)ခန့်ကို မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်တူးဖော်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အုတ်တွင်းကုန်းကျေးရွာမှ ကွင်းရေများသည် နဘဲကွင်း ကျေးရွာအုပ်စုအတွင်းရှိ တိုက်ကျောင်းရိုးမှတစ်ဆင့် လက်ပံတန်း-သာရဝေါ ရထားလမ်းကိုဖြတ်၍ မဟာ ဗျူဟာလမ်းဝဲ/ယာရိုးအတွင်းသို့ စီးဝင်ပါသည်။ အဆိုပါတိုက်ကျောင်းရိုးမှာ ယခုအခါတိမ်ကောလျှက်ရှိနေပြီး မိုးရာသီမိုးရွာသွန်းမှုများပြားသည့်အခါတွင် ရေထုတ်နုတ်နိုင်ခြင်းမရှိ၍ နဘဲကွင်းကျေးရွာ အုပ်စုအတွင်းရှိ လယ်မြေများမှာ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

တိုက်ကျောင်းရိုးပြန်လည်တူးဖော်ပေးခြင်းဖြင့် နဘဲကွင်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၅၀၀)ခန့်မှာ ရေနစ်မြုပ်မှုမှ အထိုက်အလျောက်လျော့ပါးသက်သာလာစေမည်ဖြစ်ပြီး ရေတော်မိုးတော် စိုက်ဧကများအဖြစ် တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပါသည်။

တိုက်ကျောင်းရိုးပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂. ၆၅)မိုင်၊ မြေကြီး (၁၄၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ (၃၀. ၈၀၀)သန်းကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေ တင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE)တွင် ရန်ပုံငွေတင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လက်ပံတန်းမြို့နယ်၊ ပျဉ်ထောင်တွင်းကျေးရွာ အုပ်စုအတွင်းရှိ လက်ပံချောင်းရိုး ပေ(၁၈၀၀၀)ခန့်အား မည်သည့်ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါကြောင်း " မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ပျဉ်ထောင်တွင်းကျေးရွာအုပ်စုနှင့် အုတ်တွင်းကျေးရွာ အုပ်စုတို့ကို လက်ပံချောင်းရိုးဖြင့် နယ်နိမိတ်အဖြစ် သတ်မှတ်ထားပြီး ရှမ်းစုကျေးရွာ၊ အုန်းပင်စုကျေးရွာ၊ သရက်ချောင်းကျေးရွာများမှ ကွင်းရေများသည် လက်ပံချောင်းရိုးမှတစ်ဆင့် ဗျက်ကြီးသနာပိုမြောင်းအတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါရိုးမှာ တိမ်ကောလျှက်ရှိနေပြီး ချုံနွယ်များ ပိတ်ဆို့လျှက်ရှိနေသဖြင့် ရေကောင်းစွာစီးဆင်းနိုင်ခြင်းမရှိဘဲ ရိုးဘေးဝဲ/ယာရှိလယ်မြေများမှ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

လက်ပံချောင်းရိုး ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ပျဉ်ထောင်ကွင်းကျေးရွာ၊ အုတ်တွင်းကျေးရွာ အုပ်စုအတွင်းရှိ လယ်မြေဧက(၅၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆောင်ရွက်ထားမှုမရှိသေးသော်လည်း ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများဆောင်ရွက်ထားရှိပါသည်။ လက်ပံချောင်းရိုးပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက် ရန်အတွက် အလျား(၂. ၈၄)မိုင်၊ မြေကြီး(၁၈၀၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေကျပ်(၅၇. ၆၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE) စာရင်းတွင် ရန်ပုံငွေ တင်ပြတောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE) တွင် ရန်ပုံငွေတင်ပြတောင်းခံ သွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လက်ပံတန်း-ကျုံလဟာ ကားလမ်း၌ကျန်ရှိသော ဆင်လမ်း-ကျုံလဟာလမ်းပိုင်းအား ကတ္တရာလမ်းအဖြစ်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ " မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် လက်ပံတန်းမြို့ရှိ လက်ပံတန်း-ကျုံလဟာကားလမ်း(လက်ပံတန်း-ဟသ်ာတလမ်း)သည်(၂၀မိုင်၂ဖာလုံ)ရှိပြီး ဆင်လမ်း-ကျုံလဟာလမ်းအပိုင်း မိုင် (၁၁/၀)မှ (၂၀/၂)အထိ (၉မိုင်၂ဖာလုံ)သည် ကျောက်လမ်းအမျိုးအစားဖြစ်ပြီး ကျန်လမ်းအပိုင်းသည် ကတ္တရာလမ်းအမျိုးအစား ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မိုင်(၁၁/၀. ၅-၁၁/၄)ကြား ၃. ၀ ဖာလုံ၊ မိုင် ၁၅/၂-၁၅/၄ ကြား ၁. ၅ဖာလုံ၊ မိုင် ၁၆/၄-၁၆/ကြား ၁. ၅ဖာလုံ၊ မိုင် ၁၉/၁-၁၉/၂ထိ ၁ဖာလုံ၊ မိုင် ၁၉/၆-၂၀/၀ ကြား ၁ ဖာလုံ စုစုပေါင်း၊ ၁မိုင်အား ကတ္တရာလမ်းခင်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျောက်လမ်းအဖြစ် ကျန်ရှိနေသေးသော (၈မိုင်၂ဖာလုံ)လမ်းအပိုင်းအား နှစ်စဉ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ တင်ပြတောင်းခံလျှက် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၄) **"လက်ပံတန်းမြို့နယ်၊ ဘီးလင်းတန်းရပ်ကွက်၊ ဗောဓိကလေးအခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ခေါင်းလောင်းတိုင် ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၆) **"လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စု၊ ရှမ်းကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) **"လက်ပံတန်းမြို့နယ်၊ မြို့နယ်စည်ပင်သာယာ၌ အသုံးပြုရန် အမှိုက်ကား လိုအပ်နေပါ၍ (၂၀၁၇-၂၀၁၈) ဘတ်ဂျက်တွင် ချထားပေးရန်"** နှင့် စပ်လျဉ်းသည့်မေးခွန်း (၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ဘီးလင်းတန်းရပ်ကွက် ဗောဓိကလေးအခြေခံပညာမူလတန်းကျောင်း၏ အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ တင်ပြအပ်ပါသည်။

ဤကျောင်းမှာ (၁၉၇၅)ခုနှစ်ကတည်းက ကိုယ်ထူကိုယ်ထဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ပြီး ယနေ့တိုင်တည်ဆောက်မှုမပြီးဆုံးခဲ့ပါ။ နှစ်ပေါင်း(၄၀)ခန့် သက်တမ်းကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် အမိုးအကာ၊ တိုင်နှင့်ယက်မများမှာ ဆိုးရွားစွာ ပျက်စီးယိုယွင်းဆွေးမြေ့နေပြီဖြစ်ပါသည်။ စာသင်ကြားနိုင်ရေးကို လုံခြုံစိတ်ချမှုမရှိတော့သဖြင့် ဘုန်းကြီးကျောင်း၌ပင်အကူအညီတောင်းခံပြီး စာသင်ကြားနေရပါသည်။

ဤကျောင်း၌ စာသင်ကြားနေသော ကျောင်းသားဦးရေမှာ (၂၀၁၅) စာသင်နှစ်၌ (၁၀၄)ဦး ရှိပါသည်။ ကျောင်းသားဦးရေမှာဆက်လက်တိုးပွားလာနိုင်သဖြင့် ကျောင်းသားဦးရေနှင့် ကိုက်ညီသော ကျောင်းဆောင်သစ်ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ခေါင်းလောင်းတိုင်ကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းကိုဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ တင်ပြအပ်ပါသည်။

ဤကျောင်းမှာ(၁၉၈၆)ခုနှစ်ကတည်းက ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျောင်းဥပဓိရုပ်မကောင်းခြင်း၊ ကျောင်းဆောင်၏အကာ၊ အခင်းတိုင်များပျက်စီးလာခြင်းကြောင့် စာသင်ကြားနိုင်ရေးကို လုံခြုံစိတ်ချမှုမရှိတော့ပါ။ စာသင်ကြားနေသော ကျောင်းသားဦးရေမှာ (၂၀၁၅)စာသင်နှစ် (၆၀)ဦးရှိပြီး ကျောင်းသားဦးရေမှာဆက်လက်တိုးပွားလာနိုင်ပါသည်။

ထို့ကြောင့် ကျောင်းသားဦးရေနှင့်ကိုက်ညီသော ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စု၊ ရှမ်းကွင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ တင်ပြအပ်ပါသည်။

ဤကျောင်းမှာ(၁၉၈၅)ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ နှစ်ပေါင်း(၃၀)ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သဖြင့် အမိုးအကာ၊ တိုင်နှင့်ယက်မ၊ အုတ်ခုံတို့မှာ ဆိုးရွားစွာပျက်စီးယိုယွင်းနေပါသည်။ စာသင်ကြားနိုင်ရေးကို လုံခြုံစိတ်ချမှုမရှိတော့သဖြင့် သင်ကြားရေးတွင်များစွာ အခက်ကြုံနေရပါသည်။

ဤကျောင်း၌ စာသင်ကြားနေသော ကျောင်းသားဦးရေမှာ(၆၄)ဦးရှိပါသည်။ ကျောင်းသားဦးရေမှာ

ဆက်လက်တိုးပွားလာနိုင်သဖြင့် ကျောင်းသားဦးရေနှင့်ကိုက်ညီသော ကျောင်းဆောင်သစ် ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဓာတ်ပုံနှင့်တကွ လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်တင်ပြအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မြို့နယ်စည်ပင်သာယာ၌ အသုံးပြုရန် အမှိုက်ကားလိုအပ်နေပါ၍ (၂၀၁၇-၂၀၁၈) ဘတ်ဂျက်တွင် ချထားပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်တင်ပြအပ်ပါသည်။

လက်ပံတန်းမြို့နယ်၏ အမှိုက်ထွက်ရှိမှုမှာ (၁)ရက်လျှင်(၅)တန်ခန့်ရှိပါသည်။ ယခုစည်ပင်ဌာနမှ အသုံးပြုနေသော အမှိုက်ကားမှာ (၁)တန်ခန့်သာ သယ်ဆောင်နိုင်ပြီး ကားမှာစုတ်ပြတ်သေးငယ်နေပါသည်။ သို့ပါ၍ အမှိုက်ထွက်ရှိမှုနှင့်အမှိုက်ကားမှာ အချိုးညီမှုမရှိပါ။ အမှိုက်ကားအကြီးရှိမှသာလျှင် အမှိုက်သိမ်းဆည်းရာတွင် အဆင်ပြေလွယ်ကူမှုရှိမည်ဖြစ်ပါသည်။

သို့ပါ၍ ပိုလျှံအမှိုက်များသိမ်းဆည်းရာတွင် လိုအပ်နေသော အမှိုက်ကားအကြီးကို (၂၀၁၇-၂၀၁၈) ဘတ်ဂျက်တွင် ချထားပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)၊ (၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လက်ပံတန်းမြို့နယ်၊ ဘီးလင်းတန်းရပ်ကွက်၊ ဗောဓိကလေး အခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ဘီးလင်းတန်းရပ်ကွက် ဗောဓိကလေး၊ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၁၁၄)ဦး ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် (၁၄၀×၃၀)ပေ (၂)ထပ်ကျောင်းဆောင်(၁)ဆောင်ရှိပါသည်။

အဆိုပါကျောင်း၏ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ လက်ပံတန်း မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသောကျောင်းများမှာ (၁) လ(ခွဲ)ရေကန်၊ (၂)ထ(ခွဲ)အရိုးကုန်း၊ (၃)လ-ကုလားချောင်း၊ (၄)မ-သဲကောမင်းစု၊ (၅)မ-အောင်ချမ်းသာ၊ (၆)မ-ဝွေးတောက်ကွင်း(၁) (၇)ထ-ရွာကလေး၊ (၈)မူလွန်-အိုင်ကြီးဒေါင့်၊ (၉)မူလွန်-မျော်အင်း၊ (၁၀)ထ-ခမုံဆိပ်၊ (၁၁)မ-တမာ၊ (၁၂)ထ(၂)လက်ပံတန်း၊ (၁၃)မ-ငှက်သိုက်၊ (၁၄)မ-သီတာကုန်း(၃)၊ (၁၅)မ-ကညင်ပင်စန်း၊ (၁၆)မ-အုတ်ဖိုစုတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လက်ပံတန်းမြို့နယ်၊ မှော်အင်းကျေးရွာအုပ်စု၊ ခေါင်းလောင်းတိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မှော်အင်းအုပ်စု၊ ခေါင်းလောင်းတိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေ(၆၀)ဦး ရှိပါသည်။ ကျောင်းဆောင်အနေဖြင့် ရပ်ရွာမှ ဆောက်လုပ်ထားသော (၅၀×၃၀) ပေ (၁)ဆောင်ရှိပါသည်။

အဆိုပါကျောင်း၏ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်ဟောင်းအားဖျက်သိမ်း၍ ကျောင်းဆောင်သစ် (၆၀×၃၀) ပေ(၁)ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ လက်ပံတန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁) လ(ခွဲ)ရေကန်၊ (၂)ထ(ခွဲ)အရိုးကုန်း၊ (၃)လ-ကုလားချောင်း၊ (၄)မ-သဲကောမင်းစု၊ (၅)မ-အောင်ချမ်းသာ၊ (၆)မ-ငွေးတောက်ကွင်း(၁)၊ (၇)ထ-ရွာကလေး၊ (၈)မူလွန်-အိုင်ကြီးဒေါင့်၊ (၉)မူလွန်-မှော်အင်း၊ (၁၀)ထ-ခမုံဆိပ်၊ (၁၁)မ-တမာ၊ (၁၂)ထ(၂)လက်ပံတန်း၊ (၁၃)မ-ငှက်သိုက်၊ (၁၄)မ-သီတာကုန်း(၃)၊ (၁၅)မ-ကညင်ပင်စန်း၊ (၁၆)မ-အုတ်ဖိုစုတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စု၊ ရှမ်းကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၏ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းကို ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ နဘဲကွင်းအုပ်စု၊ ရှမ်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား ဦးရေ(၆၃)ဦးရှိပါသည်။ ကျောင်းဆောင်အနေဖြင့် ရပ်ရွာမှ ဆောက်လုပ်ထားသော (၄၉×၂၆) ပေ (၁)ဆောင် ရှိပါသည်။

အဆိုပါကျောင်း၏ အန္တရာယ်ရှိသော ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် (၆၀×၃၀) ပေ (၁)ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါသည်။ လက်ပံတန်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁) လ(ခွဲ)ရေကန်၊ (၂)ထ(ခွဲ)အရိုးကုန်း၊ (၃)လ-ကုလားချောင်း၊ (၄)မ-သဲကောမင်းစု၊(၅)မ-အောင်ချမ်းသာ၊ (၆)မ-ငွေးတောက်ကွင်း(၁)၊ (၇)ထ-ရွာကလေး၊ (၈)မူလွန်-အိုင်ကြီးဒေါင့်၊(၉)မူလွန်-မှော်အင်း၊ (၁၀)ထ-ခမုံဆိပ်၊ (၁၁)မ-တမာ၊ (၁၂)ထ(၂)လက်ပံတန်း၊ (၁၃)မ-ငှက်သိုက်၊ (၁၄)မ-သီတာကုန်း(၃)၊ (၁၅)မ-ကညင်ပင်စန်း၊ (၁၆)မ-အုတ်ဖိုစုတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "လက်ပံတန်းမြို့နယ်၊ မြို့နယ်စည်ပင်သာယာ၌ အသုံးပြုရန် အမှိုက်ကားလိုအပ်နေပါ၍ (၂၀၁၇-၂၀၁၈) ဘတ်ဂျက်တွင် ချထားပေးရန်" မေးခွန်းနှင့်စပ်လျဉ်း၍ လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့စျေးသန့်ရှင်းရေးအတွက် ယာဉ်(၉၅/၂၇၈၈၃) ကားဖြင့် တစ်နေ့(၃)ကြိမ် အမှိုက်သိမ်းဆည်းပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ယာဉ်အမှတ်(၉၅/၁၇၀၉၄) အထူးသန့်ရှင်းရေးယာဉ်ဖြင့် ထပ်မံဆောင်ရွက်ပေးလျှက်ရှိပါသည်။

သို့ဖြစ်ပါ၍ လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေး နှစ်တွင် အဖွဲ့ဝင်ငွေရရှိမှုပေါ်မူတည်ပြီး အမှိုက်သိမ်းယာဉ်(၁)စီး ထည့်သွင်းလျာထား ရေးဆွဲသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၇) **"လက်ပံတန်းမြို့နယ်၊ မြို့နယ်စည်ပင်သာယာ၌ အသုံးပြုရန် အမှိုက်ကားလိုအပ်နေပါ၍ (၂၀၁၇-၂၀၁၈)ဘတ်ဂျက်တွင်ချထားပေးရန်"**နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ စည်ပင်သာယာအမှိုက်သိမ်းကားနှင့်ပတ်သက်၍ လက်ပံတန်းမြို့နယ် မြို့သန့်ရှင်းရေးနှင့် စျေးသန့်ရှင်းရေးအတွက် အမှိုက်ကားဖြင့် တစ်နေ့(၃)ကြိမ် ပြေးဆွဲပေးသည်မှာမှန်သော်လည်း ယင်းအမှိုက်သိမ်းယာဉ်များသည် ပျက်နေသည်မှာများပါကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အစိုးရသစ်လက်ထက်တွင် ထပ်မံချထားပေးရန် တောင်းခံရခြင်းဖြစ်ကြောင်း၊ လက်ပံတန်းမြို့နယ် စည်ပင်သာယာအဖွဲ့ရန်ပုံငွေရရှိမှု နည်းပါးသည့်အတွက် ဝန်ကြီးအနေဖြင့် ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးဘတ်ဂျက်တွင် ချထားပေးရန် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးအောင်ထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ စည်ပင်သာယာ အမှိုက်ကား ဟောင်းနွမ်းနေသည်မှာ မှန်ကန်ပါကြောင်း၊ မိမိတို့မြို့မှရရှိသည့် ဝင်ငွေပေါ်မူတည်ပြီး ရာခိုင်နှုန်းနှင့် ပြန်လည်သုံးစွဲရသည့်အတွက် လိုအပ်ချက်များရှိနိုင်ပါကြောင်း၊ မိုးတွင်းအခါတွင် မြောင်းဖော်ခြင်း၊

လမ်းမကောင်းလျှင် လမ်းခင်းပေးခြင်းစသည့် လုပ်ငန်းများကိုလည်း ထည့်သွင်းလျာထားရကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အဖွဲ့၏ဝင်ငွေပေါ်မူတည်၍ အမှိုက်သိမ်းယာဉ်တစ်စီး ထည့်သွင်းပေးသွားမည်ဟု ဖြေကြားခြင်း ဖြစ်ကြောင်း၊ အကယ်၍ အဖွဲ့ဝင်ငွေအားနည်းလျှင် ပဲခူးတိုင်းဒေသကြီးအစိုးရက လက်ပံတန်းမြို့ အပါအဝင် တကယ်လိုအပ်ချက်ရှိသည့် မြို့နယ်များအားစိစစ်ပြီး လိုအပ်သည့်ယာဉ်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ Cabinet အစည်းအဝေးတွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း ထပ်ဆင့်မေးခွန်းအား ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"အုတ်ဖိုမြို့နယ်၊ လွှစင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(အန္တရာယ်ဆောင် အဖြစ် သတ်မှတ်ထားသော) ပေ ၁၂၀ × ပေ ၃၀ နှစ်ထပ်ကျောင်းဆောင်ကြီးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရေးဌာနမှ လုပ်ငန်းခွင်ကင်းကွာ ဝန်ထမ်းများနှင့် ကျေးရွာခန့်ဆရာ/ဆရာမများကို မူလတန်းပြ ဆရာ/ဆရာမများအဖြစ် ခန့်ထား ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ အုတ်ဖိုမြို့နယ်၊ လွှစင်ကျေးရွာ၊ လွှစင်အခြေခံပညာ အလယ်တန်းကျောင်း ပေ ၁၂၀×ပေ ၃၀ နှစ်ထပ် ကျောင်းဆောင်ကြီး (အန္တရာယ်ဆောင်အဖြစ် သတ်မှတ်ထားပြီး)ကို ယခု(၂၀၁၆-၂၀၁၇) ပညာသင်နှစ် အတွင်း အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိအား မေးမြန်းအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရေးဌာနမှ လုပ်ငန်းခွင် ကင်းကွာဝန်ထမ်းများအား ကန်ထရိုက်စနစ်ဖြင့် (၂၀၁၅-၂၀၁၆)ပညာသင်နှစ်၌ ပြန်လည်တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ သို့သော် ယခုနှစ်ကျောင်းဖွင့်ချိန်၌ ဆက်လက်ခန့်ထားမှုမရှိပါ။ ထို့အတူ မူလတန်းကျောင်းခွဲများတွင် ကျေးရွာခန့် ဆရာ/ဆရာမများကို မူလတန်းပြအဖြစ် ခန့်ထားပေးမည်ဟုဆိုကာ အဆိုပြုလွှာများခေါ်ယူခဲ့သော်လည်း ယနေ့အချိန်ထိ ခန့်ထားမှုမရှိသေးပေ။ ထို့ကြောင့် ယင်းပုဂ္ဂိုလ်များအား မူလတန်းပြဆရာ/ ဆရာမများအဖြစ် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ညွန့်ညွန့်ဌေးမေးမြန်းသည့် မေးခွန်း(၂)ခုတို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "အုတ်ဖိုမြို့နယ်၊ လွှစင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (အန္တရာယ်ဆောင်အဖြစ်သတ်မှတ်ထားသော) ပေ ၁၂၀ × ပေ ၃၀ နှစ်ထပ်ကျောင်းဆောင်ကြီးကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ လွှစင်ကျေးရွာ၊ လွှစင် အခြေခံပညာအလယ်တန်းကျောင်းရှိ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းစာရင်းတွင် ပထမဦးစားပေးဖြင့် လျာထားပြီး ဖြစ်ပါသည်။ အုတ်ဖိုမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ဆောက်လုပ်ခွင့်ရသော ကျောင်းများမှာ (၁)ထ(ခွဲ)ကံကလေး၊ (၂)မ-ပတ္တမြားရေတာ၊ (၃)မ-အိမ်တိုင်ပုံ၊(၄)မ-ဂုံညှင်းတန်းလေး၊ (၅)မ-လေးတဲ၊(၆)မ-ရွှေတောင်ကုန်း(ဂုံညှင်းတန်း)၊ (၇)မ-ချောင်းဝကြီး၊ (၈)ထ(ခွဲ)လသာကုန်း၊ (၉)မ-တင်းဆိပ်အညာတန်း၊ (၁၀)လ-ချမ်းမြသာစည်၊ (၁၁)မ-ကင်မွန်းခြုံ၊ (၁၂)မ-အညာတန်း၊ (၁၃)ထ-တိမ်ညွန့်၊ (၁၄)မူလွန်-အေးမြသာယာ၊ (၁၅)မ-သစ်စိမ့်ကုန်း၊ (၁၆)ထ-အိုးသည်ကုန်းတို့ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရေးဌာနမှ လုပ်ငန်းခွင်ကင်းကွာဝန်ထမ်းများနှင့် ကျေးရွာခန့်ဆရာ/ဆရာမများကို မူလတန်းပြ ဆရာ/ဆရာမများအဖြစ် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပညာရေးဌာနမှ လုပ်ငန်းခွင်ကင်းကွာဝန်ထမ်းများအား ကန်ထရိုက်စနစ်ဖြင့် (၂၀၁၅-၂၀၁၆) ပညာသင်နှစ်တွင် ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာများခေါ်ယူခဲ့ပြီး အခြေခံပညာဦးစီးဌာန၌ ညှိနှိုင်းဆောင်ရွက်၍တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး(အနောက်)မှ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ တင်ပြခဲ့ခြင်းမရှိပါ။ဒုတိယအကြိမ်တင်ပြသည့်အချိန်တွင် လက်ပံတန်းနှင့် အုတ်ဖို မြို့နယ်တို့မှ တင်ပြခဲ့ရာ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ အခြေခံပညာဦးစီးဌာနသို့ ဆက်လက်တင်ပြခဲ့ပါသည်။ (၂၀၁၅-၂၀၁၆) ပညာသင်နှစ်အတွက် ကန်ထရိုက်ဆရာများ ခန့်ထားရေးကို ပထမအကြိမ် တင်ပြသည့်စာရင်းသာ ခွင့်ပြုပါသဖြင့် လုပ်ငန်းခွင် ကင်းကွာဝန်ထမ်းများအား ကန်ထရိုက်စနစ်ဖြင့် ခန့်ထားရာတွင် လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၌ ခန့်ထားခြင်း မပြုခဲ့ပါ။ (၂၀၁၆-၁၇) ပညာသင်နှစ်တွင် (၂၀၁၅-၁၆) ပညာသင်နှစ်က ခန့်ထားခဲ့သည့် ကန်ထရိုက်ဆရာများကိုသာ ပြန်လည်ခန့်ထားခြင်းဖြစ်ပါ၍ အသစ်ထပ်မံခန့်ထားခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဎင်းအပြင် မူလတန်းကျောင်းခွဲများတွင် ကျေးရွာခန့် ဆရာ/ဆရာမများကို မူလတန်းပြအဖြစ် ခန့်ထားပေးမည်ဆိုကာမြို့နယ်ပညာရေးမှူးရုံးမှ အဆိုပြုလျှောက်လွှာခေါ်ယူခဲ့ခြင်း မရှိခဲ့ပါကြောင်း လုပ်အားပေး ဆရာ/ဆရာမစာရင်းသာ အခြေခံပညာဦးစီးဌာနက ကောက်ယူတင်ပြခိုင်း၍ တင်ပြပေးခဲ့ခြင်းသာရှိကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါရှင်။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၂) **"ပဲခူးတိုင်းဒေသကြီးအတွင်း ပညာရေးဌာနမှ လုပ်ငန်းခွင်ကင်းကွာ ဝန်ထမ်းများနှင့် ကျေးရွာခန့် ဆရာ/ဆရာမများကို မူလတန်းပြ ဆရာ/ဆရာမများအဖြစ် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမည် ဖြစ်ပါသည်။ ဌာနကင်းကွာဝန်ထမ်းများကို ပြန်လည်ခန့်ထားခွင့်မရှိဟုဆိုလျှင် ပထမဦးဆုံး ၎င်းတို့ လျှောက်လွှာတင်ထားပါလျှက်နှင့် အချိန်မီအခါမီ မြို့နယ်ပညာရေးမှူးက ဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း၊ ကျေးရွာခန့် ဆရာ/ဆရာမများကို ၂၉-၁၂-၂၀၁၅ရက်စွဲဖြင့် မြို့နယ်ပညာရေးမှူး လက်မှတ်ရေးထိုး၍ ရွာခန့်ဆရာ/ဆရာမ သင်ကြားရေးဝန်ထမ်းများ၏ ကျောင်းအလိုက် ခန့်ထားသည့် ရာထူးအလိုက်စာရင်း ထုတ်ပြန်ထားသည်ကို သိရှိရပြီးဖြစ်ပါကြောင်း၊ ၎င်းဆရာ/ဆရာမများ၏ ဝင်ပေါက် တစ်ခုအနေဖြင့် သတ်မှတ်ပေးလျှင် ၎င်းတို့၏လုပ်အားစေတနာကို လေးစားငဲ့ညှာရာ ရောက်ပါကြောင်း၊ ၎င်းတို့အတွက် စားဝတ်နေရေး ပြည့်စုံနိုင်စေရန် မည်သို့ဆက်လက်လုပ်ဆောင်ပေးမည်ကို သိချင်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ညွန့်ညွန့်ဌေးထပ်မံမေးမြန်းထားသော မေးခွန်းအမှတ်စဉ်(၂) ဆက်စပ် မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ အုတ်ဖို မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ညွန့်ညွန့်ဌေးမေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ဝန်ထမ်းခန့်ထားရေးကို ပထမအကြိမ်တင်ပြသည့် စာရင်းများကိုသာ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရက ဝန်ထမ်းခန့်ခြင်း/မခန့်ခြင်းကို ဆောင်ရွက်၍မရဘဲ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီး၏ အစီအမံဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မေလတွင် နေ့စားလပေးမူလတန်းဆရာ/ဆရာမများ (၄၀၁၀)ဦးခန့်ထားပြီး ယခုတွေ့ရှိချက်အရ ပဲခူးတိုင်းအတွင်း၌ တချို့ဆရာ/ဆရာမများသည် ကျောင်းသို့သတင်းမပို့ဘဲ လာရောက်တာဝန်မထမ်းဆောင် နိုင်သည့် ဆရာ/ဆရာမစာရင်းအား ကောက်ယူသည့်အခါ (၁၀၀)ကျော်တွေ့ရှိပြီး ယင်း(၁၀၀)ကျော်အစား ပြန်လည်ခန့်ထားနိုင်ရေးအတွက် အစီအမံများကို ပြည်ထောင်စုအစိုးရထံ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရမှ ခန့်ထားနိုင်လျှင် "မူ"နှင့်ကိုက်ညီသော အသက်(၃၀)မကျော်သူများကို ခေါ်ယူရွေးချယ် ခန့်ထားပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်း MGCTကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီး သတ်မှတ်ချိန်မတိုင်မီ ပျက်စီးနေသော ရွှေဘိုတန်း-ကျောင်းစု- လက်ဆက်လမ်းပါ လုပ်ငန်း(၈)ခုအား အချိန်မီလာရောက် ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော အ.မ.က ရေတာကျောင်းပါ စာသင်ကျောင်း(၆)ကျောင်းအား တာဝန်ယူ ဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံးလာရောက် ပြင်ဆင်ပေးရန်နှင့် လာရောက် ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော ထန်းပင်ကုန်း ကျေးလက်ကျန်းမာရေးဌာနနှင့် သဖန်းပင်ဆိပ် ကျေးလက်ကျန်းမာရေးဌာနတို့အား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံး လာရောက် ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း (၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ “၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်း MGCT ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီး သတ်မှတ်ချိန် မတိုင်မီ ပျက်စီးနေသော အောက်ပါ လမ်း၊ တံတားလုပ်ငန်းများအား အချိန်မီလာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုများမှ ကာကွယ်ရန်အလို့ငှာ အရေးယူ ဆောင်ရွက်ရန် အစီစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းသွားမည် ဖြစ်ပါသည်-

- ရွှေဘိုတန်း - ကျောင်းစု - လက်ဆက်လမ်း
- အုတ်ဖို - အိုးသည်ကုန်းဖြတ်လမ်း
- အိုးသည်ကုန်း - ကင်ပွန်းခြံ - ရွာသစ် - ထူးချောင်းလမ်း
- ကိုင်းတော - ရွာရှောင်လမ်း
- သဖန်းပင်ဆိပ် - နှောကုန်း - ဝင်းသရက်လမ်း
- အုတ်ဖို - အိုးသည်ကုန်း ဖြတ်လမ်းပေါ်ရှိ တံတား ( ၃ )စင်း
- ဂမုန်းချောင်းကူးတံတား
- ကိုင်းတောရွာရှောင်တံတား

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော အောက်ပါစာသင်ကျောင်းများအား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံးလာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်ရန်အလို့ငှာ အရေးယူဆောင်ရွက်ရန် အစီစဉ် ရှိ/မရှိမေးခွန်းအား မေးမြန်းသွားမည်ဖြစ်ပါသည်-

- ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ရွှေဆုပန်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သောအ . မ. က ရေတာကျောင်း။
- ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ရွှေလက်ယာကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော အ. မ. က ညောင်ပင်ကြီးစုကျောင်း။
- ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် ( Eagle ) ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့သော အ. မ. က လက်ပံတောကျောင်း။
- ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် ( Regal ) ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့သော ပညာရေးမှူးရုံးအခင်း။
- ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ( Topline ) ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့သော အ. လ . က လှစင်ယာယီဆောင်။
- ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ( Family United Power ) ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော အ . မ . က ခွဲကြို့ကိုးပင်ကျောင်း။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော အောက်ပါကျေးလက်ကျန်းမာရေးဌာနများအား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံးလာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုကိုကာကွယ်ရန်အလို့ငှာ အရေးယူဆောင်ရွက်ရန် အစီစဉ် ရှိ/မရှိမေးခွန်းအား မေးမြန်းသွားမည် ဖြစ်ပါသည်-

- ၂၀၁၄ -၁၅ ဘဏ္ဍာရေးနှစ်တွင် ဂိုးဒင်းမာန်အောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော ထန်းပင်ကုန်း ကျေးလက်ကျန်းမာရေးဌာန။
- ၂၀၁၄ -၁၅ ဘဏ္ဍာရေးနှစ်တွင် ရွှေနေရောင်ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော သဖန်းပင်ဆိပ်ကျေးလက်ကျန်းမာရေးဌာန။

**ဥက္ကဋ္ဌ။** ။ ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်အတွင်း MGCT ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပြီး သတ်မှတ်ချိန် မတိုင်မီ ပျက်စီးနေသော ရွှေဘိုတန်း-ကျောင်းစု- လက်ဆက်လမ်းပါ လုပ်ငန်း(၈)ခုအား အချိန်မီလာရောက် ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမည်ဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ်၊ MGCT ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ရွှေဘိုတန်း-ကျောင်းစု-လက်ဆက်လမ်းမှာ ချိုင့်အနည်းငယ် ဖြစ်ပေါ်နေပြီး ဂဝံဖြည့်တင်းဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အုတ်ဖို-အိုးသည်ကုန်း ဖြတ်လမ်းအား ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဂဝံ(၃/၀)မိုင်၊ ကျောက်ချောလမ်း (၂/၀)မိုင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ခု ဇူလိုင်လနှင့် ဩဂုတ်လများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ၎င်းလမ်းပိုင်းပျက်စီးခဲ့ပါသည်။ ၎င်းပျက်စီးသောနေရာများတွင် (၃၀)ပေ တံတား (၁)စင်း၊ (၂၀')တံတား (၂)စင်း၊ ရေပြွန် (၁)စင်း ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ခု ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၎င်းလမ်းပိုင်း (၁)နေရာ ထပ်မံရေတိုက်စား ပျက်စီးခဲ့ပါသည်။ ၎င်းနေရာတွင် (၂၀)ပေတံတား (၁)စင်း ဆောင်ရွက်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါသည်။ သဖန်းပင်ဆိပ်-နှောကုန်း-ဝင်းသရက်လမ်းမှာ ချိုင့်အနည်းအငယ် ဖြစ်ပေါ်နေပြီး ဂဝံမြေ ဖြည့်တင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ အုတ်ဖို အိုးသည်ကုန်း ဖြတ်လမ်းပေါ်ရှိ တံတား (၃)စင်းမှာ ဘီးနင်းကုတ်သံပြား (Flat) ကျိုးပဲ့၍ ပြန်လည်တပ်ဆင်ရန်နှင့် ချဉ်းကပ်လမ်း ကမ်းကပ်ခုံ ဂဝံပြန်လည်ဖြည့်တင်းရန် ဂမုန်းချောင်းကူးတံတားနှင့် ကိုင်းတော ရွာရှောင်တံတားများ၏ ချဉ်းကပ် ကမ်းကပ်ခုံ ပြန်လည်ဂဝံဖြည့်တင်းခြင်း လုပ်ငန်းများအား လက်တလော ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြုပြင်ရန် လိုအပ်သော လမ်းလုပ်ငန်းများမှာ ယခုအခါ မိုးများ၍ လတ်တလော ပြုပြင်ရန်အခက်အခဲရှိပါသဖြင့် ပွင့်လင်းရာသီ အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းပိုင်းတွင် ပြန်လည်ပြုပြင်ရန် အကြောင်းကြားထားပြီး ဖြစ်ပြီး လိုက်နာမှုမရှိပါက စာချုပ်စည်းကမ်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့်(၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော အ.မ.က ရေတာကျောင်းပါ စာသင်ကျောင်း(၆)ကျောင်းအား တာဝန်ယူ ဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံးလာရောက် ပြင်ဆင်ပေးရန်နှင့် လာရောက်

ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ” နှင့် စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အလက-လွှစင် တိုးချဲ့ကျောင်းဆောင်သစ်အား Top Line Company မှ ဆောက်လုပ်ခဲ့ရာ ပြန်လည်ပြုပြင်ရန်ရှိသော အခင်းအား (၅-၇-၂၀၁၆)နေ့ ဖုန်းသတင်းအရ တစ်ပတ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သိရှိရပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အလက(ခွဲ)ကြို့ကိုးပင် (၁၂၀×၃၀)ပေ ကျောင်းဆောင်သစ်အား Family United Power Company မှ ဆောက်လုပ်ခဲ့ရာ ပြန်လည်ပြုပြင်ရန် လိုအပ်သော လုပ်ငန်းအားလုံးအား ပြုပြင်ရန် (၅-၇-၂၀၁၆) နေ့တွင် ရောက်ရှိနေပြီး ခရီးလမ်းခက်ခဲမှုကြောင့် မိုးပြတ်သည့် အချိန်ကို စောင့်ဆိုင်းပြီး ပြုပြင်ရန် ရောက်ရှိနေပြီးဖြစ်ပါသည်။

ကျန်သောကျောင်းများသည် သက်ဆိုင်ရာကုမ္ပဏီများသို့ ဆက်သွယ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “အုတ်ဖိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော ထန်းပင်ကုန်း ကျေးလက်ကျန်းမာရေးဌာနနှင့် သဖန်းပင်ဆိပ် ကျေးလက်ကျန်းမာရေးဌာနတို့အား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံး လာရောက်ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ” နှင့်စပ်လျဉ်းသည့် မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ၂၀၁၄ - ၁၅ ဘဏ္ဍာရေးနှစ်တွင် ဂိုးဒင်းမာန်အောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် အုတ်ဖိုမြို့နယ်၊ ထန်းပင်ကုန်းကျေးလက်ကျန်းမာရေးဌာနနှင့် ရွှေနေရောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည့် အုတ်ဖိုမြို့နယ်၊ သဖန်းပင်ဆိပ်ကျေးလက်ကျန်းမာရေးဌာနအဆောက်အဦများသည် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးမှုများရှိနေကြောင်း သိရှိရပါသည်။

သို့ပါ၍ ဂိုးဒင်းမာန်အောင်ဆောက်လုပ်ရေးကုမ္ပဏီနှင့်ရွှေနေရောင်ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများအား ၎င်းတို့တာဝန်ယူဆောက်လုပ်သည့် ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦများအား အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန်အတွက် (၄-၇-၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ ခေါ်ယူတွေ့ဆုံ၍ ဝန်ခံကတိလက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ အကယ်၍ ၎င်းကုမ္ပဏီများမှ သက်ဆိုင်ရာအဆောက်အဦများအား ကတိပြုထားသည့်အတိုင်း ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာလေလွင့်ဆုံးရှုံးမှုကိုကာကွယ်ရန်အလို့ငှာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ထန်းတပင်မြို့နယ်၊ နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရွားစေးဘိုကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီးချောင်းကူးသစ်သားတံတား (၁၄၀ပေ×၁၂ပေ×၁၀ပေ)တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ထန်းတပင်မြို့နယ် ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်းလမ်း (၂၆/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတွင် တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီ(၄)ခုအား စာချုပ်ပါစည်းကမ်းချက်များအတိုင်း တည်ဆောက်ပေးခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူပေးနိုင်ရန်နှင့် အမည်ပျက်စာရင်း ထည့်သွင်းကြေညာပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘိုကျေးရာအုပ်စုမှ ပြည်သူများသည် (၁၄၀ပေ×၁၂ပေ×၁၀ပေ)တံတားအား ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ခဲ့သောတံတားဖြစ်ပါသည်။ ၎င်းကျေးရွာအုပ်စုများသည် ကရင်တိုင်းရင်းသားများ သီးသန့်နေထိုင်ရာ ကျေးရွာအုပ်စုများဖြစ်ပြီး ဆင်းရဲနွမ်းပါးသော ကျေးရွာများဖြစ်၍ ၎င်းချောင်းကူးသစ်သားတံတားအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်း မရှိတော့ပါ။ ကရင်တိုင်းရင်းသားများသည် မိမိတို့ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး ညံ့ဖျင်းမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများ ကြုံနေရခြင်းများမှာ ကရင်တိုင်းရင်းသားများကို ခွဲခြားဆက်ဆံခြင်း၊ အခွင့်အရေးတန်းတူမရခြင်းတို့ကြောင့်ဖြစ်သည်ဟု စိတ်ခံစားမှုဖြစ်ပေါ်နေပါသည်။

ထိုသို့ တိုင်းရင်းသားများ ခံစားနေရသော ဝေဒနာများကို ကုစားရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးတွင် (၁၄-၉-၂၀၁၃)ခုနှစ် ကြယ်ပွင့်ပြမေးခွန်း(၇)ခုဖြင့် ၎င်းတံတားနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး၏ နိုင်ငံတော်ထောက်ပံ့ငွေဖြင့်သော်လည်းကောင်း၊ သုံးစွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း စည်ပင်သာယာရေးဝန်ကြီးဌာနမှ ကတိကဝတ်ပြု ဖြေကြားခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၎င်းတံတားနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်မှတစ်ဆင့် (၂၀-၃-၂၀၁၅)ခုနှစ်၊ မေးခွန်းအမှတ်(၁၅၉)ဖြင့် ကြယ်ပွင့်ပြမေးခွန်း ဒုတိယအကြိမ် မေးမြန်းရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲ ဆောင်ရွက်နိုင်ရေး တင်ပြသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ကတိကဝတ်ပြုဖြေကြားခဲ့ပါသည်။ သို့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပထမ(၆)လတွင် ထည့်သွင်းလျာထားခြင်း မရှိပါ။ သို့ဖြစ်ပါ၍ နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘိုကျေးရွာအုပ်စု၊ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီးချောင်းကူးတံတားတစ်စင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကိုသိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ထန်းတပင်မြို့နယ်အတွင်း ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်းလမ်း(၂၆/၄)မိုင် ကုမ္ပဏီ(၄)ခုမှ ကျောက်ချောခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား နိုင်ငံတော်မှ ကျပ်သန်းပေါင်း(၃၃၀၀)ကျော် အကုန်ကျခံကာ ပြည်သူများ သွားလာမှုလွယ်ကူစေရန် တည်ဆောက်ပေးခဲ့သော်လည်း ၂၀၁၄-၂၀၁၅ခုနှစ် မိုးတွင်းကာလတွင် ကုမ္ပဏီများ၏ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတွင် အရည်အသွေးပြည့်ဝမှုမရှိ၍ ပြည်သူများ သွားလာရန် အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။ (၂၆/၄)မိုင်လမ်းပေါ်ရှိ သစ်သားတံတား တည်ဆောက်မှုများမှာလည်း သတ်မှတ်စံနှုန်းများပြည့်မီခြင်း မရှိခဲ့ပါ။

၂၀၁၄-၂၀၁၅နှစ်ကုန်ခါနီးနှင့် ၂၀၁၅-၂၀၁၆ ခုနှစ် နွေရာသီလမ်းပြုပြင်ရန်အချိန်တွင် (၂၆/၄)မိုင် လမ်းလိုအပ်သော နေရာများအား ပြန်လည်ပြုပြင်ပေးရန် ခရိုင်နှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူးများအား အကြိမ်ကြိမ် အသိပေးပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ (၂၆/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား စာချုပ်ပါ စည်းကမ်းများအတိုင်း ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးပြီး ညီညွတ်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ပျက်စီးမှု မရှိစေရေးအတွက်နှင့် အလားတူဖြစ်ရပ်များ နိုင်ငံတော်အတွင်း မဖြစ်ပေါ်ရေးကို ရှေးရှု၍ တာဝန်ရှိသူများအား အရေးယူခြင်း၊ အမည်ပျက်စာရင်းထည့်သွင်းပေးနိုင်ခြင်း ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါသည်။

ပူးတွဲလျှက်

(၂၆/၄)မိုင်ပျက်စီးနေသောလမ်းပိုင်းများအား မှတ်တမ်းဓါတ်ပုံ(၉)ပုံဖြင့် ပေးပို့ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်း(၂)ခုအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ထန်းတပင်မြို့နယ်၊ နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘို ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီးချောင်းကူးသစ်သားတံတား (၁၄၀ပေ×၁၂ပေ×၁၀ပေ)တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ထန်းတပင်မြို့နယ်၊နတ်ရွာကျေးရွာအုပ်စု၊လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘိုကျေးရွာ အုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီးချောင်းကူးတံတားအား (၁၂၀'× ၁၄'×၁၅') အုတ်ခုံခံသစ်သားတံတားတည်ဆောက်ရန် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ထန်းတပင်မြို့နယ် ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်းလမ်း (၂၆/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတွင် တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီ(၄)ခုအား စာချုပ်ပါစည်းကမ်းချက်များအတိုင်း တည်ဆောက်ပေးခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး စာချုပ်ပါစည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူပေးနိုင်ရန်နှင့် အမည်ပျက်စာရင်း ထည့်သွင်းကြေညာပေးနိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ထန်းတပင် မြို့နယ်အတွင်း ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်း ကျောက်ချော လမ်းမှာ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ(၄)ခုမှ အပိုင်းလိုက်ဆောင်ရွက်ခဲ့သော လမ်း ဖြစ်ပါသည်။ ၎င်းလမ်းဆောင်ရွက်ပြီးစီးချိန်တွင် မြို့စိုးတိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ပွဲသာအမက စာသင်ကျောင်း ဆောက်လုပ်ခြင်းများအတွက် အုတ်၊ သဲ၊ ကျောက် သယ်ဆောင်သော တန်ပိုကားများ ဖြတ်သန်းခြင်းကြောင့်လည်းကောင်း၊ လမ်းဘေးကျေးရွာအသီးသီးမှ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်း မရှိအောင် တားမြစ်ထားသော အတားအဆီးတိုင်များ ဖျက်ဆီးပစ်ခြင်းကြောင့်လည်းကောင်း လမ်းများ ပျက်စီးရခြင်း ဖြစ်ပါသည်။ မြေပြင်ကွင်းဆင်းတွေ့ရှိချက်များအရ ခေတ်ဉယျာဉ် ကုမ္ပဏီမှ (၅/၂)မိုင် ဆောင်ရွက်ခဲ့သော လမ်းပိုင်းတွင် (၀/၆)မိုင်ခန့်မှာ အပေါ်ယံလွှာ (၃")ထုခန့် ပြန်လည်ပြုပြင်ပေးရန်နှင့် စံစုကုမ္ပဏီမှ (၆/၂)မိုင် ဆောင်ရွက်ခဲ့သော လမ်းပိုင်းတွင် (၂/၀)မိုင်ခန့် အား အပေါ်ယံလွှာ (၃")ထုခန့် ပြန်လည်ပြုပြင်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီများသို့ ဆက်သွယ်ညှိနှိုင်းထားပြီး ဖြစ်ပါသည်။ ယခုအခါ မိုးများ၍ ကျောက်ကားများဝင်ထွက်ရန် အခက်အခဲရှိပါသဖြင့် ပျက်စီးသွားသော လမ်းအပိုင်းများအား စာချုပ်ပါ သက်တမ်းမကုန်ဆုံးမီ အောက်တို ဘာလနှင့် နိုဝင်ဘာလဆန်းပိုင်းတွင် ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပြီး လိုက်နာမှုမရှိပါက စာချုပ်ပါစည်းကမ်းများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို မေးမြန်းထားသည့်မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၁) **"ထန်းတပင်မြို့နယ်၊ နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘို ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီး ချောင်းကူးသစ်သားတံတား (၁၄၀ပေ× ၁၂ပေ×၁၀ပေ)တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။

နတ်ရွာကျေးရွာအုပ်စု၊ လေးသစ်ကျေးရွာအုပ်စု၊ ရှားစေးဘိုကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဘုမ္မတီးချောင်းကူးသစ်သားတံတားအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် တည်ဆောက်ရန်အတွက် ၂၀၁၆-၂၀၁၇ဘတ်ဂျက်မှာ ပါဝင်လျာထားခြင်း မရှိသော်လည်း လျာထားသည့် ကျီးတော၊ ပျဉ်ကန်း၊ ရှားစေးဘိုလမ်းကိုသာ ချောင်းကူးတံတား ချထား ပေးခြင်းဖြစ်ပါကြောင်း၊ ယခုတင်ပြထားသောတံတားသည် ၂၀၁၆-၂၀၁၇ဘတ်ဂျက်မှာ ပါဝင်ခြင်း မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၂) **“၂၀၁၄-၁၅ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေဖြင့် ထန်းတပင်မြို့နယ် ထန်းတပင်-အုန်းပင်-မြို့စိုး-သံလျှက်စွန်းလမ်း (၂၆/၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတွင် တာဝန်ယူတည်ဆောက်ခဲ့သော ကုမ္ပဏီ(၄)ခုအား စာချုပ်ပါ စည်းကမ်းချက်များအတိုင်း တည်ဆောက်ပေးခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးပြီး စာချုပ်ပါ စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူပေးနိုင်ရန်နှင့် အမည်ပျက်စာရင်း ထည့်သွင်း ကြေညာပေးနိုင်ခြင်း ရှိ/မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့သည့် ၂၆မိုင်၄ဖာလုံလမ်းမှာ ဝန်ကြီးတင်ပြထားသကဲ့သို့ ကုမ္ပဏီ(၁)ခုတင်မက ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းအတွက် ဝန်ပိုသယ်ဆောင်သည့်ကားများ သွားရာလမ်းပိုင်းမှာ ပျက်စီးနေပြီး ပျက်စီး နေသည့်လမ်းပိုင်းများကို ပွင့်လင်းရာသီ ရွေးကောက်ပွဲအကြိုကာလများတွင် မြို့နယ်ကျေးလက်ဦးစီး၊ ခရိုင်ကျေးလက် ဦးစီးတို့အား အကြိမ်ကြိမ် ဖုန်းဖြင့်အသိပေးခဲ့ပြီးဖြစ်သည့်အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များလည်း သိရှိပြီးဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးခြင်း မရှိဘဲ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အချိန်ကြမှ မလုပ်ပေးနိုင်ကြောင်းနှင့် အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားထားသော်လည်း ခက်ခဲနေသည်က ယခုအချိန်အခါဖြစ်နေပါ၍ ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း မေးမြန်း ထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မေးခွန်းအမှတ်စဉ်(၁) ဘုမ္မတီးချောင်းကူးတံတားသည် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိထားပြီးဖြစ်ကြောင်းကို လွှတ်တော်မှာလည်း ဖြေကြားထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

မေးခွန်းအမှတ်စဉ်(၂) ကုမ္ပဏီကတည်ဆောက်ပေးသည့် လမ်းပိုင်းနှင့်ပတ်သက်၍ စည်းကမ်းချက်များအတိုင်း ပြန်လည်တည်ဆောက်ပေးခြင်း ရှိ/မရှိကို ကွင်းဆင်းစစ်ဆေးပြီးသည့်အခါ စာချုပ်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက အရေးယူပြီးအမည်ပျက်စာရင်း ထည့်သွင်းပေးမှာဖြစ်ပါကြောင်းကို လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့်အတိုင်း ဖြေကြားထားခြင်းဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းသည် ကျေးလက်ပြည်သူလူထုလယ်ယာထုတ်ကုန်များကို သယ်ယူပို့ဆောင်ရေးအတွက် ဖောက်လုပ်ပေးထားသည့်လမ်းပိုင်းဖြစ်ကြောင်း၊ တန်ပိုယာဉ်များအမှန်တကယ်သွားလာခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် သက်ဆိုင်ရာ ကိုယ်စားလှယ်ကြီးများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းပေးဖို့ လိုပါကြောင်း၊ ဆေးရုံနှင့် ကျောင်းဆောက်လုပ်သည့်အခါ အုတ်ကား၊ သဲကားများ ဖြတ်သန်းသွားလာမှုကြောင့် လမ်းပျက်စီးသည်ဟု အကြောင်းပြဖြေကြားထားသည်ကိုတွေ့ရှိရပြီး ယင်းကိစ္စနှင့်ပတ်သက်ပြီး ပျက်စီးသွားသည့် လမ်းပိုင်းကိုလည်း စာချုပ်ပါသက်တမ်းမကုန်ဆုံးမီ အောက်တိုဘာနှင့် နိုဝင်ဘာလဆန်းမှာ ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပြီး လိုက်နာမှုမရှိပါက စာချုပ်ပါသက်တမ်းအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားထားသည့်အတွက် အဖြေအပေါ် သံသယဖြစ်ဖွယ်မရှိနိုင်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပြည်မြို့နယ် ရွာဘဲနယ်မြေရှိ ဂန္ဓာမာစက်မှုဇုန်အတွင်း ဖြစ်ပွားနေသော လုယက်မှုနှင့် ရွှေဆွဲကြိုးဖြတ်၍ ပြေးမှုတို့အားပပျောက်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့်မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပြည်မြို့နယ်၊ ဘိုးဘွားရိပ်သာရှေ့တွင် ခရီးသည်တင်ကားများ၊ ကုန်တင်ကားများကို စစ်ဆေး၍ ငွေကြေးကောက်ခံနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မည်သည့် ဥပဒေပုဒ်မအရ မည်မျှကောက်ခံ၍ မည်သို့သုံးစွဲမည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပြည်မြို့နယ်၊ ထမ္မကောက်အုပ်စုရှိ မိုးကြိုးပစ်ချောင်းပါ ချောင်း(၃)ချောင်းတို့အား ၂၀၁၆-၂၀၁၇ခုနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ပြည်မြို့နယ်အတွင်းရှိ လက်သော့ချောင်းပေါ်၌ တရားမဝင်ပိတ်ဆို့ တည်ဆောက်ထားသော အဖွင့်အပိတ်ရေတံခါးများ ပါဝင်သည့်တံတားကို တောင်သူလယ်သမားများမှ အကြိမ်ကြိမ်တိုင်ကြားခဲ့သော်လည်း အဘယ့်အတွက်ကြောင့် အရေးယူဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းမပြုသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **" ပြည်မြို့နယ် ဘူးခါးချောင်း ရေဆိုးထုတ်တံခါးရှိ ဧရာဝတီမြစ်ကမ်းအား ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေတွင် ကျောက်သားနံရံပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပြည်မြို့နယ်၊ ရွာဘဲနယ်မြေရှိ ဂန္ဓာမာ စက်မှုဇုန်အတွင်း ဖြစ်ပွားနေသော လုယက်မှုနှင့် ရွှေဆွဲကြိုးဖြတ်၍ ပြေးမှုတို့အားပပျောက်ရန် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပြည်မြို့နယ်၊ဘိုးဘွားရိပ်သာရှေ့တွင် ခရီးသည်တင်ကားများ၊ ကုန်တင်ကားများကို စစ်ဆေး၍ ငွေကြေးကောက်ခံနေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များသည် မည်သည့်ဥပဒေပုဒ်မအရ မည်မျှကောက်ခံ၍ မည်သို့သုံးစွဲမည်ကို သိရှိလိုပါကြောင်း မေးမြန်း ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပြည်မြို့နယ်၊ထမ္မကောက်အုပ်စုရှိ မိုးကြိုးပစ်ချောင်း၊ မြွေရိုးနှင့်ကြခတ်အုပ်စုရှိ ရန်ပယ်ချောင်းနှင့် သစ်ချီတင်အုပ်စုနှင့် အနောက်လက္ခပြင်အုပ်စုရှိ ကင်းချောင်းတို့အား ၂၀၁၆-၂၀၁၇ခုနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်း တောင်သူများ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လက်သော့ချောင်းကို နိုင်ငံတော်မှ ကျပ်သန်းပေါင်းများစွာ အကုန်ကျခံပြီး ချောင်းတစ်လျှောက် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား လုပ်ဆောင်ခဲ့ပါသည်။ ထို့အတွက်ကြောင့် နေရာအများစုတွင် အကျိုးရှိခဲ့ပါသည်။ သို့သော်လည်း လယ်တော်ကြီးကွင်းအနီး ရေတမံကဲ့သို့ ရည်ရွယ်ပြုလုပ်ထားသော တံတားကို ဆည်မြောင်းတာဝန်ရှိသူများမှ ပယ်ဖျက်သွားခြင်းမရှိသည့်အတွက် အထက်ဘက်ရှိ မော်ဇာအုပ်စု၊ တွင်းဗျည်းအုပ်စုတို့မှ လယ်ဧက (၁၈၀၀)ခန့်မှ ရေနစ်မြုပ်မှုဒဏ်ကို အလူးအလဲခံခဲ့ရပါသည်။ အဆိုပါတံတားတည်ဆောက်ပြီးကတည်းက နှစ်စဉ်ရေနစ်မြုပ်ခံခဲ့ရ၍ တောင်သူများမှ တိုင်ကြားခဲ့သော်လည်း ထူးခြားမှုမရှိပဲ ယခုနှစ်နိုင်ငံတော်မှ ငွေကျပ် သန်းပေါင်းများစွာ ချောင်းရိုးတစ်လျှောက် အကုန်ကျခံပြုပြင်ခဲ့သော်လည်း ထပ်မံနစ်မြုပ်နေမြဲဖြစ်သည့်အတွက် နစ်နာနေသော တောင်သူများမှ ထပ်မံတိုင်ကြားမှုများရှိလာခဲ့ပါသည်။ ထိုကဲ့သို့ ချောင်းများ၊ မြောင်းများ၊ တာတမံများကို ဌာနဆိုင်ရာ တာဝန်ရှိသူများ သိရှိခြင်းမရှိပဲ တမံတုတ်ခြင်း၊ ချိုးခြင်း၊ ပြွန်များမြုပ်နှံခြင်း၊ ပြုပြင်ဖျက်ဆီးခြင်းများပြုလုပ်ပါက ဥပဒေနှင့်ငြိစွန်းကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းများကြောင့် အရေးယူခံရသော သာဓကများလည်း များစွာရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် လူပုဂ္ဂိုလ်တစ်ဦးမှ လက်သော့ချောင်းပေါ်တွင် တရားမဝင် တမံတုတ်ရန် ရည်ရွယ်တည်ဆောက်ထားသော တံတားကို တောင်သူလယ်သမားများမှ တိုင်ကြားသော်လည်း အဘယ်အတွက်ကြောင့် အရေးယူဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းမပြုသည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပြည်မြို့နယ်၊ဘူးခါးချောင်း ရေဆိုးထုတ်တံခါးရှိ ဧရာဝတီမြစ်ကမ်းအား ၂၀၁၆-၁၇ ဖြည့်စွက်ရန်ပုံငွေတွင် ကျောက်သားနံရံပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)အား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးရန်ဖြစ်ပြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှာ တာဝန်အရ ခွင့်တိုင်ကြားထားသည့်အတွက် တာဝန်ရှိ တိုင်းဒေသကြီးအဆင့်ရှိ ဝန်ကြီးတစ်ဦးက တာဝန်ယူဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတသစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ မေးခွန်းများနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားရမည်ဖြစ်သော်လည်း ယင်းမေးခွန်းများနှင့်ပတ်သက်ပြီး မိမိထံသို့ ဖြေကြားချက်များ ပေးပို့ထားခြင်းမရှိပါကြောင်း၊ နံပါတ်(၁)မေးခွန်းသည် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့်အတွက် Cabinet အစည်းအဝေးတွင် မိမိအနေဖြင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအား တင်ပြပေးရန် ပြောကြားမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့် မေးခွန်းသည် မဖြစ်မနေ လုပ်ဆောင်ရမည်ဖြစ်သောကြောင့် မိမိအနေဖြင့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်ပင်ပြီး မဖြစ်မနေ Cabinet အစည်းအဝေးတွင် တင်ပြပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ နံပါတ်(၂)မေးခွန်းနှင့်ပတ်သက်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မည်သည့်ဥပဒေပုဒ်မအရ ကောက်ခံသုံးစွဲသည်ဆိုသည့် ကိစ္စကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအား တင်ပြပြီး နောက်တစ်ကြိမ်အစည်းအဝေးတွင် ပြန်လည်ဖြေကြားပေးရန် အစီရင်ခံတင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင် "ပြည်မြို့နယ်၊ ထမ္ဘကောက်အုပ်စုရှိ မိုးကြိုးပစ်ချောင်းပါ ချောင်း(၃)ချောင်းတို့အား ၂၀၁၆-၂၀၁၇ခုနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ" စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်မြို့နယ်၊ ထမ္ဘကောက်အုပ်စုရှိ မိုးကြိုးပစ်ချောင်းမှာ အလျား(၂. ၂၇)မိုင်၊ ရန်ပယ်ချောင်းမှာ အလျား(၂. ၅၆)မိုင်နှင့် ကင်းချောင်းမှာ အလျား(၆. ၄၄)မိုင်ရှိပြီး ထမ္ဘကောက်အုပ်စု၊ မြွေရိုးအုပ်စုနှင့် ကြခတ်အုပ်စုများမှ ကျေးရွာများနှင့်လယ်မြေများ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသဖြင့် ၎င်းတိမ်ကော နေသော ချောင်းများအား ပြန်လည်တူးဖော်ပေးပါရန်တင်ပြလာခြင်းဖြစ်ပါသည်။

ပြည်မြို့နယ်၊ထမ္ဘကောက်အုပ်စုအတွင်းရှိ မိုးကြိုးပစ်ချောင်း၊ မြွေရိုးနှင့်ကြခတ်အုပ်စုရှိ ရန်ပယ်ချောင်းနှင့် သစ်ချိုတင်အုပ်စုနှင့် အနောက်လက္ခပင်အုပ်စုရှိ ကင်းချောင်းတို့အား ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် လယ်မြေဧက(၁၆၀၀)ခန့် ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် လျော့ပါးသက်သာစေနိုင်မည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မိုးကြိုးပစ်ချောင်း၊ ရန်ပယ်ချောင်းနှင့် ကင်းချောင်းတို့မှာ နှစ်ကာလကြာမြင့်လာပြီဖြစ်၍ သဲနုန်းများပို့ချပြီး ချောင်းတိမ်ကောလာမှုကြောင့် မိုးရွာသွန်းမှုများပြားသည့်အခါ ချောင်းရေအား ရေထုတ်နုတ်မှုအားနည်းပြီး ထမ္မကောက်ရွာအတွင်းသို့ ရေများဝင်ရောက်ခြင်း၊ ပြည်-အောင်လံကားလမ်းအလျား (၇၀၀)ပေခန့်ရေကျော်ခြင်းနှင့် လယ်မြေဧက(၁၆၀၀)ခန့်တို့ ရေကြီးနစ်မြုပ်မှုနှင့်ကြုံတွေ့နေရပါသည်။

လတ်တလောအနေဖြင့် ပြည်မြို့နယ်၊ ထမ္မကောက်အုပ်စုအတွင်းရှိ မိုးကြိုးပစ်ချောင်း၊ ရန်ပယ်ချောင်းနှင့်ကင်းချောင်းတို့မှာ မိုးရွာသွန်းမှုများပြားသဖြင့် ချောင်းရေမြင့်တက်ချိန်တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ ချောင်းများ၏ ရေစီးရေလာအနေအထားကောင်းမွန်စေရန် လွှတ်တော်ကိုယ်စားလှယ်၊ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး လတ်တလောအနေဖြင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေစီးရေလာအဟန့်အတားဖြစ်စေသည့် အမှိုက်သရိုက်များဖယ်ရှားခြင်းဖြင့် ရေဆိုးထုတ်ပေါက်များအား ရေထုတ်အားကောင်းမွန်အောင်ဆောင်ရွက်ထားရှိခဲ့ပါသည်။

အဆိုပါချောင်းများအား ပြန်လည်တူးဖော်ဆောင်ရွက်မည်ဆိုပါက-

- မိုးကြိုးပစ်ချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂. ၂၇)မိုင်၊ မြေကြီး (၁၈၀၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၀. ၁၁၆)သန်း၊ ၎င်းနှင့်ဆက်စပ်၍ မိုးကြိုးပစ်ချောင်းရေစီးထွက်မည့်အကျယ်(၁၀)ပေခန့်၊ ရေထုတ်ပေါက် အဆောက်အအုံ(၁)ခုကိုပါ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၀. ၀၀၀)သန်းဖြစ်ပါသည်။
- ရန်ပယ်ချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၂. ၅၆)မိုင်၊ မြေကြီး (၂၀၀၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၃. ၆၈၄)သန်း၊
- ကင်းချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၆. ၄၄)မိုင်၊ မြေကြီး (၅၇၀၀၀)ကျင်း၊ ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၉၆. ၀၀၀)သန်း ကုန်ကျမည်ဖြစ်ပြီး စုစုပေါင်း အလျား(၁၁. ၂၇)မိုင်၊မြေကြီး(၉၅၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၈၀. ၀၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများမှာ(၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)စာရင်းတွင် ရန်ပုံငွေတင်ပြ တောင်းခံထားခြင်းမရှိသဖြင့် (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍(၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(BE)တွင် ရန်ပုံငွေတင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ “ပြည်မြို့နယ်အတွင်းရှိ လက်သော့ချောင်းပေါ်၌ တရားမဝင်ပိတ်ဆို့ တည်ဆောက်ထားသော အဖွင့်အပိတ်ရေတံခါးများ ပါဝင်သည့်တံတားကို တောင်သူလယ်သမားများမှ အကြိမ်ကြိမ်တိုင်ကြားခဲ့သော်လည်း အဘယ့်အတွက်ကြောင့် အရေးယူဆောင်ရွက်ခြင်း၊

ဖျက်သိမ်းခြင်းမပြုသည်ကို သိရှိလိုပါကြောင်း” မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် အတွင်းရှိ မော်ဇာအုပ်စု၊ တွင်းဗျည်းအုပ်စု၊ မုဋ္ဌောကျေးရွာအုပ်စုတို့မှ ဖြတ်သန်းစီးဆင်းလာသော လော့သော့ချောင်းဖျားပိုင်းမှ ရေများသည် ပြည်-ပေါက်ခေါင်းကားလမ်း၊ ရထားလမ်းနှင့် ပြည်-ပုဂံရထားလမ်း၊ ပြည်-အောင်လံကားလမ်းအားဖြတ်၍ ၎င်းမှတစ်ဆင့် နဝင်းချောင်းရေနှင့်ပေါင်းဆုံစေပြီး ဧရာဝတီမြစ် အတွင်းသို့ စီးဝင်ပါသည်။

ပြည်မြို့နယ်အတွင်းရှိ လော့သော့ချောင်း(အထက်ပိုင်း)အား (၂၀၁၂-၂၀၁၃)ခုနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် မော်ဇာအုပ်စု၊ တွင်းဗျည်းအုပ်စု၊ မုဋ္ဌောကျေးရွာအုပ်စုတို့မှ လယ်မြေဧက(၁၈၀၀)ခန့်ကို ရေကြီးနစ်မြုပ်မှုမှအထိုက်အလျောက်သက်သာစေရန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး လော့သော့ချောင်း(အောက်ပိုင်း)အလျား(၂၉၉၉၀)ပေအား (၂၀၁၅-၂၀၁၆)ခုနှစ် ပဲခူးတိုင်းဒေသကြီးရန်ပုံငွေ (RE)ဖြင့် ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါသည်။

လတ်တလောအခြေအနေတွင် မိုးရာသီကာလ၌ မိုးသည်းထန်စွာရွာသွန်းပါက ပြည်မြို့နယ်အတွင်းရှိ လော့သော့ချောင်းဖျား(အထက်ပိုင်း)မှ စီးဆင်းလာသော ချောင်းရေများကြောင့် ရေကြီးရေလျှံမှု များဖြစ်ပေါ်ကြုံတွေ့လျက်ရှိပါသည်။ အဆိုပါရေကြီးရေလျှံမှုကြောင့် မူလကပင်လယ်ပြင်ကွင်းဟုခေါ်သည့် တွင်းဗျည်းအုပ်စုကွင်းအမှတ်(၇၄၈^က^×၈၀၁)၊ မော်ဇာကျေးရွာအုပ်စုကွင်းအမှတ်(၇၄၇)၊ မုဋ္ဌောကျေးရွာအုပ်စု ကွင်းအမှတ်(၇၄၉^5A^၊ ၇၄၉^ခ^)ကွင်းများသည် အနီးပတ်ဝန်းကျင်ရှိ ကွင်းများထက် အနိမ့်ပိုင်းအကျဆုံးနေရာတွင် ရှိနေပါသဖြင့် ရေကြီးရေလျှံမှုကို ပိုမိုခံစားရပါသည်။

လတ်တလောကွင်းဆင်းစစ်ဆေးရာတွင် ပြည်-အောင်လံကားလမ်းမှ အထက်ဘက် ပေ(၁၀၀၀)ခန့် အကွာတွင် လယ်တော်ကြီးစိုက်ကွင်းများအနီးရှိ ဦးထိုင်ထိုင်မှတည်ဆောက်ထားသည့် ချောင်းဖြတ်သစ်သား တံတား(၁)စင်းတည်ရှိပါသည်။ ယင်းသစ်သားတံတားတွင် ချောင်းကြမ်းပြင်မှ အမြင့်(၁)ပေ(၉)လက်မခန့်ရှိ အုတ်ရိုးစီပြီး ၎င်းအပေါ်တွင် ပျမ်းမျှအကျယ်(၅)ပေ၊ အမြင့်(၂)ပေ (၆)လက်မခန့်ရှိ ရေတားသံပြား ရေတံခါး(၆)ချပ်ဖြင့် ရေတား၍ နွေအခါတွင် ရေသိုလှောင်ပြီး ရေစုပ်စက်ဖြင့် ရေတင်၍ လယ်တော်ကြီးကွင်း ၏ဝဲ/ယာ ဧက(၁၀၀)ခန့်အား နွေစပါးစိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါသည်။ အဆိုပါရေတံခါးအား မိုးရာသီတွင် ဖွင့်ထားခဲ့ပါသည်။ ယင်းတံတားသည် ရေကြီးရေလျှံကွင်းများနှင့် ပေ(၂၂၆၀၀)ခန့်အကွာအဝေး တွင်တည်ရှိပါသည်။

သို့ဖြစ်ပါ၍ သဘာဝချောင်းရေစီးရေလာကောင်းမွန်စေရန်အတွက် သက်ဆိုင်ရာ လူပုဂ္ဂိုလ်၊ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူလယ်သမား များနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်မည်ဟုယူဆပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်မြို့နယ်၊ ဆင်စုရပ်ကွက်ရှိ ဘူးခါးမြောင်း ရေဆိုးထုတ်တံခါးရှိ ဧရာဝတီမြစ်ကမ်းအား ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေ(RE)တွင် ကျောက်သားနံရံ ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် အသေးစိတ်ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ဆောင်ရွက်သင့်သည် လုပ်ငန်းအစီအမံ များအား ဤဦးစီးဌာန(ရုံးချုပ်)၏ အတည်ပြုချက်ရယူကာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ရန်ပုံငွေရရှိရေး တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်၏ကြယ်ပွင့်ပြမေးခွန်းနံပါတ်(၁)နှင့် (၂)တို့အား လွှတ်တော်သို့ အဖြေပေးပို့ထားခြင်းလည်းမရှိ၊ တာဝန်ယူဖြေကြားပေးမည့် တာဝန်ရှိသူလည်းမရှိသည့်အတွက် ကျွန်တော့်အနေဖြင့် စာမေးပွဲဖြေပြီး စာစစ်မခံရသည့် ကျောင်းသားတစ်ဦးလိုဖြစ်နေပါကြောင်း၊ ယင်းကဲ့သို့အဖြစ်မျိုး နောက်တစ်ကြိမ်တွင် မဖြစ်စေလိုပါကြောင်း ဥက္ကဋ္ဌကြီးခင်ဗျား၊ မိမိအနေဖြင့် မေးခွန်းနံပါတ်(၄) **“ပြည်မြို့နယ်အတွင်းရှိ လက်သော့ ချောင်းပေါ်၌ တရားမဝင်ပိတ်ဆို့ တည်ဆောက်ထားသော အဖွင့်အပိတ်ရေတံခါးများ ပါဝင်သည့် တံတားကို တောင်သူလယ်သမားများမှ အကြိမ်ကြိမ်တိုင်ကြားခဲ့သော်လည်း အဘယ့် အတွက်ကြောင့် အရေးယူဆောင်ရွက်ခြင်း၊ ဖျက်သိမ်းခြင်းမပြုသည်ကို သိရှိလိုပါကြောင်း”** နှင့်စပ်လျဉ်း၍ ဆက်စပ်မေးခွန်း မေးမြန်းသွားမည်ဖြစ်ပါသည်။ တိုင်းဒေသကြီးဝန်ကြီး၏ အဖြေထဲတွင် ယင်းတံတားသည် ရေကြီးရေလျှံပေ ၂၂၆၀၀ခန့် တည်ရှိပါသော်လည်း ချောင်းရိုးတစ်လျှောက်မှာရှိသည့် လယ်မြေဧကများ ရေနစ်မြုပ်နေပါကြောင်း၊ ပြည်မြို့နယ်မှာရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဆည်မြောင်း ဦးစီးဌာနနှင့် သွားရောက်ညှိနှိုင်းခဲ့ပါသော်လည်း သက်ဆိုင်ရာဌာနမှ ဖြေရှင်းမပေးကြောင်း၊ ဥပဒေကို ချိုးဖောက်နေသည့် လုပ်ငန်းရှင်တစ်ဦးကို တွေ့ဆုံညှိနှိုင်းရန်မလိုအပ်ပါ၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးများခင်ဗျား၊ တာတမံများကို ဌာနဆိုင်ရာတာဝန်ရှိသူ မသိရှိဘဲ ချောင်းမြောင်းများ၊ တမံများကိုချိုးခြင်း၊ တမံဖို့ခြင်း၊ ပြုပြင်ဖျက်ဆီးခြင်းများ ပြုလုပ်ပါက မြစ်ချောင်းအင်းအိုင် ဥပဒေပုဒ်မ ၁၃၄ အရလည်းကောင်း၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၄၂အရလည်းကောင်း၊ ဆည်မြောင်းဌာန၏ ဥပဒေပုဒ်မ ၇၅အရလည်းကောင်း ငြိစွန်းကျူးလွန်နေပါကြောင်း၊ ယင်းကဲ့သို့ ဥပဒေကျူးလွန်နေသော

လုပ်ငန်းရှင်တစ်ဦးကို သက်ဆိုင်ရာဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ မည်ကဲ့သို့အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ** ။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)တို့နှင့်ပတ်သက်၍ အဖြေများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားထားပြီးဖြစ်ပါကြောင်း၊ ယနေ့ခွင့်တိုင်ကြားထားသော်လည်း နောက်တစ်ကြိမ်လွှတ်တော် အစည်းအဝေးမှာ မေးခွန်းအမှတ်စဉ် (၁)နှင့်(၂)တို့အား မပျက်မကွက် တက်ရောက်ဖြေကြားပေးရန် လိုအပ်ပါကြောင်း၊ အကယ်၍ မိမိတာဝန်ဖြစ်သည့် မေးခွန်းဖြေကြားချက်များကို အရေးပေါ် အခြေအနေအရ (သို့မဟုတ်) တာဝန်အရဆောင်ရွက်ရန်ရှိပါက တိုင်းဒေသကြီးလွှတ်တော် နည်းဥပဒေနှင့်အညီ တိုင်းဒေသကြီး အဆင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးကို အချိန်မီ လွှဲပြောင်းဖြေကြားပေးဖို့ လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရ ဝန်ကြီးများအနေဖြင့် အထူးသတိပြုစေလိုပါကြောင်း လွှတ်တော်မှ တိုက်တွန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသက်ဝင်းလှိုင် ထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မိမိတို့အစိုးရသစ်တာဝန်ယူစဉ်ကာလအတွင်း တိုင်ကြားစာ တိုင်ကြားထားသည်ကို မတွေ့ရှိပါကြောင်းနှင့် လွှတ်တော်တွင် မေးမြန်းထားသည့် မေးခွန်းအရ သက်ဆိုင်ရာ ဆည်မြောင်းဝန်ကြီးဌာနမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ထားခြင်းသာဖြစ်ပါကြောင်း၊ သို့ပါ၍ သဘာဝချောင်း ရေစီးရေလာကောင်းမွန်ရန်အတွက် သက်ဆိုင်ရာ လူပုဂ္ဂိုလ်များကို အမျိုးသားရင်ကြားစေ့ရေးအရ သဘာဝကျကျဆောင်ရွက်နိုင်ရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပယ်ဖျက်ပေးရန် ဦးစွာပထမ မိမိတို့ အနေဖြင့် ဆောင်ရွက်မှာဖြစ်ကြောင်း၊ ပေါင်းစပ်ပြီးညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍မရပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနမှ အရေးယူဆောင်ရွက်သွားရန်အတွက် တွန်းအားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအရောက်ချေးပေးသော ပုံစံပြောင်းလဲလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"မြို့နယ်များတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်မီးပျက်တောက်သည့်အခါ သို့မဟုတ် ဖြတ်တောက်ရန် လိုအပ်သည့်အခါများတွင် ပြည်သူလူထုအား လေးစားသောအားဖြင့် (Social Media)များမှတစ်ဆင့် သတင်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ကျူးကျော်ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရန် စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပြီး မြို့ကြီးများတွင် တန်ဖိုးနည်း အထပ်မြင့် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူရသည့်အချိန်နှင့် ပြန်လည်ပေးဆပ်ရသည့် အချိန်များတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တည်ရှိရာနေရာသို့ ကျေးရွာအုပ်စု အသီးသီးမှ လာရောက်နေကြပါသည်။ ထိုအခါတွင် ရွာဝေးလျှင်ဝေးသလို တောင်သူတစ်ဦးချင်းစီမှ လမ်းစရိတ်ကုန်ကျစရိတ်များပြားခြင်း၊ ဘဏ်ပရဝဏ် ကျဉ်းမြောင်းသဖြင့် တောင်သူရာနှင့်ချီ၍ နေပူမိုးရွာ မရှောင် ပလက်ဖောင်း၊ စင်္ကြံများတွင် ဒုက္ခရောက်စွာ တစ်နေကုန် စောင့်ဆိုင်းကြရခြင်း အချိန်အလွန် ပေးရသည့်အတွက် အလုပ်အကိုင်များပျက်ခြင်း ကြုံတွေ့နေကြရပါသည်။ တောင်သူများကို အမတော်ကြေး ထုတ်ချေးရာတွင် လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီ အစိုးရလက်ထက် တိုင်းပြည်တည်ငြိမ်မှုမရှိသေးသည့် အချိန်အခါကပင် ကျေးရွာဘဏ်ကော်မတီများ ဖွဲ့စည်း၍ ကျေးရွာအရောက် ချေးငွေထုတ်ချေးခဲ့သော သာဓကလည်းရှိခဲ့ပါသည်။ ထို့အတွက်ကြောင့် ယခုမျက်မှောက်ခေတ်ကဲ့သို့ တည်ငြိမ်အေးချမ်းသော အချိန်အခါမျိုးတွင် တောင်သူအများအပြားမှ ဒုက္ခခံ၊ ငွေကြေးအကုန်အကျများစွာကျခံပြီး ဘဏ်သို့ လာရောက်ထုတ်ချေးနေရခြင်းထက် ပါလီမန်ဒီမိုကရေစီခေတ်ကဲ့သို့ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာဘဏ် ကော်မတီများကို စနစ်တကျ ဖွဲ့စည်း၍ ကျေးရွာအရောက် သွားရောက်ချေးပေးသော ပုံစံပြောင်းလဲ လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယခုအချိန်တွင် လျှပ်စစ်ဓါတ်အားသုံးစွဲမှု မြင့်တက်လာခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်းမှု နည်းစနစ်များ လိုအပ်ချက်ရှိခြင်း၊ သုံးစွဲခဲ့ပြီးသော ဆက်စပ် ပစ္စည်းများ၏ အရည်အသွေးနိမ့်ကျခြင်းများကြောင့် မကြာခဏလျှပ်စစ်ဓါတ်အား ပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုကဲ့သို့ မီးပျက်တောက်သည့်အချိန်များတွင်လည်း သက်ဆိုင်ရာ လျှပ်စစ် ဝန်ထမ်းများအနေဖြင့် အချိန်နှင့်တပြေးညီ ပြန်လည်ပြုပြင်မှုများ ပြုလုပ်မည်ဖြစ်သည်ကို သိရှိနားလည်ပါသည်။ သို့သော် ပြည်သူလူထုအများစုမှာတော့ မည်သည့်အတွက် မီးပျက်တောက်သည် ပြုပြင်ချိန်မည်မျှ ကြာနိုင်သည်ကို မသိရလျှင် မလိုလားအပ်ဘဲ အစိုးရအဖွဲ့နှင့် ဝန်ထမ်းများအပေါ် အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အတွက်ကြောင့် လျှပ်စစ်မီးပျက်တောက်သည့်အခါ (သို့မဟုတ်)ဖြတ်တောက်

ရမည့်အခါများတွင် တစ်မြို့နယ်ချင်းအလိုက် လူသုံးများသော(Social Media)များမှတစ်ဆင့် အများ သိရှိနိုင်ရန် အချိန်နှင့်တပြေးညီတိတိကျကျ သတင်းထုတ်ပြန်ပေးခြင်းအား တာဝန်တစ်ခုအနေဖြင့် လုပ်ဆောင် ပေးရန် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် များတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများမှ မြေပေးမိန့်များကို အလွယ်တကူ ဥပဒေမဲ့ချထား ပေးခဲ့ခြင်းများနှင့် လူဦးရေထူထပ်လာမှုများကြောင့် ယခင်လမ်းများ၊ မြောင်းများ၊ ချောင်းများ၊ ကန်များတွင် ကျူးကျော်အိမ်များ ဆောက်လုပ်လာကြခြင်းများကြောင့် မြို့နယ်များကို စနစ်တကျ ပြန်လည်တည်ဆောက်ရန် များစွာအခက်အခဲများ ဖြစ်ပေါ်လျှက်ရှိနေပါသည်။ မြို့များ၏ သန့်ရှင်းသာယာလှပရေး မြို့အင်္ဂါရပ်နှင့် ညီညွတ်သော မြို့ကွက်သစ်များ၊ ကျောင်းများ၊ ပန်းခြံများကို တိုးပွားလာသော လူဦးရေနှင့်အညီ တိုးချဲ့ ဆောက်လုပ်နိုင်ရေးတို့အတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပြီး မြို့ကြီးများတွင်လည်း လူဦးရေထူထပ်တိုးပွားလာမှုများကို မြေနေရာနည်းနည်းဖြင့် လူနေအိမ်ရာ လုံလောက်မှုရှိစေရန်အတွက် တန်ဖိုးနည်း အထပ်မြင့်အိမ်ရာများ ဆောက်လုပ်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ကို သိရှိလိုပါသဖြင့် လေးစားစွာမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအရောက်ချေးပေးသော ပုံစံပြောင်းလဲလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်ထိ ကျေးရွာဘဏ်ကော်မတီစနစ်ဖြင့် ကျေးရွာအရောက်ထုတ်ချေးပေးခဲ့ပါသည်။

၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် တောင်သူလယ်သမားများ၊ ဘဏ်လုပ်ငန်းများကိုသိရှိ နားလည်ပြီး ဘဏ်နှင့်အကျွမ်းတဝင်ဖြစ်ခါ ကိုယ်တိုင်ချေး၊ ကိုယ်တိုင်ဆပ်သည့်အတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ ဘဏ်ရုံးတွင်ကိုယ်တိုင်လာရောက်ထုတ်ချေးခြင်း၊ ကိုယ်တိုင်လာရောက်ပေးဆပ်ခြင်းစသည့်စနစ်ကို ဆောင်ရွက်လာခဲ့ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးငွေညွှန်ကြားစာပါဘဏ်ချေးငွေမူစနစ်အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဂ)တွင် စိုက်ပျိုးစရိတ်ချေးငွေကို "မြို့နယ်ဘဏ်ခွဲများသို့ ကိုယ်တိုင်လာရောက်ချေးယူရမည်၊ ပေးဆပ်ရမည်"ဟုညွှန်ကြားထားပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာဘဏ်ကော်မတီများကို စနစ်တကျဖွဲ့စည်း၍ ကျေးရွာအရောက်သွားရောက်ချေးပေးသော ပုံစံပြောင်းလဲလုပ်ဆောင်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " မြို့နယ်များတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်မီး ပျက်တောက်သည့်အခါ သို့မဟုတ် ဖြတ်တောက်ရန် လိုအပ်သည့်အခါများတွင် ပြည်သူလူထုအား လေးစားသော အားဖြင့် (Social Media)များမှတစ်ဆင့် သတင်းထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အနောက်၊ တိုင်း/ခရိုင်/မြို့နယ်/မြို့များတွင် အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်မီးပြတ်တောက်သည့်အခါ (သို့) ဖြတ်တောက်ရန် လိုအပ်သည့်အခါများတွင် ပြည်သူလူထုအား လေးစားသောအားဖြင့် တစ်မြို့နယ်ချင်းအလိုက် လူသုံးများသော (Social Media) များမှတစ်ဆင့် အများပြည်သူသိရှိနိုင်ရန် (DE Bago West, Shwedaung Ese,Distdy Ese, Ese Oakpho, Ese NT Lin, Facebook account များ၊ Website များ၊ Page များဖွင့်ထားပြီးဖြစ်ပြီး ကျန်ရှိသောမြို့နယ်/မြို့များ ၏ Website များလဲ ဆက်လက်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်းနှင့် ဝင်ရောက်လေ့လာနိုင်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)တွင် ကျူးကျော်ပြဿနာကို ဖြေရှင်း ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ကျူးကျော်ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရန် စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပြီး မြို့ကြီးများတွင် တန်ဖိုးနည်း အထပ်မြင့် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်းပြီး ကျူးကျော်ပြဿနာကို ဖြေရှင်း ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် မိမိတို့မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဓိက လမ်းမကြီး (Main Road)များတွင် ကျူးကျော်ထားရှိမှုများအား စနစ်တကျ ရှင်းလင်းဖယ်ရှားနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်လျှက်ရှိပါသည်။ သာဓကအားဖြင့်-

ပြည်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝေဝေမှ လမ်းဘေးကျူးကျော်များနှင့်ပတ်သက် ပြီး ဆေးရုံလမ်းတိုနှင့်စစ်ကဲလမ်းထောင့်ရှိ အမှတ်(၁)ကျောင်းအနီး ကွမ်းယာဆိုင်တည်ရှိရာအဆောက်အအုံမှ လမ်းအစပ်ထိကျူးကျော်နေသည်ကိုတွေ့ရှိရကြောင်း၊ ယခင်စက်ဘီးစတန်းနေရာတွင် ဈေးရောင်းချနေပြီး လူသွားလမ်းများတွင် စက်ဘီးဆိုင်ကယ်များရပ်နေကြကြောင်း ဆွေးနွေးတင်ပြပြီး မြို့နယ်စည်ပင်သာယာ ရေးကော်မတီအဖွဲ့ဝင် ဦးစိန်ဝင်း၊ဦးအေးချိုတို့မှလည်း အဆောက်အဦများမှလမ်းနယ်သို့ကျူးကျော်၍

ဆောက်လုပ်နေကြသည်ကိုတွေ့ရှိရကြောင်း၊ အဆောက်အဦမဆောက်လုပ်မီကပင် လမ်းနယ်မပါစေရန် စိစစ်သင့်ကြောင်း၊ အချို့အိမ်များမှာ မိမိတို့အိမ်ရှေ့တွင် အဖီ၊ အမိုးအဆောက်အဦများကို ကတ္တရာလမ်းအထိ ထုတ်ထား လာသည်ကိုတွေ့ရကြောင်းဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ ဒေါ်ဝေဝေမှ စည်ပင်သာယာရေး လုပ်ငန်းမှာ အများပြည်သူနှင့်အများဆုံးထိတွေ့ ဆက်ဆံရသည့်ဌာနဖြစ်သဖြင့် ပိုမိုဂရုစိုက်ဆောင်ရွက်ကြရန် လိုကြောင်းနှင့် လမ်းနယ်ကိုကျူးကျော်၍ ကွန်ကရစ်ခင်းခြင်း၊အဖီဆွဲခြင်းများမပြုလုပ်စေရန် တားမြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် လမ်းနယ်ကိုကျူးကျော်ခြင်း၊ အဖီထုတ်ခြင်းများ တားမြစ်ရန် အစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြပြီး စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ယာဉ်လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီတို့နှင့်ပူးပေါင်း၍ ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ ဆံတော်ရပ်၊ဆေးရုံလမ်းတို့နှင့် စစ်ကဲလမ်းထောင့်ရှိ ဒေါ်သင်းသင်းခိုင်မှ ခွင့်ပြုချက်မရှိဘဲ ၎င်းအိမ်ရှေ့တွင်လမ်းထက်မြင့်၍ကွန်ကရစ်ခင်းကျူးကျော်ထားခြင်းအား ပဲခူးတိုင်းဒေသကြီးစည်ပင် သာယာရေးဥပဒေပုဒ်မ ၆၀(က) အားကျူးလွန်သဖြင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၇၅ အရ (၁၅. ၆. ၂၀၁၆)ရက်နေ့တွင် ပြည်မြို့နယ်တရားရုံး၌ တရားစွဲဆို ဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့စည်းကမ်းထိန်းသိမ်းရေးမှ ၂၀၁၆ခုနှစ်ဇွန်လတွင် ကျူးကျော်(၄၉)ဦးအား စိစစ်တွေ့ရှိသဖြင့် စီမံခန့်ခွဲရေးဒဏ်ငွေ စုစုပေါင်း (၂၄၅၀၀ိ/-) တပ်ရိုက်၍အဖွဲ့ရန်ပုံငွေသို့ ပေးသွင်းခဲ့ပါသည်။ ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ရွှေတစ်ချောင်းလမ်း၊ ပြည်-အောင်လံလမ်း၊ပြည်-ရန်ကုန်လမ်း၊ လမ်းမကြီးများနှင့်တစ်ဆက်တစ်စပ်တည်းရှိသောလမ်းများအား ကျူးကျော်ဆိုင်များ စစ်ဆေးတွေ့ရှိပါက ရှင်းလင်းဖယ်ရှားပြီး ကျူးကျော်ကြောင်း တိုင်ကြားစာများပေးပို့ တင်ပြလာပါကလည်း စစ်ဆေး၍ ကျူးကျော်များရှင်းလင်း ဖယ်ရှားဆောင်ရွက်လျှက်ရှိပါသည်။

ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊မြို့မိမြို့ဖများပူးပေါင်း၍ ပလက်ဖောင်း/ရေမြောင်းများ၌ ကျူးကျော်ဈေး ရောင်းခြင်းမရှိစေရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ပထမအဆင့်အနေဖြင့် ဗိုလ်ချုပ်လမ်းနှင့် သရဖီ လမ်းတွင် (၁၁. ၅. ၂၀၁၆)မှ (၂၉. ၅. ၂၀၁၆)အတွင်း (၈)ကြိမ်ကွင်းဆင်းစစ်ဆေးပညာပေးကြီးကြပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ဦးစံကျော်လမ်းနှင့်အောင်သုခလမ်းတို့အား (၉. ၆. ၂၀၁၆) (၁၆. ၆. ၂၀၁၆)၊ (၂၁. ၆. ၂၀၁၆)ရက်နေ့များတွင် ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ပညာပေး ကြီးကြပ်ခြင်းများဆောင်ရွက်ခဲ့ပါသည်။ ယခုဇူလိုင်လအတွင်း တတိယအဆင့်အနေဖြင့် ဘုရင့်နောင်လမ်းနှင့် တပင် ရွှေထီးလမ်းတို့အားလည်းကောင်း၊ စတုတ္ထအဆင့်အနေဖြင့် အောင်ဇေယျလမ်း၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းတို့အားလည်းကောင်း ကွင်းဆင်းစစ်ဆေးပညာပေး ကြီးကြပ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးကော်မတီနှင့်သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အဓိကလမ်းမကြီးလမ်းဘေးဝဲ/ယာကျူးကျော်များရှင်းလင်းဖယ်ရှားရာတွင် လိုက်နာမှုမရှိသော သစ်သီးဆိုင်အား ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေနှင့်အညီ တရားရုံးတွင် တရားစွဲဆို ဆောင်ရွက်ခဲ့ပါသည်။ ကျူးကျော်မှုများနှင့်ပတ်သက်၍ လမ်းဦးစီးဌာနပိုင် လမ်းနယ်နိမိတ်တွင် ကျူးကျော်ခြင်း

ဖြစ်ပါက လမ်းဦးစီးဌာနသို့လွှဲပြောင်းပေးပြီး ၎င်းဌာနမှတည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို၍ ကျူးကျော်များအား ရှင်းလင်းဖယ်ရှားပါကြောင်း တင်ပြအပ်ပါသည်။ဈေးကြီးဝန်းကျင်(၁၈လမ်း၊၁၉လမ်း၊လမ်း၂၀၊ မြို့မကျောင်းလမ်း)နှင့် ကုန်စိမ်းဈေးဝန်းကျင်(ညောင်ဝိုင်း ၁၄လမ်း၊၁၅လမ်း၊၁၆လမ်း၊၁၇လမ်း)တို့တွင် လည်းကောင်း၊ ကျူးကျော်ဈေးသည်များအားဖယ်ရှားခြင်း၊ သတ်မှတ်နေရာများတွင် ပုံမှန်ဈေးသည်များအား စနစ်တကျရောင်းချစေခြင်း များအားထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျှက်ရှိကြောင်း တင်ပြအပ်ပါသည်။

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပြီး ကျူးကျော်များပိတ်ဆို့ခြင်းမရှိစေရန် ရေနုတ်မြောင်းများတူးဖော် ဆောင်ရွက်၍ လမ်းဘေးကျူးကျော်ဈေးသည်များနှင့် လမ်းပိတ်ဆို့မှုများအား ရှင်းလင်းဆောင်ရွက်ခြင်း၊ မြို့နယ်၏အဓိကကျသော လမ်းမကြီးများ၊မြို့တွင်းလူစည်ကားရာလမ်းမများ၌ နေအိမ်များကျူးကျော် ဆောက်လုပ်ခြင်းများအား စနစ်တကျဖယ်ရှားရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်ရာတွင် ပထမအနေဖြင့် ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက်နှင့် (၆)လမ်းမြို့မဈေးကြီး ပတ်လည်တဝိုက်ရှိကျူးကျော်ဈေးသည်များနှင့် ရိပ်သာလမ်းနှင့်သုခလမ်းရှိကျူးကျော်ဈေးသည်များအား ကွင်းဆင်းစစ်ဆေး၍ အမည်စာရင်းများကောက်ယူပြီး နို့တစ်စာပို့၍ဖယ်ရှားရှင်းလင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ဖယ်ရှားခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ ကျူးကျော် ဈေးသည်(၂၀၀)ကျော်ခန့်အား စည်းကမ်းနှင့်အညီ ရှင်းလင်း ဖယ်ရှားခဲ့ရာ ဈေးသည်များမှလိုက်နာခဲ့ကြောင်း၊ လိုက်နာခြင်းမရှိသည့် ကျူးကျော်ဈေးသည်(၆၆)ဦးအား ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအရ တရားရုံးတွင် တရားစွဲဆိုခဲ့ရာ တရားရုံးမှ ဒဏ်ငွေ (၁၀၀၀ဝိ/-)မှ (၅၀၀၀ဝိ/-)ကြားတပ်ရိုက်ခဲ့ပါကြောင်း ကြပ်မတ်ဆောင်ရွက်ထားရှိမှုအခြေအနေအား တင်ပြအပ်ပါသည်။

ကျန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ် များအတွင်း ကျူးကျော်များရှင်းလင်းရေး ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ ပညာပေးကာလသတ်မှတ် ရှင်းလင်းခြင်း၊ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများဆောင်ရွက်ပါကြောင်းတင်ပြအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)တွင် တန်ဖိုးနည်း အထပ်မြင့် အိမ်ရာများ ဆောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့များတွင် ကျူးကျော်ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းရန် စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပြီး မြို့ကြီးများတွင် တန်ဖိုးနည်း အထပ်မြင့် အိမ်ရာများ

ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းနှင့် စပ်လျဉ်း၍ မြို့ပြစီမံကိန်းရေးဆွဲရာတွင် -

- ဇုန်များခွဲခြားသတ်မှတ်ခြင်း
- မြေအသုံးချပုံ
- လမ်းအမျိုးအစားနှင့်ဖွဲ့စည်းမှု
- လူမှုရေးနှင့်စီးပွားရေးအခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုဆိုင်ရာ အသုံးပြုမှုများနှင့် လေဟာပြင်ကွက်လပ်များ
- အခြားအရေးပါသောစီမံကိန်းရေးဆွဲခြင်းဆိုင်ရာကန့်သတ်ချက်များ
- အမွေအနှစ်များနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး
- ကျန်းမာရေးနှင့်ညီညွတ်သော အိမ်ရာပတ်ဝန်းကျင်စသော အခြေခံအချက်အလက်များအပေါ် တွင်မူတည်၍ ထည့်သွင်းစဉ်းစားပါသည်။ မြေအသုံးချမှုဟုဆိုရာတွင် အကြမ်းဖျဉ်းအားဖြင့် မြို့ကွက်ပုံစံတစ်ခုတွင် လူနေ(၃၅%)၊ စီးပွားရေး၊ ရုံးနှင့်အုပ်ချုပ်မှုဆိုင်ရာ(၁၅%)၊ လမ်း အသုံးပြုမှု(၃၅%)၊ အပန်းဖြေမှုနှင့် အခြားအသုံးချမှု(၁၅%)ပါဝင်ပါသည်။

မြို့များ၏သန့်ရှင်းလှပရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်သော မြို့ကွက်သစ်များ၊ ကျောင်းများ၊ ပန်းခြံများ ပါဝင်နိုင်ရေးအတွက် အထက်ပါအတိုင်းစနစ်တကျဇုန်များသတ်မှတ်၍ စီမံကိန်းများရေးဆွဲ လျာထား ရမည်ဖြစ်ပါသည်။

မြို့ကြီးများတွင် လူဦးရေထူထပ်တိုးပွားလာမှု၏ နောက်ဆက်တွဲပြဿနာဖြစ်သော အိမ်ရာ လိုအပ်ချက်များအား ဖြေရှင်းနိုင်ရန်မှာ ဦးစွာ၎င်းတို့၏ ဝင်ငွေအဆင့်အတန်းအလိုက် သင့်လျော်သော အိမ်ရာများ ဖန်တီးပေးနိုင်ရန်လိုအပ်ပါသည်။ ဆိုလိုသည်မှာ အိမ်ငှားနေထိုင်ရန် တတ်နိုင်သော လူတန်းစား များအတွက် အငှားအိမ်ရာ၊ ဝယ်ယူနိုင်စွမ်းရှိသူများအတွက် တန်ဖိုးနည်းအိမ်ရာ၊ တန်ဖိုး သင့်အိမ်ရာများ ဖန်တီးဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါသည်။ ထိုနည်းတူ ၎င်းတို့၏ ဝင်ငွေမြင့်မားစေရန် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ကိစ္စသည်လည်း အရေးကြီးကဏ္ဍမှ ပါဝင်နေပါသည်။

မြို့ပြနှင့်အိမ်ရာများဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းပေး နိုင်ရန်မှာ မြေနေရာလိုအပ်ချက်နှင့်သက်ဆိုင်ရာ တိုင်း/ပြည်နယ်များ၏ အိမ်ရာလိုအပ်ချက်အရ ဖြည့်ဆည်း ပေးနိုင်မည့် ဘတ်ဂျက်လျာထားချက်ပေါ်တွင် မူတည်ပါသည်။ ယခုလက်ရှိတွင်လည်း တိုင်း/ ပြည်နယ် များတွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေပြီး အိမ်ရာလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက် နေပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နေအိမ်များလုံလောက်မှုရှိစေရန် တန်ဖိုးနည်းအထပ်မြင့်အိမ်ရာများ ဆောက်လုပ်ဆဲဖြစ်ပြီး မြေနေရာနှင့် ရရှိနိုင်မည့်ဘတ်ဂျက်ပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၁) **"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော စိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအရောက်ချေးပေးသောပုံစံပြောင်းလဲလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအရောက် တောင်သူများအား ချေးပေးရန်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားရာတွင် အစည်းအဝေးမှတ်တမ်း၊ မြန်မာ့လယ်ဖွံ့ဖြိုးရေးဘဏ်က ချေးငွေမူစနစ် အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)အရ ညွှန်ကြားထားပါကြောင်း၊ အမိန့်ညွှန်ကြားချက်များသည် ကျောက်တုံး ကျောက်ခဲများပေါ်တွင် ရေးသားထားသည်မှာ တစ်ခုမှမရှိပါကြောင်း၊ ပြည်သူလူထုအကျိုးကို မပြုတော့လျှင် ခေတ်ကာလနှင့် မလျော်ညီတော့ဟုယူဆလျှင် အချိန်မရွေး ပယ်ဖျက်နိုင်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ပြည်သူတွေ ကြုံတွေ့နေရသော အခက်အခဲကို အတတ်နိုင်ဆုံး ပြေလည်အောင် ဖြေရှင်းပေးရန် တာဝန်ရှိကြောင်း၊ ပြည်သူအများကယုံကြည်စွာ အခွင့်အာဏာ ပေးအပ်ထားသည့် အလျောက် ပြည်သူများအား ယခုကဲ့သို့ စိုက်ဘဏ်ချေးငွေကို ဘဏ်အရောက် လာရောက်ချေးယူရသည့်အတွက် တောင်သူများမှာ မလိုလားအပ်သည့် ပြဿနာများဖြစ်နေရပြီး အချိန်နှင့်ငွေများဆုံးရှုံးနေရသည့်အပြင် စိုက်ဘဏ်ဝန်ထမ်းဦးရေ မလုံလောက်မှုနှင့် ဝန်ထမ်းများ၏ ဝန်ဆောင်မှုညံ့ဖျင်းမှုကြောင့် စိတ်ဒုက္ခများစွာ ရောက်နေရပါကြောင်း၊ တောင်သူများ၏ ငွေကြေးကုန်ကျစရိတ်များမှာ ဥပမာအားဖြင့် တောင်သူတစ်ယောက်သည် မိမိရွာမှ စိုက်ဘဏ်သို့လာရာတွင် ခရီးစရိတ်၊ ထမင်းစရိတ်(၂၀၀၀/-)ကုန်လျှင် ပြည်မြို့တစ်မြို့တည်းမှာ စိုက်ဘဏ်ချေးငွေ ချေးယူသူ တစ်သောင်းကျော်ရှိ၍ စိုက်ဘဏ်တစ်ခုထုတ်လျှင် သိန်း(၂၀၀)ကျော်ကုန်ကျပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် (၂၈)မြို့နယ်ရှိ၍အနည်းဆုံးသိန်း(၆၀၀၀)ကျော်ရှိကြောင်း၊ ယခုအချိန်တောင်သူများအား ကျေးရွာအရောက်ချေးသည့် မြစိမ်းရောင်၊ သမချေးငွေတို့အား ရတိဖြတ်ချေးငွေကဲ့သို့ ချေးနေသည်မှာ ပြဿနာတစ်စုံတစ်ရာမရှိဘဲ ချေးနိုင်သည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံသည့်အခါ ပြည်သူ့အတွက် အကျိုးရှိမည့် လုပ်ငန်းများကို လုပ်ဆောင်ကြရန်နှင့် ကိုယ်လုပ်သည့် အလုပ်ကို ကိုယ်တာဝန်ယူရန်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ၇၀%ရှိ တောင်သူလယ်သမားအကျိုးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်သူလူထုအတွက် အဓိကအားဖြင့် တောင်သူလယ်သမားများအတွက် ပြုလုပ်ပေးချင်စိတ်ရှိလျှင် ယခုကိစ္စသည်လွယ်လွယ်ကူကူ အကောင်အထည်ဖော်နိုင်မည့်ကိစ္စဖြစ်သည့်အတွက် တိုက်တွန်းမေးမြန်းရခြင်းဖြစ်ကြောင်း၊ ညွှန်ကြားစာ တစ်စောင်ရှိခဲ့ဘူးသည်ကို ထောက်ပြပြီးငြင်းဆန်ခဲ့မည်ဆိုပါက ယခုအချိန်အခါ ပြည်သူကရွေးချယ်ထားသည့်အတွက် ပြည်သူအကျိုးကို လေးလေးစားစား လုပ်ဆောင်ပေးရန်ဖြစ်ကြောင်း ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ဇေယျထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျမေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးချေးငွေများသည် ပြည်ထောင်စုလွှတ်တော်မှ မိမိ၏နိုင်ငံတော်မှာ ရှိသည့် တောင်သူလယ်သမားများအား မည်၍မည်မျှချေးမည်ဆိုပြီး ပထမဦးစွာ အတည်ပြုသတ်မှတ်ပေး ရကြောင်း၊ ၎င်းအပေါ်မှာ ချေးမည့်မူစနစ်များကို ပြည်ထောင်စုဝန်ကြီးဌာနမှ ချမှတ်ထားပါကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ချေးငွေမူစနစ်နှင့်အညီ စည်းကမ်းသတ်မှတ်ချက်များကို သီးသန့်ပြဋ္ဌာန်းပြီး ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်မှာလည်း တောင်သူတစ်ယောက်ကို မည်၍မည်မျှ ချေးပေးမည်ဟု အတည်ပြုချက်မျိုးကို အတည်ပြုပေးသည်မှာ မရှိသေးကြောင်း၊ စိုက်ပျိုးရေးချေးငွေများသည် ပြည်ထောင်စုအစိုးရက ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးတို့နှင့် ဆွေးနွေးတိုင်ပင်ပြီး မည်၍မည်မျှချေးမည်ကို အတည်ပြုပြဋ္ဌာန်းပေးပြီးမှ ဘဏ်ချေးငွေမူစနစ်ကို အစိုးရထံ တင်ပြခြင်းဖြစ်ပါကြောင်း၊ ဘဏ္ဍာချေးငွေမူဝါဒစနစ်နှင့်ပတ်သက်ပြီး ဘဏ်ချေးငွေကာလအတွင်း ချေးနိုင်မှုစနစ်ကို အစိုးရမှ ချေးမည့်မူဝါဒနှင့် ချေးပေးခြင်းဖြစ်ကြောင်း၊ လက်ရှိချေးငွေကာလအတွင်းမှာ လူထုနှင့်သဟဇာတ မဖြစ်သည့် မူစနစ်များကို ပြန်လည်ပြုပြင်မည်ဆိုပါက ပြည်ထောင်စုအစိုးရကိုသာ ပြုပြင်ပြောင်းလဲမှုအား တိုက်တွန်းသွားရန် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့်လည်း ဘဏ်ချေးငွေ စည်ကမ်းသတ်မှတ်ချက် များနှင့်ပတ်သက်ပြီး ပြန်လည်ပြီးပြည်ထောင်စုအစိုးရထံ တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဆက်စပ်မေးခွန်းအား ဖြေကြားပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ နေ့လယ်ပိုင်းအား (၁၃း၃၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့နံနက်ပိုင်းကို (၁၂း၂၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဥ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပဉ္စမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဇီးကုန်းမြို့၊ လေးမျက်နှာကျေးရွာ၊ ချောင်းနားရပ်တွင် ဘော်ဘင်ချောင်း ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဇီးကုန်းမြို့၊ ကန္တလီကျေးရွာတွင် ဘော်ဘင်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ဇီးကုန်းမြို့ ကျေးလက်မီးလင်းရေးကဏ္ဍအတွက် Authentic Co,ltd ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ကျေးရွာလူထုမှ ကြိုတင်စိုက်ထုတ်ထားသော ဓါတ်တိုင်(၈၄)တိုင်ဖိုးအား သပြေစိန်ကျေးရွာပါ(၅)ရွာအား မည်သည့်အချိန်တွင် ပြန်လည်ပေးဆပ်မည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ လေးမျက်နှာကျေးရွာ၊ ချောင်းနားရပ်တွင် ဘော်ဘင်ချောင်းရေ တိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ လူနေအိမ်ခြေများနှင့် အလွန်နီးကပ်စွာ ရောက်ရှိနေပြီး အန္တရာယ်ရှိပါသဖြင့် ယခုနှစ်မှာ ကာကွယ်မတားဆီးနိုင်ပါက လူနေအိမ်ခြေများ ပျက်စီးမည့်အခြေအနေ ရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ကန္တလီကျေးရွာတွင် ဘော်ဘင်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါး ပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ လူနေအိမ်ခြေများနှင့် အလွန်နီးကပ်စွာ ရောက်ရှိနေပြီး အန္တရာယ်ရှိပါသဖြင့် ယခုနှစ်မှ ကာကွယ်မတားဆီးနိုင်ပါက ကျေးရွာနှင့် လူနေအိမ်ခြေများ ပျောက်ဆုံး၊ ပျက်စီးမည့် အခြေအနေသို့ ရောက်ရှိလာနိုင်ပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့ ကျေးလက်မီးလင်းရေးကဏ္ဍအတွက် ၂၀၁၅-၂၀၁၆ ပြည်ထောင်စုအစိုးရ ရန်ပုံငွေမှ ကျေးရွာ (၁၈)ရွာအား ၁၁ကေဗွီလိုင်းဆွဲခြင်း၊ ထရန်စဖော်မာ တပ်ဆင်ခြင်းများ တည်ဆောက်ပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းအား Authentic Co,Ltd ကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်ခဲ့ပါသည်။

တည်ဆောက်မှုမြန်စေရန်အတွက် ကျေးရွာလူထုမှ ၁၀ မီတာ ဓါတ်တိုင်များကို ကြိုတင်ဝယ်ယူ စိုက်ထူပေးခဲ့ပါသည်။ ယခုအခါ ၎င်းကုမ္ပဏီသည် တည်ဆောက်ခများ အပြည့်အဝရရှိပြီးသော်လည်း ကျေးရွာလူထုမှ ကြိုတင်စိုက်ထုတ်ထားသော ဓါတ်တိုင်ဖိုးများ အချို့ကျေးရွာများကို ပြန်လည်ပေးဆောင်ပြီး ဖြစ်သော်လည်း အောက်ဖော်ပြပါ ကျေးရွာများဖြစ်သော-

- သပြေစိန်ကျေးရွာ (၁၂)တိုင်
- အုတ်ဖိုရွာ (၁၀)တိုင်
- ကွဲကွင်းရွာ (၁၃)တိုင်
- ဘုရားပျံရွာ (၁၂)တိုင်
- တမံကြီးရွာ (၃၇)တိုင် စုစုပေါင်း(၈၄)တိုင်ဖိုးကျန်ရှိနေပါသဖြင့် မည်သည့်အချိန်တွင် ၎င်းဓါတ်တိုင်ဖိုးများအား ပြန်လည်ပေးဆပ်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဦးထူးခိုင်မေးမြန်းသည့် မေးခွန်း(၃)ခုတို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဇီးကုန်းမြို့၊ လေးမျက်နှာကျေးရွာ၊ ချောင်းနားရပ်တွင် ဘော်ဘင်ချောင်း ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ လေးမျက်နှာကျေးရွာ၊ ချောင်းနားရပ်တွင် ဘော်ဘင်ချောင်း ရေတိုက်စား မှုကြောင့် ချောင်းကမ်းပါး ပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ လူနေအိမ်ခြေများနှင့် အလွန်နီးကပ်စွာ ရောက်ရှိနေပြီး အန္တရာယ်ရှိပါသဖြင့် ယခုနှစ်မှာ ကာကွယ်မတားဆီးနိုင်ပါက ကျေးရွာနှင့် လူနေအိမ်ခြေများ ပျောက်ဆုံးပျက်စီးမည့်အခြေအနေသို့ ရောက်ရှိလာနိုင်ပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် ကွင်းဆင်း စစ်ဆေးကာ လုပ်ငန်းအစီအမံများရေးဆွဲပြီး ရန်ပုံငွေရရှိရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဇီးကုန်းမြို့၊ ကန္တလီကျေးရွာတွင် ဘော်ဘင်ချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါး ပြိုကျလာမှုမှာ ပေ(၁၀၀၀)ခန့်ရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ ကန္တလီ ကျေးရွာတွင် ဘော်ဘင်ချောင်း ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျမှုမှာ ပေ(၁၀၀၀)ခန့်ရှိ လူနေ အိမ်ခြေများနှင့် အလွန်နီးကပ်စွာရောက်ရှိနေပြီး အန္တရာယ်ရှိပါသဖြင့် ယခုနှစ်မှာ ကာကွယ်မတားဆီးနိုင်ပါက ကျေးရွာနှင့် လူနေအိမ်ခြေများ ပျောက်ဆုံးပျက်စီးမည့်အခြေအနေသို့ ရောက်ရှိလာနိုင်ပါသဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ဤဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီတွင် ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းအစီအမံများရေးဆွဲပြီး ရန်ပုံငွေရရှိရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ဇီးကုန်းမြို့ ကျေးလက်မီးလင်းရေးကဏ္ဍအတွက် Authentic Co,ltd ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ကျေးရွာလူထုမှ ကြိုတင်စိုက်ထုတ်ထားသော ဓါတ်တိုင် (၈၄)တိုင်ဖိုးအား သပြေစိန်ကျေးရွာပါ(၅)ရွာအား မည်သည့်အချိန်တွင် ပြန်လည်ပေးဆပ်မည်ကို သိရှိလိုပါကြောင်း" မေးခွန်းနှင့် စပ်လျဉ်း၍ ဖော်ပြပါ ရွာ(၅)ရွာအနက် ဘုရားပျိုရွာသည် Authentic Co,ltd ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့သော ကျေးရွာမီးလင်းရေးစာရင်းတွင် မပါရှိပါ။ ၁၀မီတာ ကွန်ကရစ်တိုင်များမှာ ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်မှ တာဝန်ယူ တင်ဒါခေါ်ခဲ့သော ပစ္စည်းများ ဖြစ်ပါ၍ ရုံးချုပ်သို့ ဆက်သွယ်မေးမြန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအမှတ်စဉ်(၃)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးထူးခိုင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၃) **"ဇီးကုန်းမြို့ ကျေးလက်မီးလင်းရေးကဏ္ဍအတွက် Authentic Co,ltd ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ရာ ကျေးရွာလူထုမှ ကြိုတင်စိုက်ထုတ်ထားသော ဓါတ်တိုင် (၈၄)တိုင်ဖိုးအား သပြေစိန်ကျေးရွာပါ(၅)ရွာအား မည်သည့်အချိန်တွင် ပြန်လည်ပေးဆပ်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ သပြေစိန်ကျေးရွာလူထုမှ စိုက်ထုထားသော ဓါတ်တိုင်များသည်

မည်သူ့ထံတွင် တာဝန်ရှိသည်ကို သိချင်ပါကြောင်းနှင့် သပြေစိန်ကျေးရွာပါ(၅)ရွာအား ရုံးချုပ်က မည်သည့် အချိန်၊ မည်သည့်ကာလတွင် ဓါတ်တိုင်ဖိုးများအား ပြန်လည်ပေးဆပ်မည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးထူးခိုင်ထပ်မံမေးမြန်းထားသော မေးခွန်းအမှတ်စဉ်(၃) ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဇီးကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ လက်ရှိကျေးရွာ(၅)ရွာနှင့် ဘုရားပျိုကျေးရွာသည် နေပြည်တော်မှ တာဝန်ယူသည့် ရွာမဟုတ်ကြောင်းကို သိရှိထားကြောင်း၊ နေပြည်တော်မှ တာဝန်ယူသောပစ္စည်းများသည် ၁၀လီတာ ကွန်ကရစ်တိုင်များဖြစ်ပါကြောင်း၊ ယင်း ၁၀လီတာ ကွန်ကရစ်တိုင်များသည် နေပြည်တော်မှ ပေးသော ဓါတ်တိုင်များဖြစ်ပါကြောင်း၊ သို့အတွက် နေပြည်တော်နှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပြီး လတ်တလောအခြေအနေတွင် တိုင်များလိုချင်ပါက ပေးရန်ရှိပြီး ငွေကြေးကိုလိုချင်ပါက ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ခ. မ. ရ(၄)နှင့် ခ. မ. ရ(၅)တို့မှ စွန့်လွှတ်ရန်ကျန်ရှိနေသော လယ်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“နတ်တလင်းမြို့နယ်၊ ကွင်းကျယ် တိုက်နယ်ဆေးရုံအတွက် တာဝန်ခံဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၏ အရှေ့ဘက် ဒမငယ်သစ်ချိုကြိုး လယ်မြေများတွင် တပ်မ(၆၆)၊ ခ. မ. ရ(၄) အင်းမတပ်မှ လယ်သမား(၁၃)ဦးပိုင်သော လယ်ဧက (၁၀၀)အား ၂၀၁၃ခုနှစ်တွင် တပ်မှ အသုံးမလိုတော့သော လယ်မြေများပြန်လည်စွန့်လွှတ်ရာ ဧက (၆၀)သာစွန့်လွှတ်၍ ဧက(၄၀)ကိုမစွန့်လွှတ်ပဲ လယ်သမားများအား သီးစားချထားပါသည်။ သို့ အတွက်ကြောင့် လယ်သမားများအချင်းချင်းအဆင်မပြေမှု ရှိကြပါသည်။

ထို့အတူ ပဲမခမ်းကျေးရွာအုပ်စု၊ ကြပ်ကြီးကြိုးဝိုင်းအတွင်းတွင်လည်း ခ. မ. ရ (၅) ခြေမြန်တပ်ရင်းမှ သိမ်းထားသော လယ်မြေ(၈၈. ၇၄)ဧကအနက် ၂၀၁၃ခုနှစ်တွင် (၆၃. ၇၄)ဧကကို လက်ရှိသီးစား လုပ်ကိုင်နေသော တောင်သူများအား ပြန်လည်စွန့်လွှတ်ခဲ့ရာ(၂၅)ဧက စွန့်လွှတ်ရန် ကျန်ရှိနေပါသည်။

ထို့ကြောင့် အထက်ပါ ခ. မ. ရ (၄)နှင့် ခ. မ. ရ(၅)တို့မှ လယ်မြေများအားလုံး မစွန့်လွှတ်သည့်အတွက် လုပ်ကိုင်နေသော တောင်သူများအချင်းချင်းမကျေနပ်မှုများဖြစ်ပြီး တောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလတ်မှတ် ပုံစံ(၇)မရရှိကြသည့်အတွက် စိုက်ပျိုးစရိတ်ချေးငွေများလည်း ထုတ်ယူသုံးစွဲခွင့်မရရှိကြပါ။

ထိုသို့ တောင်သူများအနေဖြင့် ပြဿနာအခက်အခဲများကြုံတွေ့နေရသည့်အတွက် ခ. မ. ရ (၄)နှင့် ခ. မ. ရ(၅)တို့မှ စွန့်လွှတ်ရန်ကျန်ရှိနေသော လယ်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီ အစဉ်ရှိ/မရှိ သိလိုပါ၍ မေးမြန်းခြင်းအား ခွင့်ပြုပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ နတ်တလင်းမြို့နယ်၌ တောင်ညိုဆည်တည်ဆောက်ရာတွင် ရေမြုပ်ဧရိယာမှ ပြောင်းရွှေ့လာသော တောင်ညိုမြို့သစ်တွင် ကွင်းကျယ်တိုက်နယ်ဆေးရုံသည် နတ်တလင်းမြို့နှင့် (၁၁)မိုင်ခန့်အကွာ တွင် တည်ရှိပါသည်။ ၎င်းတိုက်နယ်ဆေးရုံအား တောင်ညိုမြို့သစ် (၅)အုပ်စုအပါအဝင် ဆီဆုံကုန်းအုပ်စု၊ စောင်းဝှက်အုပ်စု၊ လက်ပံပင်အုပ်စုတို့မှ ပြည်သူများကျန်းမာရေးအတွက် မှီခိုအားထားနေရသော ဆေးရုံဖြစ်ပါသည်။

ဆေးရုံ၏ တာဝန်ခံဆရာဝန်မှ (၁. ၂. ၂၀၁၆) ရက်နေ့မှစ၍ အခြားဒေသသို့ပြောင်းရွှေ့သွားရာ ယနေ့အထိ ဆရာဝန်အစားထိုးရောက်ရှိခြင်းမရှိပေ။ ကျန်းမာရေးချို့တဲ့ ပြည်သူများအနေဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသရန်မှာ ခရီးဝေးကွာသည့်အခက်အခဲနှင့် ခရီးလမ်း ကြမ်းတမ်းသည့် အခက်အခဲများကြောင့် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် များစွာ ဒုက္ခရောက်ကြရပါသည်။ ထို့ကြောင့် ၎င်းတိုက်နယ်ဆေးရုံတွင် ဆရာဝန်တစ်ဦးမရှိမဖြစ်အမှန်တကယ် လိုအပ်နေပါသည်။

သို့အတွက်ကြောင့် နတ်တလင်းမြို့နယ်၊ ကွင်းကျယ်တိုက်နယ်ဆေးရုံအတွက် တာဝန်ခံဆရာဝန် တစ်ဦးခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါ၍ မေးမြန်းခြင်းအား ခွင့်ပြုပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ခ. မ. ရ(၄)နှင့် ခ. မ. ရ(၅)တို့မှ စွန့်လွှတ်ရန်ကျန်ရှိနေသော လယ်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့နယ်၏ အရှေ့ဘက်ဒမငယ်သစ်ချိုကြိုးဝိုင်း မြေဧရိယာ(၃၁၁၁)ဧကကို (၁. ၄. ၁၉၉၂) ရက်စွဲပါစာအမှတ်-၇၇/၉၂ဖြင့် သစ်တောကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ထားပြီး အဆိုပါ ဒမငယ်သစ်ချိုကြိုး ဝိုင်းလယ်မြေများအတွင်း တပ်မ(၆၆)၊ ခ. မ. ရ(၄)အင်းမတပ်မှ

လယ်သမား(၁၃)ဦးပိုင်ဆိုင်သော လယ်ဧက(၁၀၀)အနက် ၂၀၁၃ခုနှစ်တွင် တပ်မအသုံးမလိုတော့သော လယ်မြေဧက(၆၀)ကို ပြန်လည်စွန့်လွှတ်ကာ တောင်သူ(၁၅)ဦးအား ခွဲဝေပေးပြီး လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ(၇)ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ စွန့်လွှတ်ခြင်းမရှိ သောမြေ(၄၀)ဧကအား ခ. မ. ရ(၄)မှ တောင်သူ(၂)ဦးကို သီးစားချထားရာကျန်တောင်သူများမှ မကျေမနပ် ဖြစ်ရခြင်းဖြစ်ပါသည်။

ပဲမခမ်းကျေးရွာအုပ်စု၊ ကြပ်ကြီးကြိုးဝိုင်းမြေဧရိယာ(၁၅၁၉)ဧကကို (၉. ၇. ၁၉၉၂)ရက်စွဲပါစာ အမှတ်-၁၈၂/၉၂ဖြင့် ကြိုးဝိုင်းမြေအဖြစ်မှ ပယ်ဖျက်ထားပြီး အဆိုပါပယ်ဖျက်ထားပြီးမြေအတွင်း ခ. မ. ရ(၅) ခြေမြန်တပ်ရင်းမှ (၈၈. ၇၄)ဧက အနက် (၆၁. ၇၄)ဧကကို စွန့်လွှတ်ရာတွင် တောင်သူ(၃၅)ဦးအနက် (၁)ဦးသာ မိမိရပိုင်ခွင့်ကို တောင်းခံ၍ ပုံစံ(၇)ရယူခဲ့ပြီး၊ ကျန်(၃၄)ဦးမှာ သိမ်းဆည်းထားသည့်မြေ (၈၈. ၇၄)ဧကလုံး စွန့်လွှတ်မှသာရယူမည်ဖြစ်သည့်အတွက် (၃၄)ဦးအား ပုံစံ(၇)ထုတ်မပေးနိုင်ခဲ့ပါ။ အဆိုပါတောင်သူ(၃၄)ဦး အနေဖြင့် စွန့်လွှတ်ထားသည့် ဧကကိုပထမအဆင့်အနေဖြင့် ပုံစံ(၇)ရရှိရေး လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်ဧကများကို သက်ဆိုင်ရာ ခ. မ. ရ (၅)ခြေမြန်တပ်ရင်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

အဆိုပါတောင်သူ(၃၄)မှာ သိမ်းဆည်းထားသည့်မြေ(၈၈. ၇၄)ဧကလုံး စွန့်လွှတ်မှသာ ရယူမည် ဖြစ်သည့်အတွက် ပုံစံ(၇)ရယူခြင်းမရှိ၍ စိုက်ပျိုးစရိတ်ထုတ်ယူခြင်းကို စိုက်ဘဏ်မှ ခွင့်ပြုခြင်းမရှိခဲ့ပါကြောင်းနှင့် စွန့်လွှတ်မြေများကို ရယူပြီး ပုံစံ(၁)လျှောက်ထားပါက ပုံစံ(၇)ဆက်လက်ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် စွန့်လွှတ်ခြင်းမရှိသောမြေကို ပုံစံ(၇)ထုတ်၍ မရရှိနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ကျော်နိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "နတ်တလင်းမြို့နယ်၊ ကွင်းကျယ် တိုက်နယ်ဆေးရုံအတွက် တာဝန်ခံဆရာဝန်တစ်ဦး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ နတ္တလင်းမြို့နယ် အတွင်းရှိ ကွင်းကျယ်တိုက်နယ်ဆေးရုံအတွက် လိုအပ်သောတာဝန်ခံ ဆရာဝန်(၁)ဦးကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းခံပေးမည်ဖြစ်ပါသည်။လက်ရှိအဆင်ပြေရန် နတ္တလင်းမြို့နယ် ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန်(၆)ဦးအား (၂)ပတ်လျှင်(၁)ဦး အလှည့်ကျတာဝန်ချထားပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ကျော်နိုင်၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၁) **"ခ. မ. ရ(၄)နှင့် ခ. မ. ရ(၅)တို့မှ စွန့်လွှတ်ရန်ကျန်ရှိနေသော လယ်မြေများအား ပြန်လည်စွန့်လွှတ်ရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ စွန့်လွှတ်ရန်သာအဓိကဖြစ်ကြောင်း၊ ခမရ(၅)တွင် မစွန့်လွှတ်သောမြေ (၂၅)ဧကခန့်ရှိပြီး အခကြေးငွေတောင်းခံခြင်းလည်းမရှိ လာရောက်လုပ်ကိုင်ခြင်းလည်း မရှိသည်မှာ (၁၀)နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ (၆၃. ၇၄)ဧကတွင်ပါရှိသည့် လယ်သမားများသည် (၂၅)ဧက ပုံစံ(၇)ထုတ်၍ရပြီးဖြစ်ပြီး၊ ကျန်ရှိနေသည့်(၂၅)ဧကကို ပုံစံ(၇)ထုတ်၍ မရသေးကြောင်း(၆၃. ၇၄)ဧကတွင် ပါရှိသည့် လယ်သမားများသည် (၂၅)ဧကတွင် ပါဝင်သည့် လယ်သမားများကို ပြန်လည်ခွဲဝေပေးခြင်း မရှိသည့်အတွက် ပြဿနာ အခက်အခဲရှိကြောင်း၊ လယ်သမားအချင်းချင်းလည်း ပြဿနာရှိကြောင်း၊ စွန့်လွှတ်မှသာ ပုံစံ(၇)ထုတ်၍ ရမှာဖြစ်ကြောင်း၊ခမရ(၄)၊ ခမရ(၅)တို့နှင့် ယခုသိမ်းဆည်းထားသည့် လယ်မြေများသည် မိုင်(၂၀)ကွာဝေးပြီး ခမရ(၄)မှ မစွန့်လွှတ်သည့်မြေ (၄၀)ဧက ရှိပြီး လယ်သမား(၁)ဦးတည်းကို ဦးစားပေး လုပ်ခိုင်းခြင်း၊ ကျန်တောင်သူလယ်သမားများကိုလည်း မျှမျှတတသီးစားချ လုပ်ခိုင်းခြင်းလည်း မရှိကြောင်း၊ လယ်မြေ(၂၅)ဧကနှင့် ဧက(၄၀)ကို ပြန်လည်စွန့်လွှတ်ပေးလျှင် အားလုံးပြဿနာများပြေလည်သွားမည် ဖြစ်ကြောင်း ထပ်လောင်းဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးကျော်ကျော်နိုင်ထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင် မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ခမရ(၄)နှင့် ခမရ(၅)မှာ စွန့်လွှတ်ရန် ကျန်ရှိမြေများကို ပြန်လည်စွန့်လွှတ်ဖို့ အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရက သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်၍ ဖွဲ့စည်းအတည်ပြုထားပြီးဖြစ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ခရိုင်၊ မြို့နယ်အဆင့်ဆင့်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်၍ ဖွဲ့စည်းထားကြောင်းကို ကိုယ်စားလှယ်များ သိရှိပြီးဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေများ ပြန်လည်စိစစ်ပြီးသောအခါ မြေယာစွန့်လွှတ်မှုနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်မှ ကိုင်တွယ်ပြီး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်အထိ တည့်မတ်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအေးဝင်း၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“မိုးညှင်းမြို့နယ်၊ ဆင်မနိုင်တိုက်နယ်၊ ဆင်ခေါင်းကျေးရွာရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ဓါတ်မှန်စက်၊ ရေသန့်စက် တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“မိုးညှင်းမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော ကရင်ချောင်ရွာ အခြေခံပညာမူလတန်းကျောင်းပါ(၃)ကျောင်းအား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာ ကုမ္ပဏီများက အမြန်ဆုံး လာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **“မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆရာဝန်အင်အားဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်ရှိ မြို့နယ် ဆင်မနိုင်တိုက်နယ်၊ ဆင်ခေါင်းကျေးရွာရှိ ကုတင်(၁၆)လုံးဆန့်တိုက်နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ဓါတ်မှန်စက်၊ ရေသန့်စက်များ တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်

မိုးညှင်းမြို့နယ်ဆင်မနိုင်တိုက်နယ်၊ ဆင်ခေါင်းကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံသည် မိုးညှင်း ရေခင်း၊ တာပွန်၊ နတ်တလင်း၊ လမ်းဘေးတွင် တည်ရှိပါသည်။ ယခင်နှစ်က နိုင်ငံတော်မှ ကျပ်သိန်းပေါင်း (၆၀၀၀)ဖြင့် တည်ဆောက်ပေးခဲ့ပါသည်။ အဆိုပါတိုက်နယ်ဆေးရုံသည် ဆင်မနိုင်နယ်မြေရှိ ကျေးရွာအုပ်စုပေါင်း (၁၁)အုပ်စုနှင့် ကျေးရွာပေါင်း(၆၇)ရွာရှိ ကျေးလက်နေပြည်သူအများ မှီခိုအားထားနေရသော ဆေးရုံ ဖြစ်ပါသည်။ ၎င်းဆေးရုံတွင် လက်ရှိဝန်ထမ်းအင်အား စာရင်းအရ ဆရာဝန်တစ်ဦး အထက်တန်းသူနာပြု တစ်ဦးနှင့် သူနာပြုဆရာမ(၁)ဦးသာရှိပါသည်။

သို့ဖြစ်ပါ၍ လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းလက်ထောက်ဆရာဝန်(၁)ဦး အထက်တန်း သူနာပြု(၁)ဦး၊ သူနာပြု(၃)ဦးနှင့် ဆေးရုံသုံးဖြစ်သော ဓါတ်မှန်စက်၊ ရေသန့်စက်တို့ လိုအပ်နေပါသဖြင့် တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့် ဆောင်ရွက်မပေးနိုင်ကြောင်းကို တိကျစွာ ပြန်လည်ရှင်းလင်းပေးစေလိုပါသည်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော အောက်ပါ စာသင်ကျောင်းများအား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံးလာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက်ပြင်ဆင်ခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုကို ကာကွယ်ရန်အလို့ငှာ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ။

- ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (Regal) ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့သော ကရင်ချောင်ရွာအခြေခံပညာမူလတန်းလွန်ကျောင်း။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆန်မြတ်ထွန်းကုမ္ပဏီကတာဝန်ယူ ဆောက်လုပ်ခဲ့သော အ. မ. က အောက်အိုင်ကြီးကျောင်း။
- ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထက်စံအောင်ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့သော အ. မ. က ဂုန်ညင်းတန်းကျောင်း တို့အားပြန်လည်ပြင်ဆင်ပေးရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ပဲခူးတိုင်းဒေသကြီး၊ မိုးညှင်းမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ မြို့နယ်ဆရာဝန်ကြီးတစ်ဦးနှင့် လက်ထောက်ဆရာဝန်(၄)ဦး ရှိရမည်ဖြစ်ပါသည်။ သို့သော် မိုးညှင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်ဆရာဝန်ကြီး(၁)ဦးနှင့် လက်ထောက်ဆရာဝန်(၂)ဦးသာရှိပါသည်။ ယခုလက်ရှိလက်ထောက်ဆရာဝန်(၂)ဦးအနက် (၁)ဦးမှာ သင်တန်းတက်နေသည်မှာ (၁)နှစ်ခန့် ရှိပါသည်။ ကျန်(၁)ဦးမှာ အပြောင်းအရွှေ့တင်ထားပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းအင်အားဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါ သည်။

**ဥက္ကဋ္ဌ။** ။ ဦးအေးဝင်းမေးမြန်းသည့် မေးခွန်း (၃)ခုအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ ဦးအေးဝင်း၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "မိုးညှင်းမြို့နယ်၊ ဆင်မနိုင်တိုက်နယ်၊ ဆင်ခေါင်းကျေးရွာရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ် ပြည်သူ့ဆေးရုံတွင် လိုအပ်လျှက်ရှိသော ကျန်းမာရေးဝန်ထမ်း၊ ဓါတ်မှန်စက်၊ ရေသန့်စက် တပ်ဆင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ မိုးညှင်းမြို့နယ်ရှိ ဆင်မနိုင်တိုက်နယ်ဆေးရုံ ဆရာဝန်လိုအပ်ချက်၊ သူနာပြုလိုအပ်ချက်များကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြပေးမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေအရ မိုးညှင်းမြို့နယ်ဆေးရုံမှ သူနာပြုတာဝန်ချစေလွှတ်ပေးထားကြောင်း သိရှိရပါသည်။

ဓါတ်မှန်စက် ၊ ရေသန့်စက်လိုအပ်ချက်များကို ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းခံပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးဝင်း၊ မိုးညှိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "မိုးညှိုမြို့နယ်တွင် သတ်မှတ်ချိန်မတိုင်မီ ယိုယွင်းပျက်စီးနေသော ကရင်ချောင်ရွာ အခြေခံပညာမူလတန်းကျောင်းပါ(၃)ကျောင်းအား တာဝန်ယူဆောက်လုပ်ခဲ့သော သက်ဆိုင်ရာကုမ္ပဏီများက အမြန်ဆုံး လာရောက်ပြင်ဆင်ပေးရန်နှင့် လာရောက် ပြင်ဆင်ခြင်းမရှိပါက အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မိုးညှိုမြို့နယ်အတွင်း

- ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် (Regal) ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော ကရင်ချောင်ရွာ အခြေခံပညာမူလတန်းကျောင်းသည် ယခုအချိန်အထိ ပျက်စီးမှုမရှိပါ ။
- ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ဆန်းမြတ်ထွန်း ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော အောက်အိုင်ကြီးရွာ အခြေခံပညာမူလတန်းကျောင်း၏ ပျက်စီးသွားသော အစိတ်အပိုင်း များကို ပြန်လည်ပြုပြင်ပေးရန် ကုမ္ပဏီသို့ အကြောင်းကြားထားပြီး ကုမ္ပဏီမှ အမြန်ဆုံး ပြန်လည် ပြင်ဆင်ပေးမည်ဖြစ်ပါသည်။
- ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ထက်စံအောင် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့သော ဂုန်ညှင်းတန်းရွာ အခြေခံပညာမူလတန်းကျောင်း၏ ပျက်စီးသွားသော အစိတ်အပိုင်းများကို ပြန်လည်ပြုပြင်ပေးရန် ကုမ္ပဏီသို့ အကြောင်းကြားထားပြီး ကုမ္ပဏီမှ အမြန်ဆုံး ပြန်လည် ပြင်ဆင်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးအေးဝင်း၊ မိုးညှိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "မိုးညှိုမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆရာဝန်အင်အားဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ မိုးညှိုမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးနိုင်ပါရန်တင်ပြချက်ကို ကုသရေးဦးစီးဌာနသို့ ဆက်လက်တင်ပြပေးမည် ဖြစ်ပါသည်။ ရုံးအကူ၊ ဆေးဘက်ကျွမ်းကျင်(၅)နှင့် ဝန်ထမ်းငယ်လိုအပ်ချက်များကို မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကြို့ပင်သာ-ကျွဲသေလမ်း (၈. ၄)မိုင်အား ကျောက်ချောလမ်းအဖြစ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကြို့ပင်ကောက်-လှေတုန်း-သရက် ကိုင်းကျိုးလမ်း (၄)မိုင်အား အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်း ကျန်သောလမ်းအပိုင်း (၄. ၄)မိုင်အား ကျောက်ချောလမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကြို့ပင်သာ-ကျွဲသေလမ်းသည် (၈. ၄)မိုင် ရှည်လျားပြီး အကျိုးပြုကျေးရွာ (၂၉)ရွာ၊ အိမ်ခြေ(၂၂၈၁)အိမ်၊ အကျိုးပြုလူဦးရေ (၈၇၇၉)ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသထွက်ကုန်များ သယ်ဆောင်ရာ အားထားသွားလာနေသော ဒေသခံပြည်သူများ၏ တစ်ခုတည်းသောလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းသည် ယခုအခါ ပျက်စီးနေပါ၍ ကျောက်ချောလမ်းအဖြစ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းခြင်းအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အစီရင်ခံတင်ပြအပ်ပါသည်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကြို့ပင်သာ-လှေတုန်း-သရက်ကိုင်းကျိုးလမ်းသည် (၄)မိုင်ရှိပြီး အုတ်ဖိုမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်နှစ်ခု ဆက်သွယ်ထားသော လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား အုတ်ဖိုမြို့နယ်ဘက်မှ အုပ်စု(၅)အုပ်စု၊ ကြို့ပင်ကောက်မြို့နယ်မှ အုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၈)ရွာ၊ အကျိုးပြုအိမ်ခြေ(၉၅၈)အိမ်၊ လူဦးရေ(၃၆၇၈)ဦး နေ့စဉ်သွားလာနေရသော လမ်းဖြစ်ပါသည်။ ယခုအခါ အဆိုပါလမ်းမှာ ပျက်စီးနေပြီး စက်ဘီး၊ ဆိုင်ကယ်များပင် သွားလာရန် ခက်ခဲနေပြီဖြစ်ပါ၍ အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းခြင်းအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်းသည် (၅)မိုင်ခန့် ရှည်လျားပြီး အကျိုးပြုကျေးရွာ(၁၇)ရွာ၊ အကျိုးပြုအိမ်ခြေ(၉၇)အိမ်၊ အကျိုးပြုလူဦးရေ (၃၈၇၃)ဦး မှီခိုအားထားသွားလာနေရသောလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် (၀. ၆)မိုင်သာ ကျောက်ချောလမ်းအဖြစ် ခွင့်ပြုထားခဲ့သည့်အတွက် ကျန်သောလမ်းအပိုင်းဖြစ်သည့် (၄. ၄)မိုင်အား ဆက်လက်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းခြင်းအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကိုမင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကြို့ပင်ကောက်မြို့နယ်အတွင်းရှိကြို့ပင်သာ-ကွဲ့သေလမ်း (၈. ၄)မိုင်အား ကျောက်ချောလမ်းအဖြစ် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်သာ-ကွဲ့သေလမ်းမှာ အရှည် (၈/၄)မိုင်၊ အကျယ် (၁၂)ပေ၊ အမြင့် (၂)ပေရှိ မြေသားလမ်း ဖြစ်ပြီး ကိုယ်ထူကိုယ်ထဆောင်ရွက်ခဲ့သော လမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား (၈/၄မိုင်×၁၂'×၉")အား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ကုန်ကျငွေကျပ် (၈၂၄. ၅)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ(၂၉)ရွာ၊ အိမ်ခြေ (၂၂၈၁) အိမ်၊ လူဦးရေ (၈၇၇၉)ဦး အကျိုးပြု သွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကြို့ပင်ကောက်-လှေတုန်း-သရက်ကိုင်းကျိုးလမ်း (၄)မိုင်အား အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ပင်ကောက်-လှေတုန်း-သရက်ကိုင်းကျိုးလမ်းမှာ အရှည် (၄/၀)မိုင်ရှိ မြေသားလမ်းဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် (၁/၁. ၆မိုင်×၁၀'×၉") ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကျန်လမ်း (၂/၆. ၄မိုင်×၁၀'×၉")အား ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၂၆. ၃၃)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာ(၈)ရွာ၊ အိမ်ခြေ (၉၅၈) အိမ်၊ လူဦးရေ (၃၆၇၈)ဦး အကျိုးပြု သွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော လမ်း၏ ကျန်ရှိသော လမ်းပိုင်း(၂/၆. ၄မိုင်)မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်း ကျန်သောလမ်းအပိုင်း (၄. ၄)မိုင်အား ကျောက်ချောလမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်းမှာ အရှည် (၅/၀)မိုင်ရှိ မြေသားလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းအား ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် (၀/၆မိုင်×၁၂'×၉") ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ကျန်လမ်း (၄/၂)မိုင်မှာ အချို့နေရာများတွင် အကျယ်(၁၀)ပေသာရှိပြီး ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက စံနှုန်းသတ်မှတ်ချက်အရ လမ်းအကျယ်ရရှိနိုင်ရေးအတွက် လမ်းဘေးရှိ လယ်ယာမြေပိုင်ရှင်များ၏ သဘောတူညီချက်ရရှိမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျန်လမ်း(၄/၂မိုင်×၁၂'×၉")အား မြေသားချဲ့ခြင်းနှင့် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက ကုန်ကျငွေကျပ် (၄၅၁. ၁၂)သန်း ကုန်ကျမည် ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးမည်ဆိုပါက ကျေးရွာ(၁၇)ရွာ၊ အိမ်ခြေ (၉၇၁) အိမ်၊ လူဦးရေ (၃၈၇၃)ဦး အကျိုးပြုသွားလာနိုင်မည် ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်း၏ ကျန်ရှိသော လမ်းပိုင်း(၄/၂မိုင်)မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ရန်ပုံငွေ ရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ နှစ်အလိုက် ဦးစားပေးအတိုင်း လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးအောင်ကိုမင်း၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ မေးခွန်းအမှတ်စဉ်(၃) **"ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်း ကျန်သောလမ်းအပိုင်း (၄. ၄)မိုင်အား ကျောက်ချောလမ်းအဖြစ် ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ မြို့လယ်ချောင်း-ကိုင်းယားရှည်လမ်းပိုင်းအား ဝန်ကြီး တင်ပြသွားသည့်ထဲတွင် အချို့နေရာများတွင် လမ်းအကျယ်မှာ (၁၀)ပေသာရှိသည်ဟု ပြောကြားခဲ့သော်လည်း (၂၀-၇-၂၀၁၆)ရက် နံနက်(၁၀း၄၅)နာရီတွင် ဒေသခံပြည်သူများနှင့် မိမိကိုယ်တိုင်သွားရောက် စိစစ်တိုင်းထွာ ခဲ့ပြီးဖြစ်ပါကြောင်း၊ လမ်းအကျယ်သည် အနည်းဆုံး(၁၅)ပေရှိသွားပြီဖြစ်ပါကြောင်း၊ ဒေသခံမြို့နယ်

ကျေးလက်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အားနည်းခြင်းကြောင့် ယခုလိုအဖြေမျိုး လွှတ်တော်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများကို ကောင်းစွာ ကိုင်တွယ်နိုင်စေရန် အကြံပြုလျှက် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ကိုမင်း ထပ်မံမေးမြန်းထားသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုမင်း မေးမြန်းထားသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးအနေဖြင့် ဒေသခံပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး ကွင်းဆင်းစိစစ်ပြီး စံနှုန်းသတ်မှတ်ချက်၊ လတ်တလော တွေ့ရှိချက် တင်ပြသည်ကို အလွန်ဝမ်းသာမိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိပါ၍ ကိုယ်စားလှယ်ကြီးများ ကွင်းဆင်းစိစစ်ချက်အရ သတ်မှတ်ထားသည့် စံနှုန်းနှင့် လမ်းများအညီဖြစ်သည့် အတွက် ရန်ပုံငွေတင်ပြတောင်းခံပြီး ပြည်ထောင်စုအစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်မှ ရန်ပုံငွေရရှိလျှင် ဆောင်ရွက်ပေးနိုင်မည်ဟု ဖြေကြားပေးထားပါကြောင်း၊ ဆက်လက်ပြီး ဝန်ကြီးဌာန အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြချင်သည်မှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ရသည်မဟုတ်ဘဲ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များက မိမိဒေသမှာ ဆောင်ရွက်လိုသည့် လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ လမ်း၊ တံတားများကို လာမည့်ရာသီတွင် ပါဝင်တည်ဆောက်နိုင်ရေးအတွက်စီစဉ်ပြီး Budget Estimate များကို ဆွဲ၍တင်ပြပေးလျှင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသို့ တိုက်ရိုက်တင်သွင်းသည့်အခါ မိမိတို့မှ သက်ဆိုင်ရာဌာနသို့ ပြန်လည်ပေးပို့စီစဉ်ခိုင်းပြီး ဘတ်ဂျက်တွင် ထည့်သွင်းတွက်ချက်၍ လွှတ်တော်မှာ တင်ပြ အတည်ပြုချက်ရယူပြီး လုပ်ထုံးလုပ်နည်းနှင့်အညီလုပ်ဆောင်ရသည်ဖြစ်ပါ၍ မိမိတို့ဝန်ကြီးဌာန လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် ဒေသခံပြည်သူများဆွေးနွေးပြီး လမ်းနှင့်ပတ်သက်သည့် စံနှုန်းညှိပြီးဖြစ်ပါက မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်ကို အဆိုပါ လမ်းနှင့် ပတ်သက်ပြီး ရန်ပုံငွေရရှိရေးအတွက် တင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"သဲကုန်းမြို့နယ်၊ အင်းမမြို့တွင် အရေးပေါ်လူနာတင်ယာဉ်တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲတိုက်နယ်တွင် အရေးပေါ်လူနာတင်ယာဉ်တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"တိုင်းပညာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းပါစာအုပ်(၃)မျိုးအား ရောင်းချမှုကို တိုင်းပညာရေးဦးစီးဌာနမှ အမှန်တကယ် စီမံရောင်းချခဲ့ခြင်း ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်၊ အင်းမမြို့တွင် တိုက်နယ်အဆင့် ဆေးရုံတစ်ရုံရှိပါသည်။ အဆိုပါဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့သည့် လူနာ အရေအတွက်မှာ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ (၁၂၅၄ )ဦး ရှိသည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။ ဆေးရုံမှ သက်ရောက်သောအကျယ်အဝန်းမှာ အုပ်စုပေါင်း(၁၀)အုပ်စုနှင့် ထိစပ်ရွှေတောင်မြို့နယ် အုပ်စုများဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ပုခက်၊ ဆိုက်ကား၊ မြင်းလှည်း အစရှိသည့် အနှေးယာဉ်များကို အများဆုံး သုံးစွဲနေရ၍ ဆေးရုံသို့ အချိန်မီ ရောက်ရှိရန် အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ လူနာများ အချိန်မီထိရောက်သော ဆေးဝါးစောင့်ရှောက်မှုရယူနိုင်ရန်နှင့် အရေးပေါ် လူနာများကို ၄၂ ကီလိုမီတာ ဝေးကွာသော ပြည်မြို့နယ်ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ရန် အရေးပေါ် လူနာတင်ယာဉ်တစ်စီးချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲ တိုက်နယ်တွင် တိုက်နယ်အဆင့် ဆေးရုံတစ်ရုံရှိပါသည်။ အဆိုပါ ဆေးရုံသို့ တက်ရောက်ကုသမှုခံယူခဲ့သည့် လူနာအရေအတွက်မှာ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လ အထိ (၇၈၉)ဦး ရှိသည်ဟု မှတ်တမ်းများအရ သိရှိရပါသည်။ ဆေးရုံမှ သက်ရောက်သောအကျယ်အဝန်းမှာ အုပ်စုပေါင်း(၁၁)အုပ်စုနှင့် ထိစပ် ပြည်မြို့နယ်အုပ်စု (၂)စုရှိရာ ဧရိယာကျယ်ဝန်းလှပါသည်။ သယ်ယူပို့ဆောင်ရေးမှာ ပုခက်၊ ဆိုက်ကား၊ မြင်းလှည်းအစရှိသည့် အနှေးယာဉ်များကို အများဆုံးသုံးစွဲနေရ၍ ဆေးရုံသို့အချိန်မီ ရောက်ရှိရန် အခက်အခဲရှိပါသည်။

သို့ဖြစ်ပါ၍ လူနာများ အချိန်မီထိရောက်သော ဆေးဝါးစောင့်ရှောက်မှု ရယူနိုင်ရန်နှင့် အရေးပေါ် လူနာများကို ၂၉ ကီလိုမီတာ ဝေးကွာသော ပြည်မြို့နယ်ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ရန် အရေးပေါ် လူနာတင်ယာဉ်တစ်စီးချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ၂၀၁၆-၂၀၁၇ ယခုနှစ်စာသင်နှစ်တွင် တိုင်းပညာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများ သို့ ဒေါက်တာသန်းဦး ရေးသားသည့် ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများကို အခကြေးငွေဖြင့် ဖြန့်ဝေရောင်းချနေသည်ဟုသိရပါသည်။

ရောင်းချခဲ့သောစာအုပ်များမှာ

- မြန်မာနိုင်ငံပညာရေးဌာနသမိုင်း ဈေးနှုန်း(၁)အုပ်လျှင် ၃၅၀၀ကျပ်နှင့် ကျောင်းတစ်ကျောင်းလျှင်(၂)အုပ်
- ပညာရေးဘဝမှတ်တမ်းဈေးနှုန်း ၂၃၀၀ကျပ်နှင့် တစ်ကျောင်းလျှင် (၂)အုပ်စီ
- ပညာအမွေ ဈေးနှုန်း ၂၅၀၀ကျပ်နှင့် တစ်ကျောင်းလျှင် တစ်အုပ်တို့ကို လစဉ်ရောင်းချခဲ့သည်ဟု သိရပါသည်။

ဝယ်ယူရပုံမှာ ကျောင်း၏အသေးသုံး ရန်ပုံငွေ(၁၀)မျိုးမှ သုံးစွဲရမည်ဖြစ်ပြီး အဆိုပါရန်ပုံငွေမရှိသေးပါက ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးမှ စိုက်ထုတ်ဝယ်ယူခဲ့ရကြောင်း သိရပါသည်။

သို့ဖြစ်ပေရာ ဤကဲ့သို့ ဌာနတွင် စာအုပ်ရောင်းချမှုကို တိုင်းပညာရေးဦးစီးဌာနမှ အမှန်တကယ် စီမံရောင်းချခဲ့ခြင်း ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်း(၃)ခုတို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "သဲကုန်းမြို့နယ်၊ အင်းမမြို့တွင် အရေးပေါ် လူနာတင်ယာဉ်တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ " မေးခွန်းနှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ် အင်းမတိုက်နယ်ဆေးရုံ၏ လိုအပ်ချက်အဖြစ် လူနာတင်ယာဉ် ချထားပေးနိုင်ရန် မေးမြန်းခဲ့ပါသည်။တင်ပြချက်ကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်ပေးပို့တောင်းခံမည်ဖြစ်ပါသည်။ လက်ရှိ အခြေအနေအရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှဆေးရုံကြီးများမှစတင်၍ လူနာတင်ယာဉ်ပြည့်စုံစွာ ထားရှိစေရေး ဆောင်ရွက်နေပါသည်။ ကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်ကိုရရှိပါက ဆက်လက်ဖြေကြားပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲတိုက်နယ်တွင် အရေးပေါ် လူနာတင်ယာဉ် တစ်စီး ချထားပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ သဲကုန်းမြို့နယ် ဆင်မြီးဆွဲတိုက်နယ်ဆေးရုံ၏ လိုအပ်ချက်အဖြစ် လူနာတင်ယာဉ်ချထားပေးနိုင်ရန်မေးမြန်းခဲ့ပါသည်။ တင်ပြချက်ကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်ပေးပို့တောင်းခံမည်ဖြစ်ပါသည်။ လက်ရှိအခြေအနေ

အရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှဆေးရုံကြီးများမှစတင်၍ လူနာတင်ယာဉ် ပြည့်စုံစွာ ထားရှိစေရေး စီမံဆောင်ရွက်နေပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "တိုင်းပညာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ မြန်မာနိုင်ငံ ပညာရေးဌာန သမိုင်းပါစာအုပ်(၃)မျိုးအား ရောင်းချမှုကို တိုင်းပညာရေးဦးစီးဌာနမှ အမှန်တကယ် စီမံ ရောင်းချခဲ့ခြင်း ရှိ/မရှိ " မေးခွန်းနှင့်စပ်လျဉ်း၍ အခြေခံပညာ(ထက်၊လယ်၊မူ) ကျောင်းစာကြည့်တိုက်များအတွက် ပညာရေးအထောက်အကူပြု စာအုပ်ဖြစ်သည့် ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ဒေါက်တာသန်းဦး၏ ပညာရေးဘဝမှတ်တမ်းစာအုပ်အား ဖြန့်ချီခွင့်ပြုပါရန် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများသို့ ရောင်းရန်မဟုတ်ဘဲ ကျောင်း စာကြည့်တိုက်အတွက်သာ အုပ်ရေအနည်းငယ်ဖြန့်နိုင်ရန် ရည်ရွယ်ပါကြောင်းနှင့် School Grant ၏ (၀၃၀၉)သတင်းစာ၊စာအုပ်၊စာနယ်ဇင်း ခေါင်းစဉ်မှ ကျခံသုံးစွဲပြီး ကျောင်းစာကြည့်တိုက် တွင် ထားရှိကာ ဆရာ/ဆရာမများ၊ကျောင်းသား/ကျောင်းသူများ ဖတ်ရှုစေရန်နှင့် School Grant အား ထက်၊လယ်၊မူ ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအထိ ခွဲဝေပေးသောကြောင့် School Grant ငွေများ မရရှိသော ကျောင်းမရှိပါ။ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများထံ ရောင်းချခြင်းမဟုတ်ဘဲ စာကြည့်တိုက်တွင် ထားရှိသင့်သော စာအုပ်ဖြစ်၍ တိုင်းဒေသကြီးပညာရေးမှူးရုံး(ခွဲ)မှ မေတ္တာရပ်ခံဖြန့်ချီခဲ့ပြီး လစဉ်ရောင်းချဖြန့်ဝေခဲ့ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးကို မေးမြန်းထားသည့် မေးခွန်းအား ဆက်စပ်မေးခွန်း မေးမြန်းခွင့် ပြုပါခင်ဗျာ။

**ဥက္ကဋ္ဌ** ။ ။ မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၁)နှင့်(၂) တို့အား ဝန်ကြီးဖြေကြားသွားသည့်အဖြေအား မိမိအနေဖြင့် ကျေနပ်အားရမှုရှိပါကြောင်း၊ လူနာတင်ယာဉ်နှင့် ပတ်သက်၍ ဆက်လက်ပေးပို့ တောင်းခံသွားမည်ဟု သိရှိရသောကြောင့် အလွန်ဝမ်းမြောက်မိပါကြောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်အစည်းအဝေးပြီးဆုံးသွားသည့်အခါ **"ပြည်သူ့အနားကို သွားပြီး ပြည်သူ့အသံကို နားထောင်ပါ"** ဟုမှာကြားထားပါ၍ လွှတ်တော်နားသည့်အခါ မိမိတို့အနေဖြင့် ပြည်သူ့အသံနားထောင်ရာတွင် မိမိမဲဆန္ဒနယ်မှ ဒေသခံပြည်သူများက **"ဆေးရုံကားမပါလျှင် အိမ်ပြန်မလာနှင့်"** ဟူ၍ပင် ပြောကြားပါကြောင်း၊ ဆေးရုံတိုင်းတွင် လူနာတင်ယာဉ်ပြည့်စုံစွာထားရှိစေရေး ဟူ၍ ဖြေကြားထားပါကြောင်း၊ မိမိထပ်မံတင်ပြချင်သည်မှာ ဆေးရုံကြီးများမှာ ပြည့်စုံနေပါကြောင်း၊ မြို့ကြီးများတွင် အရပ်ဘက်အဖွဲ့အစည်း ဖွံ့ဖြိုးသည့်အတွက် လူနာသယ်ပို့ရန် ပြီးပြည့်စုံမှုရှိပါကြောင်း၊

မိမိတို့ကဲ့သို့ နယ်မြို့လေးများတွင် အရပ်ဘက်အဖွဲ့အစည်းလည်းမရှိ၍ လူနာတင်ယာဉ်ပြည့်စုံမှုမရှိသည့်အတွက် အကယ်၍ အရေးပေါ်လူနာအတွက် လူနာတင်ယာဉ်လိုအပ်လာပါက ဝေးကွာလာသည့် မြို့ကြီးဆေးရုံမှ လူနာတင်ယာဉ်မှာ အချိန်ကြန့်ကြာနိုင်ပါကြောင်း၊ နယ်မြို့ဆေးရုံများကို ဦးစားပေးအနေဖြင့် လူနာတင်ယာဉ်ချထားပေးနိုင်လျှင် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ပို၍ပြည့်စုံနိုင်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။

မေးခွန်းအမှတ်စဉ်(၃) **"တိုင်းပညာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းများသို့ မြန်မာနိုင်ငံပညာရေးဌာန သမိုင်းပါစာအုပ်(၃)မျိုးအား ရောင်းချမှုကို တိုင်းပညာရေးဦးစီးဌာနမှ အမှန်တကယ်စီမံရောင်းချခဲ့ခြင်း ရှိ/မရှိ "** ပညာရေးဌာနနှင့်ပတ်သက်သည့်မေးခွန်းကို ဝန်ကြီးဖြေကြားသွားရာ နံပါတ်(၁)အနေဖြင့် School Grant ၏ ၀၃၀၉ ခေါင်းစဉ်အောက်မှ ကျခံသုံးစွဲရပြီး စာကြည့်တိုက်တွင် စာအုပ်ရေအနည်းငယ်သာထားရှိကြောင်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ မေတ္တာရပ်ခံဖြန့်ချီခဲ့ကြောင်း၊ ဥက္ကဋ္ဌကြီးခင်ဗျားအဖြေမှာ School Grant မရသည့်ကျောင်းမရှိပါဟု ဖြေကြားထားပါကြောင်း၊ School Grant မရသည် မရှိပါသော်လည်း School Grant မရသေးသည့်ကျောင်းများသာရှိပါကြောင်း၊ ယင်းကဲ့သို့မရသေးသည့်အချိန်တွင် မေးခွန်းပါစာအုပ်များကို ကျောင်းကြီးများက မိမိတို့လစာထဲမှ စိုက်ထုတ်ဝယ်ယူနေရခြင်းသည် ကျင့်ဝတ်ပျက်၊ စည်းကမ်းပျက်စီးမှုအစသာဖြစ်ကြောင်း၊ မည်သည့် ဆရာ/ဆရာမမှ မိမိလစာထဲမှ ပုံစံအမျိုးမျိုးနဲ့ ဖြတ်တောက်သည်ကို လက်မခံချင်ပါကြောင်း၊ ယခုစာအုပ်များ၏ ဈေးနှုန်းတွက်ချက်သည့်အခါ ကျောင်းတစ်ကျောင်းကို စာအုပ်ဖိုး(၁၄၀၀၀)ကျပ်ပေး၍ ဝယ်ယူခဲ့ရသည်ကို သိရှိခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးထဲမှ ကျောင်းများကို တွက်ချက်ကြည့်မည်ဆိုပါက မည်သည့်ပမာဏရှိမည်ကို သိနိုင်ပါကြောင်း၊ ပညာရေးဌာနသည် ဝင်ငွေရှာသင့်သည့်ဌာနမဟုတ်ဟု ပြန်သုံးသပ်သင့်ကြောင်း၊ ၎င်းငွေကို မည်သည့်နေရာတွင်သုံးသလဲ၊ မိမိတို့အနေဖြင့် ဌာန၏ ကျောင်းစာကြည့်တိုက်ကို အခမဲ့လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ပညာရေးဌာနမှ အငြိမ်းစားပညာရှင်တစ်ဦးက ရေးသားသည့်စာအုပ်(၁)အုပ်ကို ပညာရေးဌာနအတွင်းမှာ အခကြေးငွေဖြင့် ရောင်းချသည်က သင့်တော်မှုမရှိပါကြောင်း၊ မေတ္တာရပ်ခံရောင်းချမှုသည်လည်း ခေတ်အဆက်ဆက်ရောင်းချခဲ့မှုပုံစံမျိုးဖြစ်ပါကြောင်း၊ ပညာရေးဌာနအား ဌာနဆိုင်ရာအသီးသီးမှ ဖြူစင်သောဌာနတစ်ခုဟု ကြွေးကြော်ကြောင်းနှင့် ဖြူစင်ခြင်း၏ နောက်ကွယ်တွင် မည်သည့်အညစ်အကြေးမှ မစွန်းစေချင်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ၎င်းကိစ္စကို ဌာနဆိုင်ရာအသီးသီးအားဆင့်ခေါ်ပြီး တည့်မတ်နိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်လင်းထိုက်ထပ်မံမေးမြန်းထားသော မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)တို့နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းများကို သက်ဆိုင်ရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ သဲကုန်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်မေးမြန်းထားသည့် ဆက်စပ်မေးခွန်း(၁)၊ (၂)တို့နှင့်ပတ်သက်၍ ဦးဇော်လင်းထိုက်တင်ပြသည့် **"ပြန်လာလျှင်ကားပါလာပါစေ"** ဟူသည့် ပြည်သူ့စကားကို မိမိအနေဖြင့် ဆက်လက်ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ဘတ်ဂျက် ချပေးမှသာ တိုင်းဒေသကြီးအစိုးရက ပြည်ထောင်စုမှချပေးသည့်ငွေပေါ်တွင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဦးဇော်လင်းထိုက်မေးမြန်းသည့်အတိုင်း အမှန်တကယ်မြို့ကြီးဆေးရုံများတွင် လူနာတင်ယာဉ်ရှိနေပါက အမှန်တကယ်လိုအပ်သည့် ဆေးရုံများကို ချထားပေးရန် ညှိနှိုင်းဆုံးဖြတ်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

မေးခွန်းအမှတ်စဉ်(၃) ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ ကျောင်းများတွင် အခကြေးငွေ မကောက်ခံရဟူ၍လည်း ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ကျောင်းစာကြည့်တိုက်တွင် လိုအပ်မည်ထင်၍ ဒေါက်တာသန်းဦးရေးသားသည့် စာအုပ်အား ရောင်းချခြင်းဖြစ်ကြောင်း၊ သို့သော် ယခုကိစ္စကိုမှန်ကန်စွာစိစစ်ပြီး ၎င်းငွေများ မည်သည့်နေရာ ရောက်နေသလဲ၊ မည်သည့်ဘတ်ဂျက်ထဲဝင်သလဲ၊ မည်သည့်ခေါင်းစဉ်ဖြင့်သုံးစွဲသလဲ၊ မည်ကဲ့သို့ဖြည့်စွက်မလဲဆိုသည်ကို နောက်တစ်ကြိမ်ပြန်လည်ဖြေကြားပေးမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် တတိယ ပုံမှန်အစည်းအဝေးသို့ တင်သွင်းမေးမြန်းသည့် အဆို/မေးခွန်းများအား ပဲခူးတိုင်းဒေသကြီး လွှတ်တော် အဆို/ မေးခွန်း စိစစ်ရေးအဖွဲ့မှ စိစစ်မှုပြုလုပ်ခြင်းတို့အား မှတ်တမ်းတင်နိုင်ရန် အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးသက်စိန်[ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]** ။ ။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ အောက်ပါဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

(၁၁-၇-၂၀၁၆)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ပထမနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ (၁-၄-၂၀၁၆)ရက်မှ (၃၁-၆-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။

(၁၂-၇-၂၀၁၆)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာစိစစ်ရေးနှင့် စီမံရေးရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်း အစီရင်ခံစာ။

(၁၃-၇-၂၀၁၆)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာ။

(၂၁-၇-၂၀၁၆)ရက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များစိစစ်ရေး ကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- ၃၀-၅-၂၀၁၆ရက်မှ ၃၁-၅-၂၀၁၆ ရက်အထိ စိုက်ပျိုးရေး၊ မွေးမြူရေး၊တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။
- ၂၀-၆-၂၀၁၆ရက်မှ ၂၂-၆-၂၀၁၆ ရက်အထိ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်

များအား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ လာရောက်ပို့ချသော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။

- ၂၈-၆-၂၀၁၆ ရက်မှ ၂၉-၆-၂၀၁၆ ရက်ထိ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမှ တင်သွင်း မေးမြန်းသည့် အဆို/မေးခွန်းများအား ပဲခူးတိုင်းဒေသကြီးလွှတ်တော် အဆို/မေးခွန်း စိစစ်ရေး အဖွဲ့မှ စိစစ်မှု ပြုလုပ်ခြင်းတို့ကို မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်။

တင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တာ်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား မှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပဲခူးတိုင်း ဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး မကြာမီအောင်မြင်စွာပြီးစီးတော့မှာဖြစ်ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးများ၊ ဒုတိယပုံမှန် အစည်းအဝေးများ၊ အရေးပေါ်အစည်းအဝေးနှင့် ယခုတတိယပုံမှန်အစည်းအဝေးများကို (၈-၂-၂၀၁၆)ရက်နေ့မှ (၂၂-၇-၂၀၁၆)ရက်နေ့ထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၉)ခုနှင့် အကြံပေးအဖွဲ့ (၁)ဖွဲ့တို့ကို ဖွဲ့စည်းလျှက် ရေးရာကော်မတီအလိုက် အစည်းအဝေးများကျင်းပခြင်း၊ လွှတ်တော်သို့ အစီရင်ခံစာများ တင်သွင်းခြင်းများဖြင့် တက်တက်ကြွကြွ သက်ဝင်လှုပ်ရှားဆောင်ရွက်လျှက်ရှိကြသည့်အပြင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအသီးသီးမှ ပြည်သူများ၏ ဆန္ဒနှင့်အညီ နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ချက်များကို လွှတ်တော်ပုံမှန် အစည်းအဝေးများ၌ အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများနှင့် ကြယ်ပွင့်မပြမေးခွန်းများအဖြစ် တင်သွင်း မေးမြန်း ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျှက်ရှိကြပါတယ်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မိဘပြည်သူများကို ဦးထိပ်ထားလျှက် ပြည်သူ ဗဟိုပြုပြီး နိုင်ငံတော်အုပ်ချုပ်ရေးတာဝန်၊ ဥပဒေပြုရေးတာဝန်နှင့် တရားစီရင်ရေးတာဝန်များကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသား လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၊ တရားစီရင်ရေးအဖွဲ့များ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်

တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဥပဒေပြုရေးတာဝန်များကို ဆောင်ရွက်လျှက်ရှိပါတယ်။

ဥပဒေပြုရေး၊ အပြန်အလှန်ထိန်းညှိရေးနှင့် ပြည်သူများ၏ ကိုယ်စားပြုရေးတာဝန်များသည် တိုင်းဒေသကြီးအဆင့် ကိုယ်စားလှယ်များအားလုံးအတွက် ပြည်သူများမှ အပ်နှင်းထားသည့် ကြီးလေးမွန်မြတ်သော တာဝန်များဖြစ်၍ အဆိုပါလုပ်ငန်းတာဝန်များကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရိုးသားဖြူစင်စွာဖြင့် မိဘပြည်သူများအပေါ် မေတ္တာစေတနာထား၍ ဆက်လက်ကြိုးစားဆောင်ရွက်ကြစေလိုပါတယ်။

ယနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ နိုင်ငံတော်နှင့် ပြည်သူများ၏ ချစ်ခင်လေးစားသော စိတ်ဓါတ်များနှင့် ပူးပေါင်းဆောင်ရွက်ကြသကဲ့သို့ပင် ပြည်သူတစ်ရပ်လုံးမှ လိုလားတောင်းတလျှက်ရှိသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ်ကို (၁၄း၄၀)နာရီအချိန်တွင် ရပ်နားလျက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။